www.burmeseclassic.com

# ငှက်ကလေးတွေရဲ့ ကောင်းကင်

## ဖြိုးမိုးဝင်း

၊ ညီကြီးကျော် ၊



ပန်းချီ မောင်မြင့်ဌေး 10

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်
၅၀၀၃၃၂၀၃၁၁

မျက်နှာဖုံးခွင့်ပြုချက်
၅၀၀၄၆၄၀၅၁၁

ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း
တိုက် (၂)၊ အခန်း (၁၁)၊
စီးပွားကူးသန်း ဝန်ထမ်းအိမ်ရာ

ပုံနှိပ်သူ
ဦးကျော်ရှင်
ရွှေခြသေ့ပုံနှိပ်တိုက်၊
အမှတ်(၁၂)၊ သရဖီလမ်း၊
တောရန်ကုန် အနောက်ရပ်ကွက်၊
အလုံမြို့နယ်။

မျက်နှာဖုံးပန်းချီ
မောင်မြင့်ဌေး

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၁၁
နိုဝင်ဘာ။

ဖြန့်ချိရေး
[illegible]

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ထွန်းရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စိန်ဝင်း၊ မောင် (ပုတီးကုန်း) ၈၉၁.၈၃
ငှက်ကလေးတွေရဲ့ ကောင်းကင်နှင့် ဝတ္ထုတိုများ / မောင်စိန်ဝင်း (ပုတီးကုန်း)။ - ရန်ကုန်၊
[illegible] ၂၀၁၁။
[illegible] စာ၊ ၁၄ စင်တီ × ၂၀.၅ စင်တီ။
(၁) ငှက်ကလေးတွေရဲ့ ကောင်းကင်နှင့် ဝတ္ထုတိုများ။

BURMESE CLASSIC

# မောင်စိန်ဝင်း (ပုတီးကုန်း)

# ငှက်ကလေးတွေရဲ့ ကောင်းကင်

# နှင့်

## (ဝတ္ထုတိုများ)

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ ဝက်လာ ၅
၂။ ခြံစည်းရိုးများ ၁၃
၃။ ရထားနှင့် သံလမ်း ၂၅
၄။ ကြိုးဆွဲ ငမိုး ၃၃
၅။ အချစ် ၄၅
၆။ ပန်းခင်းမြင်းရိုင်း မုန်တိုင်းနဲ့ လေပြည် ၅၇
၇။ သစ်ပင်မိုး ၇၃
၈။ သေတင်းကုပ် ၈၅
၉။ အဝေးဆုံး အနီးဆုံး ၉၅
၁၀။ ပန်းပင်ကလေးတွေ ရှိတဲ့ မြို့ ၁၀၃
၁၁။ စွန့်လွှတ်ခြင်းမှာ ၁၁၅
၁၂။ မြတင်း ၁၂၇
၁၃။ တန်ဖိုး ၁၃၅
၁၄။ မုန်တိုင်းမီးမောင်း ၁၄၇
၁၅။ သစ္စာ ၁၅၇
၁၆။ လက်သီးဆုပ်သူများ ၁၆၉
၁၇။ ကောင်းကင်နှင့် မြေကြီးမှာ ၁၇၉
၁၈။ တစ်လမ်းစီလျှောက်တဲ့ခရီးမှာ နောက်လှည့်ပြီး မခေါ်ကြေး ၁၉၃
၁၉။ မီးပြတိုက် ၂၀၃
၂၀။ ငှက်ကလေးတွေရဲ့ ကောင်းကင် ၂၁၇
၂၁။ မျဉ်းပြိုင်တို့ရဲ့ ဆုံမှတ် ၂၃၁
၂၂။ ပိုးထိတဲ့ မြေ ၂၄၁
၂၃။ ဘဝတောဝါနော - ဘာရိသတိ ၂၅၁
၂၄။ တကာလေးစာ ၂၆၉
၂၅။ အဝေးပြေးဂိတ် ၂၇၅
၂၆။ ဝင် ၂၈၁


# ဝက်လာ

www.burmeseclassic.com

www.burmeseclassic.com

# (၁)

သည်တစ်ခေါက် ကျွန်တော် ရွာကို ပြန်ရောက်ချိန်မှာ မိုးဦးကျ လယ်တွေ ထွန်ယက်နေကြချိန်၊ သည်နှစ် မိုးကောင်းသည်မို့ လယ်ထဲမှာ လုပ်ငန်းခွင် အမြန်စနိုင်ကြသည်ဆို၏။

ရွာမှာနေသည့် ကျွန်တော့်ဆွေမျိုးတွေက လယ်သမားတွေချည်း။ ကျွန်တော် ရွာရောက်ချိန် အမေ့အိမ်မှာ သူတို့ လာဆုံကြတော့ လယ်ယာလုပ်ငန်းခွင်အကြောင်း ပြောကြဆိုကြသည်။

"စက်သုံးစက်တောင် မောင်းလိုက်ရတယ်ကွ။ စက်ဖိုး အီသွားတာပဲ"

ဦးကြီးသာမြတ်က သူ့လယ်တွေကို စက်ဖြင့် မောင်းလိုက်ရသဖြင့် ငွေကုန်သွားတာ ညည်းသည်။

ကျွန်တော့်ရွာလည်း ခေတ်မီလာပြီဟု ပြောရမလိုပင်။ လျှပ်စစ်မီးမရှိတာ၊ မြို့က ရွာကို ကားလမ်းမပေါက်တာသာ ရှိမည်။ ရွာမှာက ဟာလာဆန်စက်များ၊ လယ်ထွန်စက်တွေကတော့ မနည်း။ စက်ပိုင်လယ်သမားတွေ ဖြစ်ကုန်ကြပြီ။

"ကရင်တုန်းကလို နွားနဲ့ ထွန်ပြီး၊ စက်နဲ့ မမောင်းရင် မရဘူးလား ဦးကြီး"

"အေးကောဝ်ရ၊ တယ်ရလိမ့်မလဲ"

ဟု ဦးကြီး သာမြတ်က ကျွန်တော့်ကို ကြည့်ရင်းပြောသည်။



"ဘာဖြစ်လို့လဲ ဦးကြီး"

"ဟာ- မြက်တွေက တင်းကျမ်းကွ"

"အရင်ကထက် ဘာဖြစ်လို့ မြက်တွေက ပိုပြီးပေါက်လာရတာလဲ ဦးကြီး"

ဦးကြီးသိန်းက ကျွန်တော့်အမေးကို သဘောကျသလို ရယ်သည်။

"စာရေးဆရာ လယ်အကြောင်းမသိသေးဘူးဘဲ"

ဟု ဆက်ပြော၏။

"ဒီလိုကွ"

စကားဆက်သည်။

"လယ်တွေက နွေစပါးလုပ်ကြရတယ်လေ။ နွေစပါးလုပ်တော့ မြောင်းလက်တက်တွေက နေပြီး တစ်နွေလုံး ရေလွှတ်ထားကြတာပေါ့။ လယ်ကွင်းတွေ ရေတဖွေးဖွေးနဲ့ အဲဒီရေတွေကြောင့် မြက်တွေ လွှတ်သန်ကြတာပေါ့ကွ"

"စက်သုံးလေးစပ်မောင်းပြီးတာတောင် တချို့လယ်တွေက နွားနဲ့ ထွန်လို့မရဘူးကွ၊ နွားတွေ မရုန်းနိုင်ဘူးကွ။ ဗွက်နစ်နေလို့ ကျွဲကို သုံးရတာ"

ဦးကြီးသိန်းက ဆက်ပြီး ရှင်းပြ၏။

"နွေ - နွေစပါးလုပ်တာက မကိုက်ဘူးလား ဦးကြီးရဲ့"

"ကိုက်တော့ ကိုက်တယ်ကွ။ အဆိုးရှိသလို၊ အကောင်းလည်း ရှိတာပဲကွ၊ ကိုယ့်အားကိုယ်ကိုးပြီး အိမ်က လုပ်အားစိုက်နိုင်ရင် ပိုကိုက်တယ်။ ဒါမှမဟုတ်ရင် အခများတယ်ကွ။ တောင်ဘက်ကွင်းတွေများ လှည်းနဲ့ အိမ်အရောက် ကောက်လှိုင်းတွေ သယ်ကြရတာ။ သယ်ခက တစ်ကေကို အတော်များများ ကုန်ကျတာ။ မိုးတွင်းလုပ်တာထက် လူလည်း ပိုပင်ပန်းတယ်။ ငွေကလည်း ပိုပြီး ကုန်သကွ။ ဒီတော့ ကိုယ့်တစ်ပိုင်တနိုင်လောက်ပဲ စိုက်နိုင်ပျိုးနိုင်ကြတာပေါ့ကွာ"

"မြက်တွေ ပေါတယ်ဆိုတာက. . ."

ဦးကြီးသိန်းနှင့် ဦးကြီး သာမြတ်တို့ရှေ့မှ ရေနွေးကြမ်းပန်းကန်ထဲသို့

www.burmeseclassic.com

www.burmeseclassic.com



ရေနွေးငှဲ့ထည့်ပေးရင်း ကျွန်တော်က စကားထောက်ပေးလိုက်၏။

"အဲဒါပေါ့ကွ၊ စောစောက ပြောသလို တိုင်နိုင်သလောက်ပဲ နွေစပါး က လုပ်ကြတော့ မလုပ်နိုင်တဲ့ လယ်တွေက ကျန်နေရာ၊ တချို့ ရေဝင်နောက်ကျ နေတဲ့ ကုန်းလယ်တွေလည်း လုပ်မရဘူးပေါ့။ အဲဒီလို နွေစပါးမလုပ်ဘဲ ချန်ထား တဲ့ လယ်ကွက်တွေက မြက်မွေးမြူရေးလုပ်ပေးသလို ဖြစ်ကုန်ရော၊ တစ်နွေလုံး ရေတွေနဲ့ မြက်က သန်ချင်သလောက် သန်ပြီး တောသသွားတော့တာပေါ့ကွာ"

"ဪ. . . ဪ. . ."

ကျွန်တော် သဘောပေါက်သွားသည်။

"နွေစပါးစိုက်တဲ့ လယ်တွေမှာလည်း မြက်တော့ ရှိတာပေါ့၊ ဒါပေမယ့် မစိုက်ဘဲ လွှတ်ထားတဲ့ လယ်တွေလောက်တော့ မဆိုးဘူးကွ"

"မင်း ရွာအဝင်ဝက ဖိုးထွန်းမြလယ်တွေ မတွေ့ခဲ့ဘူးလား"

ဦးကြီးသိန်းစကားအပြတ်မှာ ဦးကြီး သာမြတ်က ကျွန်တော့်ကို လှမ်းမေး လိုက်သည်။

"ဦးလေးထွန်းမြ လယ်မှန်းတော့ ကျွန်တော် မသိဘူး။ ရွာအဝင် စာသင် ကျောင်းနားက လယ်တွေမဟုတ်လား ဦးကြီး"

"အေးလေကွာ၊ အဲဒီမှာ တောထနေတာ"

"နေပါဦး ဦးလေသိန်းရ၊ အဲဒါ တစ်ခုခုစိုက်ထားတယ်လို့ ကျွန်တော်က ထင်တာ"

စပါးပင်မဟုတ်သော ခါးစောင်းလောက်အရှည်ရှိ အပင်များပေါက် ရောက်နေရာ ရွာနားမှ လယ်ကွင်းတွေကို ရွာအဝင် ကျွန်တော် သတိထားခဲ့မိ သည်ပဲ။

ဘာပဲတွေမှန်းမသိလို့ မေးကြည့်ရဦးမည် တွေးခဲ့မိသည်ပဲ။

"ဘယ်ကလာ တစ်ခုခုစိုက်ထားရမှာလဲကွ"

"အဲဒါ 'ဝက်လာ'တောလေကွာ"

ဦးကြီး သာမြတ်က ပြောသည်။



"ဝက်လာပင်ပေါ့ ဟုတ်လား၊ ဦးကြီး"

"ဟုတ်တယ်၊ ဝက်လာဆိုတာ လယ်ထဲမှာ ပေါက်တဲ့ မြက်ပင်တစ်မျိုးတွ"

"ဒီမြက်က တယ်သန်ပါလား ဦးကြီး"

"သန်ရုံ ဘယ်ကမလဲ မောင်၊ အပွားလည်း သိပ်မြန်တဲ့ ကောင်။ ဟိုတုန်း ကတော့ နွေမှာ ရေက မရှိတော့ ဒီကောင်တွေ ကြီးထွားချင်တိုင်း ကြီးထွားလို့ မရဘူးပေါ့။ မိုးဦးကျလို့ ရေစရပြီဆိုတော့ ကြီးထွားမယ်ကြံတုန်း လယ်တွေက ထွန်ယက်လိုက်တော့ ထွန်ရင်းယက်ရင်း ပျောက်သွားရတာပေါ့ကွာ။ အခုတော့ တစ်နွေလုံး ရေက ဝနေပြီး၊ သူသန်ချင်တိုင်း သန်နေကြတာ။ မင်းဦးလေး ထွန်းမြ အကျပ်ရိုက်နေပြီလေ"

"အဲဒါ ဦးလေး ထွန်းမြက နွေစပါးမစိုက်ဘဲ လွှတ်ထားလိုက်လို့ပေါ့နော် ဦးကြီး"

"အေးပေါ့ကွ။ ထွန်းမြကလည်း သူ့အိမ်က လက်က နည်းတော့ သူ နိုင်သလောက်လေး နွေစပါးလုပ်တာဆိုတော့ ဒီကွင်းကို မလုပ်ဘဲ ချန်ထားတာ ပေါ့ကွာ"

"မင်းပြောရဦးမယ်"

ဦးကြီးသိန်းက ဝင်ပြောသည်။

"ပြောပါဦး- ဦးကြီး"

"ဝက်လာများ ဘယ်လောက်အပွားမြန်သလဲဆိုရင် လယ်တစ်ဧကကို ဓားနဲ့ ပိုင်းပြီး ရှင်းသွား၊ အဲ. . . တစ်ဧကလည်းပြီးရော စစချင်း ခုတ်ခဲ့တဲ့ ဝက်လာ ပင်က ထပြီး အတက်ထွက်လာသတဲ့"

"အဲဒီလောက်ပဲလား ဦးကြီးသိန်း"

"ဟဲဟဲ. . . တင်စားပြီး ပြောတာပေါ့ကွာ၊ မင်းကလဲ"

"တဲ. . . ဒါဆို ဦးလေးထွန်းမြက ဒီလယ်တွေကို ဝက်လာတောကြီးနဲ့ ဒီလိုပဲ ပစ်ထားရတော့မှာလား ဦးကြီး။ စက်တွေ ဘာတွေနဲ့ မောင်းပစ်လို့ မယ် ပစ်လို့ မရတော့ဘူးလား"

www.burmeseclassic.com



"ဟာ- စက်နဲ့ မောင်းလို့ ဘယ်ရမလဲကွ။ ဒီဝက်လာတောကို တို့မှာရှိတဲ့ စက်တွေနဲ့ စက်တွေ မတိုးဘူးကွ၊ လူနဲ့ အရင်ရှင်းရမယ်။ ဓားနဲ့ ယိုက်ခိုက်လိုက်လျှင် အငုတ်တွေပဲ ကျန်မယ်။ အဲဒီအငုတ်တွေချည်းကျန်တော့မှ စက်နဲ့ထပ်မောင်းပစ်ရမှာ။ စက်နဲ့ မောင်းမှလည်း အမြစ်တွေက ကျွတ်ကုန်မှာကွ"

ဦးကြီး သာမြတ်က သောက်ပြီး အကြမ်းပန်းကန်ကို ပြန်ချရင်း ကျွန်တော့်ကို လှမ်းပြော၏။

"မင်းဦးလေး ထွန်းမြက အဲဒါတွေလုပ်ဖို့ လူအားမယ့်ရက်၊ စက်အားမယ့်ရက်ကို စောင့်နေတာကွ။ မင်း ပြန်မယ့်ရက်ဆိုရင်တော့ ဒီဝက်လာတောကြီးရှင်းသွားလောက်ပြီထင်ပါရဲ့"

"ရှင်းသွားရမှာပေါ့ကွာ၊ စာရေးဆရာရ။ လယ်ကွင်းဆိုတာက စပါးစိုက်ဖို့နေရာကွ။ အသုံးတည့်မယ့် သီးနှံပင်တွေ စိုက်ရမယ့်နေရာကွ။ 'ဝက်လာ'ပင်ကသူ့နေရာမှမဟုတ်တာ။ စပါးစိုက်နိုင်ဖို့ ပဲစိုက်နိုင်ဖို့ဆိုတာကတော့ ဘယ်လောက်ထူတဲ့ တောဖြစ်ဖြစ်၊ ဝက်လာမကလို့ ဘာပဲဖြစ်ဖြစ် ရှင်းကို ရှင်းပစ်ရမှာပဲကွ"

ဦးလေးသိန်းပြောလိုက်သည့် စကားက ကျွန်တော့်နှလုံးသားမှာ နေရာယူသည်။ ကြီးထွားရှင်သန်ပြီး လယ်ကွင်းမှာ နေရာယူထားသည့် ဝက်လာတောကြီးကို အတွေးဖြင့် မြင်လာတော့သည်။

✠✠✠



## (၂)

ရန်ကုန်အပြန်မှာတော့ ရွာကအထွက် ဦးလေးထွန်းမြ၏ လယ်ထဲမှ ဝက်လာတောကြီးကို မတွေ့ရ၊ မမြင်ရတော့ပြီ။

ဦးလေးထွန်းမြ လယ်ထွန်နေတာကို လှမ်းမြင်နေရ၏။

ဆောင်းဦးနောက်တစ်ခေါက် ကျွန်တော် ရွာကို ပြန်လာခဲ့လျှင်တော့ ဝက်လာတောအစား စပါးပင် စိမ်းမြမြနှင့် လယ်ကွင်းတွေကို တွေ့ရမြင်ရမည်ဟု ယုံမိသည်ပဲ။

*၂၀၀၁ ခုနှစ်၊ အတွေးသစ်ဂျာနယ်။*

***

www.burmeseclassic.com

# မြို့ခညာင်းရိုးများ

www.burmeseclassic.com

www.burmeseclassic.com

## (၁)

နိုင်ငံခြားမှာ အကြာကြီး အလုပ်လုပ်ပြီး ပြန်လာတဲ့ သူငယ်ချင်း အိမ်ရောက်လာသည်။

“မင်းတို့အနားမှာ အိမ်တွေ၊ ခြံတွေ ရောင်းဖို့ ကြားမိလား”

ငါ မသိဘူးကွ”

ပြန်ခါနီး သူ့အမေးကို ပြန်ဖြေစဉ် တအံ့တဩကြည့်သည်။

“မင်းကလဲကွာ၊ စာရေးဆရာလုပ်နေပြီး”

“ငါမှ စိတ်မဝင်စားတာ”

“ဒီအနားမှာ ဈေးကော ဘယ်လောက်ရှိနေလဲ”

“အဲဒါလည်း ငါ မသိဘူး”

သူ့မျက်နှာကို စူးစိုက်ကြည့်ရင်း သူငယ်ချင်းက အကဲခတ်ဟန်ပြုသည်။ အတည်ပြောနေတာသိတော့ နားမလည်သလို ခေါင်းကို ခါသည်။ ဂျာနယ်တွေထဲမှာ တစ်ခါတလေ တွေ့မိ၊ ဖတ်မိလို့ ခန့်မှန်းခြေဈေးနလောက်တော့ သတိပြုမိသည်ပဲ။ ကိုယ် အသေအချာ မသိသည်ကို ရမ်းပြီး မပြောချင်။ ပြီးတော့ တစ်လနှင့် တစ်လ မပြောနှင့်၊ တစ်ရက်နှင့် တစ်ရက်တောင် ဈေးတွေက တူကြတာမှ မဟုတ်ဘဲ။ ဒီကောင်က တကယ် ခြံဝယ်မလို့ လိုက်ကြည့်နေတဲ့ကောင်။ ကိုယ်



ပြောတဲ့ဈေး တလွဲဖြစ်နေလျှင် မကောင်း။

“နောက်ရက်တွေ မင်းအားလား’

ကားပေါ်တက်ခါနီးမှာ မေးသည်။

“အားသားပဲ”

“ငါ လာခေါ်မယ်ကွာ၊ ငါနဲ့ အဖော်လိုက်ခဲ့ပေးစမ်းပါ၊ ခြံတွေ လိုက်ကြည့်ရအောင်”

“ငါပါလို့တော့ ဘာမှထူးမှာမဟုတ်ဘူးနော်၊ ဟော့ကောင်၊ တန်တယ် မတန်ဘူး၊ ဘာညာ ငါ ဘာမှ အကြံပေးတတ်မှာ မဟုတ်ဘူး”

“အေးပါကွာ၊ အဖော်ရရင် ပြီးရောပါ။ မင်းကလည်း စာရေးဆရာဆိုပြီး အားကိုးရမလား အောက်မေ့တယ်”

“စာရေးဆရာဆိုတာက နေရာတကာ ဘယ်သိမလဲကွ။ သူ စိတ်ဝင်စားတာပဲ သူသိဖို့ ကြိုးစားတာ။ ခြံတွေ၊ မြေတွေထက် လူတွေကိုပဲ ပိုစိတ်ဝင်စားတတ်တာပဲကွ”

သူငယ်ချင်း ကားမထွက်ခင် သူပြောတော့ သူငယ်ချင်းက ရယ်ရင်းနှုတ်ဆက်သည်။

⌘⌘⌘

www.burmeseclassic.com

www.burmeseclassic.com



## ( ၂ )

နောက်နေ့မနက်က စပြီး သူငယ်ချင်းက သူ့ကို လာခေါ်သည်။ ပြီးတော့ ချိန်းထားသည့် ပွဲစားတွေပြသည့် ခြံတွေ၊ အိမ်တွေ ကြည့်။

တစ်ခါတစ်ခါတော့လည်း ပွဲစားမပါဘဲ အသိက ဖုန်းဆက် သတင်းပေးသည့် နေရာတွေကို လိုက်ကြည့်ကြသည်။ ကြည့်သမျှ ခြံတွေ၊ အိမ်တွေကို သူငယ်ချင်းက အကြိုက်မတွေ့။ အိမ်ကို လှည့်ပတ်ကြည့်၊ ခြံကို လှည့်ပတ်ကြည့်ပြီး သူငယ်ချင်းနှင့် ပွဲစား အလုပ်များကာ တတွတ်တွတ်ပြောနေချိန်၊ ဆေးလိပ်ဖွာရင်း အချိန်ဖြုန်းနေမိသည်။ ကားနားမှာ ရပ်ပြီး စောင့်သည့်အခါ စောင့်ရသည်။

တစ်နေ့ သူတို့ရောက်သွားသည့် ရပ်ကွက်သည် ဆိတ်ငြိမ်ရပ်ကွက်။ လမ်းမကြီးမှာ ကျယ်၍ နိုင်လွန် ကတ္တရာခင်းထားသည်။ ခြံတွေ ဝန်းတွေ သပ်သပ်ရပ်ရပ်နှင့် လူကုံထံ ရပ်ကွက်မှန်း သိသာသည်။

ခြံဝမှာ ပွဲစားက စောင့်နေသည်။

ခြံဝမှာပဲ ကားကို ရပ်လိုက်၏။

"မင်းသွားကြည့်ကွာ၊ ငါ ကားနားကပဲ စောင့်မယ်"

ခြံထဲ ဝင်မလိုက်ချင်၍ သူငယ်ချင်းကို ပြောလိုက်၏။ တချို့ အိမ်ရှင်တွေ ကျတော့ လက်ဖက်ရည်၊ ကော်ဖီတိုက်ရင်း ဧည့်ခံကာ စကားပြောသည်။ အားနာ



ပါးနာ မကြိုက်ဘဲ သောက်ရသည့် ကော်ဖီချိုဖျစ်ဖျစ်ကို သူ ကြောက်နေမိသည်။

သူငယ်ချင်းက ခေါင်းညိတ်ပြရင်း ပွဲစားနှင့်အတူ ခြံထဲ ဝင်သွားသည်။

ကားကို မှီ၍ စီးကရက်ကို ဖွာနေလိုက်မိသည်။ ဟို-ဒီကြည့်ရင်း သူ့ စိတ်မှာ အထူးအဆန်းတစ်ခုကို တွေ့လိုက်ရသလို စိတ်ဝင်တစားဖြစ်သွားသည်။ ကားနားမှ ခွာပြီး ခြံစည်းရိုးဆုံးအောင် သူလျှောက်ပြီး ကြည့်လိုက်၏။ ခြံစည်းရိုး အဆုံးမှာ တစ်ဖက်ကပ်လျက် ခြံစည်းရိုးက နှစ်ပေလောက် နောက်ရောက်နေသည်။ တခြားတစ်ဖက်ကို လျှောက်ကြည့်လိုက်တော့လည်း ဒီအတိုင်းပင်။ ကပ်လျက်ခြံမှာ နောက်ကို နှစ်ပေလောက်ရောက်နေ၏။ သူငယ်ချင်းလာကြည့်သည့် ခြံတစ်ခြံတည်းသာ လမ်းမဘက်သို့ ငေါထွက်နေသည်ပဲ။ တခြားခြံတွေက နောက်မှာ တညီတညွတ်တည်း၊ တစ်တန်းတည်း ရှိနေကြသည်။ သူ အတော်လေး စိတ်ဝင်စားသွား၏။

လက်မှ နာရီကို ကြည့်ရင်း သူငယ်ချင်း ချက်ချင်းပြန်မလာနိုင်သေးဟု တွက်သည်။ လှမ်းကြည့်လျှင် မြင်နေရသော လမ်းမထိပ် ကွမ်းယာဆိုင်တလေးဆီ သူလျှောက်လာခဲ့၏။ ကွမ်းယာဆိုင်ကလေးမှာ လူတစ်ယောက်ထိုင်နေတာ တွေ့သည်။ အနားရောက်တော့ "အစ်ကို တက္ကစီလား"ဟု မေးသည်။ သူ ပြုံး၍ ခေါင်းခါပြကာ "ဆေးလိပ်ဝယ်မလို့ပါကွာ"ဟု ပြန်ဖြေရင်း ကွမ်းယာရောင်းသူကို လှမ်းကြည့်၏။

ဆေးပေါ့လိပ်ဝယ်လိုက်ပြီး ပြန်အမ်းငွေကို ယူရင်း "ဦးလေး ဒီမှာ ဈေးရောင်းတာ ကြာပြီလား"ဟု သူ စပ်စုလိုက်သည်။

"ဘာဖြစ်လို့လဲကွ"

"ဩော် . . . မဟုတ်ပါဘူး၊ ကျွန်တော် ဟိုးရှေ့က ခြံကို သူငယ်ချင်းနဲ့ လိုက်လာတာပါ။ သူ့ခြံစည်းရိုးက တခြားခြံတွေထက် ရှေ့နှစ်ပေလောက် ထွက်နေလို့ အံ့ဩလို့ပါ"

စကားဆုံးတော့ ကွမ်းယာရောင်းသူက ပြုံးပြီး ထိုင်နေသော လူငယ်ကို လှမ်းကြည့်သည်။ လူငယ်က သူ့ကို ပြုံးပြီးပြန်ကြည့်သည်။

"အဲဒီခြံက ရာဇဝင်နဲ့ကွ။ မင်း သူမေးကြည့်ပါလား၊ သူ ဒီအထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



နေတာ၊ တက္ကစီထွက်ဆွဲတာလေ"

မလှမ်းမကမ်းမှာ ရပ်ထားသော တက္ကစီကို အကြည့်ရောက်သည်။ ဒီရပ်ကွက်ထဲမှ လူငယ်တစ်ဦးဟု သူနားလည်လိုက်၏။

"ဘယ်လိုဖြစ်တာလဲ၊ ပြောစမ်းပါဦး"

"တိုတိုပြောရင်တော့ဗျာ၊ ကျွန်တော်တို့လမ်းက ကိုယ့်အားကိုယ်ကိုး မြှန်ပြင်ထားတာ"

"ဟုတ်တယ်၊ အရမ်းကောင်းတာပဲ၊ ကျယ်လည်း ကျယ်တယ်။ အစက တော့ ဒီလိုမကျယ်ဘူးဗျ။ တစ်ရက်ကွက်လုံး အစည်းအဝေးတွေ ဘာတွေ ထိုင်ပြီး စနစ်တကျလုပ်လိုက်လို့ ဒီလောက်ကျယ်သွားတာ၊ ခြံတွေက နည်းနည်းစီ နောက် ဆုတ်ပေးရတာပေါ့ဗျာ။ အဲဒီခြံတစ်ခြံတည်းပဲ ဆုတ်မပေးနိုင်ဘူးဆိုပြီး ဒီအတိုင်း ကျန်ခဲ့တာပဲ"

"ဩော်. . . ဩော်"

"ဘယ်လိုမှ ညှိလို့ မရဘူးဗျာ။ အလှူခံတာ မရလို့ တန်ဈေးဖြတ်ပြီး ရောင်းပါဆိုတာလည်း မရောင်းဘူး။ အခုတော့ သူတစ်ခြံတည်း ငေါငေါကြီးထွက် ကျန်ခဲ့တာပေါ့"

တက္ကစီ ကားဆရာလေးကို နှုတ်ဆက်ပြီး ထွက်ခဲ့သည်၊ ခြံရှေ့ ရပ်ထား သော ကားဆီရောက်ပြီး မကြာခင်မှာ သူငယ်ချင်းနှင့် ပွဲစား ပြန်ထွက်လာတာ တွေ့၏။

"မင်းက ကော်ဖီတိုက်မှာ ကြောက်နေတယ်၊ ကော်ဖီတိုက်ဖို့နေနေသာသာ အိမ်ထဲတောင် အဝင်မခံဘူးကွ။ ပွဲစားနဲ့ ကြည့်ပြီး စိတ်ဝင်စားမှ အိမ်ပေါ် လာခဲ့ ပါတဲ့ လှမ်းပြောတယ်။ ငါလည်း ခြံထဲလျှောက်ကြည့်ပြီး မကြိုက်တာနဲ့ အိမ်ရှင်နဲ့ မတွေ့ဖြစ်ခဲ့ဘူး"

ကားမောင်းရင်း သူငယ်ချင်းက သူ့ကို ပြောသည်၊ ခြံစည်းရိုးအကြောင်း သိထားပြီးပြီမို့ သူငယ်ချင်းစကားကို သူ မအံ့သြမိတော့။

✠✠✠



(၃)

"ပွဲစားများ ကြံကြံဖန်ဖန်ညွှန်းတတ်တယ်ဗျာ၊ ပုဏ္ဏားရိပ်ပင်တွေနဲ့ ခြံ စည်းရိုးကာထားတာ ကြည့်ပြီး ခင်ဗျား ဒီခြံဝယ်ရင် အနည်းဆုံး နှစ်ပေ မြေပိုရ မှာတဲ့၊ ကြည့်စမ်း"

သူငယ်ချင်းက ရယ်ရင်း ပြောသည်၊ ခြံတွေ လိုက်ကြည့်ရင်းမှ ခြံစည်း ရိုးတွေက စိတ်ဝင်စားစရာကောင်းတာ သူ သတိထားဖြစ်ခဲ့သည်။ သူငယ်ချင်း ပြောသလိုပင် ပုဏ္ဏားရိပ်ပင်တွေ၊ တခြား စည်းရိုးပင်တွေ စိုက်ကာ လမ်းမြေကို ကျူးကျော်ထားတာတွေလည်း ခဏခဏတွေ့နေရသည်ပဲ။

ဒီကနေ့ ခြံတစ်ခြံကို ရောက်တော့ သူငယ်ချင်းနှင့်အတူ သူပါ လိုက် ကြည့်ဖြစ်သည်။ ပွဲစားမပါဘဲ ခြံရှင်ကိုယ်တိုင်က လိုက်ပြလို့ ခြံကို လှည့်ပတ်ကြည့် ကြ၏။ ခြံစည်းရိုးမှာ စိတ်ဝင်စားစရာ သူ တွေ့လိုက်ရပြန်သည်၊ ခြံစည်းရိုးက ကွန်ကရစ်တိုင်စိုက်ပြီး သံဆူးကြိုးလိမ် ကာထားသည်။ ဘာမှ မထူးဆန်း။ အသေ အချာကြည့်မှ ထူးဆန်းတာ တစ်ခုကို သွားတွေ့ရခြင်းပင်၊ ခြံအစတိုင်သည် နှစ်တိုင်ကပ်လျက်ဖြစ်နေသည်။ ဟိုဘက်အစ၊ ဒီဘက်အစ နှစ်ဖက်လုံးမှာ နှစ်တိုင် ကပ်ထားသည်။ ကပ်လျက် ခြံဘက်မှာ တိုင်တစ်တိုင်၊ သူ့ခြံဘက်မှာ တိုင်တစ်တိုင်။ သံဆူးကြိုးတန်းတွေက သူ့ခြံဘက်၏ အပြင်ဘက်မှ သွယ်တန်းထားသည်။ ဟို

www.burmeseclassic.com



ဘက်ခြံဘက်က စိုက်ထားသည့်တိုင်မှာ အပိုလိုဖြစ်နေသည်။ တိုင်၏ အပြင်ဘက်မှာ သံဆူးကြိုးကာထားတာမို့ ဒီဘက်က ခြံကာထားမှန်းလည်း သိသာနိုင်သည်။ သူ မအောင့်နိုင်တော့ဘဲ -

"ဒီတိုင်နှစ်ခုက ဘာလို့ နှစ်ထပ်ဖြစ်နေတာလဲဗျာ။ စည်းရိုးဆိုတာ တစ်တိုင်ပဲ စိုက်ပြီး ကြိုးဆွဲလိုက်ရင် ရနေတာပဲ"ဟု မေးလိုက်သည်။

ခြံရှင် ပြုံးသည်။ ပြီးတော့ "လာဗျာ၊ အိမ်ပေါ်ကျတော့ ကျွန်တော်ပြောပါ့မယ်"ဟုဆိုရင်း အိမ်ပေါ်ခေါ်ခဲ့၏။

"ခင်ဗျားမေးတာ ဟုတ်တယ်ဗျ။ ဟိုဘက်ခြံဘက်မှာ တိုင်နှစ်တိုင်တွေ့တယ်မဟုတ်လား၊ ခြံအစတစ်တိုင်၊ အဆုံးတစ်တိုင်လေ"

"ဟုတ်တယ်"

ကော်ဖီပန်းကန်ကို ရွှေ့တိုးပေးရင်း အိမ်ရှင်က ပြောသည်။

"အဲဒါ ကျွန်တော် ဒီမပြောင်းခင် ဟိုဘက်ခြံက စည်းရိုးတိုင်ဗျ။ အဲဒီတိုင်နှစ်တိုင်နဲ့ စည်းရိုးသတ်မှတ်ထားတာ။ အလယ်မှာလည်း လေးငါးတိုင်ရှိတာပေါ့ဗျာ။ ဒီဘက်တိုင်က ကျွန်တော်ရောက်မှ ကာတာ"

"ကျွန်တော် အဲဒါ မရှင်းတာ၊ ဟိုဘက်ခြံက စိုက်ထားပြီးသားတိုင် အမှတ်အသားအတိုင်း ခင်ဗျား ကာလိုက်လို့ မရဘူးလား၊ ဘာလို့ ခင်ဗျားခြံဘက်မှာ တစ်တိုင်ထပ်စိုက်ရတာလဲ"

"ခင်ဗျားပြောသလို အမှန်ပဲ။ အဲဒီလို ကာမလို့ဘဲ၊ သူ့တိုင်နှစ်တိုင်ကို ကြိုးတန်း၊ အလယ်မှာ တိုင်တွေ ထပ်စိုက်၊ သံဆူးကြိုးကာ၊ ပြီးတာပဲ။ အဲဒါ အဲဒီခြံက လက်မခံဘူးဗျာ။ နောက်ထပ် တိုင်စိုက်ပြီးမှ ကာပါလို့ ပြောတယ်"

"ဘာဖြစ်လို့လဲဗျာ"

"အခုလို နောက်ထပ် တိုင်စိုက်ပြီး ကာလိုက်ရတော့ တိုင်တစ်တိုင်စာ လေးလက်မ သူ့ဘက် ပိုရတာပေါ့ဗျာ"

"ဟာဗျာ. . ."

"ခင်ဗျားကလည်း အလွယ်တကူ လျှော့ပေးလိုက်တာပဲလား။ တချို့ဆို



သစ်ပင်တစ်ပင်အတွက် ဟိုဘက် ဒီဘက် တရားတပေါင်ဖြစ်ရသေးတာ"

သူငယ်ချင်းက မေးလိုက်သည်။

အိမ်ရှင်က ပြုံးသည်။ ပြီးမှ စကားဆက်၏။

"ပထမတော့ ကျွန်တော် ဒေါသထွက်တာပေါ့ဗျာ။ မဟုတ်တာ၊ ထုံးစံမရှိတာ လာပြောတာကိုးဗျ။ ကျွန်တော်လည်း လျှော့မပေးဘူး စဉ်းစားပြီး စည်းရိုးတော့ မကာသေးဘဲ ထားလိုက်တယ်။ အပေါင်းအသင်းတွေကလည်း သက်ဆိုင်ရာနဲ့ စကားပြောပြီး မြေတိုင်းတွေဘာတွေ လာတိုင်းခိုင်းပြီး ကာလိုက်ပေါ့လို့ အကြံပေးတယ်။ အဲဒီလိုလုပ်ရင် ကျွန်တော်နိုင်မှာပဲလေ။ တစ်နေ့တော့ ကျွန်တော့် ငယ်သူငယ်ချင်း လာလည်တယ်။ သူ့ကို ဒီအကြောင်းပြောပြမိတာပေါ့။ သူက ဘာမှပြန်မပြောဘဲ ငါပြန်တော့ မင်း ငါ့အိမ် ခဏလိုက်ခဲ့တဲ့၊ အိမ်ရောက်တော့ မင်းကို ဘာလုပ်ရမယ်ဆိုတဲ့ အဖြေပေးမယ်လို့ ပြောပြီး သူ့အိမ်ခေါ်သွားတယ်ဗျ"

သောက်ပြီး ကော်ဖီပန်းကန်ကို ပြန်ချရင်း မျက်နှာကို လှမ်းကြည့်နားစွင့်လိုက်မိ၏။

"သူ့ခြံထဲ ရောက်တော့ အိမ်ပေါ်မခေါ်သေးဘဲနဲ့ ခြံနောက်ကို ခေါ်သွားတယ်။ ခြံနောက် ဘေးချင်းကပ်လျက် သူ့ခြံစည်းရိုးကို ပြတယ်၊ သူ့ခြံစည်းရိုးကို အထူးအဆန်း ကျွန်တော်ကြည့်ပြီး အံ့သြနေမိတယ်ဗျ။ သူ့အုတ်တံတိုင်းက တစ်တန်းတည်းတည့်တည့်ကာလာပြီးမှ နောက်ဘက်ခြံ ဆုံးခါနီးရောက်မှ ၆ပေလောက်အရှည်က သူ့ခြံအတွင်းပိုင်းကို ၂ပေလောက်ကျွံဝင်ပြီး ကာထားတယ်ဗျာ။ ကျွန်တော်ပြောတာ မြင်လားမသိဘူး"

"အလျား ၆ပေ၊ အနံ ၂ပေ ဟိုဘက်ခြံကို ပေးလိုက်ရတာပေါ့"

"အဲ- အဲဒီသဘောပေါ့။ အုတ်နံရံကြီးက တဖြောင့်တည်းမဟုတ်တော့ဘဲ ကြည့်ရဆိုးနေတာပေါ့။ ဘာဖြစ်တာလဲ မေးကြည့်တော့ ဟိုဘက်ခြံက အိမ်က စည်းရိုးနားကပ်ဆောက်လိုက်တာ၊ ဆောက်ပြီးမှ ရေစီးမြောင်းလုပ်စရာ မကျန်မှန်းသိတယ်။ သူသာ အဲဒီလို ၆ပေ၊ ၂ပေ ဆုတ်မပေးရင် ရေစီးမြောင်းလုပ်လို့မရဘူး။ ခြံစည်းရိုးနဲ့ ဒီလောက်ကပ်ဆောက်တာ ဥပဒေနဲ့လည်း မညီဘူး။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမြေကို သူ မရောင်းဘူး။ စေတနာနဲ့ နောက်ဆုတ်ပေးလိုက်တာတဲ့။ သူ့ခြံ နေရာကဗျာ အရမ်းတန်ဖိုးရှိတဲ့ နေရာ။ ငွေနဲ့ဆိုလည်း ဟိုဘက်ခြံက သူ တောင်း သလောက် ပေးရတော့မှာ။ ဒီလိုဖြစ်သွားလို့ ခြံတန်ဈေး ဘယ်လောက်လျော့ သွားမလဲကွာ၊ သူများ စိတ်ချမ်းသာအောင် ကူညီလိုက်ပါလို့ သူငယ်ချင်းက ပြောတယ်ဗျ၊ ဒါနဲ့ပဲ ကျွန်တော် အဲဒီလို တိုင်နှစ်ထပ်နဲ့ သံဆူးကြိုး ကာလိုက် တော့တာပဲ။ သူ့ခြံဘက်ကို ကျွန်တော် ၄လက်မ ပေးလိုက်ရတယ်ဗျာ။ ကျွန်တော့် ခြံရဲ့ အနံကို တိုင်းကြည့်ရင် ၄လက်မ လျော့နေလိမ့်မယ်။ ခင်ဗျားတို့စိတ်ဝင်စားလို့ အရောင်းအဝယ်ဖြစ်ရင်လည်း အဲဒီ ၄လက်မဖိုးတွက်ပြီး လျှော့ချေရင် ရတယ်ဗျ။

ရယ်ရယ်မောမောနှင့် စကားကို အဆုံးသတ်လိုက်၏။

✠✠✠



# (၄)

"ကြဲကြဲဖန်ဖန်ကွာ၊ ခြံစည်းရိုးတိုင်နှစ်ထပ်ကို မင်းပဲ မြင်တယ်"

အပြန်လမ်းမှာ သူငယ်ချင်းက ပြောသည်။

သူ့ကို ပြောမပြရသေးသည့် တစ်လောက သွားကြည့်ခဲ့သော လမ်းဘက် ကို ၂ပေငေါထွက်နေတဲ့ ခြံစည်းရိုးရာဇဝင်ပြောပြလိုက်မိသည်။

"ကော်ဖီမတိုက်တဲ့ အိမ်ရှင်မဟုတ်လား"

ဟု သူငယ်ချင်းက ပြောတော့ သူရယ်လိုက်မိ၏။

"နေပါဦး၊ မင်းက ဘာလို့ခြံစည်းရိုးတွေ စိတ်ဝင်စားပြီး ဂရုစိုက်နေတာလဲ"

"ဂရုစိုက်တာတော့ မဟုတ်ဘူးပေါ့၊ အထူးအဆန်းဆိုတော့ သတိထား ဖြစ်တာပေါ့။ မင်းကို ငါ ပြောတယ်မဟုတ်လား၊ စာရေးဆရာက လူတွေကို စိတ်ဝင်စားတာပါဆို"

သူငယ်ချင်းက သူ့ဘက် လှည့်ကြည့်ရင်း ခေါင်းတစ်ချက်ညိတ်လိုက် တာ တွေ့၏။

✠✠✠

*၂၀၀၂ ခုနှစ်၊ မြဝတီမဂ္ဂဇင်း။*

***

www.burmeseclassic.com

www.burmeseclassic.com

# ရထားနှင့် သံလမ်း

www.burmeseclassic.com

www.burmeseclassic.com

## (၁)

အလံတိုင်အကျော်မှာ ရထားက ဥသြသံပေးသည်။ နှင်းထုကြားမှ မြုပ်ကွယ်နေသည့် မြို့ကလေးမှာ ဆင်းချင်သူများကို သတိပေးလိုက်သလို၊ လက်ဆွဲအိတ်ကို စင်ပေါ်မှ ချရင်း ပြတင်းမှ လှမ်းကြည့်မိသည်။ မှိန်ဖျဖျ မီးရောင်သည် နှင်းထုကြောင့် ဝိုးတိုးဝါးတား။ သိသိသာသာ တိုးဝင်လာသည့် အအေးဓာတ်ကြောင့် ဂျာကင်အကျီဇစ်ကို ဆွဲလိုက်၏။ နှင်းထုကြားမှ လှုပ်လှုပ်ရှားရှား ဘူတာမြင်ကွင်းသည် မလင်းတလင်း မီးရောင်အောက်မှာ ပေါ်လာပြီ။

သည်ဘူတာလေးပေါ့။

ဘောလုံးကွင်းကို သွားဖို့ သည်ဘူတာလေးကို ဖြတ်ရသည်။ ရုပ်ရှင်ရုံကို ရောက်ဖို့ သည်ဘူတာလေးကို ကျော်ရသည်၊ ညဘက်-ညဘက် ရထားဆိုက်ချိန်တွေမှာ သူငယ်ချင်းတွေစုပြီး သည်ဘူတာလေးမှာ ထိုင်ခဲ့သည်။ အကြည့်တစ်ချက်၊ မျက်ဝန်းတစ်စုံကြောင့် ရင်ခုန်လို့ မဆုံးနိုင်တာတွေ သူငယ်ချင်းကို ရစ်မှုံရစ်၊ သည်ဘူတာလေးအတွင်းမှာပဲ အိပ်မက်တွေ မက်ဖူးသည်။ အဝါနှင့် တနက်တစဝင်းကျ၊ထားသည့် ဖလန်နယ်အနွေးအကျီလေး ဝတ်ထားကာ ကျစ်ဆံမြီးရှည်ရှည်ချထားသော ကျောင်းချင်းမတူသည့် မျက်ဝန်းနက်နက်တောင်မလေး



ကို စာမေးပွဲဖြေဖို့အသွား၊ သည်ဘူတာလေးမှာပဲ စတွေ့ စွဲလမ်းရှူးမူးခဲ့ဖူးသည်။ သည်ဘူတာလေးအတွင်းမှာပဲ သူမ ပေးသည့် ဝေဒနာတို့သည် ကဗျာလေးများ ဖြစ်သွားခဲ့ဖူးသည်။ သူမနှင့် ဝေးရာအရပ်သို့သွားရင်း သည်ဘူတာလေးအတွင်းမှာပဲ ကြေကွဲစတို့ လွင့်စင်ခဲ့ရဖူးသည်။

သည်ဘူတာလေးအတွင်းမှာ . . .

အတွေးစတို့ မဆုံးနိုင်ခင်မှာပင် ရထားက အရှိန်သတ်၍ ရပ်ပြီ။ လက်ဆွဲအိတ်ကို ကောက်ယူပြီး ရထားပေါ်မှ ဆင်းလိုက်၏။

ဘူတာဈေးက စည်ကားနေပြီလေ. . .။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



# ( ၂ )

အခြားအခြားသော မြို့များနှင့် မတူသည့်အချက် ဒီမြို့ကလေးမှာ ရှိသည်။ အခုလို ဆောင်းတွင်း အသီးအနှံတွေ လှိုင်လှိုင်ပေါ်ချိန်သည် မြို့ဘူတာလေးမှာ ညလုံးပေါက် ဈေးတန်းသဖွယ် စည်ကားနေခြင်းပင်။ ကုန်စိမ်းဈေးလေးသည် ညနေဘက်မှ တစ်စစ စည်ကားကာ မိုးလင်းအားကြီးအထိ လူစုမကွဲတတ်။ မြို့ကလေး၏ အနီးအနားရွာများမှ အသီးအနှံအားလုံးလိုလို ဒီဘူတာဈေးကို ရောက်သည်။ ပန်းပွင့်၊ ခရမ်းသီး၊ ပဲသီး၊ ပြောင်းဖူး၊ သခွား၊ နံနံ အစရှိသည့် အသီးအနှံမျိုးစုံကို ခြင်းကြီး ခြင်းငယ်ဖြင့် ဒီဘူတာဈေးမှာပင် အရောင်းအဝယ်လုပ်ကာ ရန်ကုန်တင်ကြသည်။ ရန်ကုန်မှလာပြီး ကောက်သူများ၊ ဒိုင်ဖွင့်၍ ဝယ်သူများနှင့် ဈေးတန်းဖြစ်နေသည်။ ညလုံးပေါက် စည်ကားနေသော လူများကြောင့် လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်၊ အစားအသောက်ဆိုင်များလည်း ရှိလာ သည်။

နေမဝင်မီက ခူးဆွတ်ထားသည့် အသီးအနှံများကို စည်းနှောင်စရာရှိသည်ကို စည်း၊ သန့်စင်စရာရှိသည်ကို သန့်စင်ရင်း ခြင်းတွေထဲ ထည့်ရသည်။ ပြီး ညဆယ့်နှစ်နာရီမှ စပြီး ဈေးကို ထမ်းပိုးသယ်ရွက်သွားကြသည်။ ညနေပိုင်းလာသူများ၊ ညလာသူများနှင့် လူ မပြတ်တော့။

အလွန်အေး၍ ခိုက်ခိုက်တုန်ချမ်းလှသည့် ဒီရာသီမှာ ထမ်းရင်းပိုးရင်းသူတို့မှာ ချွေးသံတရွှဲရွှဲ။



ဒီဘူတာဈေးထဲမှာပဲ ဇာတ်လမ်းတွေ မျိုးစုံကြားရဖူးသည်။ ညလုံးပေါက် ဈေးအတူရောင်းကြရင်း ချစ်သူချင်းတွေဖြစ်လို့ ညားကြသည်မှာလည်း မနည်း။ ရန်ပွဲတွေဖြစ်လို့ ဓားထိုးမှုလည်း ရှိဖူးသည်။

လေးတန်းအောင်ပြီး ကျောင်းထွက်သွားသည့် သူငယ်ချင်းမ ခင်လှတစ်ယောက်လည်း ကုန်စိမ်းဈေးမှာပဲ ရည်းစားရကာ စောစောအိမ်ထောင်ကျသွားတာ သတိရသည်။ ခင်လှတို့က လယ်မရှိ။ ရှိသည့် မြေကွက်ကလေးမှာ အသီးအနှံမျိုးစုံကို ရာသီအလိုက်စိုက်သည်။ ပြီးတော့ ဘူတာဈေးမှာ လာရောင်းရင်း ဝမ်းကျောင်းရ၏။ မိန်းကလေးတန်မဲ့ ကုန်စိမ်းခြင်း တစ်ဖက်တစ်ခြင်းနှင့် ထမ်းပိုးကို ညွှတ်နေအောင် ခင်လှ ထမ်းနိုင်သည်။

ကုန်စိမ်းတန်းကို ဖြတ်လျှောက်ခိုက် ခင်လှကို သတိရ အတွေးရောက်ရင်း သခွားသီးတွေ ပုံထားတာ လှမ်းငေးမိ၏။

"ဦးလေး . . . ဦးလေး . . . ရွာပြန်လာတာလား"

ကုန်စိမ်းခြင်းတွေကြားမှ လှမ်းအော်နေသည့် မိန်းကလေးကို မြင်သည်။ အားပါးတရအော်ရင်း ပြေးလာ၏။

"ဦးလေး . . . ကျွန်မကို မှတ်မိလား"

"ပြောပါဦး"

"ဒေါ်ခင်လှ သမီးလေ။ ဦးလေး ဟိုတစ်ခေါက်ကတောင် အမေ့ဆီလာလည်သေးတယ်"

"ဟဲ့ - ခင်လှသမီးလား"

"ဟုတ်တယ် - ဦးလေး"

"ညည်း ကုန်းစိမ်းချတာလား"

"ဟုတ်တယ် - ဦးလေး"

"ညည်းအမေကတော့ သိပ်သန်တာပဲ၊ ညည်းရော သူလို ထမ်းနိုင်ရဲ့လား"

ခင်လှသမီးက ရယ်နေသည်။ ပြီးမှ . . .

"ခေတ်ပြောင်းသွားပြီ ဦးလေးရဲ့၊ အထမ်းခေတ်မဟုတ်တော့ဘူး"

"ဟေ. . . လုပ်ပါဦးဟ၊ ပြောပါဦး"

"စက်ဘီးလေးတစ်စီးတော့ အငတ်ခံပြီး စုဝယ်ရတာပေါ့။ စက်ဘီး

www.burmeseclassic.com

www.burmeseclassic.com



နောက်မှာ ခြင်းတွေကို တန်းထိုးတင်ပြီး နင်းရတာ ဦးလေးရဲ့"

ရွာနှင့် မြို့ကလေးမှာ သုံးမိုင်လောက် ဝေးပြီး ဖြောင့်တန်းသော တာလမ်းကို သူ ငယ်ငယ်ကတည်းက ဖောက်ခဲ့တာ သတိရသည်။ ရွာလူထုလုပ်အား၊ သက်ဆိုင်ရာမှ ချပေးသည့် ငွေကြေးနှင့် ဒီတာလမ်းကလေးက တစ်နှစ် တစ်ခါ နှစ်ခါ ပြုပြင်စမြဲ။ သို့ပါသော်လည်း လှည်းတွေ. . . လှည်းတွေ. . . မောင်းခွင့်ပြုထားလေတော့ နှစ်ပေါင်း ၃၀၊ ၄၀ ကြာလည်း ဘာမှမပြောင်းမလဲ။ မိုးတွင်းဆို စက်ဘီးတောင် စီးမရသည့် မြေဖို့တာဘဝမှာပဲ ရှိနေသေးသည်။ ဒီတာလေးကလေးသာ ကောင်းခဲ့ပါက အနည်းဆုံး ဆိုက်ကား၊ မြင်းလှည်းနှင့် ကုန်စိမ်းတွေ သယ်ပို့ရေး လွယ်ကူပေမည် တွေးနေမိသေး၏။

"ဟဲ့ - ခင်သီ. . . နင့်ခရမ်းသီးတွေ ကုန်ပြီလား"

"မကုန်သေးပါဘူး တိုလှဦးရယ်"

"ခဏနေ ငါ လာကြည့်မယ်"

"တော်က ဈေးနှိမ်တာပဲ"

လူငယ်က လွယ်အိတ်တစ်လုံး စလွယ်သိုင်းလွယ်ထားရင်း ဘာမှ ပြန်မပြောဘဲ ဆက်သွား၏။

"ကုန်စိမ်းကောက်တဲ့ ရန်ကုန်က ကုန်သည်လေ"

ခင်လှသမီးက ထွက်သွားသည့် လူငယ်ကို မေးငေါ့ပြရင်း ပြောသည်။

"နင့်အမေတို့လက်ထက်၊ ငါတို့ငယ်ငယ်ကတော့ ဒီဘူတာဈေးမှာ ကုန်စိမ်းကောက်တာ ဦးမြကြီးတဲ့၊ နင်က မီမှာ မဟုတ်ဘူး"

"အဲ. . . အဲဒီ - အခုန ကိုလှဦးက ဦးမြကြီးရဲ့ သားလေ ဦးလေးရဲ့"

"ဟုတ်တယ်"

"အမေ တစ်ခါလိုက်လာတော့ သူ့အဖေအကြောင်းတွေကို ကိုလှဦးနဲ့ ပြောနေကြတာ၊ ဦးမြကြီးတို့က ကုန်စိမ်းကောက်စက ဘာမှမရှိဘူးတဲ့။ ဘူတာနားမှာ အိမ်အစုတ်ကလေးလို့ အမေပြောတယ် ဦးလေးရဲ့၊ အခုတော့လည်း တိုက်တွေ တာတွေနဲ့ ကားတောင် နှစ်စီး သုံးစီးဆိုလား"

ရထားက 'ဘော်. . ဘူ. . 'ဟု ဥဩသံပေးကာ ဘူတာလေးမှ ထွက်သွားပြီ။

✠✠✠



(၃)

ခင်လှသမီးကို နှုတ်ဆက်ရင်း ဈေးတန်းလေးကို ဖြတ်ကာ ရထားသံလမ်းအတိုင်း လျှောက်လာခဲ့၏။ နှင်းထုကြားမှာ အားယူလင်းနေရသော ဘူတာမီးရောင်သည် တဖြည်းဖြည်းမှိန်ဖျော့လာပြီ။ မြောက်လေသည် မျက်နှာကို အေးစိမ့်သွားအောင် ဝေ့ပက်လာ၏။

ခင်လှသမီးပြောလိုက်သည့် စကားများက နားမှာ ရစ်ဝဲနေပြန်သည်။ အရင်တစ်ခေါက် ခင်လှအိမ်ကို ရောက်တော့ စီးပွားရေးသိပ်မပြေလည်လှတာ သိရသည်။ ရှိသည့် မြေတစ်ပိုင်းကိုတောင် ခွဲရောင်းလိုက်ရပြီဟု ခင်လှပြောခဲ့သည်ပဲ။

ခင်လှတို့ ကုန်စိမ်းချသည့်အချိန်က တက်တက်ကြွကြွနှင့် သန်တုန်းမြန်တုန်း ခင်လှလည်း အခုတော့ သူ့သမီးကို လုပ်ငန်းလွှဲရလေပြီ။

ခင်လှတို့ ကုန်စိမ်းချစဉ်က တူ. . . တူ. . . တူ. . . ဟု ဥဩသံရှည်ဆွဲတတ်သော ကျောက်မီးသွေးနှင့် ရထားကြီးတွေ အမြင်အာရုံမှာ ပေါ်လာပြန်သည်။

ခင်လှသမီး ခင်သီတို့ခေတ်မှာတော့ ဒီဇယ်စက်ခေါင်း ရထားကြီးတွေ 'ဖဘော်ဘူ. . . ဘော်ဘူ'နှင့် ဖြစ်နေပြီပဲ။

ခပ်မှောင်မှောင်မှို့ အောက်ကို ငုံ့လျှောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရထားသံလမ်းကို စူးစိုက်ကြည့်ဖြစ်၏။
အင်း . . . ငယ်ငယ်တုန်းက ရင်းနှီးဖူးတဲ့ သံလမ်းတွေပါပဲလား။

✠✠✠

၂၀၀၃ ခုနှစ်၊ အတွေးသစ်ဂျာနယ်၊

***

# ကြိုးဆွဲ ငမိုး

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ဖာတ်ရုံတွင်းမှ သီချင်းသံက ပွဲဈေးတန်းမှ အသံဗလံတို့ကိုတော့ မထိုးဖောက်နိုင်။

"ကွေးကွေးလေးကွ၊ ကွေးကွေးလေး"

"ကျားဟေ့- ကျား၊ ကျားဟေ့ - ကျား"

ပုစွန်ထိုးထားသည့် ထိုးသားအများစုက ကွေးကွေးလေးဟု သံပြိုင်အော်နေကြသလို၊ အထိုးအနည်းဆုံးကျားကို ဒိုင်ဘက်မှ လူများက လက်ခုပ်တီးရင်း ပြိုင်တူအော်နေသည်။ ယောက်ျားသုံးလေးယောက်၊ မိန်းမတစ်ယောက်တို့က ဒိုင်စားအကောင်ကို အလှည့်တိုင်း လက်ခုပ်တီး အော်ကြရ၏။

ကြိုးဆွဲသူက ကြိုးစမ်းနေသည်၊ သူ့မျက်ဝန်းအစုံက တန်းပေါ်မှ အန်စာတုံးတွေဆီ စူးစိုက်ထား၏။ အော်သံတွေကြားမှာ သူသည် မှော်ဝင်သူတစ်ဦးနှယ်။ ကြိုးစမ်းရင်း အန်စာတုံးကို သူကြိုက်သလို လှည့်နေသည်မှာ အသည်းယားစရာ။ ကလေးကို ရင်ခွင်ပိုက်ထားသည့် မိန်းမတစ်ဦးက လူကြားထဲ အတင်းတိုးဝှေ့ဝင်ရင်း ပုစွန်. . . ပုစွန်ဟု အော်ကာ တစ်ရာတန်တစ်ရွက်ကို ပစ်ချသည်။ ရှေ့လူက ပုစွန်ကွက်ထဲ မရောက်သည့် ပိုက်ဆံကို ရောက်အောင် ပို့ပေး၏။ ထိုးသားအားလုံး၏ အာရုံက ဆွဲချလိုက်မည့်ကြိုးကို ရင်တမမ အာရုံစူးစိုက်ထားဆဲ။



ကြိုးဆွဲသူသည် အသက်ကို တစ်ဝရှူရင်း ကြိုးကို ဆတ်ကနဲ ဆွဲချလိုက်တော့သည်။ ကြိုးအဆွဲမှာ တင်ထားသည့် တန်းပေါ်မှ အန်စာတို့ လေးဆယ့်ငါးဒီဂရီ ဖျဉ်ပြားခုံအစောင်းမှ အောက်ကို ပြုတ်ကျလာ၏။ အန်စာတစ်တုံးက ပုစွန်အကွက်ထဲ ချက်ချင်းကျပြီး ကျန်နှစ်တုံးက လိမ့်ရင်းလိမ့်ရင်း နောက်ဆုံးမှာ နှစ်တုံးလုံး ပုစွန်အကွက်ထဲ ကျသွားတော့သည်။

"ကွေးကွေးလေးကွ. . . ကွေးကွေးလေး"

ထိုးသားတွေ ဝမ်းသာအားရ အော်ကြစဉ် စောစောက ကျားအော်သူတို့ အသံပျောက်သွားတော့၏။ ဗယားထဲမှ ငွေများကို အလျော်အစားလုပ်နေပြီ။

အန်စာတင်ခုံနားမှာ လွယ်အိတ်ကို စလွယ်သိုင်းထားသော ဒိုင် မျက်စိမျက်နှာပျက်နေလေပြီ။

"ငမိုးကွ၊ ငမိုး"

ထိုးသားတစ်ယောက်က အလျော်ရ ငွေကို လှမ်းယူရင်း အော်လိုက်၏။

"ကြိုးဆွဲတဲ့ ကောင်နာမည်က ငမိုးလား"

ဒိုင်က သူ့ဘေးမှ တပည့်ကို မေးစဉ် တပည့်လုပ်သူက ခေါင်းညိတ်ပြသည်။

"မနေ့ညကလည်း ဒီကောင်လုပ်တာ အားလုံးပြောင်ကြတာပဲ။ ဒီကောင်ကစားတဲ့အကွက်ကို လူတွေက ယုံယုံကြည်ကြည်လိုက်ထိုးကြတာ"

ဒိုင်က သူ့လွယ်အိတ်ထဲမှ လျော့ကျသွားသည့် ပိုက်ဆံအထပ်ကို ငုံ့ကြည့်နေသည်။

ကလေးချီထားသည့် မိန်းမက အလျော်ငွေကို ယူပြီး ပြန်ထွက်သွားတာတွေ့၏။

"တော်ပြီလား"

"တော်ပြီ၊ ပြန်ရှုံးသွားလို့ မဖြစ်ဘူး"

အနားက လူကို မကြည့်ဘဲ ပြောကာ လူအုပ်ထဲမှ ထွက်၏။

"ဝါးကြော"ဆိုသည့် သည်ဆိုင်မှာ လူတွေ တစ်စတစ်စ များလာကြပြီး

www.burmeseclassic.com

www.burmeseclassic.com



ဝါးကြောလည်း မဝါးနိုင်ဖြစ်နေတော့သည်။

ဒိုင်ဘက်မှ မိန်းမတစ်ယောက်က အန်စာတင်တန်းကို သပြေခက်တို့ဖြင့် ပုတ်ရင်း နှုတ်မှ ပွစိပွစိလုပ်နေတာ တွေ့၏။

နောက်တစ်ပွဲအတွက် အန်စာတွေ ပြန်တင်ပြီးပြီ၊ လူတွေကတော့ ငမိုးထိုးမည့်အကောင်ကို စောင့်ကြည့်ရင်း ဘယ်သူမှ မထိုးကြသေး။

ငမိုးက သူ့တပည့်နှင့် တိုင်ပင်တီးတိုး စကားပြောနေဆဲ။

✠✠✠



## ( ၂ )

ဒီလိုနဲ့ ကြိုးဆွဲ ငမိုးဆိုပြီး နာမည်ကြီးလာတာ ဆရာ”

စကားကို ဖြတ်ရင်း သူ့ရှေ့မှ အကြမ်းပန်းကန်မှာ ရေနွေးကို ဖြည့်ပေးသည်။ ဘူးသီးကြော်နေသည့် မီးဖိုဆီမှ ညော်နံ့စူးစူး တိုးဝင်လာသည်။ ဈေးတန်းဘက်မှ အော်သံတွေ ကြားနေရဆဲ။

“ဂလုံး . . . ဂလုံး . . . လောကမှာ ငမိုးကို မသိတဲ့သူ မရှိဘူး”

“ဂလုံး . . . ဂလုံးလို့ ခေါ်တာလား၊ ရန်ကုန်မှာတော့ အန်ဂလုံတဲ့”

“ဒီဘက်မှာတော့ ဂလုံး . . . ဂလုံးခေါ်တယ် ဆရာ၊ မြေလတ်ဘက် ကျွန်တော်ရောက်တုန်းကတော့ သူတို့က ဂျုံးဂျုံးကျတဲ့”

“ဩော်. . . ဩော်”

“ငမိုးက ကြိုးဆွဲတာ အရမ်းတော်တာ ဆရာ။ ကြည့်တောင် ကောင်းသေးတော့ မကစားဘဲ လာကြည့်တဲ့သူတွေကလည်း အများကြီး။ တစ်ခါတလေ မလထဲမှာတင် အန်စာကို ကြိုးနဲ့ ရိုက်ပြီး အပြင်ထုတ်ပစ်တာ”

“ဘာလို့ ထုတ်ပစ်တာလဲဗျ”

“သူ လိုချင်တဲ့ အကောင်မရတော့ဘူးဆိုတာ သိလို့ ပွဲဖျက်ပစ်တာလေ။ အပြင်ရောက်သွားရင် ပွဲပျက်တယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

"အခု သူက မကစားတော့ဘူးလား"

"မကစားတော့ဘူး"

"ချမ်းသာသွားလို့လား"

"အင်း - ဒိုင်တွေနဲ့ ညှိပြီး မကစားတော့တာ"

"ပြောပါဦးဗျာ၊ ကျွန်တော် နားမလည်ဘူး"

"ကြိုးဆွဲ ငမိုးဆို နာမည်ကြီးပြီး ဒိုင်တွေ ထိထိလာတော့ ဒိုင်တွေက သူ့ကို လန့်လာကြတယ်။ သူ ပွဲခင်းထဲ လာတယ်ဆိုရင် ဒိုင်တွေက ငွေစု၊ သူ့ကို ပေးပြီး မကစားဖို့ တားလာကြတာပေါ့။ အခုတော့ ပွဲခင်းထဲတောင် သူ လာစရာ မလိုတော့ပါဘူး။ ပွဲခွင်တစ်ခုရှိပြီဆိုရင် ဒိုင်တွေ စုပြီး ငမိုးဆီသွား၊ ကြေးညှိကြတယ်။ အိမ်မှာနေရင်း ငမိုးက သူကြိုက်ဈေးတောင်းရုံပဲ"

"တယ်ဟုတ်ပါလား။ နေပါဦး၊ သူက ကြိုးဆွဲတာ ဘာလို့ ဒီလောက်ကျွမ်း ရတာလဲဗျ"

"ဒါလည်း ရာဇဝင်နဲ့ ဆရာ။ သူ့ဘဝက သူ့ကို ဒီအတတ်ပညာသင်ပေးလိုက်တာပဲ ပြောရမယ်။ နာကြည်းချက်နဲ့ပေါ့ ဆရာရယ်"

"နာကြည်းချက်"

"ဟုတ်တယ် ဆရာ၊ သူက ဒိုင်တွေကို နာကြည်းချက်ရှိတယ်။ ဒိုင်တွေကို အခုလို သူက နိုင်ချင်တဲ့စိတ် ပြင်းပြင်းထန်ထန်ရှိခဲ့ဖူးတယ်တဲ့"

"စိတ်ဝင်စားစရာပဲ"

နောက်ထပ် လာချပေးသော ဘူးသီးကြော်တစ်ပွဲကို သူ့ရှေ့တိုးပေးလိုက်၏။

✠✠✠



(၃)

ငမိုး ငယ်စဉ်က အဘိုး၊ အဘွားလက်ထက်မှာ ချမ်းသာကြွယ်ဝစွာ နေခဲ့ဖူးသည်၊ အဘိုး၊ အဘွားဆုံးတော့ ငမိုးအဖေက တစ်ဦးတည်းသောသားမို့ အမွေအားလုံးရလိုက်သည်။

မွေးစကတည်းက နေထိုင်ခဲ့သော အဘိုး၏ ရေနံချေးဝနေသည့် နှစ်ထပ်အိမ်ကြီးကို အဖေရောင်းကာ ကွက်သစ်မှ အိမ်ငယ်လေးသို့ ပြောင်းသည့်နေ့မှာပင် ငမိုးစိတ်၌ ဒဏ်ရာရခဲ့သည်ပဲ။

"အဖေတို့ကလဲဗျာ၊ အဘိုးအိမ်ကြီးကို ဘာလို့ ရောင်းလိုက်ရတာလဲ။ ဒီအိမ်လေးမှာ သား မနေတတ်ဘူး။ ပြီးတော့ ကွက်သစ်မှာ သစ်ပင်ကြီးကြီးလည်း မရှိဘူး"

"လျှာမရှည်နဲ့ ငမိုး၊ ရောင်းချင်လို့ ရောင်းတာမဟုတ်ဘူး၊ နင့်အဖေ ဂလုံး . . . ဂလုံးရှုံးလို့ ကြွေးနဲ့ အသိမ်းခံရတာ"

"ဘာ ဂလုံး . . . ဂလုံးလဲ အမေ"

"အမေးအစမ်းထူရန်ကော ငမိုးရယ်၊ စိတ်တွေ ရှုပ်ရတဲ့အထဲ"

"အဖေက ဂလုံး . . . ဂလုံးကို ဘာလို့ ရှုံးရတာလဲ အမေ"

"ငမိုး - တော်တော့လို့ ငါပြောတာ မရဘူးလား။ ဂလုံး . . . ဂလုံး

www.burmeseclassic.com

www.burmeseclassic.com



မကဘူး၊ ဘာလောင်းကစားဖြစ်ဖြစ် ကောင်းကျိုးမပေးဘူး။ နင့်အဖေ အဲဒါတွေလုပ်နေလို့ ငါတို့ရှိတာ အကုန်ပြောင်ပြီ။ သွားသွား . . . ငါ့ကို ဘာမှထပ်မမေးနဲ့”

အမေ့အနားမှ ထွက်ခဲ့ရင်း ရင်တွင်းမှာ အနာတရဖြစ်ခဲ့ရသည်။ နောက်တော့ ဘုရားပွဲရှိသည့်ရွာကို ရောက်ရင်း ဂလုံး . . . ဂလုံးကို သူ တွေ့ဖူးသွားသည်။ အဖေ အိမ်မကပ်သည်မှာ ဘုရားပွဲရှိရာကို လျှောက်လိုက်နေလို့ဟု အစက သိသော်လည်း ဂလုံး. . . ဂလုံးနှင့် ဘယ်လိုပတ်သက်သည် နားမလည်ခဲ့။ အခုတော့ အဖေသည် ဘုရားပွဲမှ ဂလုံး . . . ဂလုံးဆိုင်တွေမှာ လောင်းကစားမှုကို လှည့်လည်ပြုလုပ်နေတာ ကောင်းကောင်း သဘောပေါက်သွားတော့၏။

ကွက်သစ်အိမ်ကလေးမှ ဒီကွက်သစ်အစွန် မြေကွက်ပေါ်မှ တဲလေးသို့ ပြောင်းခဲ့ရပြီ။ အိုးခွက်ပန်းကန်မှအစ အိမ်ထောင် ပရိဘောဂတို့လည်း မကျန်တော့။

အဖေ အိမ်ပြန်လာမှာကို ငမိုး ကြောက်နေသည်။ အမေနှင့် စကားအကြီးအကျယ်များ ရန်ဖြစ်ကြပြီး တစ်ခုခုကို ရောင်းချပြီးမှ အဖေပြန်သွားတတ်ပေါင်း များပြီ။ အဖေနှင့် အမေ ရန်ဖြစ်ပြီးတိုင်း သူ့ကို မဲပြီး အရိုက်ခံရတာလည်း မနည်းတော့။

အဖေ အိမ်ပြန်လာတိုင်း ကြိုးဆွဲကျင့်ရန် ဝယ်ထားသော ဂလုံး . . . ဂလုံးခုံမှတစ်ပါး အခြားရောင်းစရာလည်း ကုန်ပြီ။ ဒီတစ်ခေါက် အဖေ အိမ်ပြန်လာတော့ ခါတိုင်းနှယ် အမေ့ကို မောက်မောက်မာမာ မဆက်ဆံနိုင်တော့။ ငှက်ဖျားရောဂါနှင့် ကြွေးတွေ ဗလပွကို သယ်ဆောင်လာသော အဖေသည် စိတ်ကို လျှော့ချလိုက်သည်လားမသိ၊ အိမ်ရောက်ပြီး မကြာခင်မှာပင် အိပ်ရာထဲ ဗုန်းဗုန်းလဲတော့၏။ ဆေးကုဖို့နေနေသာသာ စားစရာပင် အနိုင်နိုင်မို့ အဖေ့ကျန်းမာရေးက အချွတ်ယွင်းမြန်သည်။

“ရှင့်ဂလုံး . . . ဂလုံးက ရှင်တစ်ယောက်တည်းကို မဟုတ်ဘူး၊ ကျုပ်တို့မိသားစုတစ်ခုလုံးကို ဒုက္ခပေးတာ။ သားလေးလည်း သူများလို ပညာဆက်မသင်နိုင်ရှာဘူး။ ငတ်တစ်လှည့် ပြတ်တစ်လှည့်နဲ့ မျက်နှာငယ်ရတယ်၊ နောက်ဆုံး



ရှင့်ကို သေတွင်းတွန်းပို့တာ အဲဒီ ဂလုံး . . . ဂလုံးပဲ”

အမေ၏ မြည်တွန်တောက်တီးသံတို့ကို အဖေက ခွန်းတုံ့မပြန်။ ထိုစကားသံတို့က ငမိုးနားမှတစ်ဆင့် နှလုံးသားထဲ စီးဝင် နာကျင်စေခဲ့ပြီပဲ။

အဖေဆုံးသည့်နေ့မှာပင် သူ ဆုံးဖြတ်ချက်တစ်ခုခုကို ခိုင်ခိုင်ချလိုက်မိတော့၏။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



## (၄)

"တိုတိုပြောရရင်တော့ ဆရာရယ်၊ သူ့အဖေကို အနိုင်ယူခဲ့တဲ့ ဒိုင်တွေကို သူက ပြန်နိုင်တဲ့ ဘဝရောက်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့သူ အပြင်းအထန်ကျင့်တော့တာပါပဲ"

"ဘာကို ကျင့်တာလဲဗျ"

"သူ့အဖေသေတော့ ငမိုးမှာ အမွေဆိုလို့ ဂလုံး ဂလုံးစင်တစ်ခုပဲ ကျန်ခဲ့တာလေ။ ဒါမျိုးကလည်း ရောင်းလို့ ချလို့ လွယ်တာမှမဟုတ်ဘဲ။ ဘယ်သူက ဝယ်မှာတဲ့လဲ။ ဒီတော့ ငမိုးက အဲဒီစင်မှာ အချိန်ပြည့် ကြိုးဆွဲကျင့်တော့တာပေါ့"

"ဟုတ်တယ်ဗျ၊ ဆန္ဒပြင်းပြလာရင် မဖြစ်တာ မရှိဘူး"

"သူ့နာကြည်းချက်တွေက သူ့ဆန္ဒကို ပြင်းပြအောင် လှုံ့ဆော်ပေးနေတာဖြစ်မှာပေါ့ ဆရာ။ ကျင့်ရင်းကျင့်ရင်း အဲဒီလိုနဲ့ ကျွမ်းကျင်သွားပြီး ဒီဘဝရောက်လာတာ ဆရာ။ ကြိုးဆွဲ ငမိုးရယ်လို့ ဖြစ်လာခဲ့တာ"

"သူ့အဖေကို နိုင်ခဲ့တဲ့ ဒိုင်တွေကို သူ ပြန်အနိုင်ရနေပြီဆိုပြီး ကျေနပ်နေမှာပေါ့"

"ဒါပေါ့ ဆရာ။ သူက ဒိုင်လည်း ဘယ်တော့မှ မလုပ်ဘူးတဲ့။ ဒိုင်တွေကို သိပ်မုန်းတယ် ကြားဖူးတယ်။ အခုတော့ သူနိုင်တဲ့ အလှည့်ပါပဲ"



ပွဲဈေးတန်းဆီမှ ဒူးမည်းကြီးကွဟု ထအော်သံကို ကြားလိုက်ရ၏။

"ဘာလဲဗျ - ဒူးမည်းကြီး"

"ဆင်ကို ခေါ်တာ ဆရာ၊ ဆင်ကျလို့ ထအော်ကြတာ"

"ဪ. . . ဪ"

"ပါသမျှ ကုန်တာပဲဟေ့။ ငမိုးကို ပြေးခေါ်ချင်စိတ်ပေါက်လာတယ်"

ဘူးသီးကြော်ဆိုင်ရှေ့မှ ဖြတ်လျှောက်ရင်း ပြောသွားသံသဲ့သဲ့ကြားရပြန်သည်။

"ပြန်ကြရအောင်ဗျာ"

"ဆရာ အိပ်ချင်ပြီထင်တယ်"

ခေါင်းညိတ်ပြလိုက်မိရင်း ဘူးသီးကြော်ဆိုင်ထဲမှ ထွက်ခဲ့ကြ၏။ သူတို့တည်းခိုရာ နေရာလေးသည် ပွဲဈေးတန်းနှင့် ကပ်လျက်ဝန်းမှာမို့ သိပ်လျှောက်စရာမလို။

✠✠✠

www.burmeseclassic.com



(၅)

ချက်ချင်းအိပ်ပျော်မှာမဟုတ်ဟု သိရင်း ခုတင်ပေါ်မှာ ပက်လက်လှန်ကာ ငမိုးအကြောင်း တွေးဖြစ်သည်။

မျက်နှာကြက်ဆီ အကြည့်ရောက်စဉ် အိမ်မြှောင်တစ်ကောင်က မီးချောင်းမှာ ရစ်ဝဲနေသော ပိုးကောင်ကလေးတွေကို ချောင်းနေတာ တွေ့သည်။

ခုတင်ခြေရင်းမှာ ရိပ်ကနဲ ဖြတ်သွားတာတွေ့လို့ အကြည့်ရောက်တော့ ကြောင်တစ်ကောင်ကို မြင်သည်။

မျက်နှာကြက်ဆီမှ အိမ်မြှောင်ကို ဖမ်းဖို့ စောင့်နေတာ ဖြစ်လေမလား တွေးရင်း သက်ပြင်းချမိတော့၏။

ငမိုးကို မမြင်ဖူးသော်လည်း ငမိုး၏ အနာဂတ်ကို သူ စိတ်ဝင်စားနေမိပြန်တော့သည်။

✠✠✠

*၂၀၀၃ ခုနှစ်၊ သည်းထိတ်ရင်ဖိုမဂ္ဂဇင်း။*

***

# အချစ်

www.burmeseclassic.com

www.burmeseclassic.com



အခုမြင်နေရသလို ချင်းတွင်းရေက စိမ်းဖန့်ဖန့်အရောင်သည် ကဆုန်၊ နယုန်လောက်ရောက်ပါက ပြာလဲ့လဲ့ဖြစ်သွားတတ်ကာ ဖက်ဆွတ်ရေဟု ခေါ်ကြောင်း မှတ်သားဖူးသည်။

ဝါဆို ဝါခေါင်ရောက်တော့ ဝါကြန့်ကြန့် နောက်ကျိကျိဖြစ်လာတတ်ပြန်သတဲ့။ အသံတဟဲဟဲမြည်ကာ ဝဲဂယက်များ ထပြီး ကြောက်စရာကောင်းအောင် ရေစီးသန်ပြန်သတဲ့။ ဝါးလုံးထိုး စီးလာသော ချင်းတွင်းရေမှာ သစ်ပင်များ၊ တိရစ္ဆာန်များ၊ အမှိုက်သရိုက်များ ပါလာတတ်ပြီး ကမ်းပါးကို ဖွဲ့စားကာ အငြိုးတကြီး မာန်စောင်နေသော မြွေဆိုးတစ်ကောင်နှယ်။ အခုတော့လည်း ဖဲပြားစလေး လွန့်လူးနေသယောင် ထင်ရပြန်သည်ပဲလေ။

"မိန်းမတွေက ချင်းတွင်းမြစ်လို မာယာများသလား ဆရာ"

ငဲ့အကြည့်မှာ ကိုနိုင်နိုင်ကျော်၏ အပြုံးကို တွေ့သည်။

✠✠✠

(၁)

ကျွန်တော်တို့ စီးလာသော မော်တော်က မော်လိုက်ကို ထားရစ်ခဲ့ပြီ။ ချင်းတွင်းမြစ်ရေပြာလဲ့လဲ့ ရစ်ခွေစီးနေသည့် မော်လိုက်သည် ညို့၍ ကျန်ခဲ့၏။ တောင်တန်းနှင့် တောအုပ်သည် မှိုင်းရာမှ ဖျော့သွားသလို။

"မြစ်ရေကျသွားရင် တောင်မြို့ဘက်မှာ သောင်မထွန်းအောင် လုပ်ထားတာတဲ့ ဆရာ" အတူပါလာသော ကိုနိုင်နိုင်ကျော်က ရှင်းပြသည်။

တင်းတပ်မှ မော်လိုက်သို့ ပြောင်းကာ အရေးပိုင်ရုံးစိုက်နိုင်အောင် အင်္ဂလိပ်တပ်များ မြို့တည်ခဲ့ကြောင်း ဖတ်ခဲ့ဖူး၏။

တစ်ဖက်ကမ်းမှ သောင်သည် မြစ်အလယ်လောက်အထိ ထိုးထွက်နေသည်ကို ငေးကြည့်နေမိသည်။ အချိန်အနည်းငယ်ဆန်လာခဲ့ပြီးလျှင် ရေကြောင်းက အနောက်ဘက်ကမ်းမှ အရှေ့ဘက်ကမ်းသို့ ပြောင်းကာ စီးနေပါပတော့။ မော်လိုက်သည် ပဲ့ပိုင်းမှာ ကျန်ခဲ့ပြီတည့်။

မော်တော်သည် မြောက်တည့်တည့် ဦးတည်ရင်း ချင်းတွင်းကို ဆန်သည်။

"ချင်းတွင်းက မာယာများတယ် ဆရာ"

အနားမှာ ပြောနေသည့် ကိုနိုင်နိုင်ကျော်ကို ငဲ့ကြည့်ဖြစ်၏။

ချင်းတွင်း မာယာများတာ ကျွန်တော် ကြားခဲ့ဖူးသည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



## (၂)

“ဘာလို့ မေးတာလဲ ကိုနိုင်နိုင်ကျော်”

“သိချင်လို့ပါ ဆရာ၊ ကျွန်တော်က လူပျိုကြီးဆိုတော့ မိန်းမတွေအကြောင်းလည်း သိပ်မသိလို့။ ပြီးတော့ ဆရာတို့က လူတွေအကြောင်း ပိုလေ့လာတတ်တဲ့ စာရေးဆရာတွေဆိုတော့ ပိုသိနိုင်မယ်ထင်လို့လေ”

ကျွန်တော် ပြုံးမိသည်။ ကိုနိုင်နိုင်ကျော်က ဟုမ္မလင်းမှာ အခြေချနေသူ။ စာပေဟောပြောပွဲကိစ္စနှင့် ပတ်သက်ပြီး ကျွန်တော်နှင့် ရင်းနှီးခဲ့သည်။ ဟောပြောပွဲ သုံးကြိမ်ဆက်ပြီး ကျွန်တော့်ကို ဖိတ်အပြီးမှာတော့ ကျွန်တော်တို့နှစ်ဦး အတော်ရင်းနှီးသွားခဲ့ပြီ။

“မာယာကတော့ ယောကျ်ားမှာရော၊ မိန်းမမှာရော ရှိတာပဲ ကိုနိုင်နိုင်ကျော်။ မိန်းမမှ မာယာများတယ်လို့ ကျွန်တော် မထင်ဘူး။ မာယာများတဲ့ ယောကျ်ားတွေလည်း လောကမှာ အများကြီးနော်လေ”

ကျွန်တော့်စကားကို နားထောင်ရင်း ကိုနိုင်နိုင်ကျော် ခေါင်းတညိတ်ညိတ်စဉ်းစားဟန်ပြုသည်။

“လူတွေတင် မဟုတ်ပါဘူး ကိုနိုင်နိုင်ကျော်၊ သဘာဝမှာလည်း မာယာတွေ ရှိတာပဲ။ စောစောက ခင်ဗျားပြောသလို ချင်းတွင်းက မာယာများတယ်ဆို



သလိုပေါ့”

“ပြောပါဦး ဆရာ”

“ချင်းတွင်းရေအောက်မှာ ရွှေတွေရှိတာ ရှာလူတွေက နည်းနည်းပဲ ယူတော့ ချင်းတွင်းက မာယာနည်းနည်းပဲ ပြတယ်။ အခု များများယူလာတဲ့အချိန်မှာ သူဟာ များများပြတော့မှာပဲ။ နောက်ဆို ရေကြောင်းပြောင်းသွားတာ၊ မြစ်ကောလာတာ၊ အိုဗျာ မာယာတွေ အများကြီးပြတော့မယ်လေ”

“ဟုတ်တယ်နော် ဆရာ၊ တောတွေပြုန်းတာလည်း တောတွေမှာ မာယာရှိတာပဲ”

“ဒါပေါ့။ ရွှေရှာဖို့လုပ်ရင်း တောတွေပြုန်းလာတော့ ရာသီတွေ ဖောက်ပြန်လာမယ်”

“ကျွန်တော်တို့ ငယ်ငယ်က ကျွန်တော်တို့မြို့မှာ ညဆောင်းက အရမ်းချမ်းတယ် ဆရာ၊ မနေနိုင်ဘူး၊ မီးဖိုတွေနဲ့ နေရတာ။ အခု အအေးပေါ့သွားပြီ”

မော်တော်လေးက ကင်းတပ်ကို လွန်လာခဲ့ပြီပဲ။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



# (၃)

ကိုနိုင်နိုင်ကျော်က သူနှင့် သူ့မမဇာတ်လမ်း ကျွန်တော့်ကို ပြောပြခဲ့သည်။ သူတို့၏ ခွဲခွာမှုဝေဒနာက ကျွန်တော့်ရင်ကို ရိုက်ခတ်စေ၏။

"အချစ်မှာတော့ မာယာမရှိဘူးထင်ပါတယ် ဆရာ"

"ကျွန်တော်လည်း အဲဒီလိုပဲ ယုံတယ် ကိုနိုင်နိုင်ကျော်"

"ဒါဆို အချစ်က ဘာလဲ ဆရာ"

"အဲဒါ တော်တော်အဖြေရက်ခက်တဲ့ မေးခွန်းဗျ"

"ဆရာကလည်း အချစ်ဝတ္ထုတွေ ရေးနေပြီး"

"ဟုတ်တယ်။ အချစ်ဆိုတာဆိုပြီး အဓိပ္ပာယ်ဖွင့်လို့ မရတာဟာ အချစ်ပဲလို့လည်း ဖတ်ဖူးတယ်ဗျ"

"ကျွန်တော် မမကို စွန့်လွှတ်လိုက်တာတရော"

"အဲဒါလည်း အချစ်ပဲလေ။ ခင်ဗျားကိုယ်ကျိုးတစ်ခုတည်းကြည့်ပြီး ခင်ဗျားပိုင်ဆိုင်ခွင့်ရရင် ပြီးရောဆိုပြီး ဆုံးဖြတ်ခဲ့ရင် ဘယ်စွန့်လွှတ်မှာလဲ"

"ဒါဆို စွန့်လွှတ်ခြင်းက အချစ်ပေါ့"

"ပိုင်ဆိုင်မှုက အချစ်ဆိုတဲ့ အယူအဆလည်း ရှိတာပဲ။ သေချာတာကတော့ ကိုယ်ကျိုးသက်သက် မကြည့်တတ်တဲ့ ချစ်သူ့အတွက် စိတ်တော်င်း၊



စေတနာကောင်းနဲ့ အနစ်နာခံနိုင်တာ၊ စာနာငဲ့ကွက်တတ်တာတွေဟာ အချစ်မှာပါတယ်"

ချင်းတွင်းမြစ်ရေပြင်ကို ငေးရင်း ကိုနိုင်နိုင်ကျော် နှုတ်ဆိတ်သွားသည်။ သူ့မမကို သူတမ်းတမ်းတတ သတိရနေပြီလားမသိ။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



## (၄)

ဟုမှလင်းမှာတော့ သူနှင့် ကျွန်တော် စကားလက်ဆုံမကျဖြစ်။ တခြား စာရေးဆရာများလည်း အတူရှိနေပြီး ဟောပြောပွဲကိစ္စများနှင့်သာ အချိန်ကုန်ခဲ့သည်။

အပြန်မှာလည်း ကိုနိုင်နိုင်ကျော်က ရန်ကုန်အထိ ပြန်လိုက်ခဲ့၏။

ရန်ကုန်ရောက်ပြီး နှစ်ရက်လောက်အကြာမှာ ကိုနိုင်နိုင်ကျော် ကျွန်တော့်ဆီ ဖုန်းဆက်သည်။

"ဆရာလား"

"ဟုတ်ပါတယ်"

"နိုင်နိုင်ကျော်ပါ"

"ကိုနိုင်နိုင်ကျော်၊ ဘယ်တော့ ပြန်မှာလဲ"

"မနက်ဖြန်ပြန်မှာ ဆရာ၊ ဒီညနေ ကျွန်တော်တို့ တွေ့ကြရအောင်"

"တွေ့မယ်လေ"

ကျွန်တော်နှင့် ကိုနိုင်နိုင်ကျော် လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ချိန်းလိုက်ကြသည်။

သူနှင့် ကျွန်တော် လက်ဖက်ရည်ဆိုင်မှာ ထိုင်လို့မကြာခင်မှာပဲ ကျွန်တော်



တို့ထိုင်သည့် စားပွဲနှင့်ကပ်လျက် စားပွဲမှာ လူတစ်ယောက်ဝင်ထိုင်သည်။ လက်ဖက်ရည်မှာသောက်တာတွေ့သည်။ သူနှင့်အတူ စာကလေးတွေ ထည့်ထားသည့် ခြင်းနှင့် ချိုးလေးနှစ်ကောင်ထည့်ထားသည့် ခြင်းကလေးနှစ်လုံးကို မြင်၏။ ကိုနိုင်နိုင်ကျော်နှင့် စကားပြောရင်း သူ့ဆီ လှမ်းလှမ်းကြည့်နေသော ကျွန်တော့်ကို ထိုသူက သတိထားမိဟန်တူသည်။

"ဆရာ စာကလေးတွေ၊ ချိုးကလေးတွေ လွှတ်ပါဦး"

ပိုက်ဆံရှင်းပြီးအထမှာ ထိုသူက ကျွန်တော့်ကို လှမ်းပြောသည်။ လှမ်းကြည့်ရင်း ချိုးကလေးတစ်ကောင်ကို လွှတ်ချင်စိတ် ကျွန်တော်ဖြစ်လာသည်။

"ချိုးလေးတစ်ကောင်လွှတ်မယ်ဗျာ"ဟု ကျွန်တော်ပြောလိုက်သည်။

"နှစ်ကောင်လုံး လွှတ်ပါ ဆရာ"

"တစ်ကောင်ပဲ လွှတ်မယ်"

"ဘာဖြစ်လို့လဲ"

"လွှတ်ကြည့်လေ"

ပြောပြီး ချိုးလေးတစ်ကောင်ကို လှောင်အိမ်မှ ဆွဲထုတ်ကာ ကျွန်တော့်ယက်ထဲ ထည့်ပေးလိုက်သည်။ ကျွန်တော်တို့ ထိုင်နေသည့် စားပွဲမှာ ဆိုင်အပြင်စားပွဲဖြစ်သဖြင့် ချိုးကလေးကို လွှတ်ရန် အဆင်ပြေသည်။ လက်တစ်ဖက်ဖြင့်ကိုင်ထားသော ချိုးကလေးကို ကျန်လက်တစ်ဖက်ပေါ် တင်ပေးလိုက်၏။ ချိုးကလေးက ရုတ်တရက် ထပျံပြေးမည်ဟု တွေးထင်ထားသော်လည်း ချိုးကလေးက ကျွန်တော့်လက်ပေါ်မှာ ငြိမ်ငြိမ်ကုပ်ကုပ်ကလေး။

"ခင်ဗျားချိုး နာနေတယ်ထင်တယ်၊ မပျံနိုင်ဘူး"

"မဟုတ်ဘူး ဆရာ၊ ကျွန်တော်ပြောသားပဲ"

"ဘာကိုလဲ"

"နှစ်ကောင်လွှတ်ပါလို့"

"ဘယ်လို ဘယ်လို"

"ချိုးလေးတွေက အဖိုအမ ဆရာ၊ တစ်ကောင်နဲ့ တစ်ကောင် သိပ်ချစ်

www.burmeseclassic.com

www.burmeseclassic.com



ကြတာ၊ တစ်ကောင်တည်းလွှတ်ရင် မပျံချင်ကြဘူး”

“ဟုတ်ရဲ့လားဗျာ”

“ဆရာ စမ်းကြည့်လေ”

“ဒါဆို နောက်တစ်ကောင်ပေးဗျာ”

နောက်ချိုးကလေးတစ်ကောင်ကို ခြင်းထဲမှ ထုတ်ယူပြီးပေးသည်၊ စောစောက ကျွန်တော့်လက်ဖဝါးပေါ် တင်ထားသည့် ချိုးကလေးဘေးမှာ ယှဉ်ပြီး တင်ပေးလိုက်၏။

ချိုးလေးနှစ်ကောင် ရုတ်တရက် ထပျံသွားတော့ ကျွန်တော် တအံ့တသြ ဖြစ်ရပြန်သည်ပဲ။

ပိုက်ဆံရှင်းပေးအပြီးမှာ ထိုသူ ဆိုင်တွင်းမှ ထွက်သွားတော့၏၊

✠✠✠



(၅)

“ကိုနိုင်နိုင်ကျော် ခင်ဗျားအမြင်ပဲနော်”

“ကျွန်တော်လည်း အံ့သြနေတာ ဆရာ”ဟု ပြောပြီး ကျွန်တော့်ရှေ့မှ ဇကြမ်းပန်းကန်ထဲသို့ ရေနွေးကြမ်းငှဲ့ပေးသည်။

“ကိုနိုင်နိုင်ကျော်”

“ဗျာ”

“ခင်ဗျား ဟူမွလင်းအသွား မော်တော်ပေါ်မှာ ကျွန်တော့်ကို မေးခဲ့တာ မှတ်မိသေးလား”

“အချစ်ဆိုတာ ဘာလဲလို့ မေးခဲ့တာလား ဆရာ”

“ဟုတ်တယ် ကိုနိုင်နိုင်ကျော်၊ အဲဒီအဖြေကို ချိုးလေးနှစ်ကောင်က ပေးသွားတယ်ထင်တာပဲ”

ပြုံးရင်း ကိုနိုင်နိုင်ကျော် ခေါင်းကို တဆတ်ဆတ်ညိတ်နေပြန်၏၊

✠✠✠

၂၀၀၄ ခုနှစ်၊ သရေခေတ္တရာ ဇင်း။

＊＊＊

www.burmeseclassic.com

www.burmeseclassic.com

ပန်းခင်း မြင်းရိုင်း မုန်တိုင်းနဲ့ လေပြည်

www.burmeseclassic.com

www.burmeseclassic.com

# (၁)

ဆရာ၏ နာရေးသတင်းကို ဖတ်ပြီး တုန်လှုပ်ချောက်ချားသွားမိသည်။ သက်တမ်းအရ တွက်လျှင် ဆရာအသေစောလွန်းပါ၏။

သူ့ဘဝ၏ အပြောင်းအလဲတစ်ခုသည် ဆရာနှင့် တစ်စုံတစ်ရာ ပတ်သက်ခဲ့ဖူးကြောင်း ဆရာ ဘယ်တော့မှ သိနိုင်တော့မည်မဟုတ်။

ဆရာသည် သူ့ဘဝမှာ လက်ပွန်းတစ်တီး ရင်းနှီးကျွမ်းဝင်ခဲ့ရသော သင်ဆရာမဟုတ်သော်ငြား၊ အတုယူ အားကျစရာ ရှောင်ကြဉ်ထိန်းသိမ်းနိုင်စရာ တို့ကို ဆရာ့ထံမှ ရယူနိုင်ခဲ့သည်ပဲ။

သူသည် ဆရာ့ကို တစ်ကြိမ်တစ်ခါမှ တွေ့ဆုံ ကြုံကြိုက်ခွင့်ကို မရ လိုက်ပါ။

မဂ္ဂဇင်းတွေထဲမှာသာ ဆရာ၏ဓာတ်ပုံကို သူတွေ့ဖူး မြင်ဖူးသည်လေ။

✠✠✠



# (၂)

ကဗျာရှူး စာရှူးဘဝမှာပင် ဆရာ၏ ဝတ္ထုတို၊ မဂ္ဂဇင်း၊ ဝတ္ထုရှည်တို့ကို စွဲလမ်း နှစ်ခြိုက်ခဲ့ဖူးပါသည်။

နူးနွဲ့သော ဆရာ့ရေးဟန်ကြောင့် အခန်းဆက် မဂ္ဂဇင်း ဝတ္ထုရှည်ကို ယူတို့လူငယ်အများစုက စွဲလမ်းကြလေသလား မသိ။

သိပ်မကြာခင်မှာပင် လုံးချင်းဝတ္ထုထုတ်တော့ ပရိသတ်ရှိပြီးသားမို့ တစ်အုပ်တည်းဖြင့် ဆရာ အောင်မြင်သွားသည်။ နောက်ထပ် တစ်အုပ်ပြီး တစ်အုပ် ဆက်ထွက်လာသော ဆရာ၏ လုံးချင်းဝတ္ထုများက ဆရာ၏ အောင်မြင် ကျော်ကြားမှုကို တစ်ဆင့်ဆီ မြင့်တက်သွားစေခဲ့တော့သည်။

ဆရာသည် ပရိသတ်အသိအများဆုံး ရောင်းတန်းအဝင်ဆုံး စာရေး ဆရာများထဲမှာ တစ်ယောက်ဖြစ်သွားခဲ့ပြီပဲ။

မဂ္ဂဇင်းများမှာ ရေးရင်း ရောင်းတန်းအဝင်ဆုံး စာရေးဆရာတစ်ဦးဖြစ် လာ့မသော ဆရာ့ဘဝကို သူ အားကျခဲ့မိသည်မှာ အမှန်။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



(၃)

မင်္ဂလာဇင်းတွေမှာ ကဗျာရေးနေပြီဖြစ်သော်လည်း ဝန်ထမ်းဘဝဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုရန် ဆုံးဖြတ်ခဲ့သည်။

သူ့အသက် ၂၆နှစ်မှာ ရေနံမြေ၌ အင်ဂျင်နီယာအဖြစ် အလုပ်စဝင်၏။ သည်တုန်းက သူ့မှာ အိမ်ထောင်နှင့် မိသားစုနှင့် ဖြစ်နေပြီ။ မိသားစုကို မိဘအိမ်မှာ ထားခဲ့ရပြီး အလုပ်ဝင်ခဲ့ခြင်းပင်။ သူ့အမျိုးသမီးက အလုပ်မဝင်ရသေး။

အပူလောင်ဆုံး ရာသီဥတုက အိမ်လွမ်းစိတ်ကို နှိုးဆွပေးနေသလို၊ နေစရာရထားသည့် အခန်းကျဉ်းမှာ နေ့လယ်ဘက်က စုပ်ယူထားသော အပူငွေ့တို့ကို တရှိန်ရှိန်ပြန်ထုတ်ပေးတတ်သော ညနေ့များ၌ သူ့ရင်မှ အထီးကျန်ဝေဒနာကလည်း တမြည့်မြည့်ကျွမ်းမြိုက်စေသည်ပဲ။

အဆိုးဆုံးကတော့ သူ ဝါသနာမပါသည့် ရုံးအလုပ်များကို လုပ်ရခြင်းပင်။

ခွင့်ယူပြီး အိမ်ကို ပြန်ရသည့်အခါမှာ လမ်းပန်းအခက်အခဲကလည်း သူ့ကို စိတ်အနှောင့်အယှက်ဖြစ်စေမှုတစ်ခုပင်။ သည်တုန်းက သူ အလုပ်လုပ်ရသောမြို့ကို ရောက်ဖို့ ကြုံရာကားကို တစ်ဆင့်စီ ပြောင်းစီးခဲ့ရသည်။ တစ်ခါတော့ ညကြီးမင်းကြီးမှာ အရှိန်သတ် ရပ်ပေးသော ကုန်တင်ကားကြီးကို အမိပြေးလိုက်ရင်း ဖိနပ်တစ်ဖက်ကျွတ်ကျန်ခဲ့တော့သည်။ သန်းခေါင်ကျော်ကျော် အဲဒီမြို့ကလေးကို ရောက်တော့ ဖိနပ်မပါဘဲ လမ်းလျှောက်ရင်း သူ့အခန်းကို ပြန်ခဲ့ရဖူးသည်လေ။

✠✠✠



(၄)

အချိန်ကြာလာသော်လည်း အလုပ်နှင့်သူ တစ်သားတည်းမဖြစ်။ စက်တွေကြား၊ အလုပ်သမားတွေကြား နေချင်သူမို့ စာရင်းတွေ၊ စာရွက်စာတမ်းတွေကြားမှာ မပျော်။

ရသမျှအချိန်မှာ ဝတ္ထု၊ မဂ္ဂဇင်းတွေ ဖတ်ရင်း သူကျင်လည်ခဲ့ရာ စာပေပတ်ဝန်းကျင်ကို လွမ်းလာသည်။ ကျောင်းသားဘဝမှာပင် စာပေပတ်ဝန်းကျင်နှင့် ရင်းနှီးလာခဲ့ရသူမို့ သည်ဝန်းကျင်ကို သံယောဇဉ်က ရှိနေပြီ။ သည်ဝန်းကျင်မှာ ပျော်မွေ့နေပြီပဲ။

သည်အလုပ်မှာသာ ဆက်မြဲနေပါက စာပေပတ်ဝန်းကျင်နှင့်ရော မိသားစုနှင့်ပါ ဝေးကွာရတော့မည်ဟု စဉ်းစားဖြစ်သည်။ သည်အလုပ်နှင့် ရန်ကုန်ပြန်ရောက်ဖို့ဆိုတာ/မရေရာလှ။ သူ့အမျိုးသမီးကလည်း ဝန်ထမ်းဖြစ်တော့မှာမို့ အတူဆုံဆည်းဖို့ရန်မှာ မလွယ်။ အလုပ်ထွက်ဖို့ရန်ဆိုတာကလည်း အလွယ်တကူရခဲ့သောအလုပ်မဟုတ်။ ရေးဖြေ၊ နှုတ်ဖြေအဆင့်ဆင့်နှင့် အလျဉ်းသင့်ပြီး ရခဲ့တာ။

ရန်ကုန်မှာသာ နေရလျှင် စာရေးခြင်းအလုပ်ကို ဖောက်ချလုပ်နိုင်မှာပဲ မတွေးရင်း အလုပ်ထွက်ချင်သည့် စိတ်၊ မိသားစုရှိပြီးသားသူတစ်ဦးအနေဖြင့် မိသားစု၏ စားဝတ်နေရေးတာဝန်ယူလိုသည့် စိတ်၊ ထိုစိတ်နှစ်ခု၏ လွန်ဆွဲမှုကြောင့် သူ့ရင်၌ နာကျင်မှုဒဏ်ရာရခဲ့ပြီလေ။

✠✠✠

www.burmeseclassic.com



(၅)

"ဒီအလုပ်က ထွက်ပြီး ရန်ကုန်မှာဖြစ်ဖြစ်၊ ဒါမှမဟုတ် ရန်ကုန်နဲ့ သွားရေးလာရေးလွယ်တဲ့ နေရာမှာဖြစ်ဖြစ် ရတဲ့အလုပ် ပြန်လျှောက်ချင်တယ်။ ဒီလိုပဲ မိသားစုနဲ့ ခွဲ၊ ရန်ကုန်စာပေနဲ့လည်း ဝေးဝေးနေရတဲ့အတူတူတော့ သင်္ဘောပဲ လိုက်တော့မှာပေါ့"

သည်တစ်ခေါက် အိမ်ပြန်ရောက်စဉ်မှာ အဘိုးနှင့် မိသားစုကို သူ တိုင်ပင်ကြည့်သည်။ သည်တုန်းက သူ့သူငယ်ချင်းအများစု သင်္ဘောလိုက်သွားကြပြီ။ သင်္ဘောတက်ဖို့ အခွင့်အလမ်းက သာသည်။ သူတို့ကျောင်းမှ ဘွဲ့ပြီးလျှင် 'အမ်အိုင်တီ'ခေါ်သော သင်္ဘောလိုက်ခွင့် လက်မှတ်ရ စာမေးပွဲဖြေပြီး အောင်ပါက အခက်အခဲမရှိ။ သူ့လက်ထဲမှာ 'အမ်အိုင်တီ'လက်မှတ်လည်း ရှိပြီးသားမို့ သင်္ဘောလိုက်နိုင်သည့် အခွင့်အရေးရှိသော်လည်း သူက စာပေလောကမှ မခွာချင်။ ရန်ကုန်စာပေလောကမှာ နေပြီး သူ့ရည်မှန်းချက်တွေကို ကြိုးစားကြည့်ချင်သည်။ မသေချာ မရေရာသေးသော ကာလမှာ ရန်ကုန်၌ပင် ဝန်ထမ်းလုပ်ရင်း မိသားစုတာဝန်ယူချင်သည်မို့ အလုပ်လျှောက်ဖြစ်ခဲ့ခြင်းပင်။

"သင်္ဘောလိုက်ရင်တော့ မင်းချမ်းသာနိုင်တာပေါ့။ ဒါပေမယ့် မင်းနေချင်တဲ့ စာပေပတ်ဝန်းကျင်နဲ့တော့ ကင်းကွာသွားမယ်။ စာပေအလုပ်နဲ့ မင်းမိသားစုကို တာဝန်ယူနိုင်တယ်ထင်ရင်လည်း အခုအလုပ်က ထွက်ပေါ့။ မိသားစုတစ်ခုဖြစ်လာရင်တော့ မင်းမှာ တာဝန်ရှိလာပြီ။ ဒီတာဝန်ကိုတော့ မင်းရှောင်လို့တော့ မရဘူးလေ"



အဘိုးစကားက အလုပ်ထွက်ချင်သော သူ့စိတ်ကို ယိုင်ယဲ့သွားစေပြန်သည်။ သင်္ဘောမလိုက်ဖို့ကတော့ စောစောကတည်းက ဆုံးဖြတ်ပြီးသား။ ဘယ်လိုနည်းနှင့်မှ စာပေလောကနှင့် သူ အကြာကြီး ဝေးမနေချင်။ ချမ်းသာကြီးပွားနိုင်ခြင်းဆိုသည့် အခွင့်အရေးကို မက်မောသော်လည်း စာပေသမားတစ်ဦးဖြစ်လိုခြင်းဖြင့်တော့ အလဲအလှယ်မလုပ်နိုင်ပြန်။

နောက်ဆုံးတော့ အိမ်ထောင်သည်တစ်ဦး၏ တာဝန်က လုပ်ငန်းခွင်မှာ ဆက်လုပ်ဖို့ သူ့ကို ဆုံးဖြတ်စေခဲ့သည်ပဲ။

မိသားစုကို ခွဲပြီး အလုပ်ရှိရာ မြို့ကလေးကို သူ ပြန်လာခဲ့ရပြန်ပြီ။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



## ( ၆ )

သူ့အလုပ်ရှိရာ မြို့ကလေးကို မရောက်ခင် တောင်ကုန်းကမူအဆင်း အတက်တွေများရာ မြို့ကလေးမှာပင် သူစီးလာသောကားက ပျက်တော့သည်။ အချိန်က ည ၉နာရီလောက်ရှိပြီ။ မြို့ လူကုံထံရပ်ကွက်ဖြစ်ဟန်တူသော ခြံကျယ် ဝန်းကျယ်ရှိသည့်နေရာမှာ ကားက ပျက်ခြင်းပင်။ အနီးအနားမှာ လက်ဖက်ရည် ဆိုင်၊ စားသောက်ဆိုင် ရှာကြည့်တော့လည်း မတွေ့။ ကွမ်းယာဆိုင်လေးဆီ လျှောက်သွားရင်း စီးကရက်ဝယ်သည်။

ထိုကွမ်းယာဆိုင်ကလေးနှင့် မျက်နှာချင်းဆိုင်မှာရှိသော လမ်းတစ်ဖက် ခြံဝန်းကျယ်ကို လှမ်းကြည့်လိုက်မိသည်။

မီးရောင်စုံတွေ ထွန်းထားတာ ခြံကို အလှဆင်ထား၏။ ခြံဝန်းထဲမှ စကားပြောသံ၊ ရယ်သံများ ပျံ့ထွက်လာသည်။ ပျော်ရွှင်ကြည်နူးစရာ ညချမ်း ကလေးတစ်ခုကို သူတို့ ဖန်တီးနေကြသည်ပဲ။

"ဘာပွဲလဲဗျ"

"မွေးနေ့ပွဲလေ"

နယ်တွေမှာ သည်လို မွေးနေ့ပွဲကို တခမ်းတနား ကျင်းပပြုလုပ်ခဲ့သည် မို့ တအံ့တဩဖြစ်သွားမိ၏။



"နိုင်ငံကျော် စာရေးဆရာဗျ၊ သူ့မွေးနေ့ပွဲ လူပိုစည်ကားတာကတော့ သူက စာပေပြိုင်ပွဲလေးလုပ်ပြီး ဒီည ဆုတွေပေးတာဗျ။ ဆုတွေကလည်း မနည်း ဘူး"

"စာရေးဆရာ ဘယ်သူလဲဗျ"

ကွမ်းယာဆိုင်ရှင်က ပြောလိုက်သည့် စာရေးဆရာ၏ အမည်ကို ကြား လိုက်ရတော့ ရင်ခုန်လှုပ်ရှားသွားသည်။ သူ နှစ်ခြိုက်စွဲလမ်းခဲ့ရသော စာရေး ဆရာပါလား။ သူ နှစ်ခြိုက်သော စာရေးဆရာ၏ ယခုကဲ့သို့ ခမ်းခမ်းနားနား မွေးနေ့ပွဲလုပ်နိုင်ခြင်းကို ကြုံတွေ့ရသည့်အတွက်လည်း အလွန်အားရကျေနပ် ကာ မုဒိတာစိတ်ဖြင့် ရင်၌ ကြည်နူးမိပါဘိခြင်း။

လမ်းဖြတ်ကူးသွားရင်း ခြံဝန်းစည်းရိုးကို ကျော်ကာ ခြံဝန်းထဲကို သူ ငေးကြည့်နေမိသေးသည်။ သူ နှစ်သက်သော စာရေးဆရာကို တွေ့လိုတွေ့ငြား ရှာကြည့်မိသေးသည်။ စားကြသောက်ကြနှင့် လူတွေ ရှုပ်နေပြီး စာရေးဆရာကို တော့ သူ မတွေ့။

ကားပြန်ကောင်းပြီမို့ ဟွန်းအတီးမှာ ကားဆီ သူပြန်သွားသည်။ ထို စာရေးဆရာ၏ ဘဝကို သူ အားကျမက်မောရင်း သူ့ဘဝ၏ စိတ်ကူးယဉ်အိပ် မက်များက နိုးသစ်လာပြန်တော့သည်ပဲ။ မြို့က စာပေဝါသနာရှင် လူငယ်လေး တွေကို ပြိုင်ပွဲလုပ် ဆုပေးရင်း စာပေမျိုးထောင်ပေးသည့် စာရေးဆရာ၏ စိတ် ဓာတ်ကိုလည်း ချီးကျူးလေးစားနေမိပြန်သည်လေ။

✠✠✠

www.burmeseclassic.com



(၃)

နိုင်ငံကျော် စာရေးဆရာတစ်ဦး၏ မွေးနေ့ပွဲကလေးသည် သူ့အာရုံမှ ပျောက်မသွားတော့။ သူ့ဘဝမှာ သည်လို အောင်မြင်သော စာရေးဆရာ၊ ကဗျာဆရာဖြစ်ပြီး စာပေဝါသနာရှင်များကို လက်တွဲခေါ်ယူနိုင်သော အလုပ်တို့ကို လုပ်နိုင်ခွင့်မရှိတော့ပြီလားတွေးရင်း သူ့ကိုယ်သူ မကျေနပ်ချင်။

သည်တစ်ခေါက် ပြန်လာပြီးကတည်းက အလုပ်ခွင်မှာ သူ့ပိုပြီး မပျော်ပိုက်နိုင်တော့၊ သူ့အထက်အရာရှိနှင့် စကားအခြေအတင်ပြောပြီးညမှာပင် သူသည် အလုပ်က ထွက်မည်ဟု ဆုံးဖြတ်ချက်ချလိုက်တော့သည်။

အလုပ်မှ ထွက်လိုက်ရခြင်းသည် အောင်မြင်သော စာရေးဆရာတစ်ဦးအဖြစ် ခြေလှမ်းစလိုက်ခြင်းဟု တွေးရင်း ဖြေသိမ့်နိုင်ခဲ့၏။

မွေးနေ့မှာ စာပေပြိုင်ပွဲလေး လုပ်ပေးခဲ့သော ထိုညမြင်ကွင်းသည် အလုပ်ထွက်ရဲခဲ့ခြင်းသတ္တိကို မွေးဖွားပေးလိုက်ပြီလားမသိ။ သေချာသည်ကတော့ သူ့ဘဝအချိုးအကွေ့တစ်ခုမှာ ထိုမြင်ကွင်းသည် လင်းခနဲ လမ်းစကို ပြလိုက်သလိုပင်။

နောက်နေ့မှာ ထွက်စာရေးတင်ပြီး ချက်ချင်းအိမ်ပြန်ခဲ့သည်။ ပြီးမှ ရန်ကုန်ရုံးချုပ်ကို သွားကာ စနစ်တကျအလုပ်ထွက်ခြင်းဖြစ်အောင် အစစ ဆောင်ရွက်ခဲ့ရသည်။

✠✠✠



(၈)

ရန်ကုန်မှာ အလုပ်လုပ်ကာ စာပေလောကမှာ နေရင်း မိမိရည်မှန်းမျက်ပြည့်အောင် ကြိုးစားမည် ဆုံးဖြတ်သည်။ ထိုဆုံးဖြတ်ချက်ကြောင့်ပင် အလုပ်တိုင်းကို ဝင်ပြီး မလျှောက်တော့။ ရန်ကုန်မှာသာ စက်ရုံများရှိသည့် ကော်ပိုရေးရှင်းမှ ခေါ်သည့်အလုပ်ကိုသာ လျှောက်ဖြစ်တော့သည်။ ကံအားလျော်စွာ အလုပ်ရပြန်သည်။ ရန်ကုန်စက်ရုံမှာပင် စက်တွေကြား၊ အလုပ်သမားတွေကြား မနခွင့်ရသည့်အလုပ်မို့ လုပ်ငန်းခွင်မှာ ပျော်မွေ့နေ၏။ စက်ရုံမှာ အလုပ်လုပ်ရင်း မိမိဝါသနာကြီးရာ စာပေလုပ်ငန်းကိုလည်း လုပ်ခွင့်ရလာသည်။

သည်လိုနှင့် လူလုံးချင်းဝတ္ထုတွေထုတ်ဖြစ်ပြီး ပရိသတ်အခိုင်အမာရလာခဲ့သည်။

တစ်နေ့ သူ့ထုတ်ဝေသူ၏ ညော်ခန်းမှာထိုင်ရင်း စကားပြောနေစဉ်ရှေ့မှာ ကားရပ်သံကြား၏။

"ခဏနေဦးနော်"

ပြောကာ သူ့ထုတ်ဝေသူ အိမ်ပေါ်မှ ဆင်းသွားသည်။ အတော်ကလေးကြာတော့ သူပြန်ရောက်လာ၏။

"ညော်သည်ရော"

www.burmeseclassic.com

www.burmeseclassic.com



"ပြန်သွားပြီ။ စာအုပ်ထုတ်ဖို့ လာပြောတာ"

"ဘယ်သူလဲဗျာ"

"ဆရာ--------လေ၊ သူ့စာမူတွေ ထုတ်ပေးဖို့ ပြောတာ။ ဟိုးအရင်က သူ အမြင့်ဆုံး စာမူခရခဲ့ဖူးတယ်ဆိုတာလည်း စာချုပ်အဟောင်းတွေ ထုတ်ပြတယ်ဗျာ"

"အခု ဘယ်မှာလဲ၊ ရှိသေးလား"

သူ နှစ်သက်စွဲလမ်းခဲ့သည့် ဆရာအမည်ကိုအကြားမှာ သူလှုပ်လှုပ်ရှရှ ဖြစ်ရင်း မေးသည်။

"ပြန်သွားပြီဗျ။ အရက်လည်း အရမ်းမူးနေတယ်"

ကျွန်တော့်ကို တက္ကစီခတောင်းလို့ ပေးလိုက်ရသေးတယ်"

"ခင်ဗျား ဘာလို့ မထုတ်တာလဲ။ သူ့စာတွေ ကျွန်တော်တို့ ကြိုက်ခဲ့ရတာ"

"ထုတ်ဝေသူဆိုတာကတော့ အောင်မြင်မှုရနေတဲ့အချိန် ဝိုင်းဝိုင်းလည်နေတတ်ပြီး ကျသွားတော့လည်း ငြင်းကြတာ ထုံးစံပဲလေ။ ကျွန်တော် မထုတ်ရဲဘူး။ ပြီးတော့ သူက အရက်ကို နေ့ရော ညရော သောက်တယ်လို့ ကြားဖူးတယ်"

သူ စိတ်မကောင်းဖြစ်ရသည်။ အောင်မြင်စဉ်က ရွှေနေ့များသည် တက္ကစီခ တောင်းရသည့် ယခုအခြေအနေနှင့်တော့ မိုးနှင့် မြေပင်။ သက်ပြင်း ငွေ့ငွေ့ချရင်း သူ့အတွက် သင်ခန်းစာယူစရာပဲဟု ရင်ထဲမှာ ခံစားမှတ်သားလိုက်မိပြန်သည်။

❈❈❈



(၉)

သည်လိုနှင့် လုံးချင်းတွေလည်း မထွက်။ မဂ္ဂဇင်းစာမျက်နှာတွေပေါ်မှာလည်း ဆရာ့အမည်ကို မတွေ့ရတော့ဘဲ နှစ်များစွာ ပျောက်ကွယ်နေတော့သည်။

တစ်ခါခါ နယ်မှာသာ သတင်းကြားရပြီး တိတိကျကျဟူ၍ မသိရ။ ဟစ်နေ့နေ့ ဆရာ့ကို တွေ့ကာ နယ်မြို့ကလေးမှ ဆရာ့မွေးနေ့ပွဲလေး သူကြုံရပုံကို ပြောပြချင်မိပြန်သည်။ သူ့ဘဝလမ်းကြောင်းမှာ ထိုမွေးနေ့ပွဲလေးသည်လည်း အရေးပါခဲ့ပုံကို ပြောရင်း မြင်ဆရာအဖြစ် ဆရာ့ကို သူကန်တော့ချင်ပြန်သည်။ မရစကောမပါ၍လား မသိ၊ ဆရာနှင့် သူ မဆုံဖြစ်ခဲ့။

တောင်ပေါ်မြို့ကလေးတစ်မြို့မှာ သူ ဝတ္ထုစာအုပ်တစ်အုပ်သွားရေးသည်။ ဝတ္ထုရေးပြီးတော့ မနက်အစောကြီး ကားနှင့် ပြန်ရန် ကားဂိတ်ကို သူဆင်းခဲ့သည်။ သူ တည်းခိုသည့်နေရာမှ ဝန်ထမ်းလေးက သူ့ကို ကားဂိတ်လိုက်ပို့သည်။

"ဝတ္ထု ညက ပြီးလား ဆရာ"

"မဟုတ်ဘူးကွ။ မနေ့ညကတော့ ပြန်ဖတ် ပြန်ပြင်လုပ်နေတာ မလှမ်းမကမ်းက ထင်တယ်။ လင်မယား ရန်ဖြစ်နေကြတာ အကြီးအကျယ်ပဲကွာ။

www.burmeseclassic.com

www.burmeseclassic.com



ဟိုနေ့ညကသာဆို ဇာတ်သိမ်းရေးရတာ လွယ်မှာမဟုတ်ဘူး။ ယောက်ျားက မူးနေပုံရတယ်”

“ဒီလိုပဲ ခဏခဏရန်ဖြစ်တတ်တယ် ဆရာ။ ဆရာ မသိဘူးလား။ ဆရာသိတယ်ထင်တာ”

“ဘာကိုလဲကွ”

“သူက စာရေးဆရာလေ၊ အခုတော့ အရက်ပဲ သောက်နေပြီး စာမရေးတော့ဘူး။ မိန်းမက ငယ်ငယ်လေးဆိုတော့ ရန်ခဏခဏဖြစ်တယ်”

“စာရေးဆရာ ဘယ်သူလဲကွ”

ဝန်ထမ်းလေး၏ နှုတ်မှ ပြောလိုက်သော အမည်သည် သူ့နှလုံးသားကို အဆိပ်မြားနှယ် စူးနစ်ခဲ့ပြီကော။

“စောစောက သိရင် ငါတွေ့ချင်လိုက်တာ”

“ဆရာကလည်း စာရေးနေတော့ ကျွန်တော်တို့နဲ့ စကားမပြောဖြစ်ဘူး။ စကားမစပ်မိခဲ့ဘူး”

“အေးကွာ”

ဝန်ထမ်းလေး ပြောပြ၍ ဆရာ့အခြေအနေအရပ်ရပ်ကို သူမှန်းဆတွေးတတ်နိုင်ခဲ့ပြီပဲလေ၊

✠✠✠



(၁၀)

နာရေးကြော်ငြာကို နောက်တစ်ခေါက် သူ ထပ်ဖတ်မိပြန်သည်၊
ဆရာ့ကို သူ ဘယ်သောအခါမှ တွေ့နိုင်တော့မည်မဟုတ်။
သို့သော် . . .
တစ်စုံတစ်ခုကိုတော့ နှလုံးသားနှင့် ခံစား၍ တွေ့လိုက်နိုင်ပြီပဲ။

✠✠၊

၂၀၀၄ ခုနှစ်၊ သောကြာစာစောင်၊

***

www.burmeseclassic.com

www.burmeseclassic.com

# သစ်ပင်မျိုး

www.burmeseclassic.com

www.burmeseclassic.com

## (၁)

မှိုင်းညို့မှုန်ရီနေသော မိုးတိမ်တို့သည် ကြမ္မာဆိုးတစ်ခုခုကို သယ်ဆောင်လာတော့မည်ပဲ ထင်နေတော့သည်။ မိုးသံ လေသံသည် မကောင်းဆိုးဝါးတစ်ကောင်၏ စူးစူးရဲရဲအော်ဟစ် မြည်ဟိန်းသံလိုပင်။

သစ်ပင်တွေ၊ သစ်ကိုင်းတွေမှာ နတ်ဆိုးတစ်ကောင်ပူးတပ်နေသည့်နှယ်၊ အိမ်တံခါးတွေ အလုံပိတ်ထားသည့်ကြားမှ ကြားရသည့် မိုးခြိမ်းသံက ကမ္ဘာဖျက်လက်နက်တစ်ခုကို ဖောက်ခွဲလိုက်သလို၊ မှန်တံခါးတို့ ဖြတ်လျက် လျှပ်ပြက်တာမြင်စဉ် မျက်လုံးကို စုံမှိတ်လိုက်မိ၏၊ မကြာခင်မှာပင် သဲကြီးမဲကြီး မိုးရွာချလိုက်တော့သည်။

"မိုးတလည်း ရွာပဲ ရွာနိုင်လွန်းတယ်၊ အဝတ်တွေ ဘယ်လိုလုပ် လှန်းရမှန်း မသိတော့ဘူး"

မိုးသံတွေကြားမှာ အိမ်ဖော် ကောင်မလေးအသံကို ကြားလိုက်ရတော့ သတိတစ်ချက်ပြန်ဝင်သည်။

ငါတစ်ယောက်တည်း မဟုတ်ပါလားဟု ကြောက်စိတ်ပြေလာသလို၊

"တံခါးတွေ ပိတ်ထားနော်"

"ဟုတ်ကဲ့ အန်တီ"



"ဘယ်သူလာလာ ဖွင့်မပေးနဲ့"

"ဟုတ်ကဲ့"

"ငါ့ဖုန်းလာရင်လည်း မရှိဘူးပြော"

"ဟုတ်ကဲ့"

အပေါ်ထပ် အိပ်ခန်းရှိရာ တက်လာခဲ့၏။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



## (၂)

သုံးနှစ်ကျော်၊ လေးနှစ်အရွယ်မှာ ရင်၌ ဒဏ်ရာရခဲ့ပြီထင်၏။ မိဘများက လယ်သမားများဖြစ်ပြီး သူတို့အရပ်သည် မိုးကောင်းသောဒေသထဲမှာ တစ်ခုအပါအဝင်။ မိုးခေါင် ရေရှားခြင်းမရှိသဖြင့် ချောင်ချောင်လည်လည် နေနိုင်ခဲ့သည်။ သူတို့လယ်တွေ အသီးအနှံထွက်တာ မိုးကောင်း လေမှန်လို့ဟု လူကြီးတွေ ပြောသံဆိုသံ ကြားကြားနေတတ်၏။ သည်တုန်းက အသေအချာ နားမလည်သော်လည်း မိုးရွာတာ ကောင်းတဲ့ သဘောဝဲဟု တွေးမိခဲ့၏။

ရက်အကြာကြီး မိုးစွေနေသည့်တစ်နေ့မှာပင် အဖေ ရုတ်တရက်ဆုံးသွားခဲ့သည်။ လယ်ထွန်ဖြုတ်ပြီး ပြန်လာသောအဖေ့အပေါ်သို့ ရွာထိပ် ညောင်ပင်မှ ညောင်ကိုင်းကျိုးကျသည်။ နွားတွေ ဘာမှမဖြစ်ပေမယ့် ညောင်ကိုင်းရိုက်မိပြီး အဖေ ပွဲချင်းပြီး ဆုံးသွားသည်။

အဖေ့အလောင်းသယ်လာစဉ် မိုးတွေကြားမှာ ဆံပင်ဖားလျားနှင့် ပုဆိုးအော်ဟစ်ကာ ငိုနေသည့် အမေ့ပုံသည် ဘယ်တော့မှ မေ့စရာမဟုတ်။ အသုဘချတော့လည်း မိုးသည်းထဲမှာ အမေတက်သွားတာ မှတ်မိနေဆဲ။

သည်တုန်းကပဲ စတင်ပြီး မိုးကို မုန်းတီးမိတော့သည်။ မိုးတွေရွာလို့ အဖေဆုံးသွားရတာပဲဟု ကလေးဘဝက ရင်မှာ စွဲမြဲသွားစေခဲ့တော့သည်။



သည်လိုနှင့် တက္ကသိုလ်ကျောင်းသူဖြစ်လာသည့်တိုင် မိုးကို ကြောက်နေစမြဲ။ မိုးရွာသည့်နေ့များစွာသည် အခန်းထဲမှာသာ အချိန်ကုန်စေခဲ့၏။ မိုးရေ မိုးစက်တို့နှင့် ပတ်သက်၍ စိတ်ကူးယဉ် တွယ်ဖက်ခဲ့ဖူးသည် မရှိ။

ချစ်သူနှင့်ပင် မိုးရေထဲမှာ လျှောက်မလည်ခဲ့ပါ။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



## (၃)

ဘွဲ့ရ၊ ချစ်သူနှင့် အိမ်ထောင်ကျသည်အထိ ဘဝ၏ အတွေ့အကြောက်တို့ ထင်ထင်ရှားရှား သတိမထားခဲ့မိရိုးအမှန်။ အမေနှင့် သမီး နှစ်ဦးတည်းကျန်ခဲ့ပြီး အမေဆုံးတော့ တောက လယ်တွေ၊ အိမ်တွေရောင်း မြို့ကို ပြောင်းပြီး အခြေချသည်။ အိမ်ထောင်ကျပြီး ကလေးတစ်ယောက်ရသည်အထိ တည်တည်ငြိမ်ငြိမ်။ ကိုယ်က အိမ်မှာ တိုလီမိုလီဆိုင်ကလေးဖွင့်၊ အမျိုးသားက အပြင်မှာ အရောင်းအဝယ်လုပ်၊ စီးပွားရေးတလည်း ချောင်ချောင်လည်လည်ပင်။

အကြီးမားဆုံးဘဝအပြောင်းအလဲကို ကြုံလိုက်ရသည်မှာ အမျိုးသားအိမ်တို ပြန်ရောက်မလာတော့ခြင်းပင်။ သူတို့သားအမိကို အရိပ်တကြည့်ကြည့်နှင့် နေတတ်ပြီး နှစ်ရက်သုံးရက် ခရီးကိုမျှ စိတ်ချလက်ချမသွားခဲ့ဖူးသူက ခရီးရှည်ကြီးကို ထွက်သွားပါသတဲ့လား။ ဘယ်လောက်ကြာပြီး၊ ဘယ်လောက်ဝေးတဲ့ ခရီးပါတဲ့လဲ။ ကြည့်ရာ မြင်ရာမှာ အာရုံနှင့် အရိပ်သာ ချန်ခဲ့လျက် ခရီးထွက်သူ၏ သတင်းအစအနကိုပင် မသိနိုင်တော့။

အမေသည် အဖေ့အလောင်းကို မိုးစက်တွေကြားမှာ အားပါးတရ



ဓပွဲ့ဖက် ငိုယိုနိုင်ခွင့်ရခဲ့သော်ငြား၊ သူကား အမေ့ထက်ပင် ကံဆိုးခဲ့လေပြီ။

တိုက်တိုက်ဆိုင်ဆိုင်ပင်၊ မုန်တိုင်းရှိ၍ မိုးတွေဆက်တိုက်စွေနေသည့် ရက်များ၏ မိုးသည်းညတစ်ညမှာ ခွဲခွာခြင်းခရီးရှည်ကို စခဲ့ရတာပါပဲ။

မိုးတွေ သည်းခြင်းက မကောင်းသည့် နိမိတ်ဟု စိတ်ထဲမှာ အယူသည်းချင်ပြီ။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



## (၄)

"အန်တီ. . . အန်တီ"

"ဟေ. . ."

"လာပါဦး၊ လာပါဦး"

"ဟဲ့ - ငတိုး၊ ဘာဖြစ်တာလဲ။ တစ်ကိုယ်လုံးလည်း မိုးတွေမိလို့။ သား . . . သားရော. . ."

"ထွန်းထွန်းလေ. . . ထွန်းထွန်း"

"ဟဲ့ - ပြောပါဦး သားရဲ့၊ ဘာဖြစ်လို့လဲ။ ထွန်းထွန်း ဘာဖြစ်လို့လဲ"

"ထွန်းထွန်း မြောင်းထဲ ကျသွားလို့"

"ဘာ. . . ဘာ. . . ဘယ်လို. . . ဘယ်လို"

"ထွန်းထွန်း မြောင်းထဲ ကျသွားတယ်၊ လိုက်ခဲ့ပါဦး"

"ဟယ်. . . မြတ်စွာဘုရား"

အပြင်မှ ဝေ့ပတ်လိုက်သည့် မိုးသည် မျက်နှာကို ပူလောင်ကျွမ်းမြိုက်သွားစေပြီလားမသိ၊ ရင်ထဲမှာ ကတုန်ကယင်ဖြစ်ရင်း မိုးသည်းကြားကို ပြေးထွက်လာခဲ့မိသည်။

"သားနောက်ကို လိုက်ခဲ့ အန်တီ"

တိုးတိုးက မိုးရေထဲမှာ ရှေ့ဆောင်ပြီး ခေါ်ခဲ့၏။ မကြာခင်မှာပင် လူတွေ ဝိုင်းအုံကြည့်နေသော ရေနုတ်မြောင်းတစ်ခုနားသို့ ရောက်လာ၏။

လူအုပ်ကြားထဲ ဝင်တိုးလိုက်သည်။

✠✠✠



## (၅)

အဆက်မပြတ်ရွာနေသည့် မိုးရေကြားမှာ သားသားကို ကျောင်းမတက်ဖို့ ပြောကြည့်မိသေးသည်။ ကျောင်းပျက်ရမှာ ကြောက်သည့် သားသားက တားမရ။ အိမ်နှင့် ကျောင်းက ဝေးလှသည်မဟုတ်တော့ သိပ်ပြီး စိတ်မပူမိ။

"သားနဲ့အတူ ကျောင်းက ပြန်လာခဲ့တာ၊ ဒီရေမြောင်းနံဘေးရောက်တော့ သူက ပြေးသွားပြီး ရေမြောင်းထဲမှာ ခြေဆေးလိုက်တာ ရေမြောင်းထဲ ပြုတ်ကျသွားတာပဲ"

တိုးတိုးက ပြောရင်း ငိုသည်။

အဲဒီမိုးသည်းသည်း တစ်ညနေလုံးမှာ လူတွေ ဝိုင်းရှာကြပေမယ့် သားလေးအလောင်းကို မတွေ့ရ။ နောက်တစ်နေ့မှ သားလေးအလောင်းကို ရှာတွေ့ကြရတော့သည်လေ။

သားလေး အသုဘချသည့်နေ့ကလည်း မိုးက သဲသဲမဲမဲရွာနေဆဲပင်။

သည်မိုးက ဘယ်အထိ ရွာနေဦးမှာတဲ့လဲ။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



## (၆)

အဲဒီအချိန်တွေက စပြီး ကျွန်မ မိုးကို အရမ်းမုန်းတယ်၊ ကျွန်မ မိသားစုဘဝကို ဖျက်ဆီးပစ်တာ မိုးပဲလို့ ကျွန်မရင်ထဲမှာ စွဲသွားတယ်၊ ကျွန်မသာ တန်ခိုးရှင်ဖြစ်မယ်ဆိုရင် မိုးရာသီကို ချက်ချင်းဖျောက်ပစ်လိုက်မှာပဲ၊

ကျွန်တော် ပြုံးလိုက်မိသည်၊

ကျွန်တော်ထိုင်သည့် လက်ဖက်ရည်ဆိုင်သည် ပန်းခြံကြီးတစ်ခုအတွင်းမှာ ရှိပြီး လွတ်လပ်ကျယ်ဝန်းသည်၊ သီချင်းနားထောင်ချင်သူများက ဆိုင်တွင်းမှာ ထိုင်နိုင်သကဲ့သို့ ကျွန်တော့်လို အေးအေးဆေးဆေး ထိုင်ချင်သူများက သစ်ပင်ကြီးတွေအရိပ်က စားပွဲပုလေးတွေမှာ ထိုင်နိုင်သည်၊

မိုးရွာပြီးစ နေခြည်အထွက်မှာ ကျွန်တော် လက်ဖက်ရည်ဆိုင်ကို ရောက်လာခဲ့သည်၊

ကျွန်တော်ထိုင်ပြီး မကြာခင်မှာပင် ကျွန်တော့်စားပွဲကို ထိုအမျိုးသမီး ရောက်လာခဲ့ပြီး သူ့ကိုယ်သူ မိတ်ဆက်ကာ သူ့အကြောင်း ကျွန်တော့်ကို ပြောပြနေခဲ့သည်၊

"ဆရာ ဘယ်ဝတ္ထုထဲမှာလည်း မသိဘူး၊ သားရေတွင်းလေးတွေ



ကြောက်တဲ့ ဇာတ်ကောင်အကြောင်း ရေးဖူးသလိုပဲ"

"ဟုတ်တယ်၊ အိပ်ဇက်ရှင်နယ်ဖိုးဗီးယားလို့ခေါ်တယ်တဲ့၊ မကြောက်ရမှာ ကြောက်တတ်တာ၊ ဥပမာ-အမြင့်ကို ကြောက်တာ၊ ကြွက်ပေါက်စလေးတွေကို ကြောက်တာမျိုးပေါ့"

"ကျွန်မ အခု မိုးကို ကြောက်တာ အဲဒီလို ဖိုးဗီးယားတစ်ခုမဟုတ်ဘူး ဆရာ"

"ပြောပါဦး"

"မကြောက်သင့်ဘဲ ကြောက်တဲ့အရာတွေက လူကို ဘာမှ ဒုက္ခမပေးဘူး ဆရာ၊ မိုးက ကျွန်မဘဝကို ဒုက္ခပေးတယ်လေ၊ အမလေး. . . အမလေး. . . လုပ်ပါဦး ဆရာရဲ့၊ မိုးရွာလာပြီ"

စကားပြောနေရင်း ရုတ်တရက် ထရပ်လိုက်သော သူမကို အလန့်တကြားကြည့်လိုက်မိသည်၊ ပြီးတော့ သစ်ပင်ပေါ်ကို မော့ကြည့်လိုက်၊ ကျွန်တော့်ကို ကြည့်လိုက်နှင့် သူမကို ကြည့်ရသည်မှာ ဂနာမငြိမ်၊

"မိုးရွာတာ မဟုတ်ပါဘူး၊ အဲဒါ သစ်ပင်မိုးခေါ်တယ်"

"ဘာ. . . မိုး . . . ဆရာ"

ပြန်ထိုင်ရင်း မေးသည်၊

"ဟိုစောစောက ရွာထားတဲ့ မိုးရေစက်တွေက သစ်ပင်သစ်ရွက်တွေပေါ် တင်နေတာလေ၊ လေတိုက်လို့ လူပေါ် ကျလာတာပါ၊ အဲဒါ သစ်ပင်မိုးလို့ခေါ်တယ်၊ တကယ့်မိုးမဟုတ်ဘူး"

"တကယ့်မိုးလို တစ်ကိုယ်လုံး မရွှဲနိုင်ဘူးပေါ့ ဆရာ"

ကျွန်တော် ခေါင်းညိတ်ပြလိုက်၏၊

"ဘာမိုးပဲဖြစ်ဖြစ် ကျွန်မ မုန်းတယ် ဆရာ"

ပြောရင်း ထွက်သွားတော့သည်၊

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း မြင့်တက်လာသောနေသည် သစ်ပင်တွေပေါ် ရောက်တော့မည်ပဲ၊ ပန်းခြံတစ်ခုလုံး နေခြည်အောက်မှာ လှပနေဦးတော့မည်လေ၊

✠✠✠

*၂၀၀၄ ခုနှစ်၊ ရွှေအမြုတေမဂ္ဂဇင်း။*

***

# သေတင်းကုဒ်

www.burmeseclassic.com

## (၁)

ဖျဉ်ထောင်သွပ်မိုးအိမ်အဟောင်း ခပ်သေးသေးတစ်လုံးကို ဘေးက အဖီဆွဲချထားလိုက်တာပါပဲ။ ကာလဖျင်းလိုလို၊ တင်းကုပ်လိုလိုနဲ့ အတော်လေး အကြည့်ရဆိုးပါသည်။ လေဝင် လေထွက် ပြတင်းကလည်း မရှိ။ ရှေ့ဘက်က အကာအရံမရှိပေမယ့် ဘေးကတော့ အလုံပိတ်။ မူလအိမ်ကလေးရဲ့ အောက်ထပ်မှာက ကောင်တာ၊ ဘီယာအရက်ဘား၊ မီးဖိုချောင်။ အပေါ်ထပ်မှာက ဆိုင်ဝန်ထမ်းတွေ ညအိပ်သည့်နေရာ။ အဝင်ဝနှင့် မျက်နှာချင်းဆိုင်တည့်တည့်မှာက စတိတ်စင်ရှိပြီး အဆောက်အဦကို စတိတ်စင်ဖြင့် ပိတ်ကာထားသလို၊ စတိတ်စင်ဘေးမှာက အဆိုတော်တွေ နားနေခန်း။ သည်လောက်ဆို သည်ဆိုင်လေး၏ အသွင်အပြင်ပုံကြမ်းတော့ ပေါ်လောက်ပြီပဲ။ ဆိုင်ထိပ်မှာတော့ ဆိုင်အမည်ကို ဆိုင်းပုဒ်တင်ထားသည်။

ကြည်နူးစရာတဲ့ . . . ။

သူက အပျော်အပျက်နောက်ပြီး သေတင်းကုပ်လို့ ခေါ်လိုက်ရာမှ သူနှင့် သူ့အသိုင်းအဝိုင်းကြားမှာတော့ သည်ဆိုင်လေးကို သေတင်းကုပ်ဟု နှုတ်ကျိုးသွားကြသည်ပဲ။ သူတို့အဖွဲ့က အဲဒီသေတင်းကုပ်ကို လက်ဖက်ရည်ဆိုင် တစ်ဆိုင်နှယ် သဘောထားရင်း ည ၇နာရီနောက်ပိုင်းတွေမှာ ထိုင်ဖြစ်လာတော့သည်။

⊕⊕⊕



## (၂)

တစ်ခါတလေ နှစ်ယောက်၊ သုံးယောက်၊ လေးယောက်။ တစ်ခါခါကျ လူတစ်ယောက်တည်း။ တစ်ညတလေမှာ ဘီယာတစ်ဗူး နှစ်ဗူး၊ တစ်ယောက်တည်းကတော့ တစ်ခွက် နှစ်ခွက်။ ငွေအကုန်လည်း သိပ်မများ။ သူတို့အဖွဲ့ ဖိုင်ဖြစ်သွားခြင်းကတော့ ဆိုင်ရှင်ကအစ ဆိုင်ဝန်ထမ်းလေးတွေနှင့်ပါ တရင်းတနှီးဖြစ်နေခြင်းက အဓိကကျလေမလား။ ဆိုင်ဝန်ထမ်းလေးတွေနှင့် စကားပြောရခြင်းက သူတို့ မသိနိုင်သော ဘဝအမျိုးမျိုး၊ အတွေ့အကြုံအမျိုးမျိုးကို သိခွင့်ရနိုင်ပြန်သည်ပဲ။ ဆိုင်ဝန်ထမ်းလေးတွေကတစ်ဆင့် 'သီချင်းသည်'ကလေးတွေ၏ ဘဝကို တစ်ဆင့်ပြန်ကြားနိုင်၊ သိနိုင်ခဲ့သည်ပဲ။ အမေအရင်းကိုယ်တိုင် 'သီချင်းသည်'သမီး၏ အဝတ်ဆွဲခြင်းကို ဆွဲ၍ လိုက်ရင်း အိပ်ရာတွင်းက ငိုချင်းချည် သီချင်းတွေ အမေဆိုခဲ့ရတဲ့အဖြစ်လည်း မြင်ရကြားရသည်ပဲ။ နယ်မှာထားသည့် လူမမယ်သမီးလေးအတွက် သည်အလုပ်ဝင်လုပ်ရင်း အပျိုလေးဟန်ဆောင်ထားရသော 'သီချင်းသည်'လေး၏ အထုပ္ပတ္တိကလည်း ကြေကွဲစရာ။ နှစ်လ၊ သုံးလ အလုပ်ဆင်းရုံလေးနှင့် အိမ်ခန်းတွေဘာတွေနှင့် ပြည့်စုံသွားသူလ၊ အကြောင်းသိရတော့ ကြည်နူးရမလို၊ ကြေကွဲရမလို။

ဖောက်သည်တွေထဲမှာလည်း စရိုက်က အမျိုးမျိုး။ ညွှဲ့စာရင်းစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



တွေအထပ်လိုက်ကိုင်ကိုင်ပြီး ဘီယာလာသောက်ရင်း အိပ်ပျော်နေတတ်သော လူ၊ ဆိုက်ကားတွေ အများကြီးပိုင်သော စွပ်ကျယ်အကျီအမြဲလိုလို ဝတ်တတ်သည့် သူဌေး၊ မိဘလုပ်သူတွေက အတော်လည်း ကျပ်ကျပ်တည်းတည်းနှင့် ရုန်းကန်နေရသော်လည်း သူက ဝင်ငွေကောင်းသည့် အလုပ်ရပြီး၊ သည်ဆိုင်က 'သီချင်းသည်'လေးကို ငြိနေလို့ အမြဲရောက်နေတဲ့ တောင်လေး၊

နောက်နှစ်ဝိုင်းသုံးဝိုင်းက လွဲရင် တျန်တာကတော့ ကြုံလို့ ရောက်လာတတ်တဲ့သူတွေ၊

၇နာရီခွဲတာနဲ့ 'ချမ်းမြေ့ပါစေ'ဆိုတဲ့ သီချင်းနှင့် စဖွင့်သည်၊

တစ်ဆိုင်လုံး လက်ခုပ်သံတဖြောင်းဖြောင်း၊

ဘယ်ဧည့်သည်တွေက တီးလိုက်သလဲ မမေးနဲ့၊ ဧည့်သည်တစ်ဝိုင်းမှ မရှိရင်တောင် လက်ခုပ်သံကတော့ ဘယ်တော့မှ လျော့မသွား၊

ဝန်ထမ်း ဝိတ်တာလေးတွေ တီးလိုက်ကြတာလေ၊

✠✠✠



(၃)

မြန်မာစကားနှင့် ကြေညာသွားသော်လည်း မြန်မာနားနှင့် နားမလည်နိုင်အောင် အသံကို အတော်လေး ကျင့်ထားရသလားမသိ၊ ကြေညာပြီး အတော်မလေးကြာမှ 'သီချင်းသည်'လေးတစ်ယောက် စတိတ်ပေါ် ထွက်လာသည်၊ ပြီးမှတော့ ညာဘက်ထောင့်မှာ ရှိသော ကီးဘုတ်ဆရာဆီကို လျှောက်သွားသည်၊ ကီးဘုတ်ဆရာနှင့် အချီအချ စကားပြောနေတာ အတော်ကြာ၏၊

"ဘာလဲကွ၊ မင်းတို့ဆိုင်က စင်ပေါ်ရောက်မှ သီချင်းတိုက်နေတာလား"

တစ်ခါမှ မရောက်ဘူးပါပဲ လမ်းကြုံလို့ လိုက်လာသော သူ့သူငယ်ချင်းသူ့ကို မေးသည်၊ မီးမှိန်မှိန်အောက်မှာ သူငယ်ချင်းမျက်နှာကို သူ ရုတ်တရက်ကြည့်လိုက်မိသေး၏၊

"အာရုံမပြတ်အောင် အစီအစဉ်က ဆက်နေရမှာ၊ စတိတ်ခုံအပြင်အဆင်က ညံ့ရတဲ့အထဲ ဒီလို ပြတ်တောင်း ပြတ်တောင်းဆိုတော့ . . ."

"သူငယ်ချင်း"

တီးသံဆိုသံ မရှိသေးဘဲ ကီးဘုတ်စမ်းနေသံသာရှိသဖြင့် သူ့အသံကျယ်လောင်သွားသလို၊

"ဘာလဲကွ၊ ငါပြောတာ မှားလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ မင်းစိတ်ဝင်တစားရှိပြီး ပြောနေတာကို အံ့ဩလို့"

"ဘာကွ"

"ဒီကို လာတဲ့ လူတွေအများစုက ဘယ်သူမှ စိတ်ဝင်စားကြတာ မဟုတ်ဘူးကွ"

"ဘယ်လို"

"ကိုယ့်ဘာသာ ပြောစရာရှိတာ ပြော၊ သောက်စရာရှိတာ သောက်၊ စားစရာရှိတာ စားကြပဲ။ စင်ပေါ်မှာ ဘာဖြစ်နေနေ စိတ်ဝင်စားတာမဟုတ်ဘူး"

"မဟုတ်သေးပါဘူးကွာ"

"ဟုတ်တယ်ကွ။ သူဌေးနဲ့ ငါ စကားပြောကြည့်ဖူးတယ်။ သူဌေးကိုယ်တိုင်ကလည်း အလေးမထားဘူး။ ဆိုတဲ့သူတွေကလည်း  တခြားဆိုင်တွေလို လခမကောင်းဘူး၊ တချို့ဆို လခမပေးဘူး။ လာဆို၊ ပန်းကုံးရရင် ဆိုင်နဲ့ တစ်ယောက် တစ်ဝက်၊ အဲဒီလိုမျိုး"

"အဲဒီလိုဆိုတော့ လူကောင်းတွေ ဘယ်ရတော့မှာလဲ"

"ဟိုးအရင် ငါတို့ ထိုင်စကတော့ လူကောင်းတွေရှိတယ် ပြောတယ်ကွ။ သူပရိသတ်နဲ့ သူပဲ ရှိတယ်ပေါ့။ သူဌေးတစ်ယောက်က လာစားသောက်၊ ပန်းကုံးတွေ တရကြမ်းစွပ်၊ ဖောက်သည်လို အရမ်းရင်းနှီးသွားတော့မှ သူ လိုချင်တဲ့ လူကောင်းတွေကို လခကောင်းကောင်းပိုပေးပြီး ဆွဲထုတ်သွားတယ်တဲ့။ ဝိတ်တာတွေ၊ အဆိုတော်တွေ အကုန်ပါသွားရော"

"ဘာလုပ်ဖို့လဲ"

"သူက အဲဒီလို စားသောက်ဆိုင်ဖွင့်တာတဲ့လေ"

"စီးပွားရေးသမားကတော့ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းပားပဲနေ၁်၊ ဘာမှ မညာဘူး"

ထိုစဉ် ကီးဘုတ်သံနှင့် သီချင်းအတောက ဆူညံစွာ ထွက်လာ၏။ သီချင်းသည်လေး၏ အသံမကြားရခင်မှာပင် တစ်ဆိုင်လုံး လက်ခုပ်သံတွေ ဆူညံသွားပြီပဲ။



သီချင်းသည်လေး၏ အသံက မဆိုးလှ။ သီချင်းသံအစမှာလည်း လက်ခုပ်သံတွေက မစဲသေး။

"ဟော့ကောင်. . . ဟော့ကောင်"

"ဘာလဲကွ"

"အဆိုနဲ့ အတီး- ကီးတွေက တလွဲကြီး"

"နေစမ်းပါကွာ၊ မင်းကလည်း ဒါပဲ စိတ်ဝင်စားနေတယ်။ လက်ခုပ်သံတွေ ကြားတယ် မဟုတ်လား"

ဆူညံနေသဖြင့် မျက်နှာချင်းနီးအောင် တိုးကပ်ပြောနေသော သူငယ်ချင်းက မျက်နှာကို ခွာပြီး ကိုယ့်ကို ပြန်မတ်သည်။

သီချင်းဆုံးသွားတော့လည်း လက်ခုပ်သံတွေက တဖြောင်းဖြောင်း။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



## (၄)

“စောစောက တစ်ယောက်က မဆိုးဘူးဆိုတာ မှန်တယ်။ အဲဒါကျ တော့ ပန်းကုံးမချဘဲ ဒီတစ်ယောက်ကျမှ ပန်းကုံးလာစွပ်တယ်။ အတော်လေး ဆိုးတာပဲ”

“သီချင်းကို စွပ်တာ မဟုတ်ဘူးကွ၊ လူကို စွပ်တာ၊ သူ့ဖောက်သည်နဲ့ သူ”

ဆိုင်တွေကို လာလေ့လာထနည်းသော သူငယ်ချင်းကို အတိုဆုံး ရှင်းပြ လိုက်မိသည်။ သူငယ်ချင်းကတော့ ဘဝင်ကျဟန်မတူ။

သီချင်းဆုံးသွားပြီး ခဏအကြာမှာ ‘သီချင်းသည်’ကလေးက ပန်းကုံး စွပ်ပေးသော သူ့ဖောက်သည်စားပွဲမှာ လာထိုင်သည်၊

“ဘာလုပ်တာလဲ”

“ကျေးဇူးတင်စကားလာပြော၊ လာပြီး နှုတ်ဆက်တာပေါ့ကွာ”

ခပ်တိုတိုပင် ပြန်ဖြေလိုက်၏။

သည့်နောက် တစ်ယောက်ပြီး တစ်ယောက် အလှည့်ကျ သီချင်းတွေ ဆက်ဆိုသည်။ အလှည့်ကျဖို့ နီးလာလို့လားမသိ၊ စားပွဲမှာ ထိုင်နေသည့် ကောင် မလေး ထပြန်သွား၏။ စင်ပေါ်မှာ သီချင်းဆုံးတော့ ကီးဘုတ်ဆရာက ကောင်



မလေးတွေ နားနေသည့် နောက်ဘက်ကို ဝင်သွားတာ တွေ့သည်။ သည်တော့မှ စောစောက လာထိုင်သည့် ကောင်မလေးနှင့် ကီးဘုတ်ဆရာတို့က သမီးရည်းစား ဖြစ်နေကြတယ်ဆိုတဲ့ ဝိတ်တာလေးတွေ ပြောစကား ပြန်သတိရလိုက်၏။ ကီး ဘုတ်ဆရာ ဝင်သွားပြီး သိပ်မကြာလှ၊ အတွင်းထဲမှ စကားသံတွေ ဆူညံဆူညံ ကြားရတော့သည်။ အော်ကြီးဟစ်ကျယ် ရန်ဖြစ်သံတွေမှန်း သိလိုက်၏။ သူတို့ ထိုင်သည့် စားပွဲက ကောင်းမလေးတွေနေသည့်နေရာနှင့် နီးသော ရှေ့စားပွဲ မို့ စင်ပေါ်က တေးသံတိတ်နေချိန်မှာ အတိုင်းသား ကြားနေရသည်။

“ဘာဖြစ်တာလဲကွ”

“ကီးဘုတ်ဆရာနဲ့ စောစောက ညှော်သည်နဲ့ ထိုင်တဲ့ ကောင်မလေး ရန်ဖြစ်ကြတာ ဖြစ်နိုင်မယ်။ သူတို့က သမီးရည်းစားတဲ့”

“ညှော်သည်နဲ့ သဝန်တိုတာပေါ့”

“ဒါပဲ ဖြစ်မှာပဲ”

ထိုသို့ပြောနေစဉ်မှာ စတိတ်စင်ပေါ်သို့ ပုလင်းတစ်လုံးက ဒုန်းကနဲ ရောက်သွား၏။

အကြည့်က စင်ပေါ်သို့ ရောက်ကုန်ကြသည်။

“ရန်ဖြစ်ပြီး ပုလင်းနဲ့ ပေါက်လိုက်တာကွ”

စကားသံမဆုံးခင်မှာပင် လက်ခုပ်သံတွေ တဖြောင်းဖြောင်းဆူညံသွား ၏။

“ဘာလဲကွ”

“မသိဘူး။ အတွင်းထဲက ရန်ဖြစ်လို့ ပုလင်းထွက်လာတာလို့ ဝိတ်တာ တွေက အကျင့်ပါပြီး လက်ခုပ်တီးလိုက်တာပဲ ဖြစ်မယ်”

“မင်းတို့ဆိုင်ကတော့ကွာ”

ရယ်ကျဲကျဲပြောလိုက်သည့် သူငယ်ချင်းစကားက ‘သေတင်းကုပ်’အပေါ် မှာ၊လည်သွားပုံရတော့၏။

စကားအဆုံးမှာ တေးသံရှင်တစ်ဦး၏အလှည့် သီဆိုရန် ကြေညာသံ

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသည်။

လက်ခုပ်သံက ထုံးစံအတိုင်း တဖြောင်းဖြောင်း။ ကီးဘုတ်ဆရာထွက်လာပြီး သူ့ခုံမှာ ထိုင်သည်။ တေးသွားခြေဆင်းသံ ထွက်လာ၏။

လက်ခုပ်သံက တဖြောင်းဖြောင်း။

ခဏအကြာမှာ သီချင်းသည်လေး စတိတ်စင်ပေါ် ရောက်လာသည်။

တေးသံက တစ်ဆိုင်လုံး ပျံ့သွား၏။

လက်ခုပ်သံတွေက တဖြောင်းဖြောင်း။

"ဟော့. . . ကောင်. . . ဟော့ကောင်"

"ဘာလဲကွ"

"တီးနေတာက သီချင်းတစ်ပုဒ်၊ ဆိုနေတာက တစ်ပုဒ်ဖြစ်နေပြီကွ"

"နေစမ်းပါကွာ"

လက်ခုပ်သံတွေကတော့ တဖြောင်းဖြောင်းနှင့် ဆူညံစွာ ကြားနေရဆဲ။

✠✠✠

၂၀၀၅ ခုနှစ်၊ အင်ဝါရာမဂ္ဂဇင်း။

***

# အဝေးဆုံး အနီးဆုံး

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ကဗျာဆရာတွေက သူများတွေထက် နည်းနည်းတော့ ထူးခြားတာ အမှန်ပဲဆိုတော့ ညို့မျက်နှာဆီ ဖျက်ကနဲ အကြည့်ရောက်သည်။ ညို့မျက်နှာက အတည်အတန့်ပြောနေမှန်း နားလည်လိုက်သည်။

"ကို့. . . လက်ခံရဲ့လားဟင်"

ညိုက သူ့မျက်ဝန်းကို စူးစူးစိုက်စိုက်ကြည့်ရင်း ပြုံးတော့မလို မျက်နှာထားနှင့် မေးပြန်သည်။ သူများတွေထက်တော့ နည်းနည်းပိုကြောင်တယ်ဟု ပြောချင်ပြီလား အတွေးရောက်၏။

"ပြောပါဦး . . . ကို"

ငြိမ်သက်စွာ နားထောင်နေသည်ကို မနှစ်မြို့က်သလို ထပ်ပြီး သတိပေး၏။

"ညို. . . ကို. . . ဟိုးအရင်တုန်းက ဖတ်ခဲ့ဖူးတဲ့ ဝတ္ထုတိုလေးတစ်ပုဒ် ပြောပြမယ်။ ကြာပြီဆိုတော့ အတိအကျတော့ ဟုတ်ချင်မှ ဟုတ်မယ် ညို။ ကြိုက်လွန်းလို့ ခဏခဏ ထပ်ဖတ်မိလို့ စွဲနေခဲ့တာ"

"ဘယ်သူရေးတာလဲဟင်"

"ကိုယ်တွေ့ ဝတ္ထုပြိုင်ပွဲမှာ ပထမဆုရသွားတဲ့ ဝတ္ထုတိုလေး။ ရေးတဲ့သူ



ကလည်း နာမည်ကြီး စာရေးဆရာကြီး မဟုတ်ဘူးပေါ့။ အမေရိကန်တပ်က ဗိုလ်မှူးချုပ်ဟောင်း 'အီးဘရိုးဟား'ရေးတာ။ ခေါင်းစဉ်က 'Baggy Plants' တဲ့။ အဲဒီဝတ္ထုတိုလေးကို ရီးဒါးစ်ဒိုင်ဂျက်စ်အဟောင်းထဲက ဖတ်မိတာ"

"အင်း. . . ပြောပါဦး"

"၁၉၄၂ ခုနှစ်လောက်က ဖော်မိုဆာကျွန်းက 'ရှိုးကားဝါး'ဆိုတဲ့ သုံ့ပန်းစခန်းမှာ ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကလေးတဲ့ ညို။ အဲဒီသုံ့ပန်းစခန်းမှာ အမေရိကန်စစ်သုံ့ပန်း (၇၀)လောက်ရှိသတဲ့။ အဲဒီအထဲမှာ ဒီဝတ္ထုတိုလေးရေးတဲ့ 'အီး. . ဘရိုးဟား'လည်း ပါတာပေါ့။ တိုတိုပြောရရင်တော့ ဂျပန်တွေက အဲဒီစခန်းလေးကို မထင်ရင် မထင်သလို လျှပ်တစ်ပြက်ဝင်ရှာ၊ ဝင်စစ်လုပ်လေ့ရှိသတဲ့။ တစ်နေ့ မနက်စောစောမှာ အဲဒီလို ဝင်ရှာလိုက်တာ ဘရိုးဟားရဲ့ ဒိုင်ယာရီစာအုပ်တွေ၊ စာရွက်စာတမ်းရေးခြစ်ထားတာတွေ မိသွားရော။ ဘရိုးဟားက ကဗျာဆရာပေါက်စဆိုတော့ သူ့ခံစားရတာတွေ၊ ကဗျာရေးထားတာတွေ ပါသွားသတဲ့။ အဲဒီလို စာရွက်စာတမ်းတွေဘာတွေ မိသွားပြီဆိုရင် ဂျပန်တွေဟာ ပြင်းပြင်းထန်ထန် အရေးယူလေ့ရှိတာ သိထားတော့ 'ဘရိုးဟား'ဟာ တုန်တုန်လှုပ်လှုပ်ဖြစ်နေတာပေါ့ ညို။ သူ့ကိုတော့ အပြစ်ဒဏ်ထပ်တိုးတော့မှာပဲ တွေးပူနေတာပေါ့။ သူ့ရှေ့က လူတွေကို ခေါ်ခေါ်စစ်ဆေးရင်းနဲ့ သူ့လိုပဲ စာရွက်စာတမ်းမိသွားသူတွေကိုတော့ တိုက်ပိတ်အပြစ်ပေးတာမျိုး၊ နှိပ်စက်တာမျိုးတွေ လုပ်တာ သိရင်း ဘရိုးဟားက သူ့အလှည့်ကို ရင်တဒိတ်ဒိတ်နဲ့ စောင့်ရတယ်တဲ့။ သူ့ရှေ့က လူတွေက ရိုးရိုး စာရွက်စာတမ်းတွေ၊ သူက 'ကဗျာ'တွေဆိုတော့ ပိုပြီးအပြစ်ကြီးမှာပဲ တွေးတာပေါ့။ အဲဒီစခန်းက တာဝန်အရှိဆုံး ဂျပန်ကြီးကလည်း အတော်ဆိုးတယ်တဲ့"

"အဲဒီတော့ ပိုကြောက်မှာပေါ့"

"ဟုတ်တယ် ညို၊ ဒီဂျပန်ကြီးက အရုပ်ဆိုးဆိုးနဲ့ ကြမ်းကလည်း ကြမ်းတယ်တဲ့။ သူ့ကွယ်ရာမှာ သုံ့ပန်းတွေက သူ့ကို ရွံ့ကြောက်ဖို့ နာမည်ပြောင်နဲ့ ခေါ်ကြတာတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာလိုဆိုရင်တော့ 'ငပွကြီး'တို့၊ 'ချဉ်ဖတ်ကြီး'တို့လိုမျိုးလား-ကို"

"ဟုတ်တယ်၊ ဟုတ်တယ် ညီ။ 'ချဉ်ဖတ်ကြီး'ဆိုတဲ့ နာမည်ပြောင်မျိုး ခေါ်ကြတာပေါ့"

"ကြာတော့ ဒီဂျပန်ကြီးကလည်း သူ့ကို ဒီလိုခေါ်တာ ရိပ်မိပုံရတယ်တဲ့၊ အဓိပ္ပာယ်အတိအကျ မသိရင်တောင်မှ သူ့ကို မနှစ်မြို့လို့ ခေါ်မှန်းတော့ နားလည်ပုံပဲတဲ့"

"ဆက်ပါဦး - ကို၊ ကဗျာဆရာသုံ့ပန်းကို ချဉ်ဖတ်ကြီးက ခေါ်ပြီး နှိပ်စက်ရောလား"

"သူတို့စခန်းထဲမှာ စိုက်ခင်းရှိတယ်တဲ့၊ အဲဒီစိုက်ခင်းထဲမှာ 'ဘရိုးဟား' အလုပ်လုပ်နေတဲ့ အချိန်မှာ ချဉ်ဘတ်ကြီး 'ဘရိုးဟား'ဆီကို တည့်တည့်မတ်မတ် လျှောက်လာတာ လှမ်းမြင်သတဲ့"

"အနားရောက်လာပြီး ခေါ်ရောလား"

"ချဉ်ဖတ်ကြီးရဲ့ လက်ထဲမှာလည်း စာရွက်စာတမ်းဖိုင်တစ်ခုကို ကိုင်ထားသတဲ့။ သူများတွေလို အခန်းထဲ မခေါ်ဘဲ၊ သူ့ဆီ ကိုယ်တိုင်ရောက်လာတော့ 'ဘရိုးဟား'က ပိုကြောက်တာပေါ့။ ဒါနဲ့ အနားရောက်လာတော့ အလေးပြုပြီးပုံစံအနေအထား နေလိုက်တာပေါ့။ ချဉ်ဖတ်ကြီးက သူ့ကို စူးစိုက်ကြည့်ရင်း အင်း . . . 'ဘရိုးဟား'လားလို့ မေးသတဲ့။ သူက ဟုတ်ပါတယ်ပေါ့။ မင်း ကဗျာဆရာလားလို့ ရုတ်တရက် ထပ်မေးလိုက်တော့ 'ဘရိုးဟား'က ကြောင်သွားသတဲ့"

"သိမ်းသွားတဲ့ ကဗျာတွေကြောင့် ကဗျာဆရာမှန်း သိသွားတာပေါ့ နော်"

"ဟုတ်တယ် ညီ။ အဲဒီလိုမေးတော့ 'ဘရိုးဟား'က ငါ ကဗျာဆရာ မဟုတ်သေးပါဘူး။ ကဗျာရေးစ ကြိုးစားနေတုန်းအဆင့်ပါပဲလို့ပြန်ဖြေလိုက်သတဲ့။ ဒီတော့ ချဉ်ဖတ်ကြီးက ဖိုင်ကို ပုတ်ပြပြီး ဒီအထဲက ကဗျာတွေ မင်းရေးတာ ပေါ့လို့ ထပ်မေးသတဲ့၊ 'ဘရိုးဟား'ကလည်း ဟိုနေ့က ဖမ်းသွားတဲ့ ကဗျာတွေ ဖိုင်ထဲမှာ ပါလာတာ သိပြီး ဟုတ်ပါတယ်လို့ ဝန်ခံရင်း အပြစ်ရှိသူပမာ ခေါင်းငုံ့



ထားလိုက်တယ်တဲ့။ ဒီခဏဟာ သူ့အတွက် အကြာဆုံးပဲ ထင်ရတာပေါ့။ သူ့အပြစ်ကို ချဉ်ဖတ်ကြီး ဘယ်လိုဆုံးဖြတ်မယ်ဆိုတာ တွေးကြောက်နေတာပေါ့။ ခဏငြိမ်သွားပြီး ချဉ်ဖတ်ကြီးက ပြောတယ်တဲ့။ မင်း ကဗျာတွေ ငါကြိုက်တယ်ကွာတဲ့။ လေသံကလည်း နူးနူးညံ့ညံ့ပြောင်းသွားသတဲ့"

"ဩော်"

"ဘရိုးဟားကလည်း အရမ်းအံ့သြသွားပြီး မယုံနိုင်သလို ချဉ်ဘတ်ကြီးရဲ့ မျက်နှာကို မော့ကြည့်မိတာပေါ့။ ချဉ်ဖတ်ကြီးမျက်နှာက အတည်ပြောနေမှန်း သိသာသတဲ့။ ဒါနဲ့ ဘယ် ကဗျာကြိုက်တာလဲလို့ သူ့ပါးစပ်က ထွက်သွားပြီးမှ သူမေးတာ မှားသွားပြီလား စိုးရိမ်နေချိန်မှာပဲ ချဉ်ဖတ်ကြီးက 'အိမ်အလွမ်း' ဆိုတဲ့ ကဗျာလေ၊ မင်းမိသားစုကို မင်းလွမ်းတဲ့အကြောင်း ရေးထားတဲ့ ကဗျာ မပေါ့လို့ မဆိုင်းမတွ ပြောလိုက်သတဲ့။ 'ဘရိုးဟား'က အရမ်းပျော်သွားပြီး စိတ်ကလည်း လွတ်ထွက်သွားသတဲ့။ ဒါနဲ့ ချဉ်ဖတ်ကြီးရဲ့ ပခုံးကို ကိုင်လှုပ်ရင်းဟာ. . . ချဉ်ဖတ်ကြီး၊ ခင်ဗျား ကျွန်တော့်ကဗျာတွေကို တကယ်ဖတ်ထားတာပါလား၊ ခင်ဗျား တကယ်ကြိုက်တာလား၊ ပျော်တယ်ဗျာလို့ ပြောလိုက်ပြီးမှ ကြောက်မကြောက်ရွံ့ရွံ့နဲ့ ပြန်ပြီး သတိဆွဲပုံစံအနေအထား ပြန်နေလိုက်မိတယ်တဲ့"

"သုံ့ပန်းနဲ့ တာဝန်ရှိတဲ့သူဆိုတာ မေ့သွားတာပေါ့"

"ဟုတ်တယ် ညီ၊ သူ မှားသွားပြီဆိုတဲ့ အသိနဲ့ စိုးရိမ်နေတုန်းမှာ ချဉ်ဖတ်ကြီးက ခပ်ပြုံးပြုံးနဲ့ ပြောတယ်တဲ့၊ မင်းတို့ ငါ့ကို ချဉ်ဖတ်ကြီးခေါ်တာလည်း ငါသိပါတယ်တဲ့။ ဒါတွေက တာဝန်ပိုင်းတွေပါကွာ။ ထားလိုက်ပါ။ ငါအခု မင်းကို စကားပြောနေတာက ငါကြိုက်တဲ့ ကဗျာဆရာနဲ့ သူ့ပရိသတ်ပြောသလိုမျိုး ပြောတာကွလို့ ပြောတော့ 'ဘရိုးဟား'က ကြည်ကြည်နူးနူးနဲ့ နေပါဦး၊ မင်းက 'အိမ်အလွမ်း'ကဗျာကို ဘာလို့ ကြိုက်တာလဲလို့ မေးလိုက်တယ်တဲ့"

"ပြောရဲဆိုရဲဖြစ်လာတာပေါ့"

"ဟုတ်တယ် ညီ၊ ချဉ်ဖတ်ကြီးကလည်း ချက်ချင်းပဲ ပြန်ဖြေသတဲ့"

"ဘယ်လိုဖြေလဲ ကို"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မင်းတို့ ဒီအကျဉ်းစခန်းက ကျွန်းပေါ်မှာ ရောက်ပြီး မိသားစုနဲ့ ခွဲနေကြရသလို၊ ငါလည်းပဲ ငါ့မိသားစုနဲ့ ခွဲပြီး ဒီမှာ နေရတာပါပဲကွာတဲ့။ မင်းတို့ရင်ထဲက ခံစားရသလို၊ ငါ့ရင်ထဲမှာလည်း ခံစားရတာပဲပေါ့။ ငါ့ခံစားမှုကို ငါလည်း ဂျပန်လို ရေးထားတာ ရှိတယ်။ ငါ အင်္ဂလိပ်လို ကြိုးစားပြန်ပြီး မင်းကို ပြမယ်။ ငါ့ကို နည်းနည်းပြန်ပြင်ပေးပေါ့ကွာလို့ တစ်ဆက်တည်းပြောလိုက်သတဲ့"

"ချဉ်ဖတ်ကြီးကလည်း ကဗျာဆရာကိုး"

"ဟုတ်တယ် ညို၊ သူတို့နှစ်ယောက်စလုံးဟာ အဲဒီအချိန်မှာ သံ့ပန်းဆိုတာနဲ့ တာဝန်ရှိတဲ့သူ ဆိုတာကို လုံးလုံးမေ့နေကြတယ်တဲ့"

ညို ထည့်ပေးထားသည့် အကြမ်းပန်းကန်ထဲမှ ရေနွေးကို ကောက်ယူသောက်ရင်း ညို့မျက်နှာကို ကြည့်မိသည်။

✠✠✠



(၂)

"ဒါပါပဲ ညို၊ ညို အစောက ပြောတဲ့ ကဗျာဆရာတွေက သူများတွေထက် ထူးခြားတာ အမှန်ပဲ ဆိုတာလေ။ အဲဒီဝတ္ထုတိုလေးထဲက ကဗျာဆရာနှစ်ယောက်ဆိုရင်လည်း ထူးခြားနေတယ် ဆိုရမလားဘဲ။

ညိုက ငြိမ်သက်စွာ နားထောင်ရင်း သူ့မျက်နှာကို ခပ်ပြုံးပြုံး ကြည့်နေသည်။

"ကဗျာဆရာတွေက ထူးခြားတာ မဟုတ်ပါဘူး ညို၊ ကဗျာကို ချစ်တဲ့နှလုံးသားကသာ ထူးထူးခြားခြားတွေကို ဖြစ်စေတာပါ"

ညို့မျက်နှာမှာ မျက်ခုံးနှစ်ဖက်ကို ကျုံ့၍ စဉ်းစားဟန်ပြုသည်ကို မြင်၏။

✠✠✠

၂၀၀၆ ခုနှစ်၊ ဩဂုတ်ဆုရကဗျာနယ်။

***

www.burmeseclassic.com

www.burmeseclassic.com

# ပန်းပင်ကလေးတွေရှိတဲ့ မြို့

www.burmeseclassic.com

www.burmeseclassic.com

## (၁)

လမ်းထဲမှာ ခြံအလွတ်တစ်ကွက်ရှိသည်။ ခြံစည်းရိုးအုတ်တံတိုင်း အကျအနခတ်ထား၏။ ခြံစည်းရိုးရှိသော်လည်း ခြံထဲမှာတော့ ချုံနွယ်များ၊ သစ်ပင်ကြီးများ တောထကာ မြေအရိုင်းလို ဖြစ်နေသည်။ ပိုင်ရှင်များက ဘယ်မှာနေသည်ဟု မသိ။ လာရောက်ရှင်းလင်းခြင်းမရှိသောကြောင့် တစ်ခြံလုံး မြက်ပင်ရှည်များ၊ ချုံပုတ်များ ပြည့်နေ၏။

ဟိုးစောစောပိုင်းက သည်လမ်းထဲအထိ အမှိုက်ကားက ဝင်သည်။ နောက်တော့ လမ်းသွယ်မို့ဆိုပြီး လမ်းမကြီးထဲသာ ဝင်တာ လမ်းထိပ်မှာ ရပ်သည်။ ဟော. . . အခုတော့ လမ်းမကြီးထဲကိုတောင် မဝင်တာ ကြာပြီပဲ။

သည်တော့ သည်လမ်းသွယ်ထဲမှာ နေသည့် အိမ်အချို့က ခြံလွတ်ကြီးထဲကို အမှိုက်သရိုက်များ စွန့်ပစ်ကြသည်။ တစ်ခါတစ်ခါ သစ်ကိုင်းများ၊ ကားတာယာဟောင်းများ၊ အိမ်မှ စွန့်ပစ်ပစ္စည်း ခပ်ကြီးကြီးများကိုပင် သည်ခြံလွတ်ကြီးထဲသွားပစ်တာ မြင်နေရသည်။ သည်ခြံလွတ်ကြီးက သူတို့အတွက် အသုံးတည့်နေသည်။

မကြာခင်ကတော့ သည်ခြံလွတ်ကြီး ရောင်းထွက်သွားပြီဆိုသည့် သတင်းကြားရ၏။



သည်သတင်းအကြားမှာ နေမည့်သူတော့ ခြံကြီးကို အတော်ရှင်းယူရမှာပဲဟု မဆီမဆိုင် တွေးဖြစ်သေးသည်။

တစ်ဆင့်စီ ပြန်ရောင်းမည့် ဝယ်ရောင်းဖြစ်နေလျှင်တော့ ရှင်းသင့်မှ ရှင်းပေမည်။ ခြံဝယ်ပြီး အိမ်တစ်လုံးဆောက်မည့်သူဖြစ်ပါက ပထမဆုံး ခြံရှင်းသည့်အလုပ်ကို မဖြစ်မနေလုပ်ရမည်ပဲ။

***



www.burmeseclassic.com



# (၂)

သူ့ခြံလေးဝယ်စကအဖြစ်တို့ အတွေးထဲ ဝင်လာသည်။ ခြံပိုင်ရှင်နေသည့် အိမ်က ခြံ၏ တစ်ဖက်ခြမ်းမှာ ဖြစ်ပြီး သူ့ကို ထက်ဝက်ပိုင်းရောင်းတာဖြစ်သည်။ သူ့ကို ရောင်းမည့်အခြမ်းမှာ မြေနိမ့် ရေဝပ်သဖြင့် ခြံထဲ ဆင်းကြည့်စဉ် ခြေထောက်တွေ ရွံ့ထဲ နစ်သည်။ မရှင်းဘဲ ထားသဖြင့် မြက်ပင်ရှည်တွေ မင်းမူနေသည်။ ခြံထောင့်နှင့် မျက်နှာစာမကျတကျမှာ ဝါးရုံနှစ်ရုံရှိသည်။ အခြား အမည်မသိသော ထိုးထိုးထောင်ထောင် အပင်ငယ်တွေကလည်း အများသား။

"ခြံကတော့ အတော်ရှင်းယူရမယ်နော်"

ဟု သူက ပြောမိသည်။

"တော်သေးတာပေါ့ဗျာ၊ ကျွန်တော်တို့ ရောက်စကဆို တကယ့်တောကြီးကျနေတာပဲ။ ဟိုးအရင်ကဆိုရင် ဒီနေရာတွေက ရေကန်ကြီးဗျ။ ပြီးမှ မြရာပင်တွေပေါက်ပြီး မြရာတောကြီးဖြစ်သွားတာ။ ကျွန်တော်တို့ ဝယ်တော့ မြရာပင်တွေ ရှင်းပစ်ရတာ ဘယ်သက်သာမလဲ"

ခြံပိုင်ရှင်က ရှင်းပြသည်။ တောကို လူနေသည့် နေရာအဖြစ် ဖန်တီးယူဖို့ဆိုတာ မလွယ်တူမှန်း သဘောပေါက်သည်။ သည်လောက်အထိ ဖြစ်လာသည်ကပင် ပထမ ရှေးလူများ အပင်ပန်းခံ ရှင်းလင်းခဲ့ကြလို့သာဟု နားလည်သည်။

※※※



# (၃)

နောက်ဆုံးတော့ ရွှံ့တွေ၊ ဗွက်တွေ၊ ချုံတွေ၊ မြက်တွေနှင့် သည်ခြံလေးကို ဝယ်ဖြစ်သွားသည်။

အိမ် ဘယ်တော့ဆောက်ဖြစ်မည် မသိသေးသော်လည်း ခြံကလေး သာသွားအောင်ဆိုပြီး သူ့တပည့် ငွေအောင်တို့မိသားစုကို နေဖို့ ထားခဲ့သည်။ ခြံထဲမှာ ငွေအောင်တို့က တဲကလေးထိုးကာ နေသည်။

ငွေအောင်တို့ ရောက်ပြီး တစ်လလောက်အကြာ သူရောက်တော့ ခြံကလေးကို မမှတ်မိနိုင်အောင် ပြောင်းလဲသွားတာ တွေ့ရသည်။ ခြံထောင့်တွေလောက်မှာသာ ဗွက်တွေ၊ ရွံ့တွေရှိပြီး ငွေအောင်တို့ တဲကလေးအနီးတစ်ဝိုက်မှာ မြေဖို့ထားတာ တွေ့သည်။ မြက်တွေ၊ ချုံနွယ်တွေလည်း မရှိတော့။ အတော်လေး သပ်သပ်ရပ်ရပ်ဖြစ်နေသည်ပဲ။

"ငွေအောင် မင်း တော်တော်ရှင်းယူရမှာပဲ"

"တစ်နေ့ နည်းနည်း ရှင်းယူရတယ် ဆရာ။ ဒါနဲ့ ဆရာ့ကို မမေးရသေးဘူး ဝါးရုံနှစ်ရုံကို ချန်ထားတယ် ဆရာ၊ ဘာလုပ်ရမလဲ"

"အိမ်ဆောက်မှာပဲကွာ၊ ဒီဝါးရုံတွေ ဘာလုပ်ဖို့ ထားမှာလဲ၊ ရှင်းပစ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုက ဝါးနက်ဝါး ဆရာ၊ နောက်တစ်ခုက ဝါးဆစ်ပိတ်ခေါ်မှာ ပေါ့။ ဝါးတွေကတော့ အဖိုးတန် ဝါးမျိုးတွေပဲ"

"ဘာဖြစ်ဖြစ်လေကွာ၊ နောက်ဆုံး အိမ်ဆောက်ရင် ဒါတွေ ထားလို့မှ မရတာ"

"ဟုတ်ကဲ့ ဆရာ"

✠✠✠



# (၄)

နောက်တစ်ခေါက် ကျွန်တော်ရောက်တော့ ဝါးရုံနှစ်ရုံစလုံး မရှိတော့။

"အတော်ခက်ခက်ခဲခဲလုပ်ရတယ် ဆရာ။ ဝါးဆစ်ပိတ်တွေက ရှင်းရ လင်းရတာ မလွယ်ဘူး။ ဝါးနက်ဝါးတွေကတော့ ကျွန်တော်ရောင်းစားလိုက်တာ တော်တော်ရတယ်"

"ဒီအငုတ်တိုတွေ ဘယ်လိုရှင်းမလဲ"

ခုတ်ထားသဖြင့် ဒူးဆစ်လောက် ကျန်နေသေးသည့် ဝါးငုတ်တိုတွေကို ကြည့်ရင်း သူ မေးသည်။

"ဒီအတိုင်းထားဦးမယ် ဆရာ။ ဆွေးသွားမှ ကျွန်တော် ထပ်ရှင်းမယ်"

သူ ဘာမှ ထပ်မပြောမိတော့။ မြေထဲမှာ ဝါးရုံနှစ်ခုကို ခုတ်ထားသော သည်ဝါးငုတ်တိုတွေကလွဲလျှင် အားလုံးရှင်းလင်းပြီးဖြစ်နေပြီ။

သည်လိုနှင့် မြေကို သူ မရောက်ဖြစ်တာ ကြာသွားသည်။ အလုပ်နှင့် နိုးထွက်နေရသည်က များသဖြင့် မြေဘက်ကို ခြေဦးမလှည့်ဖြစ်။ မိုးဦးကျစမို့ မြေထဲမှာ ရေကတော့ ဝပ်ဦးမည်ပဲ။ နွေရောက်မှ ခဲကျိုးဝယ်ပြီး မြေထဲ ဖို့မည်ဟု တွေး သည်။ မြေမဖို့ခင်မှာ အရေးကြီးတာက ဝါးရုံငုတ်တွေ ရှင်းပြီးမှ ဖြစ်မည်။

"ဟာ - ငွေအောင်ရေ၊ ဘယ်လိုဖြစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ခြံထဲ ဝင်လိုက်လျှင် ဝင်လိုက်ချင်း အံ့ဩသွားမိသည်။ သူ့အနားသို့ ဌေးအောင် ရောက်လာသည်။ ဝါးရုံငုတ်တွေက အတက်တွေ၊ အခက်တွေ ဝေစည်ထွက်နေတာကို သူကြည့်နေမိ၏။

"ဟုတ်တယ် ဆရာ၊ ကျွန်တော်လည်း ကြည့်ပြီး စိတ်ပျက်နေတာ။ ဒီဝါးရုံတွေ ဘယ်လိုရှင်းရမလဲ မသိဘူး"

"ဒီလိုလုပ်ကွာ။ မင်းတစ်ယောက်တည်း မနိုင်ရင် လူထပ်ငှား။ ပြီးတော့ အမြစ်တွေကနေ လှန်ပြီး တူးပစ်"

"ကျွန်တော် ဒီလို စဉ်းစားတယ် ဆရာ။ မလွယ်ဘူး ထင်တယ်၊ အမြစ်တွေက ပွားပြီး အများကြီး၊ ပြီးတော့ အနက်ကြီး တူးရမှာ မလွယ်တာလည်း တစ်ပိုင်း၊ နောက်တစ်ပိုင်းက . . ."

"ဘာလဲ"

"ပြန်ပေါက်မှာပဲ ဆရာ၊ ဝါးမြစ်ကို ကုန်အောင် တူးဖို့ မလွယ်ဘူး။ ကျွန်တော်တို့တောမှာ တောင်ယာခုတ်ရင် အဲဒီဝါးရုံရှင်းရတာ အခက်ဆုံးပဲ"

"တောင်ယာမှာ ဘယ်လိုရှင်းလဲကွ"

"တောင်ယာကတော့ ဆရာရယ် မီးရှို့ပစ်လိုက်တာပေါ့။ နွေခေါင်ခေါင် သိပ်ပူပြင်းနေတဲ့အချိန် မီးရှို့ထားလိုက်တယ်။ တခြားအပင်တွေက မီးရှို့လိုက်၊ ရှင်းလိုက်ရင် လွယ်တယ်။ ဝါးရုံကျတော့ မီးရှို့၊ အပေါ်ပိုင်း မီးလောင်သွားရင်တောင် အမြစ်တွေ ထပ်တူး၊ မီးထပ်ရှို့၊ ခဏခဏ မီးတိုက်ပေးမှ ဒီကောင်က ရတာ"

"ခက်တာက ဒီမှာ မီးရှို့ဖို့ မလွယ်ဘူး"

"ဟုတ်တယ် ဆရာ၊ မိုးတွင်း ရေဝပ်နေလို့ မီးစွဲဖို့ မလွယ်သလို၊ လူနေရပ်ကွက်ဆိုတော့ . . ."

ဝါးရုံတွေဆီ ကြည့်ရင်း သက်ပြင်းကို ချမိသည်။

"ငါပြောသလို အမြစ်တွေသာ အရင်တူးထားကွာ၊ နောက်တစ်ခါ ငါလာမှ ကြည့်လုပ်ကြတာပေါ့"

ဝါးအမြစ်တွေ တူးဖို့ လူငှားရန် ငွေပေးပြီး ပြန်ခဲ့၏။

❋❋❋



(၅)

"ဘယ်လိုလဲ ဌေးအောင်"

သည်တစ်ခေါက်လည်း အတော်ကလေးခြားပြီးမှ ခြံကို သူရောက်သွားသည်။

လှမ်းအကြည့်မှာ ဝါးမြစ်တွေ ပိုးလိုးပက်လက်လန်ပြီး စုပုံထားတာ မြင်သည်။ သည်လောက်ဆိုတော့ အခြေအနေကောင်းမှာပဲ တွေးသည်။

"မစွံဘူး ဆရာ"

"ဟေ"

"ကျွန်တော်ပြောသလိုပဲ၊ အားလုံးကုန်အောင် မြေလှန်ဖို့ မလွယ်ဘူး ဆရာ၊ တတ်နိုင်သလောက်၊ ရသလောက်တော့ တူးတာပဲ"

"ဒီလောက်တူးလိုက်တာ အဆင်မပြေဘူးလား"

"လာ- ဆရာ၊ သွားကြည့်ရအောင်"

ဌေးအောင် ဦးဆောင်ပြီး ဝါးမြစ်တွေဘေးရောက်သွားသည်။

"တွေ့လား ဆရာ၊ ဟိုမှာ အစို့လေးတွေ၊ အတက်ကလေးတွေ"

တူးထားသည့် မြေကြီးတွင်းမှ လူးလွန့်လာသည့် ဝါးပင်စို့ကလေးတွေကို ဌေးအောင်က ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်ကြမလဲ ငွေအောင်"

"ဆရာ့မှာ ကားဘက်ထရီအဟောင်းတွေ ရှိလား ဆရာ"

"ဟေ - ဘာလုပ်ဖို့လဲ"

"ဟိုဘက်ခြံက ခြံစောင့်က ပြောတယ်။ ကားဘက်ထရီအိုးထဲက အက်စစ်တွေ ဒီတွင်းထဲ လောင်းချလို့ ပြောတယ် ဆရာ၊ စမ်းကြည့်ရအောင်"

သူ ခဏစဉ်းစားသည်။

"ကားဘက်ထရီ မလိုပါဘူးကွာ"

"ဘာလို့လဲ ဆရာ"

"အက်စစ်ပဲ လိုတာပဲကွ၊ အက်စစ်ဝယ်လိုက်ပေါ့၊ အက်စစ်ကို ကားဘက်ထရီပြင်တဲ့ဆိုင်မှာ သွားမေးဝယ်ကွာ၊ ဒါပေမယ့် တစ်ခုသတိထား ငွေအောင်။ အဲဒီအနီးအနားကို ခွေးတွေ၊ ကြောင်တွေ မလာနိုင်အောင် တစ်ခုခု ကာထားကွ၊ ပြီးမှ အက်စစ်လောင်း၊ ဟုတ်လား"

"ကျွန်တော် စမ်းကြည့်မယ် ဆရာ"

✠✠✠



## (၆)

"ဆရာရေ - အက်စစ်နဲ့ကျမှ အဆင်ပြေသွားတယ်။ အစို့တွေရော၊ အညှောင့်တွေရော အားလုံးသေကုန်ပြီ"

နောက်တစ်ခေါက် ခြံထဲအရောက်မှာ ငွေအောင်က သူ့ကို ဆီးကြို ပြောသည်။ အက်စစ်စားထားသဖြင့် မြေကြီးတွေပင် ညှိမည်းနေတာ သူတွေ့၏။ ဝါးရုံကိစ္စပြီးလျှင် သူ့ရင်ထဲမှာ ပေါ့သွားသည်။ မိုးကုန်လျှင် အုတ်ခဲကျိုးဝယ်ပြီး ခြံထဲကို ဖို့ရုံသာ၊ ပြီးမှ သူ စိုက်ချင်တဲ့ အပင်လေးတွေ စိုက်ရမည်။

အိမ်လေးတစ်အိမ် မဆောက်နိုင်သေးလျှင်တောင်မှ ခြံကလေးက နေချင်စဖွယ် သာသာယာယာရှိသွားမည်လေ။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



(၇)

အခုတော့ သူ့ခြံလေးထဲမှာ အိမ်လေးတစ်လုံးရှိနေပြီ။ အရင်က ဝါးရုံ တစ်ရုံရှိခဲ့ဖူးသည့် နေရာမှာ ကားဂိုဒေါင်လေးရှိပြီး နောက်ဝါးရုံတစ်ရုံရှိခဲ့ဖူးသည့် နေရာ ခြံထောင့်မှာတော့ သူက သစ်ပင်တစ်ပင်စိုက်ထားခဲ့သည်။

ထိုအပင်လေးက သည်နှစ် စပြီး ပန်းတွေ ပွင့်သည်။ တစ်ခြံလုံး ကံ့ကော် ရနံ့တွေ လှိုင်လို့ပါပဲ။

✠✠✠

*၂၀၀၇ ခုနှစ်၊ ဖက်ရှင်အောင်မိတ်၍ မဂ္ဂဇင်း။*

***

# စွန့်လွှတ်ခြင်းမှာ

www.burmeseclassic.com

www.burmeseclassic.com

(၁)

သည်လို ပြန်ပြီးဆုံနိုင်ခွင့်ရတော့မည်ဟု ဘယ်တုန်းကမှ မတွေးမိခဲ့။ အရာရာအစစသည် အိပ်မက်နှယ်သာ သေးသိမ်မှုန်ဝါး၍ နောက်ဆုံးမှာ ပျောက်ကွယ်လွင့်ပါးသွားတော့မည် ထင်သည်ပဲ။ တစ်လမ်းစီ လျှောက်ခဲ့တဲ့ ခရီးမှ နောက်လှည့်ပြီး ခေါ် ရမည့်အဖြစ်လည်း ကြုံရမည်ဟု မထင်။

ခွဲစကနှယ် ဆတ်ဆတ်ကျင် အနေခက်အောင် ဒဏ်ရာဒဏ်ချက်တို့ မပြင်းထန်တော့သော်ငြား အမှတ်တရစိတ်တို့ကား မကုန်ခဲ့သည် အမှန်။ သံယောဇဉ်နှင့် အချစ်သည် ကုန်လွန်သွားသော နှစ်များကို အံတုကာ နှုပ်ျူရှင်သန်နေဆဲ။ ရင်ထဲမှာ ထာဝရ မဟုတ်ပေမယ့် အငုတ်ကျန်သေးသော သမုဒယကိုတော့ ဘာသာတွယ်ဖက်မိသည်ပဲလေ။ သုံးနှစ်ကျော်ကြာလို့ ဝေးကွာခြင်းမှာ နေသားတကျဖြစ်မည့်ဆဲဆဲ မျှော်လင့်မထားပါဘဲ ပြန်ဆုံခွင့်ရခဲ့ပြန်ပါသည်။

✠✠✠



(၂)

သူသွားပြီး အလုပ်လုပ်ခဲ့တဲ့ နိုင်ငံက မြန်မာတွေ အရောက်အပေါက်နည်းသည်၊ အလုပ်လာလုပ်ကြသည့် မြန်မာလည်း နည်းပါး၏၊ ထွက်လာတတည်းက မြန်မာပြည်ကို အဆက်အသွယ်မလုပ်မိသော သူ့အတွက် အပေါင်းအသင်းမိတ်ဆွေတွေနှင့်လည်း အဆက်အသွယ်ပြတ်ကုန်ပြီ။ တစ်ကောင်ကြွက်မို့ အတွယ်တာကင်းစွာ အထီးကျန်နေလာခဲ့သည်ပဲ။ ရင်ထဲမှာ ဝေဒနာက မပျောက်သော်ငြား၊ အလုပ်ထဲမှာ နှစ်မြှုပ်ထားရင်း မေ့ဟန်ပြုသည်၊

မိမိကို နာကျင်၊ နာကြည်းမုန်းတီးနေမည့် ချစ်သူနှင့် ဝေးရာကို ပြေးထွက်ခဲ့သော်လည်း နှလုံးသားသည် လွတ်မြောက်ခွင့်ကို မရ။ ဘယ်သောအခါကာလမှ တောင်းပန်ခွင့်မရနိုင်တော့သော အပြစ်တို့က ထာဝရ ခြောက်လှန့်နေဆဲပင်။ ဇာတ္တကြီးစွာဖြင့် ချစ်သူကို ခွဲခွာစွန့်ပစ်ခဲ့ခြင်းအတွက် သူငယ်ချင်းအသိုင်းအဝိုင်းကလည်း သူ့ကို အပြစ်တင်ခဲ့သည်ပဲ။ သတ္တိနည်းသူ၊ တစ်ကိုယ်ကောင်းဆန်သူဟု ယူဆ သတ်မှတ်ခဲ့ကြသည်ပဲ။

"တကယ်တော့ မင်း ဒီအခြေအနေအထိဖြစ်လာတာ သက်ထားရဲ့ ကျေးဇူးကြောင့်ဆိုရင် မင်း ငြင်းမလား ဖိုးဇော်"

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို စေ့စေ့ကြည့်ရင်း စကားသံတင်းတင်းဖြင့် အောင်မြတ်က သူ့ကို မေးသည်။

"ငါ ဘာမှ ပြင်းစရာမရှိပါဘူးကွာ။ မင်းတို့အားလုံး သိနေကြတာပဲ။ ကျောင်းမှာကတည်းက အစစအရာရာကို သက်ထားက ငါ့အတွက် တာဝန်ယူခဲ့တာပဲ"

နွမ်းနွမ်းပါးပါး ကျောင်းတက်ခဲ့ရသော သူနှင့် သက်ထားဆွေတို့ ချစ်သူဖြစ်သွားကြတော့ သူငယ်ချင်းတွေက သူ့အတွက် ဂုဏ်ယူသည်၊ ချမ်းသာကြွယ်ဝသော တစ်ဦးတည်းသောသမီး သက်ထားဆွေ၏ သူ့အပေါ် ထားသည့် ချစ်ခြင်းသံယောဇဉ်ကို အံ့ဩသည်။

"အဲဒီကျေးဇူးတွေကို မင်း မထောက်တော့ဘူးလား"

အောင်မြတ်မျက်နှာကို သူ စူးစိုက်ကြည့်သည်။

နှုတ်မှ အဖြေချက်ချင်းမထွက်။ လည်ချောင်းမှာ စကားတို့က တစ်ဆို့သည်။

"ဖြေလေ. . . ဖိုးဇော်"

" ငါ မဖြေချင်ဘူး"

"မဖြေလို့ ရမလားကွ။ မင်း ဒါဆို သက်ထားကို တကယ်မချစ်ဘူးလား"

"တကယ်ချစ်တယ် အောင်မြတ်"

"တကယ်ချစ်ရင် မင်း သူ့ကို ဘာလို့ လက်မထပ်ရတာလဲ"

အကြည့်ကို လွှဲရင်း ဆိုင်ပြင် ငေးသည်။ ဝေရီရီမျက်ဝန်းဖြင့် ခပ်လှမ်းလှမ်း သစ်တန်းထိပ်ကို မျှော်ကြည့်၏။ ပျံသွားသော ငှက်တစ်ကောင်ကို လှမ်းမြင်ရင်း ကြေကွဲစိတ်ဖြင့် ဆို့နင့်လာသည်။ သစ်ပင်ထိပ်မှာ ခဏလာနားခိုတဲ့ ငှက်တစ်ကောင်လို ဖြစ်နေတော့မှာလား တွေးဖြစ်၏။

"မင်းကွာ. . . သက်ထားကို ငဲ့ဖို့ကောင်းတယ်။ မင်း ဘာဖြစ်ချင်တာလဲ၊ မင်းဖြစ်ချင်တာ အားလုံးဖြစ်အောင် သူ ကြိုးစားပြီးလုပ်ပေးခဲ့တာပဲ။ မင်းအသိဆုံးပဲ ဖိုးဇော်။ ဒီလောကကို တိုးနိုင်ဖို့ ငွေဘယ်လောက်ရင်းခဲ့ရတယ်ဆိုတာ၊ ဘယ်လိုမှ ပြန်ရနိုင်မှန်း မသေချာဘဲ မင်းကို မြေတောင်မြှောက်ပေးခဲ့တာ၊ မင်း ဝါသနာ



ကြီးလွန်းလို့ မင်းစိတ်ချမ်းသာအောင် လုပ်ပေးခဲ့တာတွေ ငါတို့အားလုံး သိနေတာပဲ'

"ငါ နားလည်ပါတယ်"

"ဒါဆို မင်းက ဘာလဲ၊ ဇာတ်ကားလေး နှစ်ကား သုံးကားရိုက်ရုံနဲ့ ပရိသတ်က အတော်အတန် အသိအမှတ်ပြုခံလိုက်ရလို့ ဘဝင်မြင့်သွားတာလား။ ရှေ့မှာ အလားအလာတွေရှိတယ်ဆိုပြီး သက်ထားကို စုံတန်ချင်တာလား"

"မဟုတ်ဘူး အောင်မြတ်၊ မဟုတ်ဘူး"

"ဒါဆို မင်း သူ့ကို လက်မထပ်တော့ဘူးလို့ ဘာလို့ ဆုံးဖြတ်တာလဲ၊ ပြော"

သတ်ပြင်းရှည်ကို ချရင်း အောင်မြတ်ကို မကြည့်ရဲဘဲ အကြည့်ကို လွှဲသည်။

မနက်က သက်ထားဆီ ဖုန်းအဆက်မှာ ပြဿနာက စသည်။ သူ့ကို ဗိုဒီယိုမင်းသားဖြစ်အောင် မြေတောင်မြှောက်ပေးနေတာကအစ သက်ထားမိဘတွေ သိသွားပြီ၊ သူနှင့် သဘောမတူဘဲ ချက်ချင်းလက်ထပ်ပေးဖို့ စီစဉ်နေပြီဟု သက်ထားပြောသည်။

"အဲဒီလုပ်ငန်းရှင်ကို သက်ထား လက်မထပ်နိုင်ဘူး ကိုဇော်၊ ကိုဇော်က လွဲလို့ ဘယ်သူ့ကိုမှ သက်ထား မချစ်ဘူး။ မနက်ဖြန်ညနေ ဆုံနေကျဆိုင်မှာ ကိုဇော်စောင့်နေ၊ သက်ထား အိမ်ပေါ်က ဆင်းလာခဲ့တော့မယ်၊ သက်ထားနဲ့ ကိုဇော် လက်မှတ်ထိုး လက်ထပ်ကြမယ်"

သူ ဘာမှပြန်မပြောနိုင်ခင် သက်ထား ဖုန်းချသွားခဲ့သည်ပဲ။

"ငါ လက်ထပ်လို့ မဖြစ်သေးဘူး အောင်မြတ်"

"ဘာဖြစ်လို့လဲ ဖိုးဇော်။ မင်း သူ့ကို မချစ်လို့လား"

"ချစ်တယ်"

"ဒါဆို. . . "

"ငါ မင်းကို အမှန်အတိုင်းပြောမယ် အောင်မြတ်"

အသက်ကို ပြင်းပြင်းရှူသွင်းပြီး အောင်မြတ်နှင့် အကြည့်ဆုံလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အတ္တကြောင့်"

"ဘာကွ"

အောင်မြတ်အသံက ဟိန်းထွက်လာသည်။

"ငါ ဒီလောကမှာ အောင်မြင်ချင်သေးတယ်။ ငါ မင်းကို အမှန်အတိုင်း ဝန်ခံမယ် အောင်မြတ်ရာ၊ ငါ့အောင်မြင်မှုကို အဟန့်အတားဖြစ်နိုင်မယ့် အရာအားလုံး ငါ ရှောင်ချင်တယ်။ စောစောစီးစီး မိန်းမရသွားရင် ငါ့အောင်မြင်မှုအတွက် . . ."

"ဖိုးဇော် . . . မင်းရူးနေလား၊ ရှေ့မှာ မင်းကြည့်စမ်း။ အိမ်ထောင်ရှိနဲ့ အောင်မြင်နေတဲ့ မင်းသားတွေ မင်းမတွေ့ဘူးလား။ အနုပညာနဲ့ ဘာမှမဆိုင်ဘူး"

"ဒါပေမယ့်ကွာ. . ."

"တော်ကွာ. . . ဖိုးဇော်၊ မင်းဆီက ဒီစကားကြားရတာ ငါသိပ်စိတ်ပျက်တယ်။ မင်းကိုလည်း အထင်သေးတယ်"

"မနက်ဖြန် ငါ့ကို စာချုပ်ချုပ်မယ့် ကုမ္ပဏီတစ်ခုနဲ့ ချိန်းထားတယ်၊ ငါ တကယ်လို့ လက်ထပ်တော့မယ်ဆိုရင် သူတို့ ငါ့ကို စိတ်ပျက်သွားကြမှာပဲ အောင်မြတ်"

"တော်စမ်းပါကွာ၊ မင်း သက်ထားရဲ့ မေတ္တာတရားကို ထည့်မတွက်တော့ဘူးလား။ မင်းရဲ့ အောင်မြင်မှုအတွက် သူ့ကို မင်း စွန့်လွှတ်ရတယ်လား"

သူ အောင်မြတ်ကို ဘာမှပြန်မဖြေနိုင်ခဲ့။

"ငါ မင်းကို တစ်ခုတော့ ပြောမယ် ဖိုးဇော်၊ လောကမှာ လုပ်သင့်လုပ်ထိုက်တာတစ်ခုခုကို မလုပ်ရဲတဲ့သူ၊ မလုပ်တဲ့သူဟာ သတ္တိမရှိတဲ့သူပဲ ဖိုးဇော်၊ မင်းဟာ သတ္တိမရှိဘူး"

နားမှအကြား နှလုံးသားမှာ မြားတို့ စူးဝင်သည်။ ထိုစကားတို့က အဆိပ်နှယ် တစ်ကိုယ်လုံး ပျံ့၍သွားပြီလား။ သတ္တိမရှိသူဟု သူငယ်ချင်းတွေက သတ်မှတ်ချိန်မှာ စိမ်းကားရက်သူ၊ အတ္တကြီးသူဟု သက်ထားက နာကြည်းမုန်းတီးတော့မှာဟု နားလည်နေပြန်ပါသည်။



သူတို့ ထိုင်နေကျ ဆိုင်ကလေးမှာ သက်ထားရောက်လာပြီး သူ့ကို မျှော်နေ၊ စောင့်နေချိန်မှာတော့ သူသည် ကုမ္ပဏီတစ်ခုနှင့် မနက်က စာချုပ်ကာ ကားရိုက်ရန် နယ်သို့ ထွက်သွားခဲ့ပြီပဲ။

ထိုဗီဒီယိုဇာတ်ကားကြော်ငြာ သတင်းစာမှာ ပါသည့်နေ့မှာပင် သက်ထားဆွေ၏ လက်ထပ်ပြီးစီးခြင်းသတင်းက တိုက်ဆိုင်စွာ ပါလာခဲ့သည်လေ။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



## (၃)

သူ့ဇီဒီယိုကားတွေ ဆက်တိုက်ထွက်လာခဲ့သော်လည်း သူ့နာမည်က ထင်သလောက် တက်မလာ။ အစပိုင်းလောက်တောင်မှ အရှိန်တ မကောင်း။ တဖြည်းဖြည်းနှင့် သည်လောကမှာ ဘယ်လိုမှ ဖြစ်လာစရာ မရှိမှန်း သိချိန်မှာ နိုင်ငံခြားထွက်ဖို့ သူဆုံးဖြတ်ခဲ့သည်ပဲ၊ လေဆိပ်ထဲမှာ သတင်းစာဖတ်ရင်း သက်ထားဆွေ၏ သားဦးလေးအတွက် သူ့အဘိုး၊ အဘွားက ဆုတောင်းပေးထားတဲ့ ကြော်ငြာတွေ့ခဲ့ရပြန်သည်၊ သူသွားရမည့် အပ္ပိုင်းဒေသနိုင်ငံ၏ ရာသီဥတုအပူသည် သူ့ရင်ထဲက အပူလောက် ကြီးနိုင်ပါ့မလား သူ စဉ်းစားမိသေး၏၊ ထိုအပူတို့ဖြင့် ၂နှစ်ကျော်အလုပ်လုပ်ပြီး ရန်ကုန်မြို့အရောက် အောင်မြတ်နှင့် ပြန်ဆုံစဉ်ခိုက်မှာတော့ သူ မျှော်လင့်မထားသော စကားကို ကြားခဲ့ရပြန်သည်လေ။

“ဖိုးဇော်. . . မင်းနဲ့ သက်ထားကတော့ ရေစက်မကုန်သေးဘူးထင်တယ်”

စကားစတော့ သူ နားမလည်။

“မင်း ဘာပြောတာလဲ အောင်မြတ်”

“ငါနဲ့ သက်ထားနဲ့ မကြာမကြာ တွေ့တယ်၊ တွေ့တိုင်း မင်းအကြောင်း မေးတယ်။ သက်ထားက မင်းကို တော်တော်လေး ချစ်တာပဲ။ နင် မနာဘူးလား



လို့ ငါမေးတော့ နာတာနဲ့ ချစ်တာ တခြားစီပဲလို့ ပြုံးပြီးပြောတယ်ကွာ”

“သူ့အိမ်ထောင်နဲ့ သူ့ဘဝ သူပျော်နေမှာပါကွာ။ ဒါတွေ ပြောမနေပါနဲ့တော့”

“ဟော့ကောင် ဖိုးဇော်၊ သက်ထား အိမ်ထောင်နဲ့ ကွဲသွားတာ မင်းမသိသေးဘူးလား”

“ဘာကွ”

“သက်ထားနဲ့ သူ့ယောက်ျား ကွဲကြပြီလေ”

“ငါ မသိဘူး။ ငါ ဘယ်သူနဲ့မှ အဆက်အသွယ်မလုပ်မိတာဘဲ”

“ငါက မင်းသိနေတယ်၊ ဒါကြောင့် ပြန်ရောက်လာတယ် ထင်ထားတာ။ ပြီးတော့ သက်ထားကလည်း ငါ့ကို တွေ့တိုင်း မေးနေတော့ မင်းတို့ချင်း အဆက်အသွယ်ရနေလား တွေးမိသေးတယ်။ သက်ထား ငါ့ကို တမင်ဖုံးထားတာလားလို့တောင် ထင်တာ”

“ငါ တကယ်မသိဘူး”

“ဒါဆိုရင်တော့ မင်း သက်ထားကို သွားတွေ့လိုက်ဦး။ သူက အခု ကွန်ဒိုတစ်ခုမှာ မိဘတွေနဲ့ ခွဲပြီး နေတယ်”

“ကလေးကရော”

“သူ့ဆီမှာပဲ”

အောင်မြတ်က သူ့ပိုက်ဆံအိတ်ထဲမှ သက်ထားဆွေ၏ လိပ်စာကတ်ပြားလေးကို ထုတ်ပြီး ပေးသည်။

လိပ်စာကတ်ပြားလေးကို ကြည့်မိဆဲ သက်ထား၏ မျက်နှာက အာရုံမှာ ရစ်ဝဲပေါ်လာပြန်တော့၏။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



## (၄)

“ဘယ်လိုလဲ. . . မင်း သက်ထားဆီ တစ်ရက်ခြားလောက် ရောက်နေတယ်ဆို၊ ဒီတစ်ခါတော့ ကလေးတစ်ယောက်အမေဆိုပြီး မင်း သက်ထားကို ပစ်မထားခဲ့လောက်ပါဘူး. . . ဖိုးဇော်. . . ဟုတ်လား”

လက်ဖက်ရည်ဆိုင်မှာ ထိုင်ထိုင်ချင်း အောင်မြတ်က ခပ်ပြုံးပြုံးမေးလိုက်သည်။

“ငါရောက်တယ်ဆိုတာ မင်းကို သက်ထား ပြောတာလား”

“ဟုတ်တယ်၊ သူနဲ့ ငါနဲ့က စီးတီးမတ်မှာ ခဏခဏဆုံဖြစ်တာပဲ”

“ဪ”

“မင်း သက်ထားအပေါ်မှာ ထားတဲ့ အချစ်က ပြောင်းသွားတာလား ဖိုးဇော်”

“ဟာ. . . မပြောင်းဘူး”

နှုတ်မှ ရုတ်တရက် ထွက်သွားသည်။

“အခုဆို မင်းတို့ ဘာမှပူပင်စရာလည်း မရှိတော့ဘူး။ အေးအေးဆေးဆေးပဲ၊ သက်ထားကလည်း မင်းကို အရင်လိုပဲ ချစ်နေဆဲပဲမဟုတ်လား ဖိုးဇော်”



“ရင်ထဲက အချစ်ဟာ ဘယ်တော့မှ မပြောင်းပါဘူးကွာ”

“မင်းတို့ ဘယ်တော့ လက်ထပ်မှာလဲ”

သက်ပြင်းချရင်း ဆိုင်ပြင်ကို ငေးသည်။ ပြီးတော့ ခေါင်းကို ဖြည်းဖြည်းသူ ယမ်းခါလိုက်သည်။

“ဘာဖြစ်လို့လဲ ဖိုးဇော်၊ သက်ထားက ငြင်းလို့လား”

“မဟုတ်ပါဘူး”

“ဒါဆို. . . ”

“သူတို့လင်မယားက တရားဝင် စာချုပ်စာတမ်းနဲ့ ပြတ်စဲခဲ့ကြတာ မဟုတ်ဘူး အောင်မြတ်။ ငါ့ကိစ္စနဲ့ ပတ်သက်ပြီး စကားများ ဆင်းလာရင်း ကွဲနေကြတာ။ ငါ သူ့ဆီကို တစ်ရက်ခြားရောက်ရောက်နေတယ်ဆိုတာက သူ့ကို လက်ထပ်ခွင့်တောင်းဖို့ ပြန်ဆက်ဖို့ ကြိုးစားနေတာ မဟုတ်ပါဘူး”

“သူက လက်မခံလို့လား”

“မဟုတ်ဘူး အောင်မြတ်၊ သူကလည်း ငါ လက်ထပ်မယ်ဆိုရင် တရားဝင် ကွာရှင်းပြီး လက်ထပ်ဖို့ အသင့်ပါပဲ။ သူ့ယောကျ်ားကလည်း တရားဝင် လက်မှတ်ထိုးပေးဖို့ ငြင်းမှာ မဟုတ်ဘူးတဲ့လေ”

“အေးလေ၊ ဒါဆို. . . ”

“ကလေးရှိတယ်လေ။ သက်ထားဟာ ကလေးအတွက် အသက်ရှင်တဲ့ သူဖြစ်ရတော့မယ်။ သူ့အတွက်၊ ငါ့အတွက်ထက် ကလေးအတွက် ကြည့်ရတော့မယ်။ ကလေးမှာ အဖေစုံ၊ အမေစုံရှိတဲ့ မိဘမေတ္တာအပြည့်အဝရတဲ့ ကလေး အဖြစ် သက်ထား ဖန်တီးပေးရမယ်လေ။ အဲဒါတွေကို ငါ သွားပြီး သက်ထားကို နားချနေတာ။ ကလေးအတွက် မာနကို ချပြီး ယောကျ်ားဆီ ပြန်သွားဖို့ တရားသွားဟောနေတာ”

“အဲဒီတော့ သက်ထားက. . . ”

သက်ထားက ညက ငါ့ကို မေးတယ်လေ၊ ဒုတိယအကြိမ် သူ့ကို စွန့်လွှတ်ရမလားတဲ့၊ စွန့်လွှတ်ရတယ်ဆိုရင် သူ့မာနကို ချပြီး သူ့ယောကျ်ားခြေ

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို သူ ပြန်ဖက်ပါ့မယ်တဲ့”

“မင်း ဘာပြန်ပြောလိုက်လဲ”

“ပထမတစ်ခါ သက်ထားကို စွန့်လွှတ်ခဲ့တာ ကိုယ့်အတ္တအတွက်ပါလို့၊ ဒီတစ်ခါ စွန့်လွှတ်ရတာကတော့ သက်ထားရဲ့ သားလေးအတွက်ပါလို့ ငါပြောပြီး ပြန်လာခဲ့တယ် အောင်မြတ်”

ပြောအပြီး လေပူကို မှုတ်ထုတ်ကာ အပြင်ကို ငေးကြည့်သည်။

“ဖိုးဇော်”

ခေါ်သံကြောင့် အောင်မြတ်နှင့် မျက်နှာချင်းဆိုင်၍ အကြည့်ဆုံ၏။

“မင်း မှတ်မိသေးလား။ လုပ်သင့်တာကို မလုပ်ရဲလို့၊ မလုပ်လို့ သတ္တိမရှိတဲ့သူလို့ မင်း သက်ထားကို ပထမအကြိမ် စွန့်လွှတ်တုန်းက ငါပြောခဲ့တာလေ”

သူ ခေါင်းကို ညိတ်ပြသည်။

“အခုတစ်ကြိမ် မင်း သက်ထားကို စွန့်လွှတ်တာကတော့ မလုပ်သင့် မလုပ်ထိုက်တာကို မလုပ်ဘဲ နေနိုင်တဲ့အတွက် မင်းဟာ သတ္တိရှိတဲ့သူပါပဲ ဖိုးဇော်၊ မင်းဟာ သတ္တိရှိတဲ့သူပါပဲ”

သည်တစ်ကြိမ်တော့ သူ့အမြင်အာရုံမှာ သက်ထား၏ ချစ်စဖွယ် သားငယ်လေးမျက်နှာက ရုတ်တရက် ပေါ်လာပြန်တော့သည်ပဲ။ သည်ကလေးငယ်လေးသည်ပဲ အနာဂတ်မဟုတ်ပါလားလေ. . .။

✠✠✠

၂၀၀၄ ခုနှစ်၊ အင်တာနေရှင်နယ်၊

✱✱✱

# ပြတင်း

www.burmeseclassic.com

www.burmeseclassic.com

## (၁)

လက်ဖက်ရည်ဆိုင်က ကားဂိတ်နောက်နားမှာ ရှိသည်။ လက်ဖက်ရည်ဆိုင်ကို သွားတိုင်း ကားဂိတ်ကို ဖြတ်ရစမြဲ။ ကားဂိတ်ကလည်း ကားတော်တော်များများရပ်သော ကားဂိတ်ဖြစ်နေသဖြင့် လူအတော်စည်သည်။ တွေ့ဖူးသမျှ ကားဂိတ်တွေထဲမှာတော့ လူအစည်ဆုံးဟု ဆိုရမလားမသိ။ ညနေပိုင်းဆိုလျှင် တော်ရုံတန်ရုံ ဈေးလေးတစ်ဈေးမျှ စည်ကားကာ ကားဂိတ်မှ ခါတ်တိုင်နှစ်တိုင်လောက်အကွာအထိ လူတွေက အပြည့်။ ကားဂိတ်အနီး နောက်ခြာက်မှာတလည်း လက်ဖက်ရည်ဆိုင်က နှစ်ဆိုင်နှင့် နာမည်ကြီး စားသောက်ဆိုင်က တစ်ဆိုင်ရှိနေ၍လားတော့ မသိ။ လူတွေကတော့ ပုံမှန် ကားဂိတ်တစ်ခုမှာထက် ပိုပြီးစည်ကားသိုက်မြိုက်နေသလို၊ လမ်းမကြီးနှင့် ပလက်ဖောင်းကိုလည်း အလုမီနိုယံပေါင်တွေနှင့် စည်းခြား ကာရံထားရာ လူတွေထိုင်ဖို့သက်သက် ဖန်တီးထားသလိုမို့ ထိုင်နေကြသူတွေက အပြည့်။

လူတွေ ဒီလောက်စည်ကားနေပြီဆိုမှတော့ ဈေးဆိုင်တွေကလည်း များလာရပြီပေါ့။ နှစ်ဆယ့်လေးနာရီဖွင့်သော ကွမ်းယာဆိုင်က ဆိုလျှင် တစ်နေ့မှာ ကွမ်းဆယ့်နှစ်ပိဿာလောက် ကုန်သတဲ့။ ကောက်ညှင်းပေါင်း၊ ရွှေချီ၊ ဆနွင်းမကင်း၊ မုန့်မျိုး အတော်စုံစုံလင်လင် ဗန်းကလေးတွေနှင့် ချရောင်းကြသည်။ မုန့်သည်တွေဘေးမှာတော့ ရေခဲရေရောင်းသူက နှစ်ယောက်။ သည်ဘက်မှာ တယ်လီဖုန်းရုံကလေး။ တယ်လီဖုန်းဆက်သူတွေကလည်း ဘယ်တော့မှ မပြတ်။

✠✠✠



## (၂)

စားသောက်ဆိုင်တစ်ဆိုင်မှ နာမည်ကြီး သီချင်းဆိုသည့် ကောင်မလေးကတော့ အိမ်ထောင်ကျပြီး ဆနွင်းမကင်းသည်လေး ဖြစ်နေပြီ။ ညနေတိုင်းဗန်းတွေရွက်၊ တောင်းတွေထမ်းနှင့် ဆိုင်ခင်းဖို့ လာကြသည့် သူတို့လင်မယားကိုကြည့်ရသည်မှာ စိတ်ထဲ တွေးစရာတွေ ရှိလာတတ်စမြဲ။

ရေခဲရေရောင်းသူတစ်ဦးကတော့ ဟိုးအရင်က အညာမှာ သူ ဘယ်လောက် ချမ်းသာကြောင်း၊ ဘယ်လောက် တန်ခိုးထွားခဲ့ကြောင်းတွေ လာပြောပြတတ်စမြဲ။ သူကြည့်ရသည်မှာ အတော်ကလေး လည်လည်ပတ်ပတ်ရှိပုံပါပဲ။ သူ တန်ခိုးထွားစဉ်က ပွေခဲ့ရှုပ်ခဲ့ပုံ၊ လျော်ကြေးတွေ ပေးခဲ့ရပုံတွေကိုလည်း ပြောပြနေတတ်သေးသည်။

ဘယ်ဈေးသည်ရဲ့ အိမ်မှာတော့ တောက ကောင်မလေးတွေ မွေးထားတယ်၊ ဘယ်ဈေးသည်ကတော့ ဈေးရောင်းနေတာ ဟန်ပြပါပဲ၊ စသဖြင့် ဒီကားဂိတ်ရပ်ကွက်ကလေး၏ အတွင်းရေးတွေလည်း သူက ပြောပြတတ်စမြဲ။

ည ၇နာရီကျော်ကျော်၊ ၈နာရီလောက်ရှိပြီဆိုလျှင်တော့ ကားစောင့်နေကြသူ အတော်များများရှိနေနိုင်သေးသော်လည်း ကားစီးမည့် ခရီးသည်မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



သူတွေကလည်း အတော်လေး များလာကာ ကားဂိတ်ဈေးတန်းကလေးမှာ ပို၍ အသက်ဝင်လာသလို၊ ကောင်မလေးနှစ်ယောက်လောက်နှင့် ကားဂိတ်က ထိုင်ခုံတွေမှာ ကြာကြာနေတတ်သော အဒေါ်ကြီးလည်း ရောက်လာပြီ။

ခရီးစရိတ်တောင်းတတ်သော အဝတ်အစား သားသားနားနား ဝတ်ထားသူများ၊ အော်ဟစ်ငိုယိုနေသော အဝတ်အစားမပါသည့် ကလေးငယ်များ၊ အလှူခံများ၊ အရက်ဖိုးလိုက်တောင်းသူများ၊ အတော်လေးပင် စုံစုံလင်လင်နှင့် ကားဂိတ်ပလက်ဖောင်းလေးတစ်လျှောက် ရှုပ်ယှက်ခတ်နေလေတော့သည်။

သည်အချိန်မှာ ကားဂိတ်အနောက်ဘက်က လက်ဖက်ရည်ဆိုင်နှစ်ဆိုင်ကလည်း တစ်ဆိုင်နှင့် တစ်ဆိုင် အပြိုင်ကဲ့ကာ သီချင်းသံကို အကျယ်လောင်ဆုံး ဖွင့်စမြဲ။

နာမည်ကြီး စားသောက်ဆိုင်ထဲမှာတော့ ကားတွေက အပြည့်။ စနေလိုညများဆိုလျှင် ကားတွေက လမ်းမပေါ်အထိ ရပ်ထားရလောက်အောင် စားသောက်သူတွေက များလှသည်။

✠✠✠



(၃)

သည်နေ့ညနေ လက်ဖက်ရည်ဆိုင်ကို အလာ ကားဂိတ်ကို ဖြတ်တော့ လူအတော်လေး စည်နေပြီ။ ညနေ ၅နာရီကျော်ကျော်လောက်ရှိပြီပဲ။ သီချင်းသည်တလုပ်က နားပြီး မုန့်ရောင်းနေသည့် ကောင်မလေးနှင့် ကောင်လေးတောင် ဆိုင်ဖွင့်ဖို့ ထွက်လာကြတာတွေ့ပြီး နှုတ်ဆက်ဖြစ်သည်။

'ကိန် . . . ကိန်'ဆိုသည့် အသံကြားလို့ ကြည့်လိုက်တော့ ခွေးပေါက်ကလေးတစ်ကောင်ကို တွေ့သည်။ တစ်နှစ်သားလောက်ပင် ရှိဦးမည်ထင်သော ခွေးပိန်ကလေး။ တစ်ယောက်ယောက်က ခြေဖြင့် ကန်လိုက်သလား၊ ထိုးနှင့် ရိုက်လိုက်သလား မသိ၊ ခွေးကလေး အနားရောက်လာတာကို မကြိုက်လို့ မောင်းထုတ်လိုက်တာပါပဲ။

ခွေးကလေးကလည်း ပိန်လိုက်တာမှ အရိုးတွေအပြိုင်းပြိုင်း။ နောက်ပိုင်းကလည်း ခြေတွေ မသန်တော့သလို၊ ခါးမှာလည်း သွေးစစဖြင့် ဒဏ်ရာတစ်ခု။ ကြာကြာအသက်ရှင်နိုင်တော့မည်မဟုတ်သော ခွေးပိန်ကလေးသည် နှာခေါင်းတရှုံ့ရှုံ့ဖြင့် စားစရာကို လိုက်ရှာနေသည်ထင်၏။ လူတွေကလည်း အနားရောက်လာသော ခွေးပိန်ကလေးကို မောင်းထုတ်နေကြသည်။

ကားဂိတ်ကို ဖြတ်ပြီး လက်ဖက်ရည်ဆိုင်ထဲ ချိုးဝင်လိုက်၏။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



## (၄)

"မင်းတို့ဆိုင်မှာ ထမင်းရပြီလား"

ထိုင်နေသည့် စားပွဲပုကလေးဆီသို့ စားပွဲထိုးကလေး ရောက်လာကာ လက်ဖက်ရည်ချပေးစဉ် မေးလိုက်၏။

"ဘာလဲ ဆရာ၊ စောစောစီးစီး ထမင်းစားမလို့လား၊ ရတော့ ရပြီ ဆရာ။ ဟင်းအစုံကတော့ မရသေးဘူးထင်တယ်"

"ငါ မစားပါဘူး"

ကောင်လေးက နားမလည်သလို မျက်နှာကို စူးစိုက်ကြည့်သည်။

"မင်း ငါ့ကို တစ်ခုခုလုပ်ပေးမလား"

"ဘာလဲ ဆရာ၊ ပြော"

"ကားဂိတ်မှာ ခွေးပိန်လေးတစ်ကောင် ငါ တွေ့ခဲ့တယ်"

"သေတော့မလိုဖြစ်နေတဲ့ ခွေးပေါက်ကလေးထင်တယ်"

"အေး၊ ဟုတ်တယ်"

"ပြော ဆရာ၊ ဘာလုပ်ပေးရမလဲ"

"အဲဒီခွေးလေးကို ငါ ထမင်းကျွေးချင်တယ်။ မင်း သွားကျွေးပေးမလား"

"ရတယ် ဆရာ၊ ကားဂိတ်က ထိုင်ခုံတွေရဲ့နောက်က ကွက်လပ်မှာ



ချကျွေးလို့ ရတာပဲ"

"အေး- ဟုတ်ပြီ၊ ဒါဆို အမဲသားနဲ့ တစ်ပွဲထည့်လိုက်ကွာ။ သတင်းစာစက္ကူနဲ့ ထုပ်ယူသွားပြီး ကျွေးလိုက်"

"ဟုတ်ကဲ့"

စားပွဲထိုးလေး ဆိုင်ထဲသို့ ဝင်သွားသည်။ ထမင်းရောင်းသည့် ကောင်တာဘက် သွားပြီး ထမင်းမှာနေတာ တွေ့၏။

"ဒီမှာ ဆရာ၊ သွားကျွေးလိုက်မယ်"

သတင်းစာစက္ကူဖြင့် ထုပ်ထားသော ထမင်းထုပ်ကို မြှောက်ပြပြီး စားပွဲထိုးလေး ဆိုင်ထဲမှ ထွက်သွားသည်။

ခဏလေးကြာတော့ ပြန်ရောက်လာ၏။

"အဆင်ပြေလား"

"ကားဂိတ်နောက်ရောက်အောင် ခွေးလေးကို ခေါ်သွားပြီးတော့ ထမင်းထုပ်ချပေးခဲ့တယ် ဆရာ"

"အေးအေး"

ရင်ထဲမှာ ကျေနပ်ကြည်နူးသွားသည်။ လက်ဖက်ရည်ဝိုင်းမှာ လာထိုင်နေကျ နာမည်ကြီး ဗေဒင်ဆရာ ရှမ်းဆရာကြီး ကိုနေဝင်း ရောက်လာတော့ ခွေးလေးကို ထမင်းကျွေးသည့်အကြောင်း ပြောပြလိုက်သည်။

လမ်းဘေးက ခွေးကို အစာကျွေးသည့် ယတြာမှာ အလွန်ကောင်းကြောင်း သူ့အတွေ့အကြုံတွေ ပြောပြနေသေးသည်။

သည်ညနေတော့ စောစောလေး ပြန်ဖြစ်၏။

လက်ဖက်ရည်ဆိုင်က ထွက်လာတော့ နာမည်ကြီး စားသောက်ဆိုင်ထဲမှာ ကားတွေက ပြည့်နေလေပြီ။ သည်နေ့ စနေနေ့ညမဟုတ်ပါဘဲ စားသောက်သူတွေ တယ်များပါလား တွေးဖြစ်သေး၏။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



## (၂)

ပလက်ဖောင်းပေါ် တက်ပြီး ကားဂိတ်ဆီ လျှောက်သည်။ ကားဂိတ်ထိုင်ခုံတွေမှာ ထိုင်နေသူတွေ ပြည့်နေပြီ။ ထိုင်ခုံတွေနားရောက်တော့ အကြည့်က ထိုင်ခုံတွေရဲ့ နောက်ဘက်ကွက်လပ်ဆီ ရောက်သွားသည်။ စားပွဲထိုးကလေးက ခွေးလေးကို ထမင်းထုပ်ချကျွေးခဲ့တာ သည်ကွက်လပ်မှာပါပဲ။ အသေအချာကြည့်သော်လည်း ဘာကိုမှ မတွေ့ရ။ ခွေးကလေးလည်း အစာဝပြီး ထွက်သွားလေပြီလား။ စားကြွင်းစားကျန်နှင့် သတင်းစာရွက်ကိုလည်း မမြင်။

ဆက်လျှောက်ရင်း ကားဂိတ်ကို လွန်လာခဲ့သည်။

အဝတ်မပါသော ကလေးနှစ်ယောက်ကို ပထမ လှမ်းမြင်ရ၏။ မလှမ်းကမ်းမှာတော့ ပေကျံနေသည့် သတင်းစာရွက်က ဖရိုဖရဲ။

✠✠✠

*၂၀၀၃ ခုနှစ်၊ မော်ရှင်အေင်းမိတ်ချ် မဂ္ဂဇင်း။*

***

# တနိမ့်မိုး

www.burmeseclassic.com

www.burmeseclassic.com

## (၁)

မလှမ်းမကမ်းခြံမှာ ပိုင်ရှင်အသစ်တွေ ပြောင်းလာကြတာ သတိထားမိသည်။ ခြံကို ပြုပြင်မွမ်းမံရင်း ခြံစည်းရိုးအုတ်နံရံတွေကို ဆေးသစ်ပြန်သုတ်လိုက်ကြ၏။ ပထမပိုင်ရှင်လက်ထက်က ရှိနေသော အုန်းပင်သုံးပင်ကို ခုတ်ထွင်ဖယ်ရှားလိုက်သဖြင့် ခြံက ပိုပြီးလင်းသွားသလိုပင်။ ခြံထောင့်မှ ဒန့်သလွန်ပင်ကိုလည်း ခုတ်ပစ်လိုက်သည်။

အိမ်ရှေ့ခြံထောင့်မှ ခရေပင်ကလေးကို ရေလောင်းနေစဉ်မှာ ထိုခြံရှေ့သို့ ကားကြီးတစ်စီးရပ်ပြီး ဟွန်းသံပေးနေသဖြင့် အကြည့်ရောက်သည်။ ကားကြီးပေါ်မှာ သစ်ပင်တစ်ပင်တင်လို့ပါလား။ အသေအချာကြည့်လိုက်တော့ ခရေပင်ပျိုမှန်း သိလိုက်သည်။ အရွက်တွေ ဖားဖားသိပ်သိပ်ကြားမှာ ခရေဖူးတွေ ဝေနေသည့် ခရေပင်ပျိုကလေးကို ပျိုးခြံတစ်ခုခုမှ ဝယ်လာဟန်တူသည်။ သူ့ခြံတွင်းမှာ စိုက်ပျိုးပေလိမ့်မည်။ ထိုခရေပင်ပျိုကလေးသည် စိုက်ပြီး မကြာခင်မှာပင် အပွင့်တွေ ပွင့်တော့မည်ပဲ။

ရေလောင်းနေဆဲပင် ခရေပင်ငယ်ကို ငုံ့ကြည့်မိသည်၊ သုံးလေးနှစ်လောက် မိမိ ယုယုယယစိုက်ပျိုး၊ ရေလောင်းကာ ပြုစုခဲ့ရသော ခရေပင်လေးမှာ



တော့ ဘယ်တော့မှ ဖူးပွင့်မည်ကို မမှန်းဆနိုင်သေး။ မိမိ ခရေပင်လေး၏ အဖူးအပွင့်ကို မိမိမြင်နိုင်၊ တွေ့နိုင်ခွင့် ကြုံမကြုံဆိုသည်ကလည်း မရေရာ။

ထိုသို့တွေးနေစဉ်မှာ အန်ကယ် ဦးဘချစ်၏ စကားသံတို့ နားမှာ ရစ်ဝဲပေါ်လာတော့သည်။

သည်တော့မှ တစ်ချက်ပြုံးရင်း ခရေပင်လေးကို ဆက်ပြီး ရေလောင်းပေးနေမိပြန်၏။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



## (၂)

"စာရေးဆရာ ပြန်လာပြီလား"

"ဟုတ်ကဲ့ အန်ကယ်"

ကျွန်တော် မနက်စောစော လမ်းလျှောက်ပြန်လာတိုင်း ကျွန်တော့်ကို နှုတ်ဆက်နေကျ၊ ပြောင်းလာတာ မကြာသေးသော ကျွန်တော့်အတွက် သီးသီးသန့်သန့် နေတတ်ကြသော သည်လမ်းကလေးထဲမှာ အသိမိတ်ဆွေ မရှိသေး။ ထိုအငြိမ်းစားအရာရှိကြီး အန်ကယ် ဦးဘချစ်တစ်ယောက်သာ ကျွန်တော့်ကို စာရေးဆရာမှန်း ဘယ်လိုသိသည်မသိ။ သူက ခြံဝန်းထဲမှာ ရှိစဉ် ကျွန်တော့်ကို မြင်တိုင်း တွေ့တိုင်း နှုတ်ဆက်၏။ သူ့အမည်နှင့် အငြိမ်းစားရာထူးကိုတော့ သူ့ခြံရှေ့ အုတ်တိုင်မှ ကြေးဝါဆိုင်းဘုတ်ကလေးကို ဖတ်ရင်း ကျွန်တော်က သိနေခဲ့ရသည်။

သည်လိုနှင့် အန်ကယ် ဦးဘချစ်ခြံရှေ့ရောက်တိုင်း ကျွန်တော်က ခြံဝင်းထဲ လှမ်းပြီး ကြည့်တတ်လာသည်။ အုတ်နံရံတွေနှင့် ကာထားတာမဟုတ်ဘဲ သံဆူးကြိုးတွေနှင့် စည်းရိုးခတ်ထားသည်မို့ ခြံထဲကို ရှင်းရှင်းလင်းလင်း လှမ်းမြင်နိုင်သည်။



အန်ကယ် ဦးဘချစ်ခြံထဲမှာ သီးပင်ပန်းပင် အတော်လေးစုံတာကို သတိထားမြစ်သည်။ ခြံထောင့် ပိတောက်ပင်လေး၏ အရိပ်မှာ ပက်လက်ကုလားထိုင်တစ်လုံးနှင့် စာဖတ်နေတတ်သော အန်ကယ် ဦးဘချစ်ကို တွေ့နေကျ။ ရံဖန်ရံခါမှာ သူ့ပန်းပင်ကလေးတွေကို ယုယပြုပြင်ရင်း အလုပ်ရှုပ်နေသော အန်ကယ့်ကို လှမ်းမြင်ရတတ်သည်။

စာဖတ်တာ၊ သစ်ပင်ပန်းပင်တွေ စိုက်ပျိုးတာ အတော်လေး ဝါသနာပါသူဟု နားလည်လိုက်မိ၏။

www.burmeseclassic.com



## (၃)

"ဟော. . . စာရေးဆရာပြန်လာပြီ၊ ဒီနေ့ စောသလိုပဲ"

"ဟုတ်ကဲ့ အန်ကယ်"

လက်ထဲမှာ ပန်းပင်ပေါင်းသင်သည့် ဂေါ်ပြားကလေးကိုင်ရင်း ခြံဝင်းဝမှာ ရပ်နေသည့် အန်ကယ့်ကို တွေ့လိုက်ရ၏။

"စာရေးဆရာ အချိန်ရရင် ခြံထဲ ခဏဝင်ပါလား၊ စကားလေးဘာလေး ပြောရအောင်"

"ရပါတယ် အန်ကယ်"

ကျွန်တော့်စကားကြားရတော့ မျက်နှာပြုံးရွှင်သွားကာ ခြံတံခါးကို ဖွင့်ပေးသည်။

ခြံထဲကို လှမ်းဝင်လိုက်စဉ် ပန်းနံ့သင်းသင်းကို သတိထားဖြစ်၏။

"စာရေးဆရာ. . . ပန်းနံ့တွေ ရတယ်ထင်တယ်"

"ဟုတ်တယ် အန်ကယ်၊ သိသိသာသာကို ပန်းနံ့က သင်းနေတယ်"

"အိမ်ဘေးမှာ စံပယ်ခင်းနဲ့ နှင်းဆီခင်းရှိတယ်။ အဲဒီက ပျံ့လာတာ"

"ကောင်းလိုက်တာ အန်ကယ်ရယ်"



မျက်နှာမှာ ပီတိဖြင့် ချိုရွှင်ကြည်နူးသွားဟန်ရှိသော်လည်း ဘာမှမပြောဘဲ 'လာ'ဟု ခေါ်ကာ ခြံထောင့် ပိတောက်ပင်လေးရှိရာကို ဦးဆောင်ခေါ်သွားသည်။

ပိတောက်ပင်လေးဆီ မရောက်ခင်မှာ သစ်ခွတွေ ထောင်ထားသော ပန်းစင်ရှိသည်။ ကက်တလီယာ၊ ဗင်ဒိုနိုက်လောက်တော့ ကျွန်တော်သိသည်။ ကျွန်တော် မသိသော သစ်ခွမျိုးတွေ အတော်များများပွင့်နေတာ တွေ့ရ၏။

"ဒီအပင်လေးတွေက ဗွန်ဇိုင်းလုပ်ထားတာပေါ့နော် အန်ကယ်"

"ဟုတ်တယ် စာရေးဆရာ"

"အန်ကယ်ကိုယ်တိုင်လုပ်တာပေါ့"

"ဒါပေါ့ စာရေးဆရာရဲ့။ ဟိုရက်တလေ နှစ် ၂၀ကျော်ရှိပြီကွာ။ ဗွန်ဇိုင်းပင်လေးတစ်ပင်သေသွားတာ အန်ကယ့်မှာ မစားနိုင် မသောက်နိုင်ဖြစ်သွားရသေးတယ်"

"သံယောဇဉ်ပေါ့"

မျက်နှာကို စူးစိုက်အကြည့်ဆုံရင်း ခဏတည်သွားသည်။ ပြီးမှ . . .

"ခံစားမှုဆို ပိုပြီးမှန်မယ် စာရေးဆရာရဲ့"ဟု ပြောလိုက်၏။

"ခံစားမှု ဟုတ်လား၊ အန်ကယ်"

"စာရေးဆရာတော့ အံ့ဩနေလား မသိဘူး။ စာရေးဆရာတို့ အနုပညာသမားတွေ အနုပညာအလုပ်ကို လုပ်သလိုပဲ။ သစ်ပင်ပန်းပင်စိုက်တာလည်း ခံစားမှုနဲ့ ဆိုင်သဗျ။ လာ. . . လာ. . . ပိတောက်ပင်အောက်မှာ ထိုင်ရအောင်"

အန်ကယ်က သူထိုင်နေကျ ပတ်လက်ကုလားထိုင်မှာ ဝင်ထိုင်ရင်း ကျွန်တော့်အတွက် ခုံပုလေးတစ်လုံးကို ရွှေ့တိုးပေးသည်၊ ကျွန်တော်က ဝင်ထိုင်လိုက်ရင်း . . .

"စောစောက စကားဆက်ပါဦး အန်ကယ်"

"ခံစားမှုကိစ္စလား"

"ဟုတ်ကဲ့ အန်ကယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရိုးရိုးပါ စာရေးဆရာရယ်။ ကိုယ်ပြုစုပျိုးထောင်ပြီး ယုယလာရတဲ့ သစ်ပင်ပန်းပင်အပေါ်မှာ ခံစားမှုရှိတာပေါ့။ ရိုးရိုးသစ်ပင်ပန်းပင် မဟုတ်တော့ဘူး။ ခံစားမှုတန်ဖိုးရှိလာတဲ့ သစ်ပင်ပန်းပင်ဖြစ်လာပြီပေါ့"

"ခံစားမှုတန်ဖိုး"

ကျွန်တော့်နှုတ်မှ ရေရွတ်မိသည်။

"စာရေးဆရာ သိပြီးသားပါ။ ပကတိ သတ်မှတ်တန်ဖိုး၊ အသုံးချတန်ဖိုး၊ ခံစားမှုတန်ဖိုးဆိုတာ ရှိတာပဲ၊ သတ်မှတ်တန်ဖိုးနဲ့ အသုံးချတန်ဖိုးတွေ တူကောင်း တူနိုင်မယ်။ ခံစားမှုတန်ဖိုးကျတော့ မတူတော့ဘူးလေ"

"ဟုတ်ကဲ့"

"ဒီပိတောက်ပင်ကို ကြည့်"

ပိတောက်ပင်ပေါ် မော့ကြည့်ရင်း ပြောသည်၊ ကျွန်တော်ပါ ပိတောက်ပင်လေးကို မော့ကြည့်ဖြစ်သည်၊ ပိတောက်ပင်လေးက အုပ်အုပ်ဆိုင်းဆိုင်း၊ ပင်ပျိုကလေးပင်။

"မနှစ်ကပင် စပြီးပွင့်တာ စာရေးဆရာရယ်။ ပိတောက်တွေ ပွင့်တော့ ကျုပ်မှာ နေလို့ထိုင်လို့ကို မရဘူး။ အတော်လေး ခံစားလိုက်ရတယ်"

"ပြောပါဦး အန်ကယ်ရဲ့"

ညှို့တက်လာသည့် မိုးနှယ်၊ အန်ကယ် ဦးဘချစ်၏မျက်နှာက ချက်ချင်း မှိုင်းညို့ဝေရီသွားတာကို သတိထားဖြစ်သည်။

"အန်ကယ့်ဇနီးကို သတိရတာပေါ့ စာရေးဆရာရယ်။ သတိရတယ်ဆိုတာ မလုံလောက်ပါဘူးကွာ၊ တမ်းတမ်းတတကို လွမ်းမိတာပေါ့"

"ဪ. . ."

"ဒီလို စာရေးဆရာရဲ့၊ အန်ကယ်နဲ့ အန်ကယ့်ဇနီးက တက္ကသိုလ်မှာ တုန်းက ပိတောက်နဲ့ ပတ်သက်ပြီး သိကြ၊ ရင်းနှီးကြ၊ ချစ်သူဖြစ်ခဲ့ကြတာ။ ပိတောက်ပွင့်တိုင်း အန်ကယ်က ပေးဖြစ်ခဲ့တာ"

"အမှတ်တရတွေပေါ့"



"နှစ်ယောက်လုံးက ပိတောက်ကို ရူးသွပ်ခဲ့ကြတာပေါ့။ ဒီခြံလေးထဲ ရောက်တော့ ဒီပိတောက်ပင်လေးကို အန်ကယ်နဲ့ သူ နှစ်ယောက်တိုင်ပင်ပြီး အတူစိုက်ခဲ့ကြတာလေ"

"ဪ. . ."

"သူဆုံးသွားတော့ ဒီအပင်လေးက မပွင့်သေးဘူး။ ပွင့်တဲ့နေ့ကတော့ သူ့ကို လွမ်းလို့မဆုံးတော့ဘူးပေါ့ စာရေးဆရာရယ်. . . ဟဲဟဲ"

ဟဲဟဲသည် ခံစားမှုနှင့် ဆန့်ကျင်စွာ ထွက်လာတာပါလားဟု နားလည်မိပြန်သည်။

"အန်ကယ် ဒါကြောင့် ဒီအပင်အောက်မှာ ထိုင်ထိုင်နေတာပဲနော်"

ဘာမှပြန်မပြောဘဲ ခပ်လှမ်းလှမ်းကို ငေးရီနေသော အန်ကယ့်မျက်ဝန်းမှာ ဆွေးရိပ်တို့ ဝေ့ရီနေသလို။

"အဲဒါပါပဲကွာ၊ အန်ကယ်ပြောချင်တာက ဒီပိတောက်ပင်က လူတိုင်း အတွက်တော့ ပိတောက်ပင်ရိုးရိုးတန်ဖိုးပဲ ရှိပေမပေါ့။ ဒီပိတောက်ပွင့်ဟာလည်း လူတိုင်းအတွက်တော့ အသုံးချ တန်ဖိုးအတူတူပဲ ရှိမှာပေါ့။ အဲ- အန်ကယ့် တစ်ယောက်တည်းအတွက်တော့ ဒီပိတောက်ပင်မှာ ခံစားမှုတန်ဖိုးရှိလာတယ် ကွဲ့"

"ဟုတ်ကဲ့ပါ အန်ကယ်"

"နေဦး၊ ပြရဦးမယ်"

ထိုင်ရာမှ ထပြီး ပန်းစင်ကလေးဆီ သွားသည်၊ ပြီးတော့ ပန်းအိုးကလေး တစ်လုံးယူလာပြီး ကျွန်တော့်ရှေ့မှာ ရပ်၏။

"ဒီမှာကြည့်၊ ဒါ ဗွန်ဇိုင်းပင်ကလေး။ ဥန္နဲပင်ကို ဗွန်ဇိုင်းလုပ်ထားတာ ထားပါ၊ ပကတိ သူ့တန်ဖိုးတစ်ခုခုပေါ့။ ဒါပေမယ့် အန်ကယ့်အတွက်တော့ ခံစားမှုတန်ဖိုးပါ ရှိနေလို့ သူ့ကို သိန်းပေါင်းများစွာ ပေးဝယ်လည်း အန်ကယ် မရောင်းနိုင်ဘူး စာရေးဆရာ"

"အန်ကယ်ကိုယ်တိုင် ပြုစုထားတာ၊ စိုက်ထားတာမို့ . . ."

www.burmeseclassic.com



"မဟုတ်ဘူး စာရေးဆရာ၊ ဒါ အန်ကယ့်ဇနီးလက်ရာမို့ပဲ"

"ဩော်. . . အန်ကယ်တို့က ဝါသနာလည်း တူကြတာပဲ"

ဗွန်ဗိုင်းပင်ကလေးကို ပန်းစင်ဆီ ပြန်ယူသွားပြီး တင်၏။ ပြီးတော့ ပြန်လာကာ ရပ်သည်။ အန်ကယ့်ရှေ့မှာ ကျွန်တော် ထရပ်လိုက်၏။

"ကျေးဇူးပါပဲ အန်ကယ်။ အန်ကယ်နဲ့ စကားပြောရတာ ကျွန်တော့်အတွက် တန်ဖိုးရှိလိုက်တာ"

"အန်ကယ်ပြောချင်တာ ချုပ်ပြီးပြောမယ် စာရေးရော၊ လောကမှာ ခံစားမှုတန်ဖိုးဟာ အရေးကြီးတယ်ကွဲ့။ ပကတိတန်ဖိုးဟာ သူ့ဟာသူ ရှိနေမှာပဲ။ အရာရာတိုင်းမှာ ခံစားမှုတန်ဖိုးဆိုတာ မရှိနိုင်ဘူး။ ခံစားမှုတန်ဖိုးမရှိတဲ့ အရာဟာ သာမန်ထက် မထူးခြားနိုင်ဘူး။ သာမန်ထတ် ထူးခြားချင်ရင် ခံစားမှုတန်ဖိုးရှိရမယ်။ ပေးနိုင်ရမယ်"

"အဲဒီတော့ကွာ၊ ကိုယ်ဟာ လူ့လောကမှာ လူတွေအတွက် ခံစားမှုတန်ဖိုးတစ်စုံတစ်ရာရှိတဲ့လူလား၊ လူတွေ ခံစားနိုင်စရာ၊ သတိရနိုင်စရာ လူတစ်ယောက်ဖြစ်ပြီလား ဆန်းစစ်ကြည့်ပြီးတော့ ကိုယ်လုပ်ခဲ့တဲ့ အလုပ်တွေဟာ ခံစားမှုတန်ဖိုးပါတဲ့ အလုပ်တွေလား ပြန်ပြီးသုံးသပ်ကြည့်။ ဒါပဲ စာရေးဆရာရေ၊ ခံစားမှုတန်ဖိုးဟာ အရေးကြီးတယ်"

"ဟုတ်ကဲ့ပါ အန်ကယ်၊ နောက်နေ့ ကျွန်တော် အန်ကယ့်ဆီ လာခဲ့ပါဦးမယ်၊ သွားမယ် အန်ကယ်"

နှုတ်ဆက်ပြီးနောက် အန်ကယ့်ခြံဝမှ ကျွန်တော်ထွက်လာခဲ့သည်။

ကျွန်တော်သည် ခံစားမှုတန်ဖိုးတစ်စုံတစ်ရာရှိနိုင်သည့် လူတစ်ယောက်ဖြစ်ပြီလား။ ကျွန်တော့်စာအုပ်တွေသည် ကျွန်တော့်ပရိသတ်ကို ခံစားမှုတန်ဖိုးတစ်စုံတစ်ရာပေးနိုင်ပါသတဲ့လား။

အန်ကယ့်စကားတို့က ကျွန်တော့်ကို တုန်လှုပ်ချောက်ချားစေပြန်တော့သည်။

✠✠✠



(၄)

မနှစ်က ဆုံးပါးသွားပြီဖြစ်သော အန်ကယ် ဦးဘချစ်ကို သတိရနေမိပြန်သည်။ သူ့စကားတို့ နားမှာ ရစ်ဝဲပေါ်လာသည်။ ကျွန်တော့်ခရေပင်လေးကို ကျွန်တော် ငုံ့ကြည့်မိရင်း ကြည်ကြည်နူးနူးဖြစ်နေမိတော့၏။ တစ်ချိန်ချိန်မှာတော့ ဗာပွင့်တွေဝေပြီး ရနံ့တွေ ထုံပျံ့နေမည် ယုံမိသည်ပဲ။

✠✠✠

*၂၀၀၄ ခုနှစ်၊ ဖက်ရှင်အခင်းမိတ်ဖွဲ့ မဂ္ဂဇင်း*

***

www.burmeseclassic.com

www.burmeseclassic.com

# မုန်တိုင်းမီးမောင်း

www.burmeseclassic.com

www.burmeseclassic.com

(၁)

ကွမ်းခြံကုန်းအဖြတ် ဆရာကြီး မင်းသုဝဏ်၏ အိမ်ကို မှတ်မှတ်ထင်ထင် သတိရလိုက်သည်။ ကားပေါ်က အကြည့်ဝေ့ရှာသော်ငြား အရာရာ မှတ်မှတ်သားသား မရှိနိုင်တော့။ ယခင်က စာပေဟောပြောပွဲခရီး နှစ်ကြိမ်၊ သုံးကြိမ် ရောက်ဖူးခဲ့သော ကွမ်းခြံကုန်းကို မုန်တိုင်းက အသွင်ပြောင်းလိုက်ပြီပဲ။ လမ်းတစ်လျှောက် မြင်ကွင်းသည် ဖရိုဖရဲ။ ကျန်နေဆဲ သစ်ပင်ငုတ်တုတ်တိုတို့ကို မြင်ရင်း ဆရာကြီး၏ 'ပျဉ်းမငုတ်တို'ကဗျာက ရင်ထဲ အလိုလိုရောက်လာသည်။

"လေပြည်ထဲတွင်
ငယ်ရှပ်ဆင်သည်"တဲ့။

မုန်တိုင်းအလွန် ကြွင်းကျန်ရစ်သော သက်ရှိသက်မဲ့များအားလုံး ငယ်ရှပ်ဆင်ရမည်ပဲဟု ရဲရဲယုံပြန်သည်။

စာနာညာတာထောက်ထားမှု၊ ကရုဏာတရား၊ မေတ္တာတရား၊ လူသားတို့၏ အားမာန်တို့ဖြင့် စုပေါင်းကာ 'ငယ်ရှပ်ဆင်'နိုင်ဖို့ ကြိုးစားနေကြသည်ပဲ။

❋❋❋



(၂)

မုန်တိုင်းပြီးစရက်တွေက အတွေးထဲ ရောက်လာပြန်သည်။ လူတစ်စု၏ အနိုင်အထက် အဓမ္မကျင့်ခံပြီးစ မိန်းမပျိုနွယ် မြင်ကွင်းသည် ကြေကွဲထိတ်လန့်ဖွယ်ကောင်းလွန်းသည်။ ဖွင့်ထားသည့်ဆိုင်တွေမှာ လူတွေ စုပြုံတိုးနေရသည်။ သွပ်ရိုက်သံက တစ်ပိဿာ ၆သောင်းတဲ့။ နှစ်ရာ၊ သုံးရာတန် ဖယောင်းတိုင် တစ်ထုပ်က နှစ်ထောင်နီးပါးတဲ့။ အစစအရာရာ ဈေးတွေ အဆမတန်မြင့်တက်ကုန်ပြီ။

"ဒီလို ဒုက္ခရောက်နေတဲ့အချိန်မှာ အခွင့်အရေးတစ်ရပ်အနေနဲ့ ဈေးတွေ နင်းကန် မတက်သင့်ပါဘူး"လို့ မကျေမချမ်းပြောနေကြပေမယ့် မဝယ်မဖြစ် ဝယ်နေကြရသည်ပဲ။

မုန်တိုင်းပြီးစ သည်ရက်တွေက စိတ်မချမ်းမြေ့စရာ ကြုံတွေ့ရမှုများ နေရာတွင် မုန်တိုင်းအလွန်ရက်များအတွင်း ကူညီကယ်ဆယ်ရေး သတင်းတွေက အစားထိုး နေရာယူလာသဖြင့် ကြည်နူးဝမ်းသာရပြန်သည်။

ပြည်ပအလှူရှင်များ၊ ပြည်တွင်းအလှူရှင်များ၊ အသင်းအဖွဲ့အလိုက်၊ ရင်းနှီးကျွမ်းဝင်သူ အုပ်စုအလိုက်၊ တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ ပုံစံမျိုးစုံဖြင့် မုန်တိုင်းဒုက္ခခံရသူများကို ကူညီလှူဒါန်းကြ၏။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



# (၃)

ပဲခူးသား ကိုတင့်အောင်၊ ခင်မောင်တိုးနှင့် သူ့ဇနီး မဝေ၊ အဆိုတော် အိချိုနှင့်ဇနီး မနွယ်နီ၊ I.C မှ ကိုဗညား၊ မန္တလေးသား ကိုမြင့်ချို စသဖြင့် ကျွန်တော်တို့ ရင်းနှီးသူ သူငယ်ချင်းတွေ ၁၁ယောက်စုပြီး ကူညီလှူဒါန်းရေး ခရီးလေးထွက်ဖြစ်ခဲ့ပါသည်။ ကိုရဲလွင်ကတော့ ကားထွက်ကာနီးမှ ကျန်းမာရေး ကြောင့် မလိုက်ဖြစ်ခဲ့။

ဒေးဒရဲမြို့ပေါ်အထိသာ ရည်ရွယ်ခဲ့သော ခရီးသည် ဒေးဒရဲကို ကျော် ၍ ဖျာပုံမြို့သို့ ရောက်လာခဲ့ပြီပဲ၊ ကျွန်တော်တို့အားလုံးမှာ အပင်ပန်းခံပြီး အရောက်အပေါက်နည်းရာ အရပ်အထိ တတ်နိုင်သမျှ သွားချင်သည့် စိတ်ဆန္ဒတ တူညီနေကြသည်၊ သည်လိုနှင့် ဖျာပုံကနေ ရေကြောင်းတစ်ဆင့်သွားရသည့် ရွာများဆီ အရောက်သွားမည်ဟု အတည်ပြုလိုက်ကြ၏။

ဆရာကြီး ဇော်ဂျီ၏ ကြေးရုပ်ရှေ့က ကားအဖြတ်မှာ နေ့လယ် ၁နာရီ ကျော်ပြီ၊ ဆရာကြီးသည် မုန်တိုင်းကို ကြုံကြုံခဲ့ ရပ်တည်ရင်း ကျန်ရစ်သူများကို 'ပန်းပန်လျက်ပါ' စိတ်ဓာတ်ဖြန့်ဝေ အားပေးနေသလိုပါပဲလား။

မဟာဗောဓိ စေတီတော်ကြီးရှေ့မှ MR-KING လက်ဖက်ရည်ဆိုင်မှာ တစ်ထောက်နားခိုက် မိုးက သဲသဲမဲမဲ ရွာချလိုက်ပြန်သည်။

မိုးစဲသွားတော့ ဖျာပုံမြစ်ဆိပ်ကို ကားဖြင့် ဆင်းသည်။ စက်လှေငှားပြီး



ကားပေါ်က ပစ္စည်းတွေ စက်လှေပေါ် ပြောင်းတင်ရ၏။ စစ်ကားကြီးတွေဖြင့် ပစ္စည်းတွေ သယ်လာပြီး လှေတွေပေါ် ပြောင်းတင်နေတာကို မြဝတီရုပ်သံအဖွဲ့ က မှတ်တမ်းတင်နေကြတာ ဆုံဖြစ်သည်၊ သူတို့နှင့် ကျွန်တော်တို့ သွားကြမည့် ရွာကတော့ မတူ၊ ဖျာပုံမြစ်ကနေ ခွဲထွက်ပြီး နောက်ပြန် တိုးချောင်းအတိုင်း ဝင်ကာ ပန်ကဒါတ်ရွာကို သွားဖို့ ကျွန်တော်တို့ ဆုံးဖြတ်ထားခဲ့၏။

"သောကြာကိုလည်း လာခဲ့ကြပါဦး ဆရာတို့ရယ်၊ ကျွန်မက သောကြာ ရွာက မဦးတဲ့၊ ဟိုတစ်လောက သောကြာရွာကို ဆန် ၁၂အိတ် အလှူရောက် တယ်၊ ၅အိတ်က ကြွက်ဖောက်သွားတယ် ပြောတာပဲ"

လှေပေါ်ကို ပစ္စည်းတွေ ဝိုင်းတင်ပေးရင်း အားရဝမ်းသာပြောနေသည့် သောကြာရွာက မဦးအသံကလည်း ရင်ထဲ စူးနစ်ဝင်သည်လေ။

မိုးစဲပြီးစ မြစ်ပြင်သည် လှချင်ချင်ရှိသော်ငြား ညစ်နွမ်းနွမ်း ဖျော့တော့ တော့ လူမမာတစ်ဦးနှယ်၊ ဝေ့ဖြတ်လာသည့် မိုးသက်လေထဲမှာ အနံ့အသက်က မကောင်းချင်သေး၊ မြစ်ကမ်းနံဖူးမှာ လှမ်းပြီး ဖူးမြင်ခွင့်ရနေသော အလွန်ညက် တော်မြင့်သည့် ဗုဒ္ဓရုပ်ပွားတော်ကြီးမှာ 'တည်တည်ငြိမ်ငြိမ်။

ခဏလေးအကြာမှာတော့ နောက်ပြန်တိုးချောင်းဝကို ရောက်လာပြီ၊ ချောင်းဝက ပြင်တကုန်းရွာကို ဖြတ်ကျော်ခဲ့သည်၊ အဲသည်ရွာမှာလည်း လူရာ ကျော် ဆုံးပါးသွားတာပဲဟု စက်လှေသမားလေးက ပြောပြ၏၊ ဒေးဒရဲမြို့နယ် အပိုင်ဖြစ်သော နောက်ပြန်တိုးကျေးရွာဆိပ်မှာ စက်လှေခဏကပ်သည်။

အိမ်ခြေက (၄၇၅)အိမ်ရှိပြီး လူဦးရေက (၂၅၀၀)လောက်ရှိတဲ့ ရွာကြီး ဟု သိရ၏၊ အသေအပျောက် (၂၀၀)ကျော်ပြီး အိမ်တွေ ပျက်စီးကုန်သည် ပြော ၏၊ အပြန်မှ ဝင်လာခဲ့မည်ပြောပြီး ခရီးဆက်ခဲ့ကြသည်။

ဝကြီး၊ တစ်ညီ၊ တမန်၊ ရောကြီး စသဖြင့် တစ်ရွာပြီး တစ်ရွာ ကျော် ဖြတ်ခဲ့ကြသည်၊ လှေကလေးတွေနှင့် ကပ်လာပြီး အလှူပစ္စည်းတွေကို ယူကြ၏။ လမ်းမှာ အိမ်ခြေသုံးလေးအိမ်ရှိတဲ့ တဲစုကလေးတွေကိုလည်း လှမ်းခေါ်ကာ ပစ္စည်းတွေ လှူခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ချောင်းထဲမှာ ပေါလောမျောနေသည့်အရာတစ်ခုဆီ အားလုံးက အကြည့်ရောက်ကြ၏။ အနံ့အသက်တွေက မကောင်း။

ဆရာကြီး ဇော်ဂျီ၏ ပေဒါလမ်းကဗျာစုမှ ကဗျာတစ်ပိုင်းတစ်စကို ချက်ချင်း သတိရလိုက်မိပြန်၏။

"မနက်က အသေကောင်
သူတောင်မှ တက်နိုင်သေး၊
ငါတုံးတို ကနစိုသားပေပဲ့၊
ချောင်းဖျားကို ခါတစ်ခေါက်
ရောက်ရမယ်လေး"

✠✠✠



(၄)

ကျွန်တော်တို့ ပန်ကဒါတ်ရွာကို ရောက်တော့ ညနေ ၃နာရီ မိနစ် ၄၀ ရှိနေပြီ။ မိုးက တဖွဲဖွဲ။ ဆရာတော်၏ ကျောင်းနှင့် အနီးဆုံးမှာ စက်လှေရပ်ပြီး ဆရာတော်ကို ဖူးမြော်လျှောက်ထားရသည်။ ဆရာတော်က လှေပေါ်မှ ပစ္စည်းတွေကို ရွာသားများဖြင့် ကျောင်းထဲသို့ သယ်သည်။ အပြန်မှာ နောက်ဖြစ်တိုး ရွာကို လှူဖို့ တချို့ချန်ပြီး ကျန်တာ သည်မှာ လှူခဲ့၏။

ဆရာတော် ဦးခေမာစာရက ရွာအခြေအနေ၊ မုန်တိုင်းဒဏ်ခံရသည့် အခြေအနေတို့ကို ရှင်းပြသည်။ ကျွန်တော်တို့ ရှေ့ကလည်း ကူညီကယ်ဆယ်ရေး အဖွဲ့များ ရောက်လာကြပြီး လှူဒါန်းသွားကြကြောင်း ပြောရင်း ရှေ့အနာဂတ် အစီအစဉ်များကို အားတက်သရော မိန့်ကြားပါသည်။

အပြန်လမ်းမှာလည်း လမ်းဘေး တွေ့သမျှ လှေများ၊ တဲတလေးများမှ ကလေးများဆီ ပစ္စည်းများ ရောက်အောင် ပစ်ပေးကြ၏။ အချိန်က တော်တော်လေ၊ နောက်ကျနေပြီမို့ ကတိုက်ကရိုက်။ နောက် ရောကြီး ဘုန်းကြီးကျောင်းသို့ လူအားလုံး မဆင်းနိုင်တော့၊ နေစရာ ကျဉ်းကျဉ်းကလေးသာ ကျန်အောင် ပျက်စီးသွားရှာသော ဘုန်းကြီးကျောင်းပေါ်သို့ ကိုမြင့်ချိုနှင့် တစ်ယောက်၊ နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်သာ တက်ပြီး ပစ္စည်းလှူနိုင်ခဲ့ကြသည်။

နောက်ပြန်တိုး ဘုန်းကြီးကျောင်းပေါ်သို့ ကျန်သမျှ ပစ္စည်းအားလုံး တင်လိုက်ကြ၏။ ဆရာတော်အား လှူဒါန်းပြီး ဆရာတော်မှတစ်ဆင့် ပြန်ဝေပေးရန် လျှောက်ထားရသည်။ ရွာသူရွာသားအချို့ ရောက်လာကြပြီး အမျှအတန်းဝေချိန်မှာတော့ တရှဲ့ရှဲ့ ငိုသံတွေက ကျယ်သထက် ကျယ်လောင်လာခဲ့ပြီပဲ။

"ကြေကွဲစရာတွေချည်းပါပဲ ဒေါက်တာကြီးတို့ရယ်၊

ဖအေက မအေလက်ကို ဆုပ်၊ မအေက သားလက်ကို ဆုပ်၊

သားက ညီမလေးလက်ဆုပ်ပြီး မိသားစုလေးယောက် လက်ချင်းဆုပ်မျောလာတဲ့ အလောင်းတောင် တွေ့ရတယ်"

❋❋❋



# (၅)

"ဆရာရေ. . မုန်တိုင်းပြီးမှ သူဌေးဖြစ်သွားတဲ့သူတွေလည်းရှိတယ်ဗျ"

နောက်ပြန်တိုးရွာသား စက်လှေသမားလေးက ကျွန်တော့်ကို ပြောသည်။

အလာ ကားပေါ်မှာတုန်းက ကျွန်တော့်အတွေးမှာ ဖျတ်ခနဲ ဝင်လာသည့် မုန်တိုင်းပြီးစ ဈေးကစားကြရင်း သူဌေးဖြစ်ကြသူများကို သတိရလိုက်၏။

"ဟုတ်တယ်ကွ၊ လူတိုင်းနီးပါးက လက်ဖြန့်ပြီး ပေးလှူကြတဲ့အချိန်မှာ လက်ထဲ ရအောင် ယူပြီး ဆုပ်ထားချင်တဲ့သူတွေပေါ့ကွာ"

ကုန်ဈေးနှုန်းတွေ ကစားရင်း ကြီးပွားကြသူတွေကို သူ ရည်ရွယ်သည်ထင်ကာ ပြောလိုက်၏။

"လူသေအလောင်းတွေဆီက ရွှေတွေ လိုက်ဖြုတ်ကြတာ ဆရာ။ တချို့က လက်စွပ်ချည်း အကွင်းရာကျော်၊ ရွှေချိန်အတော်များများရကြတယ်"

သူ့စကားကြောင့် အံ့ဩတုန်လှုပ်သွားခဲ့သည်မှာ အမှန်ပင်။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



(၆)

ကျွန်တော်တို့ကား ဖျာပုံမှ ထွက်တော့ မှောင်နေပြီပဲ။ နောက်တစ်ကြိမ် ဘိုကလေးဘက်ကို သွားဖို့ အားလုံးက တက်တက်ကြွကြွရှိနေကြသည်။ လမ်းမှာလည်း ကျွန်တော်တို့လို လှူဒါန်းပြီး ပြန်လာကြသော ကားတွေကို ဖြတ်ကျော်ခဲ့သည်။

စက်လှေသမားလေးစကားက နားမှာ ရစ်ဝဲလာ၏။ ခါတိုင်းရက်တွေထက် အမြတ်ဆယ်ဆပိုတယ် ပြောခဲ့ဖူးသော စတိုးဆိုင်ပိုင်ရှင် စကားကိုလည်း ပြန်ကြားသည်။

စာနာညှာတာစိတ်၊ မေတ္တာစိတ်၊ သွေးစည်းညီညွတ်မှုများနှင့် လောဘရမ္မက်၊ အတ္တစိတ်၊ ရက်စက်တစ်ကိုယ်ကောင်းဆန်မှုများကို မုန်တိုင်းက မီးမောင်းထိုးပြလိုက်သလိုပင်။

မီးရောင်အောက်မှာ အရာရာသည် ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား ကွဲပြားသွားတော့၏။

***

*၂၀၀၈ ခုနှစ်၊ အလင်းတန်းဂျာနယ်။*

***

# သစ္စာ

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ညှော်ခန်း ဆိုဖာပေါ်ကို ပစ်လှဲချရင်း ထိုင်လိုက်သော သူငယ်ချင်းကို ငေးကြည့်မိသည်။

"မင်း သိပ်မောလာတယ်ထင်တယ်။ ရေတစ်ခွက်သောက်လိုက်ဦး" ပြောပြီး ရေသွားခပ်သည်။

"မမောပါဘူးကွာ။ စိတ်ပင်ပန်းတာပါ"

သူငယ်ချင်းထံမှ လေးလေးတွဲ့တွဲ့ ညည်းညည်းညူညူပြောသံကို လှည့်မကြည့်သော်ငြား ကြားရ၏။

ပေးသည့် ရေတစ်ဖန်ခွက်ကို အားရပါးရ မော့သောက်လိုက်သည်။ သည်သူငယ်ချင်းက အလုပ်စောစောထွက်ပြီး စီးပွားရေး ဇောက်ချလုပ်နေသူမို့ လုပ်ငန်းရှင်ဖြစ်ပြီး ကြီးပွားချမ်းသာနေသူ။ သူ့ထံသို့ ခဏခဏလှည့်ဝင်လာတတ်၏။ သူဝင်လာတိုင်း စိတ်မောစရာ၊ စီးပွားရေးလုပ်ငန်းတွေအကြောင်း၊ ရင်းနှီးမြှုပ်နှံမှုတွေအကြောင်း သူ ကြားရစမြဲ။

"မင်းမလည်း စိတ်ပင်ပန်းနေတာပဲ။ သူဌေးဆိုပေမယ့် စိတ်က မလွတ်လပ်ပါဘူးကွာ"

ဖန်ခွက်ကို လှမ်းယူပြီး ရှေ့က စားပွဲပေါ်မှာ တင်ရင်း သူဝင်ထိုင်သည်။



"အမှန်ပဲဟေ့။ ပြဿနာတွေက တစ်ခုပြီး တစ်ခုကွ၊ ခေါင်းအေးအေး နေရတယ်ကို မရှိပါဘူး"

ပြောရင်း လေပူကို မှုတ်ထုတ်လိုက်၏။

"ဘယ်က လှည့်လာတာလဲ"

ကြည့်ရင်း သူ မေးလိုက်သည်။

"ရဲစခန်းက"

"ဘယ်လိုကွ"

"ရဲစခန်းမှာ အမှုသွားဖွင့်ရတယ်ကွာ"

"မင့်တပည့်တွေ ခိုင်းပါလား၊ နေရာတကာ မင်းပါဖို့ လိုလို့လား"

"ဒီလိုကွ"

စကားချိုပြီး လေပူမှုတ်ထုတ်ပြန်သည်။

"ဒီကိစ္စက အိမ်ရှင်ကိုယ်တိုင် အမှုဖွင့်ရမယ့်ကိစ္စမို့ကွ၊ အလုပ်နဲ့ မဆိုင်ဘူး"

"ပြောပါဦး"

"မင်း တစ်ခါရောက်တုန်းက ကော်ဖီလာချပေးတဲ့ ကောင်မလေး မှတ်မိရဲ့လား"

"ဇဝေဇဝါပဲ"

"ငါတို့ မွေးစားသမီးလို့ ငါ့အမျိုးသမီးက မင်းနဲ့တောင် မိတ်ဆက်ပေးသေးတယ်"

"အေး၊ မှတ်မိပြီ။ မင်းတို့ မွေးစားသမီးလို့ပြောတာ အခု ဘာဖြစ်လို့လဲ"

သူ့သူငယ်ချင်း လင်မယားမှာက သားထောက် သမီးခံ မရှိ။ သည်တော့ ငယ်ငယ်လေးကတည်းက တောမှ ကောင်မလေးတစ်ယောက်ကို မွေးစားခဲ့သည်။ ကလေးမလေးက လိမ္မာလွန်းလို့ အမွေစား အမွေခံ မွေးစားဖို့ပင် သူတို့ စဉ်းစားနေကြသည်။

"တော်သေးတာပေါ့ကွာ။ စာချုပ်စာတမ်းနဲ့ အမွေစား အမွေခံ မွေးစားမိသေးလို့"

"ဘယ်လိုဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ထုံးစံအတိုင်းပေါ့ကွာ၊ အရွယ်လေး ရလာတော့ ရည်းစားသနာထားတာပေါ့"

"သဘာဝပဲကွာ"

"သူ့ကောင်လေးက လိမ္မာပုံ မရဘူးကွ၊ အိမ်က ပစ္စည်းတွေ ခဏခဏ ပျောက်တယ်၊ ငါတို့က သူ့ကို မထင်ဘူးပေါ့၊ ညနေပြန် အဝတ်လျှော်တဲ့ မိန်းမကို ထင်တာ၊ ကောင်လေး မြှောက်ခိုင်းတော့ သူက ခိုးခိုးပေးနေတာ"

"သေချာလို့လားကွာ"

"အခုတော့ သေချာသွားပြီ မောင်၊ ငါ့မိန်းမ လက်ဝတ်လက်စားတွေပါ ယူပြီး အိမ်က ထွက်သွားလို့၊ အဲဒါ အမှုသွားဖွင့်ခဲ့တာ၊ ငါတို့ကလည်း သူ့ကို သားသမီးလို ယုံပြီး သော့တွေဘာတွေအပ်တာ ငါတို့အမှားပဲကွ"

"ကလေးမလေးကလည်း မိုက်လိုက်တာ"

ဟု သူ့နှုတ်မှ မှတ်ချက်ပေးလိုက်မိ၏။

"လူတွေဟာ သစ္စာမရှိတော့ပါဘူးကွာ၊ ကိုယ်ကျင့်တရားတွေပျက်ပြီး သစ္စာဆိုတာ ဘာမှန်းကို မသိနိုင်တော့ဘူးကွ"

သူငယ်ချင်းက သူ့ကို ကြည့်ရင်း ပြောလိုက်၏။

"ဘယ်လိုလဲကွ စာရေးဆရာ၊ သစ္စာဆိုတာ ရှိသေးရဲ့လား၊ ပြောစမ်းပါဦးကွ"

သူ ပြုံးနေလိုက်မိ၏။

"အတောင်းနည်းသွားတာနဲ့ လုံးလုံးမကောင်းဘူးတော့ ပြောလို့ မရဘူးကွ၊ ရှားသွားတော့ ပိုတန်ဖိုးရှိလာတတ်တာပဲ၊ သစ္စာကို တန်ဖိုးထားတတ်တဲ့သူ နည်းသွားချင်သွားမယ်၊ တကယ်တန်ဖိုးထားတတ်တဲ့ သစ္စာသမားတွေ ရှိသေးတယ်ဆိုတာ လက်ခံရမှာပဲ"

"ပြောပါဦး၊ ဥပမာ"

"ငါ မင်းကို ငါ့ကိုယ်တွေ့တစ်ခုပြောပြမယ်"

⌘⌘⌘



## ( ၂ )

လမ်းထိပ်ရောက်သည်နှင့် လာကြိုနေကျ ခွေးနှစ်ကောင်ကို မတွေ့ရတော့ တစ်ခုခုလိုနေသလိုလို၊ ခါတိုင်းညများမှာ လက်ဖက်ရည်ဆိုင်မှ အိမ်ပြန်တာ ဘယ်လောက်ပင် နောက်ကျနောက်ကျ၊ သည်ခွေးနှစ်ကောင်ကတော့ သူ့ကို လာကြိုစမြဲ၊ လမ်းထဲကို သူဝင်လာတာတွေ့လျှင် သူ့ထံသို့ အပြေးရောက်လာပြီး အမြီးတနှံ့နှံ့ ပါးစပ်တဟဲဟဲနှင့် ဝမ်းသာအဲလဲ အမူအရာပြတတ်၏။ တစ်ခါခါ သူ့ကို ဖက်တက်ပြီး ခေါင်းနှင့် ခွေ့နေတတ်သေးသည်ပဲ။

သူတို့လမ်းကလေးသည် လမ်းမကြီးမှ ခွဲထွက်ထားသော အိမ်ခြေ ၁၅အိမ်မျှသာရှိပြီး၊ တိတ်ဆိတ်ငြိမ်သက်သည့် ခြံဝန်းများနှင့် လမ်းကလေးမို့ သူတို့နှစ်ကောင်မှ လွဲပြီး၊ အခြားခွေးဟူ၍ လမ်းပေါ်မှာ မရှိ၊ ခြံဝန်းတွေထဲမှာသာ မွေးထားသောခွေးများ ရှိနေ၏။

တစ်ချိန်ကတော့ သူတို့နှစ်ကောင်သည်လည်း ခြံဝန်းထဲမှာသာ နေခဲ့ကြသည်ပဲပေါ့။

"ညည ငါပြန်လာတိုင်း လမ်းပေါ်မှာ အိပ်အိပ်နေတဲ့ ခွေးနှစ်ကောင် တွေ့တယ်ကွ၊ တစ်ကောင်က အနက်၊ တစ်ကောင်က အနီ"

တစ်နေ့ အိမ်ပြန်ရောက်စဉ် သူက သားကို မေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဒီလမ်းထဲက ဟိုခြံကလေ"

"ဘယ်ခြံလဲ"

"အိမ်ငှားမှုလို့ တခြားပြောင်းသွားကြတဲ့ ခြံက ခွေးနှစ်ကောင်လေ။ သူတို့အိမ်ရှင်တွေက ပြောင်းသွားကြတော့ ခွေးတွေ ကျန်ခဲ့တာ၊ တိုက်ခန်းကို ပြောင်းသွားတာမို့ ထားခဲ့ကြတာလားမှ မသိတာ"

"ခွေးတွေက ဘာလို့ ခြံထဲမှာ မနေတာလဲကွာ"

"ဘယ်နေမှာလဲ၊ ခြံထဲမှာ လူစောင့်မှ မရှိတာ"

"ဒါဆို ခွေးတွေကို ဘယ်သူ အစာကျွေးလဲ"

"ဘယ်သူမှ မကျွေးဘူးလေ။ ဒါကြောင့် လမ်းပေါ် ရောက်ရောက်နေတာပေါ့။ ခက်တာက လမ်းက ရှင်းနေတော့ အစာရှာစားဖို့လည်း ဘာမှမရှိဘူး။ ညနေကဆို ထမင်းဆာလို့ထင်တယ်၊ အူနေကြတယ်"

စိတ်ထဲမှာ နင့်တနဲ့ ခံစားလိုက်ရ၏။

"နေပါဦးကွ၊ အိမ်က ခွေးတွေကျန်တဲ့ အစာတွေ ရှိသေးလား"

"ရှိမယ်ထင်တယ်။ သွားကျွေးလိုက်ရမလား"

"အေးကွာ၊ အဲဒါတွေ စုဆောင်းပြီး သွားကျွေးလိုက်ပါ။ သနားပါတယ်ကွာ"

ထိုညက အိမ်က ခွေးများ၏ အစာခွက်တွေထဲက စားကြွင်းစားကျန်များကို စုဆောင်းပြီး သူတို့နှစ်ယောက်ကို သူ့သားက သွားကျွေးခဲ့၏။

နောက်နေ့တွေမှာလည်း ထိုခွေးနှစ်ကောင်အတွက် သီးသန့် ထမင်းထုပ်ချက်ကာ ညနေတိုင်း ကျွေးဖြစ်တော့သည်။ သည်လို ကျွေးရင်း ခွေးတွေက သူ့ကို ခင်မင်နေတော့၏။ ခါတိုင်းနှယ် လမ်းပေါ်မှာ ပြေးလွှားမနေတော့၊ သူ့ခြံရှေ့က ကွက်လပ်ကျယ်ကျယ်မှာ အိပ်နေတော့သည်၊ ခြံရှေ့တည့်တည့်မှာလည်း သူတို့နှစ်ကောင်က မနေရဲ၊ သူ့ခြံထဲက ခွေးတွေက မြင်လိုက်တာနဲ့ ဟောင်တော့သည်။ သည်တော့ ခပ်ကွယ်ကွယ်က ကွက်လပ်မှာ နေရာရွေးပြီး သူတို့နှစ်ကောင်နေ၏။ ညနေရောက်လို့ ထမင်းဆာလာလျှင်တော့ ခြံရှေ့မှာ လာပြီး



အယောင်ပြတတ်သည်။ သူ ညနေအပြင်ထွက်ဖို့ ခြံတံခါးဖွင့်လျှင်တော့ သူတို့ကို အစာကျွေးတော့မည်ပဲဟု သိနေကာ အပြေးအလွှားရောက်လာတတ်စမြဲ။

သည်လိုနှင့် သည်ကောင်တွေက သူ့ကို ခင်နေပြီး ညည သူပြန်လာတိုင်း လမ်းထိပ်ထိလာကြိုပြီး သူ့ခြံဝန်းဝမှာပင် အိပ်သည်။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



## (၃)

သည်နှစ်ကောင် သူ့ခြံဝမှာ လာအိပ်ပြီး တစ်ပတ်လောက်အကြာမှာ ဖြစ်သွားသော အဖြစ်အပျက်ကို သူ မမေ့၊ သည်အဖြစ်အပျက်ကြောင့်လည်း သူတို့နှစ်ယောက်ကို ပိုပြီး သံယောဇဉ်ဖြစ်သွားမိသည်မှာ အမှန်ပင်၊

မနက်လင်းခါနီးမှာ ဆူညံဆူညံအသံတွေကြောင့် လန့်နိုးသည်၊ ခြံထဲသို့ ဆင်းလိုက်စဉ် လမ်းထဲမှာ စကားပြောသံတွေ အတိုင်းသား ကြားနေရသည်၊ ခြံဝန်းအပြင်ဘက်သို့ ထွက်လာခဲ့မိသည်၊

"ဘာဖြစ်လို့လဲဗျ"

လူစုစုရှိရာ လျှောက်သွားရင်း မေးလိုက်၏၊

"အိမ်ကို သူခိုးဖောက်နေတာဗျ၊ ဟိုဘက်ခြံက နိုးပြီး သိသွားလို့ ဗိုင်းလိုက်တာ၊ သူခိုးထွက်ပြေးသွားတယ်လေ၊ ဘာမှတော့ ပါသွားပုံမရပါဘူး၊ အိမ်တံခါးက မပျက်သေးဘူးဗျ"

"တော်သေးတာပေါ့ဗျာ"

"ခွေးတွေကောင်းလို့ဗျ၊ ခွေးနှစ်ကောင်က မတရားဟောင်တာ၊ ဆူဆူဝါးဝါးကို ဟောင်တာ၊ ကျွန်တော်လည်း ကြားတယ်၊ ဒါကြောင့် ဘေးက ခြံက နိုးသွားတာတဲ့"



သူ စကားပြောနေစဉ် ဘယ်အချိန်က သူ့အနားရောက်နေမှန်းမသိလိုက်သော ညနေတိုင်း သူ ထမင်းကျွေးနေသည့် ခွေးနှစ်ကောင်ကို တွေ့လိုက်သည်၊ သူ့ကို အမြီးနှံ့ရင်း ကြိုနေကြသည်၊

"ဒီနှစ်ကောင်လေ၊ သူတို့က လမ်းပေါ်မှာသာ အိပ်ကြတာ၊ သူတို့ခြံထဲ သူခိုးဝင်တော့ ဘယ်လို ဘယ်လို ရောက်လာကြတယ် မသိဘူး၊ ဟောင်လိုက်တာမှ လွန်ရော"

သူ့ကို ပြောပြနေသူက ခွေးနှစ်ကောင်ကို မေးထိုးပြရင်း စကားဆက်၏၊ ဩော်. . . သခင်က စွန့်ပစ်သွားတာတောင်မှ သူတို့ကတော့ တာဝန်ကျေဆဲပါပဲလား၊ အတွေးဖြင့် ခွေးနှစ်ကောင်၏ ခေါင်းကို ယုယုယယပွတ်သပ်ပေးလိုက်ပါ၏၊

သူ အိမ်ပြန်တော့ ခွေးနှစ်ကောင် သူ့နောက်က လိုက်လာကြသည်၊

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



## (၄)

ပြောင်ရှင်းပြီး ခပ်နိမ့်နိမ့်ဆင်းသွားသော လမ်းကလေးကို အဆုံးအထိ လှမ်းမြင်နေရသည်။ ခွေးနှစ်ကောင်၏ ခြံပိုင်ရှင်ခြံရှေ့အရောက် လှမ်းကြည့်ဖြစ်သေးသည်။ ခြံထဲမှာလည်း ခါတိုင်းထက် မီးတွေ လင်းနေတာ တွေ့ရ၏။

"ဟိုခွေးနှစ်ကောင် မတွေ့ဘူးကွ"

အိမ်ထဲရောက်တော့ သူက သားကို လှမ်းပြောလိုက်၏။ သည်ညနေ သူ အပြင်ထွက်တာ စောနေလို့ ညနေစာကျွေးဖို့ တာဝန်ကို သားနှင့် လွှဲပေးခဲ့သည်။

"မင်း ညနေစာကျွေးလိုက်တယ် မဟုတ်လား"

"ညနေကတည်းက ကျွန်တော်ရှာတာ မတွေ့ဘူး"

"ဟေ. . . ဒါဆို. . . သူတို့ခြံထဲမျာ: ပြန်ရောက်သွားပြီလား"

"ခြံထဲမှာ သားတွေ့တယ်။ လူသစ်တွေ ရောက်နေကြပြီထင်တယ်။ နောက်ရောက်တဲ့ အိမ်ငှားလေ"

"ဪ. . . ဟုတ်လား"

"ညနေတုန်းက ခွေးတွေကို ကျွန်တော်ရှာနေတုန်းက အဲဒီအိမ်က ပြင်ဆင်နေကြတဲ့ အလုပ်သမားတွေ ထွက်လာလို့ ခွေးတွေအကြောင်း မေးကြည့်



သေးတယ်"

"ဘာတဲ့လဲကွ"

"အိမ်ရှင်အသစ်က ဒီခွေးတွေ မလိုချင်ဘူး၊ သူနဲ့ ဘာမှမဆိုင်ဘူး၊ အိမ်ရှေ့လာလာနေတာ မတွေ့ချင်ဘူးလို့ ပြောတယ်တဲ့"

"အေးလေ၊ သူမွေးထားတာမှ မဟုတ်ဘဲ"

"ဒါပေမယ့် အုတ်လာချပေးတဲ့ ကားပေါ်ကို ဖမ်းပြီး တင်ပေးလိုက်တာတော့ မကောင်းပါဘူး"

သူ့ရင်ထဲမှာ နင့်ကနဲဖြစ်သွားသည်။ သည်ခွေးတွေက လူယဉ်နေလေတော့ ဖမ်းဖို့လည်း ခက်မည်မဟုတ်။

"ဒါပေမယ့်ကွာ၊ ခွေးက မှတ်ဉာဏ်ကောင်းတယ်ကွ။ ပြန်ရောက်ချင်ရောက်လာမှာ၊ မင်းကြည့်နေ"

သူ့စကားဆုံးတော့ သူ့သားက ပြုံးပြီးကြည့်သည်။

"မင်း ဘာပြုံးတာလဲ"

"အခုအချိန်မှာ ဒီခွေးတွေကို ခွေးလေခွေးလွင့်ဆိုပြီးတော့ ဘယ်သူက အရှင်ထားမှာတဲ့လဲ"

သူ ဘာမှ ပြန်မပြောနိုင်လိုက်။

နောက်တစ်နေ့ညနေ ခြံထဲက အပြင်အထွက်မှာတော့ ခါတိုင်းလို သူ့ဆီ ပြေးလာနေကျ ငနီနှင့် ငနက် နှစ်ကောင်ကို မြင်ယောင်ရင်း သူ သတိရနေတော့သည်။

✠✠✠

www.burmeseclassic.com

(၂)

အဲဒါပဲ သူငယ်ချင်းရယ်၊ လောကမှာ သစ္စာဆိုတာ ရှိတယ်၊ သစ္စာရဲ့ ဇူးရှုထက်မြက်တဲ့ တန်ခိုးကိုလည်း ငါတော့ ယုံတယ်"

သူ့စကားအဆုံးမှာ သူငယ်ချင်းက ခေါင်းကို တဆတ်ဆတ်ညိတ်နေတာကို သူ မြင်ရ၏။

✠✠✠

*၂၀၀၈ ခုနှစ်၊ YOUTH မဂ္ဂဇင်း။*

***

# လက်သီးဆုပ်သူများ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

## (၁)

"ဘဝဆိုတာ ရဟတ်စီးရသလိုပါပဲကွာ။ တက်လိုက်၊ ကျလိုက်"

စက်ရုံမှူးတစ်ဖြစ်လဲ မောင်မောင်ကြီးက စီးကရက်ဖွာရင်း ပြောသည်။ အားလုံးအကြည့်က မောင်မောင်ကြီးမျက်နှာဆီ ရောက်၏။ မှုတ်ထုတ်လိုက်သော မီးခိုးငွေ့များကို ငေးရီကြည့်ရင်း မောင်မောင်ကြီးမျက်နှာက ခပ်မော့မော့။ ဝင်ငွေအလွန်ကောင်းခဲ့သော၊ ကားနှစ်စီးဖြင့် ပျော်မော်ယစ်မူးခဲ့သောဘဝကို ပြန်ပြီးလွမ်းမောနေပြီလား မသိ။ ကံကောင်းထောက်မစွာ ရလိုက်သည့် သူ့နေရာသည် အခိုင်အမာမရှိ။ ယုံကြည်လွန်းခြင်း၊ လုပ်ငန်းတာဝန်လျော့ရဲသွားအောင် အပျော်လွန်ခြင်းတို့က ထိုနေရာမှ သူ့ကို ဖယ်ရှားပစ်ခဲ့သည်ပဲ။ သူ ယုံကြည်လွှဲအပ်ထားသော သူ့တပည့်ကြောင့် တာဝန်ရှိသူတစ်ဦးအဖြစ် အမှုကို ရင်ဆိုင်ခဲ့ရသည်။ သုံးလို့ ဖြုန်းလို့ မကုန်ဘဲ ကျန်ပစ္စည်းဥစ္စာများ သည်အချိန်မှာ ကုန်သွားရသည်။ အမှုကတော့ ကွင်းလုံးကျွတ် လွတ်ခဲ့သည်။

ဒီကတည်းက သူ့ဘဝသည် တစ်ကိုယ်တည်းပမာ ဖြစ်ခဲ့ရ၏။ သူ့မိသားစုက နယ်ပြန်ပြီး မိဘလက်ရင်းအလုပ်ကို ပြန်လုပ်သည်။ သူက ရန်ကုန်မှာ သူ့တစ်ကိုယ်စာ အလုပ်မျိုးစုံကို လုပ်သည်။ ကံကောင်းသည်က သူ့မှာ ဆရာ



ကောင်း၊ သူငယ်ချင်းကောင်းတွေ ရှိနေခဲ့ခြင်းပင်။ တက္ကသိုလ်ကျောင်းသားဘဝကတည်းက အောင်မြင်ကျော်ကြားခဲ့သော လူရွှင်တော်တစ်ဦးလည်း ဖြစ်သူမို့ သူသည် ဘဝကို ရယ်မောစရာအဖြစ် ပေါ့ပေါ့ပါးပါး မြင်နိုင်ခဲ့သူပင်။

ယခုလို သူ့နှုတ်မှ ဘဝဆိုတာ ဆိုပြီး အလေးအနက်ပြောလာတော့ အားလုံးက နားလည်စွာ သူ့ကို ကြည့်ရင်း ခဏငြိမ်သွားကြ၏။

"ခင်ဗျားက ဘဝဆိုတာ ဆိုပြီး ပြောလိုက်တော့ ကျွန်တော် တစ်ခုသွားစဉ်းစားမိတယ်"

ဆေးပေါ့လိပ်ပြာခွေရင်း သက်ထွန်းက ပြောသည်။ ကျွန်တော်ရော မောင်မောင်ကြီးပါ သက်ထွန်းမျက်နှာဆီ အကြည့်ရောက်၏။

"ဆိုပါဦး"

"ခင်ဗျားတို့အားလုံး သိပြီးသားနေမှာပါ။ ကျွန်တော်ဖတ်ဖူးတာ"

သက်ထွန်းက စာဖတ်နာသူမို့ သူ ဖတ်ထား မှတ်ထားသမျှ ပြန်ပြီး ဖောက်သည်ချစမြဲ။

"အင်ဒိုနီးရှားမှာ ထင်တာပဲ၊ မျောက်တွေ ဖမ်းတာလေ"

"ဆိုပါဦး"

"အုန်းသီးအစိမ်းတွေကို မျက်နှာဝလို့ပြီး ဖွင့်လိုက်တယ်ဗျာ။ မျောက်တွေရဲ့ လက်အတင်းထိုးသွင်းမှ ဝင်နိုင်တဲ့ အနေအထားအကျယ်လောက်ပေါ့"

"အင်း . . . ဟုတ်ပြီ"

"ပြီးတော့ အုန်းရည်တွေကို သွန်ထုတ်ပြီးမှ အုန်းသီးထဲကို မျောက်တွေကြိုက်တဲ့ မုန့်၊ ထားပါတော့ဗျာ၊ ထန်းလျက်လိုဟာမျိုးတွေထည့်"

"အင်း"

"ပြီးတော့ မျောက်တွေ မြင်သာတဲ့ နေရာမှာ ချထားရတယ်"

"ဟုတ်ပြီ"

"မျောက်တွေ ရောက်လာတော့ အုန်းသီးထဲက မုန့်ကို မြင်ပြီး အုန်းသီးထဲ လက်ထိုးနှိုက်တာပေါ့။ ခပ်ကျပ်ကျပ်ပေမယ့် အတင်းထိုးနှိုက်တော့ လက်က

www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားရော၊ ပြီးတော့ မှန့်ကို လက်နဲ့ ဆုပ်ထားရင်း လက်ကို ပြန်ထုတ်တာပေါ့"

"အေးပေါ့၊ အေးပေါ့။ လက်သီးဆုပ်ထားတော့ ခပ်ကျဉ်းကျဉ်း အုန်းသီး အဝက ဘယ်ထုတ်လို့ ရတော့မှာလဲ"

မောင်မောင်ကြီးက ဝင်ပြောသည်။

"ဒီလိုပဲ လက်နှစ်ဖက်လုံးမှာ အုန်းသီးတွေ တန်းလန်းနဲ့မို့ မျောက်တွေ သစ်ပင်ပေါ်ကို ပြေးတက်လို့ မရတော့ဘူးလေ"

"အင်း . . . အင်း . . . သဘောပေါက်ပြီ"

ဟု ခေါင်းညိတ်ရင်း ကျွန်တော့်နှုတ်မှ ထွက်သည်။

"ကျွန်တော်တို့လူတွေလည်း အဲဒီမျောက်တွေနဲ့ ဘာထူးလို့လဲဗျ။ ဘဝ ဆိုတာ အဲဒီလိုမျိုးကြီးပဲလား စဉ်းစားမိလို့ပါ"

သက်ထွန်းက စကားကို အဆုံးသတ်၏။ ရှေ့မှာ ရှိနေသော ရေနွေး ကြမ်းကရားကို လှမ်းယူပြီး ပန်းကန်ထဲကို ငှဲ့ထည့်သည်။ အေးစက်နေပြီဖြစ်သော ရေနွေးကြမ်းက သောက်ချင်စရာမရှိ။

"တဏှာလောဘတွေနဲ့ ဆုပ်ကိုင်ထားရင်း ဒုက္ခရောက်နေကြတာပေါ့ ကွာ"

မောင်မောင်ကြီးက မှတ်ချက်ပေးရင်း လမ်းမဆီ ငေးသည်။

"အဲဒီလို လက်ကို ဆုပ်ကိုင်ထားကြတာတောင် မတူတာ ရှိသေးသဗျ"

ကျွန်တော့်မျက်နှာဆီ သူတို့နှစ်ဦး လှမ်းကြည့်သည်။

"ပြောပါဦး ဆရာ"

ဟု သက်ထွန်းက ပြော၏။

"ဆိုစမ်းပါဦးကွ"

မောင်မောင်ကြီးကလည်း နှုတ်မှ ထွက်ရင်း ဆေးလိပ်ကို ပြာခြွေသည်။

✠✠✠



(၂)

မနှစ်က မိုးဦးကျ ကျွန်တော် ရွာကို ရောက်သည်။ တစ်နှစ်မှာ တစ်ခေါက် လောက်သာ ပြန်ဖြစ်သည်မို့ ဆွေမျိုးသားချင်းတွေနှင့် စကားက ပြောမကုန်။

"လာပေ့ - မောင်ဦး"

အိမ်ပေါ် တက်လာသော ကျွန်တော် စာသင်ပေးခဲ့ဖူးသည့် တပည့်လေး မောင်ဦးကို လှမ်းခေါ်သည်။ တွဲဖက်ကျောင်းမှာ ကျွန်တော် ဆရာဝင်လုပ်စဉ်က မောင်ဦးမှာ ကျွန်တော့်တပည့်ဖြစ်ခဲ့ဖူးပြီး အခုတော့ လယ်ထဲ ချောင်းထဲမှာ တငှားလုပ်နေရသူ။ သမီးလေးတစ်ဦးနှင့် ငယ်ငယ်ရွယ်ရွယ်မှာပင် မုဆိုးဖိုဖြစ် နေရပြီး နွမ်းနွမ်းပါးပါး ဘဝကို ရုန်းကန်နေရသူပင်။ ကျွန်တော်ရောက်လာတိုင်း သူလာလာတွေ့တတ်စမြဲ။

"မင်းတပည့်ကို မင်း ကံကောင်းလို့ တွေ့ရတာကွ"

ဦးကြီးက မောင်ဦးကို ကြည့်ရင်း ပြောသည်။

မောင်ဦးက ရယ်ကျဲကျဲနှင့် ကျွန်တော့်ဘေးမှာ ဝင်ထိုင်လိုက်၏။

"ဘာဖြစ်လို့လဲ ဦးကြီးရ"

"မင့်ကောင်ကို မေးကြည့်လေ"

ဦးကြီးက မောင်ဦးကို မေးငေါ့ပြသည်။

"ဘာဖြစ်တာလဲ မောင်ဦးရ"

www.burmeseclassic.com

www.burmeseclassic.com



"မပြောချင်ပါဘူး ဆရာရယ်၊ မသေကောင်း မပျောက်ကောင်း"

ရေနွေးကြမ်းတစ်ခွက်ငှဲ့ပြီး မောင်ဦးရှေ့မှာ ချပေးလိုက်သည်။

"ပြောပါဦးကွ"

"ဒီလို ဆရာရေ့ ထမင်းစားချိန်လောက် ကျွန်တော် အိမ်ပြန်ရောက်သွားတော့ သမီးက လှမ်းပြောတယ်။ 'အဖေကြီး၊ ဘာဟင်းမှ မရှိဘူး'တဲ့။ ဒါနဲ့ 'ငါးပိနည်းနည်းရှိလား'ဆိုတော့ 'ရှိတယ် အဖေကြီး၊ ငါးပိဖုတ်လိုက်ရမလား'မေးတယ်။ ကျွန်တော်က 'ငါးပိရှိရင် ချဉ်ပေါင်ရွက်ဟင်းချိုလေးချက်ရအောင် ချဉ်ပေါင်ရွက်သွားခူး၊ ပုစွန်လုံးလေးထည့်ပြီးချက်လိုက်ရင် ပြီးတာပဲ'လို့ ပြောလိုက်တယ်"

"အင်း"

"ပုစွန်လုံးကရော ဆိုတော့ 'နင် ချဉ်ပေါင်ရွက်ခူးပြီး ဟင်းချိုချက်ထားနှင့်၊ ငါ လယ်ထဲထွက်ပြီး ပုစွန်လုံးနှိုက်လိုက်မယ်'ပြောပြီး လယ်ထဲ ထွက်ခဲ့တာပေါ့ ဆရာ"

ဟင်းချိုမှုန့်၊ ပုစွန်ခြောက် ခတ်စရာမရှိနိုင်သော မောင်ဦးတို့အတွက် ပုစွန်လုံး လတ်လတ်ဆတ်ဆတ်သည် ဟင်းချိုခတ်စရာ အကောင်းဆုံးဟု ကျွန်တော် နားလည်လိုက်သည်။

"ခြစည်းရိုးနားက လယ်ကွက်မှာပဲ ပုစွန်တွင်းတွေ့တယ် ဆရာ။ တွင်းက နည်းနည်းကျဉ်းနေလို့ အဝကို လက်နဲ့ ဖဲ့လိုက်ရသေးတယ်။ လက်ကိုလည်း အားနဲ့ အတော်လေး ထိုးသွင်းမှ ဝင်သွားတယ် ဆရာ။ လက်တစ်ဆုံးနှိုက်တာ ဘာမှမတွေ့ဘူး၊ မကျေနပ်လို့ ထပ်ပြီး နှိုက်ကြည့်တော့မှ ပျော့စိပျော့စိနဲ့ စမ်းမိတယ် ဆရာ။ ကျွန်တော် လက်နဲ့ ဆုပ်လိုက်မိတယ်"

"ပျော့စိပျော့စိ ဆိုရင်တော့ မင့်ဟာ ပုစွန်မဟုတ်တော့ဘူးထင်တယ်"

"သေချာတာပေါ့ ဆရာ။ ပုစွန်မဟုတ်တော့ဘူးဆိုတာ သိလိုက်တယ်။ ငါးရှဉ့်လား၊ မြွေလား တစ်ခုခုပဲပေါ့။ ဆုပ်ထားရင်း ငါးရှဉ့်လည်း မဟုတ်နိုင်သေးဘူးလို့ တွေးပြီး ကြောက်လာတယ်။ ကြောက်တော့ ပိုပြီး တင်းတင်းဆုပ်ထားမိတာပေါ့"

"အေး၊ လွှတ်လိုက်ရင်လည်း မင်းကို ပြန်ကိုက်လိုက်မှာပဲ"

ဦးကြီးက ဝင်ပြောသည်။



"ဟုတ်တယ်၊ ကြောက်ကြောက်နဲ့ ဆုပ်ထားပြီး တွင်းထဲက လက်ကို ပြန်ထုတ်တော့ ထုတ်လို့ မရတော့ဘူး ဆရာ"

"အေး၊ ဟုတ်တာပေါ့။ သွင်းတုန်းကတောင် မနည်းသွင်းထားရတဲ့ လက်ကို လက်သီးဆုပ်ပြီး ပြန်ထုတ်လို့ ဘယ်ရနိုင်မလဲ"

"အဲဒီမှာတင် ကျွန်တော် ဒုက္ခရောက်တာပဲ ဆရာ။ လက်ကလည်း မလွှတ်ရဲဘူး။ လက်ဆုပ်ထားရင်းကလည်း တွင်းထဲက လက်ထုတ်လို့မရတော့ဘူး"

"နောက်တော့. . ."

"မတတ်နိုင်ဘူး ဆရာ။ လာကြပါဦးဟေ့၊ လာကြပါဦးလို့ အော်ခေါ်ရတာပေါ့။ ကျွန်တော့်အသံကြားတော့ မောင်အေးတို့၊ ငွေသောင်းတို့ ရောက်လာကြတယ်။ သူတို့က ပေါက်ပြားတွေ၊ တူရွင်းပြားတွေ ပြန်ယူပြီး တွင်းကို ဖဲ့ထုတ်ပစ်ရတာပေါ့"

"အဲဒီတော့ မြွေက"

"ဆရာရေ၊ တကယ့်ကို အဆိပ်ပြင်းတဲ့ မြွေပွေးပေါက်၊ သန်တုန်းမြန်တုန်း။ ပေါက်လိုက်ရင်တော့ ဆေးမီမယ် မထင်ဘူးဗျ။ ကျွန်တော်လည်း ဆုပ်ထားရင်း လက်က ညောင်းပြီး လက်အံသေနေပြီ။ လက်ကို ဆွဲထုတ်လို့ရတော့ ဗျက်ချင်း မလွှတ်ရဲသေးဘူး။ မောင်အေးက လွှတ်ပစ်လိုက်၊ လွှတ်ပစ်လိုက်လို့ သတိပေးမှ ခပ်ဝေးဝေးကို ပစ်လိုက်မိတယ်"

"မြွေက ပြေးရောလား"

"ဟာ- ကျွန်တော်ကြောက်ကြောက်နဲ့ အားရှိသလောက် ဆုပ်ထားလိုက်တာ ခေါင်းကို ဆုပ်ထားမိလို့ထင်ပါရဲ့ဆရာ၊ မြွေလည်း အသက်မရှိတော့ပါဘူး"

"တော်သေးတာပေါ့ကွာ"

အဲသည်တုန်းက မောင်ဦး ဘယ်လောက် တုန်လှုပ်ချောက်ချားနေမိမည်ကို ကျွန်တော် တွေးကြည့်နေမိပြန်၏။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



(၃)

"အဲဒါပဲကွ၊ ကြောက်ကြောက်နဲ့ ကိုယ့်ကို အန္တရာယ်ပြုမှာစိုးလို့ လက်ကို ဆုပ်ထားရတာမျိုးလည်း ရှိတတ်တယ်"

ကျွန်တော်က စကားကို အဆုံးသတ်လိုက်၏။

"ဒီလိုကွ၊ ငါ တွေးမိတယ်"

ခပ်ချိန်ချိန်ဆဆဖြင့် မောင်မောင်ကြီးက စကားစ၏။

"ဆိုစမ်းပါဦး"

"အရင်းအမြစ်ကတော့ သက်ထွန်းရဲ့ မျှောက်လိုဆုပ်တာက စတာပဲ"

"ဘယ်လိုကွ"

"တရားသဘောနဲ့ ဆင်ခြင်ကြည့်ရင် မင်းတပည့်က အစားအသောက်ဆိုတဲ့ ရသတဏှာနောက်လိုက်ရင်း ဖြစ်ရတာလေ။ အဲဒီတဏှာကို ဆုပ်ကိုင်ထားမိတာပဲလေ၊ မဟုတ်ဘူးလား"

"အင်း . . . အင်း . . . ဟုတ်ပြီ"

ကျွန်တော်တို့ လက်ဖက်ရည်ဝိုင်းကလေးသည် ခေတ္တငြိမ်သက်သွား၏။ တွေးစရာတွေ၊ စဉ်းစားစရာတွေကိုယ်စီဖြင့် နှုတ်ဆိတ်သွားကြပြီပဲ ထင်သည်။

✠✠✠



(၄)

"မနေ့က အိမ်ရောက်တော့မှ စဉ်းစားမိတယ်"

လက်ဖက်ရည်ဝိုင်းမှာ လူစုံတော့ သက်ထွန်းက စကားစသည်။

"ဘာများလဲကွ"

ဟု မောင်မောင်ကြီးက စကားထောက်၏။

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူးဗျာ။ တော်တော်များများ ဖတ်ဖူးပြီး သိနေတဲ့ ပုံပြင်လေးကို ပြန်တွေးမိလို့ပါ"

"ဆိုစမ်းပါဦး"

"လောကကြီးမှာ ယူဖို့၊ ရဖို့လောက်ပဲ သိထားတဲ့ လူတစ်ယောက်၊ ပေးဖို့ ဘယ်တော့မှ မစဉ်းစားဘူး၊ မတွေးဘူးတဲ့ လူတစ်ယောက်ပေါ့ဗျာ"

"အင်း"

"လှေပေါ်က ပြုတ်ကျပြီး ရေနစ်တာပေါ့။ သူက နစ်လိုက်၊ ပေါ်လာလိုက်ဖြစ်နေချိန်မှာ လှေပေါ်က လူတွေက သူ့ကို ဝိုင်းဆယ်ကြဖို့ လက်ပေး၊ လက်ပေးလို့ သူပေါ်လာချိန်မှာ ဝိုင်းအော်ကြသတဲ့။ ဒီလူက လက်မပေးဘဲ ပြန်ပြန်မြုပ်သွားတာပေါ့။ ဒီတော့မှ သူ့တပည့်ရင်းတစ်ယောက်က သူ့ဆရာအကြောင်း သိနေတော့ ဒီတစ်ခါပေါ်လာရင် ခင်ဗျားတို့ မအော်နဲ့ ကျွန်တော်အော်မယ်ပြောပြီးတော့ ရေထဲက ပေါ်လည်း ပေါ်လာရော လက်ယူ-လက်ယူဆိုပြီး သူ့လက်ကို ကမ်းပေးလိုက်သတဲ့။ ဒီတော့မှ ဒီလူက သူ့တပည့်လက်ကို လှမ်းဆွဲယူလိုက်တာဆိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . အင်း. . . ဟုတ်ပြီ၊ မင်းပြောချင်တာ သဘောပေါက်ပြီ။ ငါတို့ပြောတဲ့ လက်သီးဆုပ်ကိစ္စနဲ့ မင်းက ဆက်ချင်တာကိုး"

"ဟုတ်တယ်ဗျ။ ကိုယ်ကချည်း ယူဖို့ ရဖို့ တွေးထားတဲ့လူကတော့ ရသမျှလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားမှာပဲ။ ဆုပ်ထားရင်း ဒုက္ခတွေရောက်နေမှာပဲ။ ဆုပ်ထားတဲ့ဟာက အန္တရာယ်ဖြစ်နေရင်လည်း ကြောက်စိတ်နဲ့ အနိုပ်စက်ခံနေရမှာပဲ။ မဟုတ်ဘူးလား"

"အဲဒီတော့ မနေ့က စကားကို ဒီလိုပြန်ချုပ်မယ်ကွာ"

"ဆိုပါဦး"

မောင်မောင်ကြီးက ကျွန်တော့်မျက်နှာကို ကြည့်ရင်း ကျွန်တော့်စကားကို နားစွင့်၏။

"လူဆိုတာ လောကကြီးထဲက ယူဖို့ချည်း မစဉ်းစားဘဲ၊ လောကကြီးကို ပေးဖို့ စဉ်းစားရတယ်၊ လောကလို့ ပြောရတာ ကြီးကျယ်ပါတယ်ကွာ။ ကိုယ့်ပတ်ဝန်းကျင်မှာကိုပဲ ယူဖို့သက်သက် မစဉ်းစားဘဲ၊ ပေးနိုင်သမျှ ပေးဖို့ စဉ်းစားသင့်တယ်၊ အဲဒီလိုဆိုရင် မောင်မောင်ကြီး စပြောခဲ့တဲ့ ဘဝဆိုတာ"

ကျွန်တော် စကားရပ်ထားလိုက်၏။

"ဆိုပါဦး၊ ဘဝဆိုတာ"

"ဘဝဆိုတာ လောကကြီးကို ပေးနိုင်သမျှ ပေးဖို့ အသက်ရှင်နေတာပါပဲ"

"ဟုတ်တယ်ဗျ၊ ပေးရင်းလည်း ပြန်ရတတ်တာပါပဲ"

ဟု သက်ထွန်းက ပြော၏။

စားပွဲထိုး လာချပေးသော လက်ဖက်ရည်သုံးခွက်မှာ အငွေ့တထောင်းထောင်းထနေတာ တွေ့သည်။ လက်ဖက်ရည်တစ်ငုံစီ ငုံလိုက်ရင်း စကားပြတ်သွားကြကာ လှုပ်ရှားသွားလာနေကြသော လမ်းမမှ လူတွေကို ငေးနေမိကြ၏။

လက်ဖက်ခြောက်အကျရည်၏ အရသာက လျှာပေါ်မှာ စွဲကျန်နေသည်။

❀❀❀

၂၀၀၈ ခုနှစ်၊ ဖက်ရှင်အင်းမိတ်၌ ဖော်ပြခဲ့သည်။

***

# ကောင်းကင် နှင့် မြေကြီးမှာ...

## မွန်မြတ်သန့်စင်သော အရာတို့ တည်၏.

www.burmeseclassic.com

www.burmeseclassic.com

## (၁)

တာဝန်ရှိသော အခမ်းနားမှူးက တစ်ဦးစီနှင့် မိတ်ဆက်ပေးသည်။

သူမနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးပြီးသောအခါ ကျွန်တော်တို့ နှစ်ဦးလုံး ချက်ချင်းပြန်မထိုင်ဖြစ်။ တစ်ဦးမျက်နှာကို တစ်ဦး စူးစူးစိုက်စိုက်ကြည့်နေမိကြသည်။ ကြည့်ရင်း ကြည့်ရင်း နှစ်များစွာအကြာက ငယ်ရုပ်တွေကို ပြန်ပြီး ဖတ်မိလာသလိုဖြစ်လာသည်။ သူရော ကျွန်တော်ပါ ရပ်နေရာမှ ရှေ့ထွက်ပြီး မျက်နှာချင်းဆိုင်ဖြစ်၏။ တမ်းပေးသော သူမ၏ လက်ကို ကျွန်တော် တရင်းတနှီး ဆုပ်ယူဖျစ်ညှစ်ထားမိလိုက်သည်။

"မစ္စဝမ်"

ကျွန်တော့်နှုတ်မှ အံ့ဩဝမ်းသာသံ လျှံထွက်သည်။

"ငါ မြန်မာပြည်ကို လာရမယ်ဆိုတော့ မင်းကို ချက်ချင်းသတိရတယ်။ ငါတို့က ကြားထဲမှာ အဆက်အသွယ်လုံးဝမရှိတော့ မင်းကို တွေ့ရမယ် ငါ မထင်ဘူး။ အရမ်းဝမ်းသာတာပဲ"

"ငါတို့ တွေ့ခဲ့ကြတာ နှစ်ပေါင်း ၂၀ကျော်ပဲလေ"

"မင်း မှတ်မိသေးလား"

ကျွန်တော်က ပြုံးပြီး နားစွင့်ထားသည်။



"ကောင်းကင်နဲ့ မြေကြီးမှာ မွန်မြတ်သန့်စင်တဲ့ အရာတွေ ရှိနေတယ်လို့ ငါ ခဏခဏပြောတတ်တာလေ"

"မှတ်မိတယ်၊ မှတ်မိတယ်။ ကျေနပ်စရာ၊ ပျော်စရာ တစ်ခုခုတွေ့တိုင်း မင်းပြောနေကျ စကားလေ"

"ဟုတ်တယ်။ ဒီနေ့လည်း မင်းကို ပြန်တွေ့ရလို့ ငါ ဒီစကားကိုပဲ ပြောချင်တယ်"

"ပွဲပြီးမှ စကားတွေ တဝကြီးပြောကြတာပေါ့"

သူရော ကျွန်တော်ရော ကိုယ့်နေရာ ကိုယ်ပြန်ထိုင်ဖြစ်သည်။ ကြီးကျယ်ခမ်းနားသော အစည်းအဝေးပုံစံမျိုးမဟုတ်ဘဲ မိတ်ဆက်တွေ့ဆုံပွဲမို့ ကျွန်တော်တို့ လွတ်လွတ်လပ်လပ် စကားပြောနိုင်ခဲ့သည်ပဲ။

လေ့လာအကြံပေးရန် ရောက်လာခဲ့သော တရုတ်ပြည်မှ စီးပွားရေးပညာရှင်များအဖွဲ့မှာ မစ္စတာ ဝမ် ပါလာခဲ့သည်။ ကျွန်တော့်သူငယ်ချင်း စီးပွားရေးလုပ်ငန်းရှင် အင်ဂျင်နီယာက ကျွန်တော့်ကို လေ့လာသူအဖြစ် ဖိတ်ကြားခဲ့သဖြင့် ဒီပွဲကို တက်ရောက်ခဲ့ရင်း မစ္စဝမ်ကို ပြန်တွေ့ခဲ့ရသည်ပင်။

ကောင်းကင်နဲ့ မြေကြီးပေါ်မှာ သန့်စင်သောအရာတို့ တည်၏။ ထိုစကားကို ကျွန်တော် ကောင်းကောင်းကြီး မှတ်မိနေပါသည်လေ။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



## (၂)

စက်တင်ဘာလသည် တရုတ်ပြည်၏ မိုးကုန်ပြီးစ ကာလဖြစ်သည်။ စက်တင်ဘာနံနက်ခင်းသည် နုမျစ် ကြည်လင်နေ၏။ ယန်စီမြစ်ကို ဖြတ်တိုက်လာသော မနက်ခင်းလေကို တစ်ဝရှူရင်း ကျွန်တော်တို့ သင်တန်းသားများ စုရပ်နေရာဆီသို့ လျှောက်လာခဲ့ကြသည်။ ခပ်လှမ်းလှမ်းမှ ယန်စီမြစ်ကမ်းနဖူးတွင် လမ်းလျှောက်သူ၊ ကိုယ်ကာယ လေ့ကျင့်နေသူများကို လှမ်းမြင်နေရ၏။

"ဘယ်အချိန် စထွက်မှာလဲ"

ဟု ထိုင်းမှ သင်တန်းသားကို ကျွန်တော် မေးလိုက်၏။

"ခြောက်နာရီလို့ ပြောတယ်"

လက်မှ နာရီကို ကြည့်လိုက်မိ၏။ ငါးနာရီ လေးဆယ့်ငါး။

"ကားပေါ် တက်ထိုင်ကြရအောင်"

ပြောပြီး အသင့်ရှိနေသော ဟီးနိုးကားပေါ် တက်လိုက်ကြသည်။ ညာဘက်တန်း ရှေ့ဆုံးခုံမှာ ထိုင်းမှ မစ္စတာ ရှာဘီနှင့် ကျွန်တော်နှင့် အတူရောက်လာသူ ကိုမြင့်ဌေးတို့ ဝင်ထိုင်ကြသည်။ သူတို့နောက်က ခုံမှာ ကျွန်တော်ဝင်ထိုင်သည်။ ခဏအကြာမှာ တရုတ်ဘာသာနှင့် အင်္ဂလိပ်ဘာသာကို စကားပြန်လုပ်ပေးရသော မစ္စဝမ် ရောက်လာ၏။



"နီးဟောင်"ဟု နှုတ်ဆက်၍ တက်လာရင်း မိမိဘေးမှာ ဝင်ထိုင်သည်။ 'နီးဟောင်'ဟု ပြန်နှုတ်ဆက်ရင်း ပြုံးပြမိသည်။

"ဟယ်လို. . . မစ္စမောက်စ်၊ ဒီနေ့သွားမှာ ဈေးဝယ်သက်သက်ပဲလား"

မစ္စတာ ရှာဘီက နောက်ကို လှည့်ပြီး မေးလိုက်၏။

မစ္စဝမ်ကို ကျွန်တော်တို့ သင်တန်းသားတွေက တစ်ခါတစ်ရံမှာ မစ္စမောက်ခ်ဟု ခေါ်ကြသည်။ သူတို့ တရုတ်ရိုးရာပဗေဒင်မှာ တစ်နှစ်လျှင် တိရစ္ဆာန်တစ်ကောင်ပိုင်ဆိုင်ကြရာ မစ္စဝမ်သည် ကြွက်နှစ်ဖြစ်၍ ကြွက်သည် လိမ္မာပါးနပ်ပြီး ထက်မြက်သည်ဟု မစ္စဝမ်က အမြဲပြောလေ့ရှိ၏။ ထို့ကြောင့် ကျွန်တော်တို့က သူမကို မစ္စမောက်စ်ဟု ခေါ်ကြခြင်းပင်"

"ဈေးဝယ်သက်သက်မဟုတ်ဘူးကွ။ ဒေါက်တာ ဆွန်ယက်ဆင်ရဲ့ အာဇာနည်ဗိမာန်ကို လိုက်ပြမှာ။ နမ်ကျင်း(Nanjing) ကို သွားမယ်လေ"

အင်ဂျင်နီယာသင်တန်းတစ်ခုအတွက် နိုင်ငံစုံမှ ရောက်လာသော သင်တန်းသားများကို တနင်္ဂနွေနေ့တိုင်း တစ်နေရာစီ လိုက်ပို့ပေးနေကျ။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



## (၃)

ကျွန်တော်တို့ သင်တန်းဖွင့်လှစ်ထားသည့် တက္ကသိုလ်ရှိရာ ဇင်ဂျမ်း (Zhanjiang)မြို့မှ သုံးနာရီကျော် ကားမောင်းသွားရသည့် ခရီးဖြစ်သည်။ ဇင်ဂျမ်းသည် ရှန်ဟဲမြို့မှ လေးနာရီကြာအောင် ရထားစီးပြီးမှ ရောက်နိုင်သည့် တရုတ်ပြည်၏ ရှေးဟောင်းမြို့တစ်မြို့ဖြစ်၏။ ဇင်ဂျမ်းမြို့နှင့် မနီးမဝေး ယန်စီမြစ်ကမ်းပေါ်ရှိ ကျောင်းစု(Jiangsu) တက္ကသိုလ်မှာ ကျွန်တော်တို့ သင်တန်းတက်ကြရပါသည်။

မနက် ၆နာရီတိတိမှာ ကားစထွက်ခဲ့ပါသည်။ လမ်းဘေးဝဲယာ စိုက်ခင်းများကို ဖြတ်ပြီး ကားက မှန်မှန်ပြေးနေသည်။ စပါးခင်းများသည် အသီးအနှံတို့ဖြင့် ငိုက်လျက် စိမ်းစိုသည်။ လက်ဖက်ပင် ပုပြတ်ပြတ်များ အတန်းလိုက်စိုက်ထားတာကို တစ်ခါတစ်ရံတွေ့ရသည်။ အိမ်ကလေးများကို ကြည့်ရင်း . . .

"အိမ်တွေအားလုံးက အုတ်နဲ့ပဲ ဆောက်ကြတယ်နော်"

ဟု ပြောလိုက်၏။

"ဟုတ်တယ်။ သစ်သားထက် အုတ်က ပိုပေါတယ်လေ"

"ဒီမှာ ကျွဲတွေပဲ အတွေ့များရတယ်၊ နွား မရှိဘူးလား"

"ဒီဘက်ပိုင်းမှာ နွား မသုံးဘူး၊ မြောက်ပိုင်းနဲ့ ကျန်တဲ့ နေရာတချို့မှာ



တော့ သုံးပါတယ်"

"ဒါနဲ့ မစ္စဝမ် ဘာဖြစ်လို့ ပီကင်းကို ဘီဂျင်း(Beijing)လို့ခေါ်ပြီး နမ်ကင်းကို နမ့်ဂျင်းလို့ ပြောင်းခေါ်တာလဲ"

"Bei (ဘီ)ဆိုတာက မြောက်ပိုင်း။ Jing (ဂျင်း)ဆိုတာက မြို့တော်လေ။ ဘီဂျင်းက မြောက်ပိုင်းမြို့တော်ပေါ့။ နမ့်(Nan) ဆိုတာက တောင်ပိုင်း၊ နမ့်ဂျင်းဆိုတာက တောင်ပိုင်းမြို့တော်။ အဲဒီအဓိပ္ပာယ်နဲ့ ပြောင်းခေါ်တာလို့ ငါ ထင်တယ်။ အသေအချာတော့ မသိပါဘူး"

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



## (၄)

မနက် ၉နာရီခွဲလောက်မှာ နမ့်ဂျင်းမြို့ကို ဝင်သည်။ မြို့အဝင်မှာပင် ဒေါက်တာ ဆွန်ယက်ဆင်၏ အာဇာနည်ဗိမာန်ရှိ၏။ မလှမ်းမကမ်းမှာ ကားကို ရပ်လိုက်သည်။ ကားပေါ်မှ မဆင်းခင် ယခု ခရီး၏ ခေါင်းဆောင် မစ္စတာလီက နမ့်ဂျင်းမြို့အကြောင်းကို မိတ်ဆက်ပြောပြသည်။

"နမ့်ဂျင်း . . . ဟိုးအရင်အခေါ် နမ်ကင်းမြို့ဟာ လွန်ခဲ့တဲ့ မြို့ဟောင်း တစ်ခုပဲ။ ခေတ် ၆ခေတ်ရဲ့ မြို့တော်ဖြစ်ခဲ့ပြီးတော့ ဆယ်ရာစုရဲ့ နှစ်အနည်းငယ် ပိုင်းမှာ တန်(Tang)ခေတ်ရဲ့ နောက်ဆုံး မြို့တော်ဖြစ်ခဲ့သည်။

မစ္စတာ လီက ခဏာစကားဖြတ်ပြီး ဆက်ပြော၏။

"၁၃၆၈ခုနှစ်ရောက်တော့ မင်း (Ming) ခေတ်ရဲ့ ပထမဆုံး ဘုရင် -------------မြို့တော်ကို ပြန်လည်ပြုပြင်ပြီး မြို့ရိုးတွေ ဆောက်ခဲ့တယ်။ ပတ်ပတ် လည် မြို့ရိုးဟာ ၃၄ကီလိုမီတာရှည်ပြီးတော့ ၁၅မီတာက ၁၈မီတာအထိ အမြင့် ရှိခဲ့တယ်။ ကမ္ဘာပေါ်မှာ အကြီးဆုံး မြို့ရိုးကာထားတဲ့ မြို့လို့ ဆိုတယ်။ ၁၄၀၃ ခုနှစ်ကျတော့မှ မြို့တော်ကို နမ်ကင်းကနေပြီး ပီကင်းကို ပြောင်းခဲ့တာ။ B.C လေးရာစုနှစ်လောက်က ကျောက်တုံးနဲ့ ဆောက်ထားတဲ့ မြို့တော်လို့ နာမည် ခေါ်ခဲ့ကြသေးတယ်"



ခဏာစကားဖြတ်ပြီး သင်တန်းသားတွေဆီကို အကြည့်ဝေ့သည်။

"တရုတ်ပြည်ရဲ့သက်ဦးဆံပိုင်ဘုရင်စနစ်ကို ဖျက်သိမ်းလိုက်တဲ့ တရုတ်ပြည်ရဲ့ ဒီမိုကရေစီတော်လှန်ရေးကို စပြီးတဲ့ ၁၉၁၁ ခုနှစ်ရဲ့ နောက်ပိုင်းမှာတော့ ဒေါက်တာ ဆွန်ယက်ဆင်နဲ့ အစိုးရအဖွဲ့ဟာ နစ်ကင်းမှာပဲ အခြေစိုက်ခဲ့ကြတယ်။ အခု ခပ်လှမ်းလှမ်းမှာ မြင်နေရတဲ့ ဗိမာန်ဟာ ဒေါက်တာ ဆွန်ယက်ဆင်ရဲ့ အာဇာနည်ဗိမာန်ပါပဲ။ အဲဒီကိုသွားပြီး လေ့လာကြမှာပါ"

မစ္စတာ လီ၏ စကားအဆုံးမှာ သင်တန်းသားများအားလုံး ကားပေါ်မှ ဆင်းခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



(၅)

ဒေါက်တာ ဆွန်ယက်ဆင်၏ အာဇာနည် ဗိမာန်ကို တောင်ကုန်း၏ တောင်ဘက် ဆင်ခြေလျှောတွင် တည်ဆောက်ထားသည်။ ဧရိယာအကျယ်အဝန်းမှာ ၃၀၀၀ ဟက်တာ ရှိ၏။ အဝင်ဝတွင် ကြီးမားသော မုခ်ဦးဝင်ပေါက်ကြီးရှိပြီး မုခ်ဝထိပ်တွင် 'အားလုံးကို မေတ္တာထားပါ'ဟု တရုတ်ဘာသာဖြင့် ရေးထားသည်ကို တွေ့ရ၏။ မုခ်ဝရှေ့မှာ ဒေါက်တာ ဆွန်ယက်ဆင်၏ ကြေးရုပ်တစ်ခုရှိ၏။ ၎င်းအဝင်ဝမှ အမိက အဆောက်အအုံသို့ ရောက်သည်အထိ မီတာ ၄၀၀ ရှည်လျားပြီး အထက်သို့ တဖြည်းဖြည်းချင်း မြင့်တက်သွားသော ကျယ်ဝန်းသည့် လှေကားထစ်များကို တွေ့ရ၏။

လှေကားထစ်ပေါင်း ၃၉၂ ခုရှိပြီး ရင်ပြင်တစ်ခုလုံး ကျယ်ပြန့်စွာပြုလုပ်ထားသည်မို့ လူပေါင်းများစွာ ဆင်းနိုင်တက်နိုင်ကြောင်း မစ္စဝမ်က ရှင်းပြသည်။

အမိက အဆောက်အဦကို ရောက်ပါပြီ။ အမိက အဆောက်အဦမှာ ကျောက်သားဖြင့် ဆောက်လုပ်ထားပြီး အမိုးမှာ အပြာရောင်ကောင်းကင်ပြင်နှင့် အဖြူရောင် နေမင်းကို ရေးဆွဲထားသည်။

"မစ္စဝမ်ရေ. . . ဘာလို့ နေမင်းကို အဖြူရောင် ရေးဆွဲထားရတာလဲ"

အမိက အဆောက်အအုံ၏အထဲကို အပြင်မှ လူတွေ စုပြုံတိုးနေသဖြင့်



မစ္စဝမ်က ချက်ချင်း မဖြေအား။ အတွင်းပိုင်းသို့ ဝင်ရန် တိုးပြီးနေရာယူနေကြခြင်းဖြစ်သည်။ ထိုအဆောက်အဦအဝင်မှာ ဒေါက်တာ ဆွန်ယက်ဆင်၏ ထိုင်နေသည့်ပုံကို ကျောက်ဖြူသားဖြင့် ထုလုပ်ထားတာ တွေ့ရ၏။ ထိုကျောက်ရုပ်ကို သံချိန်းကြိုးများဖြင့် ကာရံထားပြီး လက်ျာဘက်မှ အတွင်းပိုင်းသို့ ဝင်ပေါက်ပြုလုပ်ထား၏။

အဝင်ဝမှ တိုးရင်း အဆောက်အအုံအမိုးမှာ ရေးဆွဲထားသည့် နေမင်းဖြူဖြူကို ကြည့်မိပြန်၏။

"မွန်းတည့်ချိန် အလင်းရောင်ပေးနိုင်ဆုံးအချိန်ကို ဆိုလိုတာလို့ ငါစာထဲမှာ ဖတ်ဖူးတယ်"

မစ္စဝမ်က ကြည့်ရင်း ပြန်ဖြေသည်။

အမိက အဆောက်အအုံ၏ အဝင်ဝ နဖူးဇည်းမှာလည်း တရုတ်ဘာသာဖြင့် စာတန်းတစ်ခုရေးထိုးထားတာကို တွေ့ရ၏။

"အဲဒါ ဘာရေးထားတာလဲ မစ္စဝမ်"

"ခဏနေဦး၊ ငါ စဉ်းစားဦးမယ်။ ပြီးမှ မင်းကို ပြောပြမယ်"

တရွေ့ရွေ့ဝင်ခဲ့ကြရင်း အဆောက်အအုံ၏ အတွင်းပိုင်းသို့ ရောက်ခဲ့ကြသည်။ အလယ်ဗဟိုတွင် စက်ဝန်းသဏ္ဌာန် တွင်းပေါက်ဝတစ်ခုသည် ပေ ၂၀ကျော် ကျယ်ဝန်းပြီး ၁၀ပေလောက် အနက်ရှိမည် ထင်ရ၏။ ဘေးပတ်လည်မှာ သံတန်းများဖြင့် ကာရံထားပြီး အောက်သို့ ငုံ့ကြည့်နိုင်သည်။

ဒေါက်တာ ဆွန်ယက်ဆင်၏ သဏ္ဌာန်ကို ကျောက်ဖြူသားဖြင့် ထုဆစ်ထားတာ လှမ်းမြင်ရ၏။ ပကတိ လူပုံအတိုင်းရှိပြီး အိပ်ပျော်နေသည်ဟု ထင်မှတ်စရာ။ ထိုကျောက်သားရုပ်တုအောက်မှာမှ ဒေါက်တာ ဆွန်ယက်ဆင်ကို မြှုပ်နှံသဂြိုဟ်ခဲ့သည်ဟု မစ္စဝမ်က ရှင်းပြသည်။

တရွေ့ရွေ့တိုးရင်းဖြင့်ပင် အဆောက်အအုံအတွင်းမှ ပြန်ထွက်လာခဲ့ကြသည်။

"ဒေါက်တာ ဆွန်ယက်ဆင်ကို ၁၈၆၆ ခု၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



'Chi Heng' ရွာမှာ မွေးဖွားခဲ့တာ။ ၁၉၂၅ခု၊ မတ်လ ၁၂ရက်နေ့မှာ ပီကင်းမြို့မှာ သေဆုံးခဲ့တယ်။ ချင်မင်းဆက်ကို တော်လှန်ပြီးတော့ ဒီမိုကရေစီမျိုးစေ့ကို ချပေးခဲ့တယ်။ သက်ဦးဆံပိုင်စနစ်ကို ဝိညာဉ်ချုပ်စေခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ စာမျက်နှာသစ်ကို ဖွင့်လှစ်ပေးခဲ့တယ်။ ဒီဗိမာန်ကို ၁၉၆၂ခု၊ ဇန်နဝါရီမှာ စဆောက်ခဲ့ပြီး၊ ၁၉၂၉ ခုနှစ်စမှာ ပြီးစီးခဲ့တယ်၊ ဒီအဆောက်အဦ မပြီးခင်ကတော့ ရုပ်အလောင်းကို ပီကင်းမြို့ရဲ့ အနောက်ဘက်မှာရှိတဲ့ ဘိုင်ယမ်စီ ဘုရားကျောင်းမှာ မြှုပ်နှံထားခဲ့တယ်၊ အဆောက်အဦပြီးတော့မှ စောစောက တွေ့ခဲ့ရတဲ့အတိုင်း ဒီလိုပြောင်းပြီး မြှုပ်နှံထားခဲ့တာပဲ"

မစ္စတာ လီက ဒေါက်တာ ဆွန်ယက်ဆင်အကြောင်းကို အကျဉ်းချုပ်ရှင်းပြသည်။

"နေဦး မစ္စဝမ်၊ စောစောက ပင်မအဆောက်အအုံရဲ့ နဖူးစည်းက စာတန်း ဘာရေးထားတာလဲလို့ ငါမေးတာ မင်း မဖြေရသေးဘူး"

ကျွန်တော်က မစ္စဝမ်းကို အနားကပ်ပြီး ပြောလိုက်၏။

"ကောင်းကင်နဲ့ မြေကြီး နှစ်ခုလုံးမှာ မွန်မြတ်သန့်စင်သော အရာတွေ တည်၏"တဲ့။

မစ္စဝမ်က အင်္ဂလိပ်လို ဘာသာပြန်ပြီး ပြောလိုက်သည်၊

"ကောင်းလိုက်တာနော်၊ အာဇာနည်တွေဟာ ကောင်းကင်မှာရော မြေကြီးမှာပါ ထာဝရ တည်ရှိနေတယ်လို့ တွေးလို့ ရတယ်နော်"

"ဒါတော့ မင်းကြိုက်သလိုတွေးပေါ့"

※※※



## (၆)

လွန်ခဲ့သော နှစ်ပေါင်း ၂၀ကျော်မှ တွေ့ဆုံခဲ့ခြင်းသည် မနေ့တစ်နေ့ကနှယ် အတွေးမှာ ထင်ရှားပြတ်သားလာခဲ့တော့၏။

ဒေါက်တာ ဆွန်ယက်ဆင်၏ ဗိမာန်မှ ပြန်ရောက်ပြီးနောက်ပိုင်း သင်တန်းကာလတစ်လျှောက်လုံးမှာ မစ္စဝမ်သည် သူမ ကျေနပ်ကြည်နူးစရာတွေ့တိုင်း ထိုဗိမာန်အဝင်မှ စာသားကို ရွတ်ဖတ်နေလေ့ရှိတော့၏။ မွန်မြတ်သန့်စင်သော၊ ကောင်းမွန်မှန်ကန်သောအရာတို့သည် မပျောက်မပျက် ထာဝရရှိနေတတ်တာ သဘာဝဟု သူမက ရည်ညွှန်းမှန်း နားလည်နိုင်ပြန်သည်၊

"မင်းနဲ့ ငါ တစ်နေ့ ပြန်တွေ့မှာပါကွာ။ ကောင်းကင်နဲ့ မြေကြီးမှာ မွန်မြတ်သန့်စင်တဲ့ အရာတွေ ရှိနေတတ်တာပဲ"

လေယာဉ်ပေါ်တက်ခါနီး နှုတ်ဆက်ခွဲခွာချိန်မှာ မျက်ရည်ဝဲနေသောအကြည့်ဖြင့် ထိုစကားကို မစ္စဝမ်က ပြောခဲ့သည်လေ။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ဒီစကားကို သူမ မှတ်မှတ်ရရပြောနေပြန်ပြီပဲ၊

ဒီတစ်ခါတော့ ငါလည်း မင်းလိုပဲ ယုံကြည်တာပါပဲဟု ပြန်ပြောမည်ဟု တွေးဖြစ်၏။

✠✠✠

*၂၀၀၀ စုနှစ်၊ အင်တာနေရှင်နယ် မဂ္ဂဇင်း။*

***

# တစ်လမ်းဆီ လျှောက်တဲ့ ခရီးမှာ

## နောက်လှည့်ပြီး မဒေါ်ကြေး

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ပိတောက်ပင်တို့သည် ထီးသဖွယ် လမ်းမကို အုပ်မိုးဆိုင်းဆို့သည်။ ဘေးဘီဝဲယာကို မျှော်အကြည့်မှာ တင်းနစ်တုတ်များနှင့် အားကစားကွင်းကို လှမ်းမြင်၏။ ဖွဲဖွဲလေး ကျနေသည့် မိုးစက်တို့ကို မြင်နေရသော်လည်း ထူသိပ်သိပ် ပိတောက်ရွက်တို့ ခံသဖြင့် သူတို့ကိုယ်ပေါ်သို့ မိုးစက်တွေ မကျသေး။

"နင့်ကို ငါချစ်တယ်ဆိုတာ မယုံလို့လား . . . ထား"

"ငါ ယုံပါတယ်"

မကြည့်ဘဲ ခေါင်းငိုက်လျှောက်လာရင်း ထားအသံကို ကြား၏။ ယုံပါတယ်ဆိုသည့် စကားက နှလုံးသားကို နွေးထွေးစေသည်တော့ အမှန်။

"ဒါဆို နင် ဘာစဉ်းစားနေတာလဲ ထား"

လှုပ်ရှားစိတ်ဖြင့် ထားမျက်နှာကို ကြည့်တာ မေးလိုက်၏။ ဖျတ်ခနဲ အကြည့် မျက်နှာပေါ်သို့ ကျလာသည်။ မျက်ဝန်းနှစ်ခုဆုံဆဲမှာ ရင်၌ တုန်လှုပ်စွာ အနေခက်ပြန်ပါရော။

"နင် ငါ့အိမ်အကြောင်းမှ မသိတာ သီဟရယ်"

ညည်းညူသံလို ထားနှုတ်မှ ထွက်လာသည်။

"ငါ နင့်ကို ချစ်တာပဲ သိတယ်. . . ထား"



ထားအနီးသို့ တိုးကပ်ပူးလျှောက်ရင်း ဆိုသည်။ မိုးသက်လေတစ်ချက်သည် ထား၏ နဖူးဆံစကို ဝေ့ဝဲဖွာယမ်းသွားစေပြန်၏။

"သီဟ"

"ဟင်"

"နင် ငါ့ကို ချစ်ရုံပဲလားဟင်"

"ဘာ - ဘာပြောချင်တာလဲ ထား၊ ငါ နားမလည်ဘူး"

ခြေလှမ်းတုံ့ဆိုင်းပြီး တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်မိကြပြန်၏။ မျက်ဝန်းအဆုံမှာ အခုန်မြန်ချင်သောရင်ကို ဘာသာ သတိမထားလိုက်မိပြန်။

"ငါ့အိမ်အကြောင်း ငါသိလို့ ပြောနေတာ"

လေသံတိုးညင်းစွာ ထားဆိုသည်။

"မာမီ့စကားကို ထားက အမြဲနားထောင်နေရတာ"

"ထားမှာ သတ္တိမရှိတော့ဘူးလားဟင်"

ထားမျက်နှာကို ငုံ့စောင့်ကြည့်ရင်း အားမလို အားမရစိတ်ဖြင့် မေးသည်။ ရပ်နေရာမှ ခြေလှမ်းတုံ့နှေးစွာဖြင့် ဆက်လျှောက်ကြပြန်သည်။

"ဖြေလေ- ထား၊ ထား ကိုယ့်ကိုချစ်ဖို့ သတ္တိမရှိတော့ဘူးလား"

အသံမှာ နာကြည်းစွာ မာဆတ်နေမည်လား မသိ။ အတွေးအာရုံဖြင့် ထားမာမီ၏ မျက်နှာကို မြင်ကြည့်မိပြန်သည်။

"ငါမေးတာကို နင် မဖြေသေးဘူးလေ သီဟ"

"ဘာကိုလဲဟင်"

"နင် ငါ့မေတ္တာကို ရရုံသက်သက်ပဲလားလို့ ငါမေးတာလေ"

ထားကို ငေးရီစွာ ကြည့်ရင်း သက်ပြင်းအလိုလိုချမိပြန်၏။

"ဖြေလေ သီဟ"

ထားက ပခုံးချင်းထိတိုက်လာ၏။

"ငါ စဉ်းစားနေတာ ထား။ အင်းလေ. . . ဘယ်လိုဖြေရမလဲ မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ငါ နင့်ကို နင့်နင့်သီးသီး ချစ်တယ်ဆိုတာတော့ သိတယ်။ နင့်မေတ္တာကို ငါ လိုချင်တယ်"

"ဟာ- နင်ကလဲ. . . ငါမေးနေတာက နင်နဲ့ ငါ ချစ်သူဘဝရောက်ရှိ တင်ပဲလား။ နင် ငါ့ကို ပိုင်ဆိုင်ဖို့၊ လက်ထပ်ဖို့ ထပ်ကြိုးစားဦးမှာလား။ အဲဒါ သိချင်တာ"

"ဒါကတော့ဟာ ချစ်သူဘဝရောက်ပြီဆိုရင်တော့ တစ်ယောက်ကို တစ်ယောက် ပိုင်ဆိုင်ချင်ကြတာ၊ လက်ထပ်ချင်ကြတာ ချစ်သူတိုင်းရဲ့ သဘာဝ ပဲဟာ"

လေသံမှန်ဖြင့် ပြန်ပြောသည်။

"အဲဒါ ငါနားလည်တယ် သီဟ။ ဒါကြောင့် နင့်ကို ငါမေးတာ။ နင် ငါ့ကို လက်ထပ်ဖို့၊ ပိုင်ဆိုင်ဖို့ ဆန္ဒရှိလာတဲ့အခါ နင် စိတ်ဆင်းရဲရလိမ့်မယ်။ နှစ်ယောက်လုံး ဒုက္ခခံစားရလိမ့်မယ်။ ငါ့ဘဝ စက်ရုပ်လို မိဘသဘောအတိုင်း လိုက်လုပ်နေရတာ နင်သိသားနဲ့။ ဒီခေတ်မှာ မိဘတွေ သားသမီးကို မချုပ်ချယ် တော့ဘူးဆိုပေမယ့် ငါ့မိဘက အဲဒီအထဲမှာ မပါဘူး။ သိပ်ရှေးဆန်တာ"

"ရှေးဖြစ်မယ့်ကိစ္စတွေ ဘာလို့ ကြိုတွေးနေရတာလဲ ထားရယ်။ နင် ငါ့ကို တကယ်ချစ်လာတဲ့အခါမှာ အရာရာကို ရင်ဆိုင်ရဲတဲ့ သတ္တိတွေ နင့်မှာ ရှိလာလိမ့်မယ်လို့ ငါယုံတယ်"

"ငါ မာမီ့ကို ကြောက်တယ် သီဟ"

ကြည့်လိုက်မိသော အကြည့်မှာ ကြင်နာမှုများ ပါလေမည်လား။ ဘာ ပြန်ပြောရမည်မသိ ဖြစ်ရပြန်၏။ ငယ်စဉ် ကလေးဘဝမှစ၍ ပုံသွင်းခံထားရ သော ထားသည် သူ့မိဘကို ဘယ်လိုတော်လှန်ရဲပါ့မလဲ။ ရင်ထဲမှာ စာနာတွေ ဝင်မိပြန်သည်ပဲ။

မိုးစက်ကလေးတွေ ပိုပြီးသည်းလာပြီထင်၏။ ကိုယ်ပေါ်သို့ မိုးစက်တို့ ကျရောက်ထိစင်လာတာ သတိပြုမိပြန်သည်။

"ထီးဖွင့်ဆောင်းလေ. . . ထား"



ထီးဖွင့်လိုက်စဉ် ပန်းခက်ကလေးတွေ ယှက်နွယ်ထားသော မိုးပြာ ရောင် ထီးရွက်ကလေးကို အမှတ်မထင် အကြည့်ရောက်ပြန်၏။

"လာလေ၊ နင့်ခေါင်းတွေ စိုကုန်ပြီ"

ပြောရင်း သူ့ဘက်သို့ ထီးကို တိုးဆောင်းပေးလိုက်သော ထားမျက်နှာ ကို အကြည့်ရောက်ခိုက် ကြည်ရွှင်သောအပြုံးကို မြင်သည်။

မိုးသက်လေ တစ်ချက်ဝေ့သွားပြန်၏။

ကိုယ်သင်းနံ့ပျံ့ပျံ့သည် ရင်တွင်းသို့ စူးနစ်ဝင်ရောက်သွားစေလျက် တစ်သက်တာ ထာဝရ မေ့မရနိုင်စရာတစ်ခုကို ဖန်ဆင်းလေပြီလား။

ထား ကိုင်ထားသည့် ထီးရိုးကလေးကို လှမ်းဆုပ်ကိုင်လိုက်မိစဉ်မှာ ထားလက်ဖျားလေးတွေကို အုပ်မိုးကိုင်လိုက်သလို ဖြစ်သွားသည်။

တဖြည်းဖြည်း သည်းလာသော မိုးသည် မကြာမီမှာပင် သူတို့နှစ်ဦးလုံး ကို စိုစွတ်အောင် ဝေ့ပက်ရွာသွန်းလေတော့မည်ပဲဟု သိလိုက်၏။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



## ( ၂ )

စက်ရုံ ထမင်းစား နားချိန်မှာ ဖြူဖြူ့အနား ရောက်လာခဲ့၏။

“ဖြူဖြူ့အမေက ဘာပြောလဲဟင်”

ဖြူဖြူက သူ့မျက်နှာဆီ အကြည့်ဖွတ်ခနဲဝေ့သည်။

“အမေကတော့ ထုံးစံအတိုင်းပေါ့၊ ဖြူဖြူ့ကို ယုံတယ်။ ဖြူဖြူ ကြည်ဖြူရင် ပြီးတာပဲတဲ့”

“မဟုတ်ဘူးလေ၊ လာတောင်းရမ်းဖို့နဲ့ လက်ထပ်ဖို့အစီအစဉ်ရော ဖြူဖြူ ပြောခဲ့ရဲ့လား”

“ပြောတာပေါ့ ကိုသီဟရယ်၊ မေမေက နားလည်ပါတယ်။ နယ်ကလာပြီး အလုပ်လုပ်ရတဲ့ ကုမ္ပဏီစက်ရုံဝန်ထမ်း အလုပ်သမားဆိုတာ ဘယ်လိုအခြေအနေမှန်း အမေသိတာပေါ့။ လူကြီးတွေနဲ့ လာပြီး မိသားဖသားပီပီ တောင်းရမ်းရင် ပြီးတာပါပဲတဲ့။ ပြီးတော့လည်း တတ်နိုင်သလောက် ဘုန်းကြီးတစ်ပါး နှစ်ပါးနဲ့ မင်္ဂလာဆွမ်းကျွေးလိုက်တာပေါ့၊ ပြောတယ်”

ဖြူဖြူ့ဘေးမှာ ဝင်ထိုင်လိုက်ရင်း သက်ပြင်းကို ချလိုက်နိုင်သည်။

“တော်သေးတာပေါ့ ဖြူဖြူရယ်။ မင်္ဂလာဆောင်အခမ်းအနားလေးတော့



မဖြစ်ဖြစ်တဲ့ နည်းနဲ့ လုပ်ပါဦး၊ ဘာညာပြောမှာလား စိုးရိမ်နေမိတာ။ အဲဒီလိုသာ ပြောရင် ဒုက္ခပဲ”

ဖြူဖြူက သူ့ကို ကြည့်ပြီး ပြုံးသည်။

“အဲဒီလိုပြောရင်ကော”

မပွင့်တပွင့်မေးလိုက်၏။

“ဖြူဖြူကတော့ မပြောဘူးဆိုတာ ကိုယ်ယုံပါတယ်။ ဘယ်သူမဆို တင့်တင့်တင့်တယ်တယ် ခမ်းခမ်းနားနား လက်ထပ်ချင်ကြတာပဲပေါ့။ ဒါပေမယ့် ဘဝပေးအခြေအနေအရပေါ့လေ”

“အလကားစတာပါ”

ဟု ပြောရင်း ဖြူဖြူမျက်လွှာချသည်။

“ဒါဆို ဒီစနေ၊ တနင်္ဂနွေနဲ့ ဆက်ပြီး ခွင့်ယူမယ်။ ပြီးတော့ အိမ်ပြန်မယ်။ အဖေတို့၊ အမေတို့ကို ပြောပြီး တစ်ခါတည်း ခေါ်လာခဲ့မယ် ဖြူဖြူ”

တက်ကြွစွာ နှုတ်မှ စကားစတို့ ထွက်၏။

“ကိုသီဟ ငွေစုငွေချေးက ထုတ်ပြီးလို့လား”

“ဒီနေ့ရမယ်လို့ ရုံးက ပြောတယ်လေ”

“လမ်းစရိတ်မရှိမှာ စိုးရိမ်လို့”

သူ့ကို မကြည့်ဘဲ ဖြူဖြူက ပြောလိုက်တော့ ရင်ထဲမှာ နွေးခနဲ ခံစားလိုက်ရသည်မှာ အမှန်။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



(၃)

တက္ကသိုလ်တက်စဉ်က ထားကို ချစ်ခွင့်ပန်ခဲ့သည်များကိုလည်းကောင်း၊ ဘွဲ့ရပြီး အလုပ်ထဲမှာ တွေ့ရသည့် ဖြူဖြူကို လက်ထပ်ခွင့်တောင်းခဲ့သည်ကိုလည်းကောင်း အတွေးမှာ ဆက်စပ်ပေါ်သည်။ အိမ်ပြန်ပြီး အဖေနှင့် အမေကို ဖြူဖြူ အား တောင်းရမ်းပေးရန် လိုက်ခဲ့ဖို့ ခေါ်ရမည်ပဲ။ အတွေးဖြင့် လမ်းဖြတ်ကူးလိုက်သည်။ ပလက်ဖောင်းပေါ် တက်မည် ခြေလှမ်းခိုက် ကားတစ်စီး ကွီကနဲ ထိုးရပ်လိုက်သဖြင့် အတော်လေး ကသိကအောက်ဖြစ်သွားသည်။

"သီဟ"

ကားပေါ် အကြည့်ရောက်တော့ ရုတ်တရက် အံ့သြသွားမိသည်။ နှုတ်မှ ခေါ်သံအကြား နှလုံးသားမှာ စွဲထင်နေခဲ့ရသောအသံပါလား ချက်ချင်းသိ၏။

"ထား"

နှုတ်မှ ထွက်ရင်း ငေးနေမိသည်။

"လာ-ကားပေါ်တက်လေ၊ ထား လိုက်ပို့ပေးမယ်"

စူးစိုက်ဆုံထားသော အကြည့်ကို လွှဲလိုက်၏။ ပြီးတော့မှ ဖျတ်ခနဲ ပြန်လှည့်တာ အကြည့်ဆုံရင်း ပြုံးမိသည်။

"သွားပါ ထားရယ်၊ ဘတ်စ်ကားမှတ်တိုင်မှာ ကိုယ့်ကောင်မလေး စောင့်



နေလိမ့်မယ်"

ထားက ခဏငြိမ်သွားသည်၊ ပြီးမှ . . .

"ဘာဖြစ်လဲ၊ နှစ်ယောက်လုံးကို ထား လိုက်ပို့ပေးမှာပေါ့"

သူ ခေါင်းကို ဖြည်းဖြည်းယမ်းခါလိုက်သည်။

"ကိုယ်တို့ရပ်ကွက်တွေဆီ ရောက်ဖို့ လမ်းက ကြမ်းပါတယ် ထားရယ်။ ထားစီးတဲ့ ကားနဲ့ မထိုက်တန်ပါဘူး။ သွားမယ်နော် ထား"

စကားအပြတ်မှာ ထားကို မကြည့်တော့ဘဲ လူကြားထဲ ဆက်လျှောက်ခဲ့၏။

ဘတ်စ်ကားဂိတ်မှာ လူတွေ စုပြုံနေတာ လှမ်းမြင်သည်၊ အလုပ်များပြီး စက်ရုံအလုပ်ဆင်းချိန်ထက် နောက်ကျတတ်သော သူ့ကို ဖြူဖြူက ဒီကားဂိတ်မှာ စောင့်နေတတ်စမြဲ။

ပြီးမှ သူတို့နှစ်ယောက် ဘတ်စ်ကားတိုးစီးပြီး ခရီးဆက်ကြရမြဲပင်။

ဘဝသည် အိပ်မက်မဟုတ်ဟု နားလည်ခဲ့သည်မှာ ကြာပြီပဲလေ။

✠✠✠

*၂၀၀၈ ခုနှစ်၊ YOUTH မဂ္ဂဇင်း။*

***

www.burmeseclassic.com

www.burmeseclassic.com

# မီးပြတိုက်

www.burmeseclassic.com

www.burmeseclassic.com



(၁)

တက္ကသိုလ်ဝင်တန်း ဆယ်တန်းစာမေးပွဲကို နှစ်ခါကျပြီးသည့်အခါ ကျွန်တော့်မှာ ကျောင်းသားစိတ်ကုန်ခန်းသွားပြီထင်၏။ ကျွန်တော့်မိသားစုရော၊ ပတ်ဝန်းကျင်ကပါ ကျွန်တော့်ကို အထင်သေးချင်၊ နှိမ့်ချချင်သည်ဟု အလိုလို ခံစားပြီး သိနေသည်။ ကိုယ့်လို ပေပေတေတေ သူငယ်ချင်းများကိုသာ ရွေးချယ် ပေါင်းရင်း လူ့ဘဝမှာ ပညာဆိုတာ အရေးပါလွန်းသည့် အရာမဟုတ်ဟု တွေး တတ်လာသည်။ နောက်တစ်နှစ် အပြင်က ဖြေဆိုနိုင်ဖို့ ကျူရှင်တက်ခိုင်းသော် လည်း အိမ်ကို ညာပြီး ကျူရှင်မတက်ဖြစ်။ ညနေပိုင်း အပေါင်းအသင်းစုံလျှင် ဘီယာဆိုင်လေးဘာလေးရောက်စမြဲ။ အဖေနှင့် အမေတို့ကလည်း ပြောဆိုမရနိုင် သည့် သားဆိုးတစ်ဦးနှယ် လျစ်လျူရှုချင်ပြီ။

ဒီလိုအနေအထားမျိုးမှာပင် ကျွန်တော် မမသစ်ကို ဆုံခွင့်ရခဲ့ပါသည်။ ကျွန်တော်တို့ ခရိုင်မြို့သို့ တာဝန်နှင့် ပြောင်းလာရသည့် ခရိုင်အရာရှိတစ်ဦး၏ သမီးဖြစ်ပြီး သူတို့ရုံးမှ ပေးထားသည့်အိမ်က ကျွန်တော်တို့လမ်းထဲမှာ ရှိသည်။ လမ်းကလေးက သီးသန့်ဆန်ပြီး ဆိတ်ငြိမ်ရပ်ကွက်မို့ လူအတော်ရှင်းသည်။ တစ်နေ့ ကျွန်တော် လက်ဖက်ရည်ဆိုင်ထွက်လာခိုက် အိမ်ရှေ့မှာ ရပ်နေသော မမသစ်ကို မြင်ခွင့်ရလိုက်သည်။ ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားခြင်းမရှိခဲ့

သော ကျွန်တော်သည် မမသစ်၏ ကြည်လင်စူးရှသော မျက်ဝန်းအစုံကို မြင် ရသောအခါ ရင်မှာ လှုပ်ခနဲဖြစ်သည်။ ဆံပင်ရှည်ထဲကို လက်ထိုး သပ်တင်ရင်း အကြည့်ကို လွှဲသည်။ လမ်းထဲကို အသစ်ပြောင်းလာသော ဝန်ထမ်းမိသားစုမှ ဟု သိရင်း ဂရုမစိုက်သလို ဖြတ်လျှောက်သည်။ ခြေတစ်လှမ်း နှစ်လှမ်းအကျော် မှာ နောက်ထပ် မြင်ချင်စိတ်ကို ချုပ်တည်းမရနိုင်ဘဲ လည်ပြန်လှည့်ကြည့်ဖြစ် ပြန်၏။ ခြံဝန်းထဲ ပြန်အဝင် နောက်မှ လှမ်းမြင်ရသော သူမ၏ ကျက်သရေရှိမှု သည် အာရုံမှာ ကပ်ငြိကျန်ခဲ့သည်။

လက်ဖက်ရည်ဆိုင်ရောက်လို့ သူငယ်ချင်းတွေကို ပြောပြတော့ ဘယ် တုန်းကမှ မိန်းကလေးတွေကို စိတ်မဝင်စားတတ်သော ကျွန်တော့်ကို သူတို့ အံ့သြနေကြပြန်၏။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



## (၂)

ဒီလိုနှင့် ကျွန်တော့်အာရုံအားလုံး၏ စုစည်းရာသည် မမသစ်ဖြစ်လာသည်။ ကျွန်တော့်အတွေးတို့၏ ဝေ့ဝဲရာသည် မမသစ်ဖြစ်လာသည်။ မမသစ်သည် ကျွန်တော့်အိပ်မက်ထဲထိတိုင် ရောက်နိုင်သည့်အခါ၌ ကျွန်တော်သည် မမသစ်ကို စွဲလမ်းနေပြီ သိလိုက်၏။ ကျွန်တော်သည် မမသစ်ကို ချစ်နေမိပြီဟု နားလည်လိုက်၏။

အိပ်မက်များ၊ စိတ်ကူးယဉ်မှုများစွာဖြင့် ကျွန်တော် မမသစ်ကို မျှော်လင့်လာမိတော့သည်။

ကံအားလျော်စွာပင် ကျွန်တော့်အစ်မတစ်ဝမ်းကွဲနှင့် မမသစ်က သူငယ်ချင်းဖြစ်သွားသည်။ မမသစ်က ဘွဲ့ရပြီးစ ရန်ကုန်မှာ အလုပ်ရှာနေတဲ့ ကျွန်တော်တို့မြို့သို့ ပြောင်းလာခဲ့ခြင်းဟု သိခွင့်ရ၏။

"ငါ့မောင်က အရမ်းဆိုးတာ သစ်သစ်ရဲ့၊ တစ်ဦးတည်းသော သားဆိုပြီး သူ့အိမ်ကလည်း အရမ်းအလိုလိုက်ထားတာ။ ဆယ်တန်းကို နှစ်ခါကျပြီးပြီလေ"

ကျွန်တော့်အရည်အချင်းတွေကို ပြောပြပြီး မမသစ်နှင့် ကျွန်တော့်ကို ကျွန်တော့်အစ်မဝမ်းကွဲက မိတ်ဆက်ပေးခဲ့သည်၊ မမသစ်ရှေ့မှာ ကျွန်တော်



သိမ်ငယ်ပြီး လိပ်ပြာငယ်သလို ခံစားလိုက်ရ၏။

"ဒီနှစ်တော့ အောင်ပြီပေါ့၊ ဟုတ်လား ကိုဦး"

ကျွန်တော့်အစ်မခေါ်သလို ကျွန်တော့်ကို ကိုဦးဟု ခေါ်လိုက်စဉ် ရင်သည် လှုပ်ရှားလွန်းပြီး ဘာပြန်ပြောရမည်မသိအောင် ငြိုးငြီးသာ ကြည့်နေမိ၏။

"အောင်ပါလိမ့်မယ်၊ ကျူရှင်ဆိုပြီး အပေါင်းအသင်းတွေနဲ့ တစ်နေကုန် လျှောက်လည်နေတာ"

"စာမေးပွဲနီးရင် ကျွန်တော်တက်မှာပါ"

"မဟုတ်ဘူးလေ ကိုဦးရဲ့၊ စာမေးပွဲနီးမှ စာကျက်တာထက် နေ့တိုင်း ပုံမှန်လုပ်မှ အောင်ဖို့ သေချာမှာပေါ့"

"ဟုတ်ကဲ့ မမသစ်"

"မင်း မသိတာ၊ နားမလည်တာ မမသစ် ပြပေးနိုင်ပါတယ်။ ဒီနှစ် အောင်‚အောင်လုပ်နော်"

"ဟုတ်ကဲ့"

မမသစ်မျက်နှာကို စူးစိုက်ကြည့်ရင်း ကျွန်တော်ခေါင်းညိတ်သည်၊ တစ်ခါမှ မပေါ်လာခဲ့ဘူးသော စာမေးပွဲအောင်ချင်စိတ်ဝင်လာခဲ့တာ ဘာသာ အံ့သြမိသေး၏။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



# (၃)

ကျွန်တော့်အစ်မဝမ်းကွဲသည် ညီအစ်ကိုမောင်နှမ တစ်ယောက်မှ မရှိသော ကျွန်တော့်အတွက် အစ်မအရင်းတစ်ဦးနှယ်ပင်၊ အစ်မက ကျွန်တော့်မေမေကို ပြောပြီး မမသစ်ထံမှာ တစ်နေ့ တစ်နာရီ စာသင်ဖို့ စီစဉ်သည်။ ကျွန်တော်ကတော့ မမသစ်အနားမှာ ရှိနေခွင့်ရခြင်းကပင် ကျွန်တော့်အတွက် ဆုလာဘ်တစ်ပါးဟု ထင်ခဲ့၏။

ဆံပင်တိုတိုညှပ်ပြီး သေသေသပ်သပ် ဝတ်စားကာ ပုံစံပြောင်းသွားသော ကျွန်တော့်ကို သူငယ်ချင်းတွေက အံ့ဩသည်။ သူငယ်ချင်းတွေနှင့်အတူ ရှိချိန်နည်းသွားပြီး မမသစ်အနီးမှာ ကျွန်တော်အနေများရင်း သံယောဇဉ်က တစ်ရစ်ပြီး တစ်ရစ်တင်းခဲ့သည်ပဲ၊

"ကျွန်တော် မမသစ်ကို ချစ်တယ်ဗျာ"

စာမေးပွဲဖြေဖို့ တစ်လကျော်ကျော်လောက်အလို တစ်နေ့မှာတော့ မမသစ်ကို စူးစိုက်ကြည့်ရင်း ကျွန်တော့်ရင်တွင်းက စကားတွေ ပွင့်ထွက်သွားခဲ့သည်။ မမသစ်က မအံ့ဩ မတုန်လှုပ်သလို ကျွန်တော့်ကို ပြုံးပြီး ကြည့်နေသည်၊

"မမသစ် ကျွန်တော်ပြောတာ ကြားရဲ့လား"



"ကြားပါတယ် ကိုဦးရဲ့"

"မမသစ်က မတုန်မလှုပ်နဲ့"

"ဘာတုန်လှုပ်ရမှာလဲ ကိုဦးရဲ့၊ မမသစ် သိနေတာပဲဟာ"

ခပ်ပြုံးပြုံးနှင့် တည်တည်ငြိမ်ငြိမ်ပြောသည်။

"ကျွန်တော့်ကို ဒါဆို. . ."

"မင်း အချစ်ဆိုတာကို ဘယ်လောက်နားလည်လို့လဲ"

"မမသစ်နဲ့ တွေ့တော့မှ ကျွန်တော် နားလည်တာ"

"အဲဒါတွေ ထားပါ။ အရေးကြီးတာက မင်းစာမေးပွဲအောင်ဖို့ပဲလေ။ မင်းက ကလေးပဲ ရှိသေးတာ"

"မမသစ် ချစ်တယ် ပြောဗျာ၊ ကျွန်တော် စာမေးပွဲအောင်စေရမယ်"

"ကဲ- ဒီလိုလုပ်၊ အောင်တဲ့နေ့မှ အဲဒီအဖြေကို ပေးမယ်။ ဒီကြားထဲမှာ ဒီအကြောင်း ဘာမှထပ်မပြောရဘူး"

"အောင်ရင် မမသစ် တကယ်အဖြေပေးမှာလား"

ပြုံးကြည့်ရင်း ခေါင်းအညိတ်မှာ ကြည်နူးစိတ်ဖြင့် ကျွန်တော်ပျော်သည်။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



(၄)

စာမေးပွဲမှာ ဂုဏ်ထူးနှစ်ဘာသာဖြင့် ကျွန်တော်အောင်တော့ အားလုံးက အံ့ဩသည်။ ပေတေပျက်စီးပြီး ဘဝဆုံးတော့မည်ဟု ယူကျုံးမရ ပူပင်သောက ရောက်နေသော ကျွန်တော့်မိဘတွေက ဝမ်းသာလွန်းလို့ မျှတ်ရည်ကျသည်။

"သစ်သစ်ကြောင့် . . သစ်သစ်ကြောင့် ငါ့သားလေး ဘဝပြောင်းသွားတာ"

မေမေကဆို နှုတ်မှ တဖွဖွဖြင့် မမသစ်ကို ကျေးဇူးစကားဆိုလို့မဆုံးဖြစ်ရ၏။

"မမသစ်ကို ကျွန်တော် တစ်ခုခုကျွေးမယ်။ မမသစ် ကတိအတိုင်း ကျွန်တော့်ကို အဖြေပေးရမယ်၊ ကျွန်တော်တို့ နှစ်ယောက်တည်း သွားစားမယ်"

မမသစ်က မငြင်း။ ဒီလိုနှင့် ကျွန်တော်နှင့် မမသစ် တမ်းနားလမ်းမှာရှိသည့် စားသောက်ဆိုင်အပေါ်ထပ်က အခန်းထဲ ရောက်ခဲ့သည်။ ခါတိုင်းလို ဘီယာသောက်ချင်သော်လည်း မမသစ်ရှေ့မှာမို့ ကျွန်တော် မသောက်ခဲ့။ မမသစ်နှင့်အတူ ထမင်းစားပြီး အချိုရည်သာ သောက်ခဲ့သည်။ ထမင်းသာ စားပြီးသွားသည်၊ မမသစ်က ကျွန်တော့်ကို အဖြေမပေးသေး။ ကျွန်တော် စကားစလိုက်တိုင်း မမသစ်က စကားကို လွှဲသည်။ တက္ကသိုလ်ဆက်တက်ရမည့် အစီအစဉ်တွေ၊ တက္ကသိုလ်ကျောင်းအတွေ့အကြုံတွေသာ ပြောနေခဲ့ရင်း အချိန်ကုန်တော့သည်။

"မမသစ်"



ကျွန်တော်က စကားကို ဖြတ်ပြီး ခေါ်သည်။ ခေါ်သံမှာ ပုံမှန်ထက် ကျယ်သွားသည်လား မသိ။ မမသစ်က အကြည့်ဆုံ၏။

"ကျွန်တော့်ကို ချစ်တယ် ပြောတော့ဗျာ။ မမသစ်ကတိအတိုင်း ကျွန်တော် စာမေးပွဲလည်း အောင်အောင်ဖြေပြီးပြီ"

မမသစ်က ပြုံးနေသည်။

"ပြောလေ မမသစ်၊ ကျွန်တော့်ကို ချစ်တယ်လို့"

"မမသစ် မင်းကို အဖြေပေးမှာပါ"

"ချစ်တယ် ဟုတ်လား"

"နေပါဦး ကိုဦးရဲ့၊ မမသစ်ပြောမှာပါ"

ကျွန်တော် မမသစ်ကို ကြည့်ရင်း သက်ပြင်းဖွဖွကို ချမိပြန်သည်။

"မမသစ် ဖတ်ဖူးတဲ့ စာလေးတစ်ပုဒ်ပြောပြမယ်"

"ဟာ- မမသစ်ကလဲ. . အဖြေပေးတာနဲ့ ဘာဆိုင်လဲဗျာ၊ ငေ့နေပြန်ပြီ"

"ဒီလိုကွဲ့၊ ဂျူးလူမျိုးတွေရဲ့အကြောင်း"

"ဗျာ"

"ဂျူးလူမျိုးတွေဟာ ဘယ်လောက်ထိ ရှေ့ကို မျှော်ပြီး ကြည့်တတ်၊ တွေးတတ်သလဲဆိုတာ ပေါ်လွင်အောင် ရေးပြထားတာ"

"ဘာဆိုင်လဲဗျာ"

"ဆိုင်တယ် ကိုဦးရဲ့။ ဂျူးလူမျိုးတွေလောက် အလွန်အကျွံမဟုတ်ရင်တောင်မှ ရှေ့ကို ကြိုပြီး တွေးတတ်၊ စဉ်းစားတတ်ဖို့တော့ လိုတယ်လေ။ အဲဒီအထဲမှာ ကိုဦးကို ပေးဖို့ အဖြေလည်း ပါလာမှာပါ"

"ချစ်တယ်ပြောလိုက်ရင် ပြီးနေတဲ့ ကိစ္စဗျာ"

"တစ်နေ့တော့ ရထားပေါ်မှာ ဂျူးအဖိုးကြီးတစ်ယောက်နဲ့ ဂျူးလူငယ်လေးတစ်ယောက် မျက်နှာချင်းဆိုင်ထိုင်ပြီး ပါလာကြသတဲ့။ တော်တော်လေး ခရီးရောက်တဲ့အထိ တစ်ယောက်နဲ့ တစ်ယောက် စကားမပြောဖြစ်ကြသတဲ့။ နောက်တော့ လူငယ်လေးက စပြီး စကားပြောလိုက်သတဲ့။ 'အန်ကယ်. . . ဘယ်နနာရီထိုးပြီလဲ'လို့၊ ဒီတော့ ဂျူးအဖိုးကြီးက မျက်နှာလွှဲလိုက်ပြီး ဘာမှပြန်မဖြေ

www.burmeseclassic.com

www.burmeseclassic.com



ဘူးတဲ့။ ဂျူးလူငယ်လေးကတော့ ရထားသံနဲ့ မကြားလို့ ထင်တာပဲတွေးပြီး 'အန်ကယ် ဘယ်နှနာရီထိုးပြီလဲခင်ဗျ'လို့ အသံခပ်ကျယ်ကျယ်ထပ်မေးလိုက်ပြန် သတဲ့။ အဖိုးကြီးက ဆတ်ခနဲ မျက်နှာချင်းဆုံပြီး ဘာမှပြန်မဖြေဘဲ မျက်နှာကို လွှဲပစ်လိုက်ပြန်သတဲ့။ ဒီတော့ လူငယ်က စိတ်ဆိုးသွားတယ်။ အဲဒါနဲ့ 'အန်ကယ်၊ အန်ကယ်က ကျွန်တော်တို့ ဂျူးလူမျိုးအချင်းချင်းကိုတောင် စကားပြန်မပြောချင် ရအောင် ဘယ်လိုဖြစ်နေတာလဲဗျာ။ ကျွန်တော်တို့ကို တခြားလူမျိုးတွေက ဒီလို ဆက်ဆံတယ်ဆိုရင် ထားပါတော့။ အခုတော့ ဂျူးလူမျိုးအချင်းချင်း ဒီလိုမလုပ်ပါ နဲ့ဗျာ'လို့ မကျေမနပ်ပြောတာပေါ့"

"ဘာလဲ၊ မမသစ်ကလည်း ဂျူးအဖိုးကြီးလို ကျွန်တော့်ကို အဖြေမပေး ချင်တာလား"

"နားထောင် ကိုဦး။ အဲဒီလို လူငယ်လေးက ပြောလိုက်တော့ ဂျူးအဖိုး ကြီးက လူငယ်လေးမျက်နှာချင်းဆိုင်လိုက်သတဲ့။ ပြီးတော့မှ 'အေး၊ မင်းက မေးတော့ ပြောရမှာပေါ့ကွာ။ ဒီလိုကွ၊ မင်းက ငါ့ကို ဘယ်နှနာရီထိုးပြီလဲ မေး တယ်။ ငါက နာရီကြည့်ပြီး ဘယ်နှနာရီလို့ ဖြေလိုက်မယ်။ မင်းက ငါ့ကို စကား တွေ ဆက်ပြောတော့မှာ။ စကားပြောဖော်ရပြီဆိုပြီး အန်ကယ်က ဘယ်သွားမှာ လဲ၊ ဘာကိစ္စလဲ၊ ဘယ်မှာ နေလဲ၊ အဲဒီလိုပြောရင်း မင်းက ငါ့လိပ်စာတွေဘာတွေ မေး၊ ကျွန်တော်လာလည်ပါရစေလို့ ပြော၊ ပြီးတော့ တကယ်ပဲ ငါ့အိမ်ကို လာ လည်။ အဲဒီလိုတွေ ရှေ့ဆက်ဖြစ်မှာကွ။ ဒီတော့ ငါ့မှာက အင်မတန်ချောတဲ့ လှတဲ့ သမီးလေးတစ်ယောက်ရှိတယ်။ မင်းက တွေ့သွားတော့ ငါ့သမီးကို ကြိုက် ပြီး ပိုးပန်း၊ ပြီးတော့ ငါ့ကို လက်ထပ်ခွင့်တောင်း၊ ဒီလိုအထိ ဆက်ဖြစ်လာမှာ။ ဒီတော့ ငါက တစ်ခါတည်း ဆုံးဖြတ်ချက်ချလိုက်တယ် မောင်ရင်။ မင်းလို နာရီလေးတစ်လုံးတောင် ဝယ်မပတ်နိုင်တဲ့ ကောင်နဲ့ ငါ့သမီးကို သဘောမတူနိုင် ဘူးကွ။ ဒါကြောင့် မင်းကို ငါ စကားပြန်မပြောတာ။ ကဲ- မင်းသဘောပေါက်ပြီ လား'တဲ့"

မမသစ်က စကားကို ဖြတ်လိုက်ပြီး ရှေ့မှာ ချထားသည့် အအေးဖန်ခွက် ကို ကောက်ယူသည်။



"အဲဒါပဲ ကိုဦး"

"မမသစ် ဘာပြောချင်တာလဲ၊ ဂျူးတွေ ရှေ့ကို တစ်မျှော်တစ်ခေါ်ကြီး တွေးတောတယ်ဆိုတာပဲ ကျွန်တော် နားလည်လိုက်တယ်"

ဖန်ခွက်ကို စားပွဲပေါ် ပြန်ချပြီး မမသစ်က ဆတ်ခနဲ ထရပ်လိုက်၏။

ကျွန်တော် မမသစ်ကို တအံ့တဩငေးကြည့်နေလိုက်သည်။

"မင်းလို ဘွဲ့လေးတစ်ခုခုတောင် မရသေးတဲ့ ကလေးတစ်ယောက်ကို မမသစ်အိမ်ထောင်ဖက်အတွက် ဘယ်လိုစဉ်းစားမှာလဲ ကိုဦး။ မင်း စာမေးပွဲ အောင်ဖို့ မမသစ် မင်းကို ရိုးရိုးသားသား ကူညီခဲ့တာ၊ မင်းဘဝကို မြှုပြင်ပေးခဲ့ တာ။ မင်းစိတ်ထဲမှာ တစ်မျိုးမတွေးနဲ့။ မမသစ်လည်း နောက်အပတ်ထဲ ရန်ကုန် သွားတော့မှာ။ မမသစ်သွားမယ်"

စကားအဆုံး ပိုက်ဆံအိတ်ကို ဆွဲယူပြီး စားသောက်ဆိုင်အခန်းထဲမှ ထွက်သွားသော မမသစ်ကို ကျွန်တော်ငေးကြောင်ကြည့်နေမိသည်။

"မမသစ်. . . မမသစ်"

ကျွန်တော် ဝုန်းခနဲ ထရပ်ပြီး အော်ခေါ်ချိန်မှာတော့ မမသစ်က ဆိုင်အပြင်ရောက်နေလောက်ပြီပဲ။

ရှက်ရွံ့ကြေကွဲစိတ်ဖြင့် စားပွဲကို လက်သီးဖြင့် ထုချလိုက်မိတော့၏။

နောက်ရက်များမှာ မမသစ်ကို ကျွန်တော် တွေ့ဆုံခွင့် မရနိုင်တော့။ ကျွန်တော် သူ့အိမ်ကို နှစ်ခါသွားတော့ မရှိဘူးဟုပြောခိုင်းပြီး၊ အိမ်ပေါ်က ဆင်း မလာ။ တစ်ပတ်ခန့်အကြာမှာတော့ မမသစ် ရန်ကုန်ဆင်းသွားပြီဟု ကျွန်တော် တစ်မထံမှ သတင်းကြားရသည်။ ကျွန်တော် မမသစ်ကို နာကြည်းမုန်းတီးစွာဖြင့် ဓမ္မဖို့ ကြိုးစားခဲ့ရသည်၊ ကျွန်တော့်သူငယ်ချင်းတွေ၏ လှောင်ပြောင်ရယ်မော ခြင်းကို ခံရကာ အရှက်ကြီးစွာရခဲ့ရသည်။ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် နယ်မြို့ကျဉ်းလေးမှာ ကျွန်တော့်သတင်းက ပြန့်ပြီး အနေကျပ်ခဲ့ရသည်။

ကျွန်တော့်ကို လှည့်စားသွားသူ၊ အပျော်တစားသွားသူ မမသစ်ကို ကျွန်တော် မုန်းသည်။ နှလုံးသားမှာ ဒဏ်ရာအနာတရဖြစ်စေခဲ့သူဟု မမသစ်ကို နာကြည်းသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၅)

"ကျွန်တော့်နားထဲမှာ ဘွဲ့ကလေးတစ်ခုတောင် မရသေးတဲ့သူဆိုတဲ့ စကားဟာ ပဲ့တင်ထပ်ပြီး ကျန်ခဲ့တယ် ဆရာ။ နာရီလေးတစ်လုံးတောင် မပတ်နိုင်တဲ့ ကောင်ဆိုတဲ့ ဂျူးအဖိုးကြီးရဲ့ စကားနဲ့ ထပ်တူပြုပြီး ကျွန်တော် နားလည်လာလေ ပိုပြီးခံစားလာရလေပဲ ဆရာ။ ဒါနဲ့ ကျွန်တော် မိန်းမတွေကို မုန်းတယ်၊ မမသစ်လိုမျိုးချည်းပဲ နေမှာပဲ တွေးပြီး ရှောင်တယ်၊ ရင်ထဲမှာ အစွဲအလမ်းက အစိုင်အခဲဖြစ်လာတယ်။ ဘွဲ့တွေတစ်ခုပြီး တစ်ခုထပ်ယူတယ်။ အခု ကျွန်တော့်မှာ နိုင်ငံခြားက ဘွဲ့နှစ်ခုတောင် ရပြီးပြီ ဆရာ"

"ခင်ဗျား မမသစ်ကိုရော တွေ့သေးလား"

"မတွေ့ဘူး ဆရာ။ ကျွန်တော်တို့မြို့က သူအဖေ တာဝန်နဲ့ ပြောင်းသွားတယ်။ နောက် ဘာသတင်းမှ မရတော့ဘူး။ တွေ့လည်း မတွေ့ချင်ဘူး ဆရာ။ ကျွန်တော် သူ့ကို မုန်းတဲ့စိတ်က ဘယ်တော့မှ ပျောက်မှာ မဟုတ်ဘူး။ ကျွန်တော်တလည်း အစွဲအလမ်းကြီးတယ်၊ အရူးဆန်တယ် ဆရာ၊ ကျွန်တော် ဒါကြောင့် အခုထိ လူပျိုကြီးဖြစ်နေတာပေါ့ ဆရာရယ်"

ကိုသူရဦး ဆိုသည့် လူလတ်အရွယ် ပရိသတ်တစ်ဦးရောက်လာခဲ့ပြီ၊



သူ့အကြောင်းကို ရင်ဖွင့်သွားခဲ့သည်။ သူ့မျက်နှာမှာ ကြေကွဲ ဝမ်းနည်းရိပ်တို့ကို မတွေ့ရဘဲ ခံပြင်းနာကြည်းစိတ်၊ မာနတရားတို့ဖြင့် အရောင်လက်နေသော မျက်ဝန်းတို့ကိုသာ သတိထားဖြစ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၆)

ညရောက်တော့ စာအုပ်တစ်အုပ်ထဲက စာတစ်ပုဒ်ကို သွားတွေ့သည်။

လက်နက်အပြည့်နှင့် စစ်သင်္ဘောတစ်စီးက ပင်လယ်ပြင်မှာ ခုတ်မောင်းလာ၏။ သူ့လမ်းကြောင်းတည့်တည့်မှာ တစ်စုံတစ်ခုဝင်လာကြောင်း အချက်ပြကိရိယာက ပြသည်။

ဒီတော့ ငါ့လမ်းကြောင်းတည့်တည့်မှာ မင်း ဝင်လာနေပြီ။ မင်းရှောင်လျှင် ရှောင်၊ မရှောင်လျှင် ငါ ပစ်ထည့်လိုက်တော့မယ်လို့ သတင်းပို့လိုက်၏။

တစ်ဖက်က သတင်းပို့ချက် ပြန်ဝင်လာသည်။

မင်းပစ်ချင် ပစ်လိုက်ပါ။ ငါက ရှောင်လို့တော့ မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါက မီးပြတိုက်ဖြစ်နေလို့ပဲတဲ့။

ဒီအပိုဒ်ကလေးကို ဖတ်ပြီးချိန်မှာတော့ ညနေက သူ့ဇာတ်လမ်းကို ပြောပြသွားခဲ့သော ကိုသူရဦးကို သတိရလိုက်မိသည်။

ဒီတစ်ကြိမ် ကိုသူရဦး ရောက်လာခဲ့လျှင် ဒီစာပိုဒ်ကလေးကို ပြောပြလိုက်မည် တွေး၏။

✠✠✠

၂၀၀၈ ခုနှစ်၊ *YOUTH* မဂ္ဂဇင်း။

***

# ငှက်ကလေးတွေရဲ့ ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com

## (၁)

မှန်တိုင်းလွန်မနက် အိမ်တံခါးဖွင့်လိုက်စဉ်မှာ အပျံသင်စ ငှက်ကလေး တစ်ကောင်ကို တံခါးဝမှာ တွေ့၏။ မိုးရေတို့ စိုရွှဲပြီး မပျံနိုင်တာလား၊ အကြောက်လွန်ပြီး အပြင်ဘက် မထွက်ရဲတာလား မသိ။ တံခါးဖွင့်လိုက်စဉ် အိမ်ထဲသို့ ဝင်လာသည်။ အနက်ရောင်နှင့် အညိုရောင်စပ်ထားသော အမွေးတို့မှ ရေစက်တို့ကို ခါပြီး ဧည့်ခန်းထဲမှာ လျှောက်ပြေးနေ၏။ ဘာအမျိုးအမည်ဟု မသိရသော်လည်း ငှက်ကလေးက ချစ်စရာ။ မှန်တိုင်းမိပြီး လွင့်စင်ရောက်လာတာပါလားဟု သိပြီး သနားသည်။ ငှက်ကလေးကို ကောက်ယူပြီး ရေစိုနေသော အမွေးအတောင်တို့ကို အဝတ်ဖြင့် ဖွဖွသုတ်ပေးမိ၏။ ပြီးတော့ အစာကျွေး ရေတိုက်ကာ မီးဖိုချောင်နားက စားပွဲဟောင်းတစ်လုံးပေါ်မှာ တင်ထားလိုက်သည်။

ထိုနေ့မှစ၍ ကျွန်တော့်မြေးမလေး ချိုသက်ညိုအတွက် ငှက်ကလေးသည် သူမ၏ အပေါင်းအဖော်ဖြစ်လာပါတော့သည်။

"အစာကျွေးရင် ငှက်ကလေးက ပီပီလို့ အော်တယ်"

ချိုသက်ညိုက ငှက်ကလေးကို သဘောကျနေသည်။ ငှက်ကလေးက ပီပီအော်လျှင် သူကလည်း သူပြောချင်တာတွေ ပြန်ပြောရင်း ငှက်ကလေးကို



တင်ထားသည့် စားပွဲနားက မခွာနိုင်ဖြစ်သည်။

တံခါးတွေ ဖွင့်ထားသည်မို့ အပြင်ကို ပျံလိုက ပျံနိုင်သော်လည်း ငှက်ကလေးက စားပွဲပေါ်မှာပဲ နေသည်။ အပျံသင်စမို့လား၊ မပျံနိုင်အောင် ဒဏ်ရာရထားလို့လားတော့ မသိ။

"မုန်တိုင်းထဲမှာ ထိခိုက်ဒဏ်ရာရပြီး မပျံနိုင်တာလား မသိဘူးတွ"

နှစ်ရက်သုံးရက်ကြာသည်အထိ ဘယ်လိုမှ မပျံသေးသော ငှက်ကလေးကို ကြည့်ရင်း ပြောမိသည်။

"ငှက်ကလေးက ပျံနိုင်နေပါပြီ၊ မနက်ကပဲ ရေခဲသေတ္တာပေါ် နားလိုက်၊ ဗီရိုပေါ် နားလိုက်နဲ့ ပျံနေတာ တွေ့သေးတယ်"

ချိုသက်ညိုက သူ့ငှက်ကလေး ပျံနိုင်နေပြီမို့ ရေခဲသေတ္တာနှင့် စာအုပ်ဗီရိုဆီ ပျံနေတာ သူတွေ့ကြောင်း ပြော၏။

"ဒါဆို ငှက်ကလေးက အကြောက်လွန်ပြီး အပြင်ကို မပျံရဲသေးတာပဲ ဖြစ်မယ်"

"ဘာကို အကြောက်လွန်တာလဲ အဘိုး"

"မုန်တိုင်းကိုပေါ့"

"ပြီးတော့ သူ့မိဘတွေရော၊ ဆွေမျိုးတွေကရော အားလုံး မုန်တိုင်းထဲ ပါသွားလို့ ဖြစ်ချင်ဖြစ်မှာ"

"ဖြစ်နိုင်တာပေါ့"

"သူ့အိမ်လည်း ပါသွားမှာပေါ့"

"သူ့အသိုက်လို့ ပြောရတယ်"

"သူ့အသိုက်လည်း မရှိတော့ဘူးပေါ့နော်"

"အသိုက်အသစ် သူပြန်လုပ်မှာပေါ့"

"အခု မလိုတော့ဘူးလေ"

"ဘာဖြစ်လို့လဲ"

"သူက အခု ချိုသက်တို့နဲ့ နေတာပဲ၊ ဒီတစ်ပတ် မြို့လဲသွားရင် သူ

www.burmeseclassic.com

www.burmeseclassic.com



အတွက် လှောင်ချိုင့်လေးဝယ်ပေးရမယ်"

ချိုသက်ညိုကတော့ သူ့ငှက်ကလေးကို သံယောဇဉ်ကြီးနေပြီတု သိလိုက်၏။

"အဘိုး"

"ဟင်"

"ငှက်ကလေးက အဘိုးထင်သလို အကြောက်လွန်ပြီး ပျံမသွားတာ မဟုတ်ပါဘူး"

"ဒါဆို ဘာဖြစ်လို့ ထင်လဲ"

"ချိုသက်တို့က အစာရေစာမှန်မှန်ကျွေးပြီး ဂရုစိုက်နေတော့ သူလည်း မပျံချင်တော့ဘူးနဲ့ တူပါတယ်"

ကျွန်တော့်အဖြေကို မစောင့်တော့ဘဲ ဟုတ်တယ်မဟုတ်လား ငှက်ကလေးဟု ငှက်ကလေးကို မေးရင်း လက်ဖြင့် ပွတ်သပ်ပေးနေသည်။ ငှက်ကလေးကလည်း 'ပီပီ'ဟု အသံပြုရင်း ချိုသက်ညို၏ ပခုံးပေါ်ကို ပျံပြီး နားလိုက်တာ တွေ့ရ၏။

✠✠✠



(၂)

မနက် လမ်းလျှောက်ပြီးပြန်အလာ ခြံထဲက ခုံးပေါ်မှာ ချိုသက်ညို ထိုင်နေတာ တွေ့၏။ သူ့မျက်နှာကို မြင်လိုက်ကတည်းက မျက်ရည်စတွေနှင့် ငိုထားမှန်း သိသာသည်။

"ဘာဖြစ်လို့လဲ ချိုသက်ညို"

ချိုသက်ညိုက ချက်ချင်းမဖြေ။

"အဘိုးကို ပြောပါဦး၊ ဘာဖြစ်လို့လဲ"

"ငှက်ကလေး မရှိတော့ဘူး အဘိုး"

"ဟုတ်လား"

ကျွန်တော် အံ့သြသွားသည်။ မနက်စောစော ကျွန်တော် အိပ်ရာထပြီး အောက်ထပ်ဆင်းလာစဉ် ငှက်ကလေးကို မြင်မိသေးသည်ပဲ။

"မနက်ကတောင် ပြတင်းပေါက်ဘောင်ပေါ်မှာ နားနေတာ တွေ့သေးတာပဲ"

"သမီးပြောသားပဲ၊ လှောင်ချိုင့်လေးနဲ့ ထားပါလို့။ လှောင်ချိုင့်နဲ့ မထားတော့ အခုပျံသွားပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ငိုသံပါလာပြီ။ ချိုသက်ညိုက လှောင်ချိုင့်ဝယ်ဖို့ပြောတော့ ကျဉ်းကျဉ်းကျပ်ကျပ်လှောင်မထားပါနဲ့၊ သနားစရာဟု သူ့အဖေက ပြောပြီး ဝယ်မပေးခဲ့။

"သူပျံချင်တဲ့ နေရာကို လွတ်လွတ်လပ်လပ်ပျံပါစေ သမီးရယ်"

"သူ ပျံလာဦးမှာလား အဖိုး"

"ဘယ်လာတော့မှာလဲကွဲ့၊ သူ့အပေါင်းအသင်းတွေ၊ မိတ်ဆွေတွေနဲ့ တွေ့ပြီး အပြင်မှာ ပျော်နေရောပေါ့"

"သူ့ကို ကောင်းကောင်းမွန်မွန် အေးအေးဆေးဆေး ကျွေးမွေးထားပါ လျက်နဲ့နော်. . ."

ချိုသက်ညိုကို စကားပြန်မပြောမိတော့ဘဲ တယ်လီဖုန်းမြည်သံကြောင့် အိမ်ပေါ် တက်ခဲ့ရသည်၊

✠✠✠



(၃)

"ဒီနှစ်မွေးနေ့မှာတော့ သမီးလိုချင်တာ အဘိုး ဝယ်ပေးရမယ်"

"အဘိုးက ပိုက်ဆံရှိတာ မဟုတ်ဘူး၊ ဝယ်ပေးနိုင်တာဆို ဝယ်ပေးမယ် လေ"

"အဘိုးကလည်း များများကုန်မယ်မထင်ပါဘူး"

"နေပါဦး၊ ချိုသက်က ဘာလိုချင်လို့လဲ"

"လှောင်ချိုင့်လေးနဲ့ ကြက်တူရွေးတစ်ကောင်"

ချိုသက်ညိုကို ကြည့်ပြီး ကျွန်တော်ပြုံးပြလိုက်မိသည်။ သူ့ရင်ထဲမှာ သူ့ငှက်ကလေးက ရှိနေဆဲဟု ကျွန်တော်နားလည်လိုက်၏။ တစ်လနီးပါးကြာသည်အထိ ငှက်ကလေးကို သူမမေ့လျော့ဟန်မတူသေး။ ကျောင်းတွေ တက်လိုက်၊ စာတွေ သင်လိုက်၊ ကစားစရာတွေတစ်ပွေ့တစ်ပိုက်ကြားမှာ ငှက်ကလေးနှင့် စကားပြောရသည့်အရသာက အထူးအဆန်းဖြစ်နေမလား။

ကျွန်တော်တို့ ကလေးဘဝကလို လွတ်လပ်ပျော်ပါးစွာ ဆော့ကစားရသည့်အချိန်တွေ နည်းပါးသွားပြီဖြစ်သော သူတို့၏ လူနေမှုပုံစံကို သနားလာမိသလို. . .။

"အေးအေး . . . အဘိုးဝယ်ပေးမယ်"

"တကယ်နော် အဘိုး"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ"

ချိုသက်ညိုက အားရဝမ်းသာ ကျွန်တော့်ကို ပြေးဖက်သည်။

သူမွေးနေ့မှာ သူ လိုချင်သည့် ကြက်တူရွေးတစ်ကောင်ဝယ်ပေးမည်ဟု ဆုံးဖြတ်လိုက်၏။

✠✠✠



(၄)

ချိုသက်ညိုမွေးနေ့မတိုင်ခင် တစ်ရက်မှာ သူ့အဖေကို သံစျေးမှ လှောင်အိမ်နှင့် ကြက်တူရွေးတစ်ကောင်ဝယ်လာပေးရန် မှာသည်။

အစိမ်းရင့်နှင့် အစိမ်းနု လိုက်ဖက်စွာ ရောစပ်ထားသော အမွေးအတောင်နှင့် ကြက်တူရွေးကလေး အိမ်ရောက်လာတော့ ချိုသက်ညိုမှာ ပျော်မဆုံးတော့။

"ကြက်တူရွေးလေးကို စကားသင်ပေးရမယ် အဘိုးရဲ့။ မြန်မာလိုရော၊ အင်္ဂလိပ်လိုပါ သင်ပေးမယ်"

အင်္ဂလိပ်စကားပြောသင်တန်းလည်း တက်နေသူမို့ သူကိုယ်သူ အင်္ဂလိပ်စကားလည်း ပြောတတ်ပြီထင်နေကာ ချိုသက်ညိုက ပြောခြင်းပင်။

ကြက်တူရွေးကလေးက လှောင်အိမ်ထဲမှာ အငြိမ်မနေ။ တိုးထွက်ဖို့ကြိုးစားနေတာ တွေ့နေရသည်။

"မင်းကြက်တူရွေးက ရိုင်းသေးတယ်နော်၊ လူနဲ့ နေသားမကျသေးဘူးထင်တယ်"

ကြက်တူရွေးဝယ်လာသော ချိုသက်ညိုရဲ့ အဖေကို ကျွန်တော်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဖမ်းမိကာစ အရိုင်းလို့ ပြောတယ်၊ ကြာပြီဆိုတဲ့ ကောင်တွေက သူလောက် မဝဘူး။ အညောင်းမိလို့လားမသိဘူး၊ မှုန်ကုပ်ကုပ်တွေနဲ့၊ လန်းလန်းဆန်းဆန်းမရှိလို့ သူ့ကို ယူလာတာ"

ဒါကြောင့် လှောင်အိမ်အပြင်ကို ထွက်ဖို့ကြိုးစားနေတာဟု ကျွန်တော် တွေးလိုက်မိ၏။

ချိုသက်ညိုကတော့ ကြက်တူရွေး လှောင်အိမ်နားက မခွာတော့။ ကြက်တူရွေးကို စကားတွေ သင်ပေးနေတော့သည်။

✠✠✠



(၅)

"အဘိုးရေ. . . ကြက်တူရွေးလေး မရှိတော့ဘူး"

"ဟေ"

"သမီးက သူ့လှောင်ချိုင့်ထဲက ရေခွက်ကလေးမှောက်နေလို့ ရေပြန်ထည့်ပေးမလို့ လှောင်အိမ်ဖွင့်လိုက်တာ သူက အတင်းတိုးထွက်ပြီး ပျံသွားတယ်"

ခြံအဝင်တံခါးဝမှ စောင့်ပြီး ချိုသက်ညိုက ကျွန်တော့်ကို သတင်းပေးသည်၊ သူ့ပုံကြည့်ရသည်မှာ ဟိုအရင် မုန်တိုင်းထဲက ငှက်ကလေးပျံသွားတာလောက် ခံစားရဟန်မတူ။

"နေပါဦး အဘိုးရဲ့"

သူ့ကို ကျော်ပြီး အိမ်ပေါ်တက်မည်အလုပ် ချိုသက်ညိုက ကျွန်တော့်လက်ကို လှမ်းဆွဲသည်။

"ဘာလဲ သမီး"

"အဘိုးကို မေးရဦးမယ်၊ အဘိုးက စာရေးဆရာဆိုတော့ . . ."

သူက တစ်ခါတလေမှာ ကျွန်တော့်ကို ဒီလိုပဲ ကြီးကြီးကျယ်ကျယ်နဲ့ ပြောတတ်စမြဲ။

"ကဲ - မေးပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"သမီးစဉ်းစားနေတယ် အဘိုးရဲ့။ ပထမငှက်တလေးတုန်းကလည်း ပျံသွားတယ်။ စောစောက မပျံဘဲ နေတော့ ငှက်ကလေးက သမီးတို့ကို ခင်နေလို့ အစားအစာတွေ အဝစားလို့ ပျော်နေပြီထင်တာ၊ ဘယ်ဟုတ်မလဲ၊ အဘိုးပြော သလို သူကြောက်နေတာလား၊ အားမွေးနေတာလား မသိဘူး။ ဟော. . . ပြီးတော့ ပျံသွားရော"

"အင်း"

"အခု ကြက်တူရွေးလေးကလည်း ပျံဖို့ပဲ ချောင်းနေတာ၊ လှောင်အိမ် လည်း ဖွင့်လိုက်ရော အတင်းတိုးပြီး ပြန်သွားတော့တာပဲ"

"အဲဒီတော့ သမီးက ဘာမေးချင်တာလဲ"

"သူတို့ကို အေးအေးဆေးဆေးနေနိုင်အောင် ကျွေးမွေးထားရက်နဲ့ ဘာလို့ ပျံသွားချင်ကြတာလဲ။ ငှက်တွေအားလုံး ဒီလိုချည်းပဲလား"

သူ ဘာသိချင်တယ်ဆိုတာ ကျွန်တော်နားလည်လိုက်သည်။

"အစာစားဖို့ ရေသောက်ဖို့ အဆင်သင့်ရနေနိုင်ပါရက်နဲ့ ပင်ပင်ပန်းပန်း ရှာဖွေစားသောက်ဖို့ ဘာလို့ အပြင်ကို ပျံသွားရတာလဲလို့ မေးချင်တာမဟုတ် လား"

"ဟုတ်တယ်၊ ဟုတ်တယ် အဘိုး။ အဲဒါ. . . အဲဒါ"

"ချိုသက်ညီကို မေးရဦးမယ်"

"ဘာလဲ အဘိုး"

"ချိုသက်အခန်းထဲမှာ နေရတာ ကြိုက်လား"

"ကြိုက်တယ်။ အဲယားကွန်းလေးဖွင့်၊ တီဗွီလေးဖွင့်ပြီးတော့ အရုပ်တွေ နဲ့ ဆော့၊ သူငယ်ချင်းတွေနဲ့ ဖုန်းပြော. . ."

"ကောင်းပြီ၊ အစားအသောက်တွေရော၊ ရေတွေရော အဲဒီအခန်းထဲ ထည့်ပေးထားမယ်၊ အဲဒီမှာ စားရမယ်"

"အင်း၊ ဖြစ်တယ်လေ"

"တစ်ရက်မဟုတ်ဘူးနော်၊ အကြာကြီး အခန်းထဲက ဘယ်မှ မထွက်ရ တော့ဘူး၊ လိုတာအားလုံး အခန်းထဲမှာ ရအောင်လုပ်ပေးမယ်"



"ဟာ. . . အဘိုးကလဲ"

"ဖြစ်တယ်ဆို"

"တစ်ရက်တလေ၊ အလွန်ဆုံး နှစ်ရက် သုံးရက်ပေါ့"

"ဘာလို့ အကြာကြီး မဖြစ်တာလဲ၊ သမီးပဲ အခန်းထဲ နေရတာ ကြိုက် တယ်ဆို"

ချက်ချင်း ပြန်မဖြေဘဲ မျက်ခုံးနှစ်ဖက်တွန့်ကာ စဉ်းစားဟန်ပြုသည်။

"သမီးလုပ်ချင်တာတွေ ရှိသေးတာပဲ"

"ဘာတွေလဲ"

"ခြံထဲဆင်းပြီး ပန်းပွင့်လေးတွေ ဆွတ်မယ်၊ လိပ်ပြာလေးတွေ ဖမ်း မယ်။ ပြီးတော့ သူငယ်ချင်းတွေအိမ်တွေ လည်ရဦးမယ်။ လုပ်စရာတွေ အများကြီး အဘိုးရဲ့"

"အဲဒါတွေ မလုပ်ရတော့ဘူးလေ။ အခန်းထဲမှာပဲ အေးအေးဆေးဆေး စားသောက်ပြီး ဆော့နေ"

"မလုပ်ပါနဲ့ အဘိုးရယ်၊ မဖြစ်ပါဘူး"

"ဘာလို့မဖြစ်တာလဲ"

"ဟာ- အဘိုးကလည်း မလွတ်မှ မလွတ်လပ်တာ။ သမီးက လွတ်လွတ် လပ်လပ်ပြေးလွှားပြီး ကိုယ်လုပ်ချင်တာတွေ လုပ်နေချင်တာ"

"နေပါဦး၊ ပြန်ပြောပါဦး။ မလွတ်မှ မလွတ်လပ်တာ ဟုတ်လား၊ ချို သက်"

"ဟုတ်တယ်လေ၊ အဘိုးကလည်း အခန်းထဲမှာ အကြာကြီးနေရမယ် ဆို ဘယ်လွတ်လပ်မှာလဲ။ ကောင်းကင်ကိုလည်း ဘယ်မြင်ရတော့မှာလဲ"

ကျွန်တော် သူ့ကို ပြုံးပြီး ခေါင်းညိတ်ရင်း ကြည့်သည်။

"အဘိုးကလည်း သမီးမေးတာတော့ မဖြေသေးဘဲနဲ့"

"သမီးမေးတာက အစာရေစာကျွေးမွေးထားပါလျက်နဲ့ ငှက်ကလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ ပျံသွားလဲမေးတာ မဟုတ်လား”

“ဟုတ်တယ်လေ”

“သမီး အခန်းထဲမှာ မနေချင်သလိုပဲ၊ ငှက်ကလေးတွေကလည်း လွတ်လွတ်လပ်လပ်နေချင်လို့ ကောင်းကင်ကို မြင်ချင်လို့ အပြင်ကို ပျံသွားကြတာပေါ့”

ကျွန်တော့်မျက်နှာကို ချိုသက်ညို စူးစိုက်ကြည့်သည်။ သူ့မျက်လုံးတွေက အဖြေကို တွေ့သွားသလို ဝင်းလက်သွား၏။

“လောကမှာ ဘာနဲ့မှ လဲလို့မရအောင် တန်ဖိုးအကြီးဆုံးအရာဟာ လွတ်လပ်ခြင်းနဲ့ တရားမျှတမှုပါပဲ သမီး”

ကျွန်တော့်စကားကို အခုနားမလည်နိုင်သေးတောင်မှ တဖြည်းဖြည်း အရွယ်ရလာလျှင် ချိုသက်ညို သဘောပေါက်လာနိုင်မည်ထင်ပါသည်။

✠✠✠

၂၀၀၉ ခုနှစ်၊ YOUTH မဂ္ဂဇင်း။

***

# မျှဉ်းပြိုင်တို့၏ ဆုံမှတ်

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ငြိမ့်ညောင်းသော အနောက်တိုင်း တေးသံတိုးတိုးပျံ့လွင့်နေ၏။ အာရုံစူးစိုက်မှုသာ မရှိပါက ဟိုးဝေးဝေးမှ တေးသံသဲ့သဲ့ဟု ထင်စရာရှိပေမည်။ အခန်းကျယ်ကြီးတစ်ခုလုံးမှာ စားပွဲတွေပြည့်လျက် စားပွဲတစ်လုံးနှင့် တစ်လုံးက သိပ်မကွာလှ။ အရှေ့တိုင်း၊ အနောက်တိုင်း အစားအစာအစုံရနိုင်သည်ဟု နာမည်ကြီးသော ဒီစားသောက်ဆိုင်ခန်းမကြီးထဲမှာ နိုင်ငံခြားသားတွေ အများစုလာရောက်စားသောက်တတ်ကြသည်။

"တို့ ဒီမှာထိုင်ကြရအောင်"

အန်ကယ်ဂျော့ချ်က သူ့ကို ကြည့်ရင်း ပြောသည်။ အန်ကယ်ဂျော့ချ်သည် အသက် ၈၅နှစ်လောက်ရှိပြီဖြစ်သော်လည်း တောင့်တင်းခိုင်မာဖျတ်လတ်ဆဲဟု ထင်ရ၏။ အသက်အရွယ်နှင့် နှိုင်းယှဉ်ပါက ကျန်းမာရေးကောင်းပြီး အသက် ၇၀အရွယ်ဟု ထင်ရအောင် လှုပ်ရှားသွားလာနိုင်သေးသည်။ သူ့အဘိုး၏ မိတ်ဆွေဖြစ်သဖြင့် အန်ကယ်ဟု ခေါ်ရန် မသင့်သော်လည်း သူနှင့် စကားပြောတိုင်း အန်ကယ်ကဟု ပြောလေ့ရှိသဖြင့် သူက အန်ကယ်ဂျော့ချ်ဟု လည်းကောင်း၊ အန်ကယ်ဟုလည်းကောင်း ခေါ်ဖြစ်တော့သည်။

"မင်း ဘာမှာချင်သေးလဲ"



မီနူးကတ်ကို ကြည့်ရင်း အန်ကယ်ဂျော့ချ်က မေး၏။

သူတို့နှင့် ကပ်လျက် စားပွဲဝိုင်းဆီ အကြည့်ဝေ့နေရာမှ အန်ကယ်ဂျော့ချ်ကို မျက်နှာချင်းဆုံလိုက်သည်။

"အန်ကယ်ကြိုက်တာသာ မှာပါခင်ဗျာ၊ ကျွန်တော့်အတွက် ဘာမှ အထွေအထူးမလိုပါဘူး"

ခပ်ပြုံးပြုံးပြန်ပြောလိုက်မိ၏။ သူ့အဘိုးမှာ အန်ကယ်ဂျော့ချ်နှင့် မတိမ်းမယိမ်း အသက်ရှိသော်လည်း အန်ကယ်ဂျော့ချ်လို ကျန်းမာရေးမကောင်းသဖြင့် အဘိုးကိုယ်စား ဒီညစာကို သူက လိုက်ပြီး ဧည့်ခံကျွေးမွေးရခြင်းပင်။

နိုင်ငံခြားမှာ အလုပ်သွားလုပ်စဉ်ကပင် အန်ကယ်ဂျော့ချ်တို့အိမ်ကို အဝင်အထွက်ရှိပြီး သူနှင့်က ရင်းနှီးကျွမ်းဝင်ပြီးသား။ အန်ကယ်ဂျော့ချ်က သူကြိုက်သည့် အစားအစာများကို စားပွဲထိုးလေးအား မှာကြားနေစဉ်မှာ မျက်စောင်းထိုး မြင်နေရသော ကပ်လျက်စားပွဲဆီ သူက အကြည့်ရောက်နေ၏။

ဂျပန်အဖိုးကြီး၊ အဖွားကြီးစုံတွဲကို ဧည့်ခံစကားပြောနေသော ကောင်မလေး၏ နုဖတ်ဖြူညက်သော မျက်နှာလေးက ချစ်စရာ။ ဂျပန်ဘာသာဖြင့် ပြောဆိုနေကြသဖြင့် ဘာတွေပြောမှန်းတော့ သူ မသိ။ ဧည့်လမ်းညွှန် မိန်းကလေးဖြစ်နိုင်သလို၊ သူတို့နဲ့ ရင်းနှီးကျွမ်းဝင်သော မိတ်ဆွေလည်း ဖြစ်နိုင်သည်ပဲ။

"မင်း အရင်က မြစ်ကြီးနားကို ရောက်ဖူးလား"

အန်ကယ်ဂျော့ချ်က မြစ်ကြီးနားသွားရန် ဒီတစ်ခေါက် မြန်မာပြည်ရောက်လာခြင်းပင်။

"ရောက်တော့ ရောက်ဖူးပါတယ် အန်ကယ်။ ဒါပေမယ့် မနှစ်ပါဘူး။ သေသေချာချာတော့ မသိပါဘူး"

မြစ်ကြီးနားနှင့် ပတ်သက်၍ သူသေသေချာချာ မသိကြောင်း ကြိုပြီး ပြောထားလိုက်မိသည်။

"မြစ်ကြီးနားတိုက်ပွဲအကြောင်းရော မင်း ကြားဖူးလား"

သူ ခေါင်းယမ်းပြလိုက်မိ၏။ အန်ကယ်ဂျော့ချ်က ဒုတိယ ကမ္ဘာစစ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



အတွင်းက မဟာမိတ်တပ်မှာ အမှုထမ်းရင်း မြန်မာပြည် စစ်မြေပြင်မှာ ကျင်လည်ခဲ့ဖူးသူ၊ သူ့အဘိုးက အိုင်စီအက်စ်ဝန်ထမ်းဖြစ်ခဲ့ပြီး ရင်းနှီးခဲ့ကြသူတွေ။

"ငါက မြစ်ကြီးနားတိုက်ပွဲမှာ ကိုယ်တိုင်ပါခဲ့ဖူးတယ်ကွ၊ မြစ်ကြီးနားတိုက်ပွဲအကြောင်း မင်းကို ပြောပြမယ်၊ မင်း စိတ်ဝင်စားမလား"

"ပြောပါ အန်ကယ်၊ စိတ်ဝင်စားပါတယ်"

အန်ကယ်ဂျော့ချ်က လည်ချောင်းရှင်းသည်။ ပြီးတော့ စကားစ၏။

"ဒီလိုကွ၊ မြစ်ကြီးနားက မင်းတို့ မြန်မာပြည်ရဲ့ မြောက်ပိုင်း မီးရထားလမ်းဆုံးကွ။ ရန်ကုန်-မန္တလေးနဲ့ တိုက်ရိုက်ဆက်သွယ်နိုင်တဲ့ လမ်းကြောင်း။ ပြီးတော့ လေယာဉ်ကွင်းတလည်း ရှိနေသေးတော့ စစ်ရေးအရ အရေးကြီးတယ်လို့ ငါတို့ရဲ့ ဗိုလ်ချုပ် ဂျင်နရယ်စတီးတဝီက ယူဆတယ်။ မြစ်ကြီးနားကိုသာ သိမ်းပိုက်နိုင်ခဲ့ရင် ဂျပန်တွေ မြန်မာပြည်မြောက်ပိုင်းကို အခြေစိုက်ထားတာ ပြိုကွဲသွားနိုင်တယ်။ ပြီးတော့ မဟာမိတ်တွေက တရုတ်ပြည်ကို ပိုပြီးနီးနီးကပ်ကပ် ထောက်ပံ့နိုင်မယ်ကွ။ နောက်တစ်ခုတလည်း လားရှိုးနဲ့ ဆက်ထားတဲ့ လမ်းကြောင်း ပိတ်ထားတာကို ပြန်ပြီး ဖွင့်နိုင်လာမယ်၊ ဒါကြောင့် မြစ်ကြီးနားကို တိုက်ဖို့က သိပ်အရေးကြီးတယ်ကွ"

အန်ကယ်ဂျော့ချ်၏ မျက်နှာမှာ ဟိုးနှစ်ပေါင်းများစွာကို ပြန်ပြီး အောက်မေ့သတိရနေသလို။

✠✠✠



(၂)

"၁၉၄၄ ခု၊ မေလဆန်းမှာ အမေရိကန်စစ်သား ၁၄၀၀ လောက်နဲ့ တရုတ်တပ်နှစ်တပ် ကချင်တိုင်းရင်းသားတွေရဲ့ အကူအညီနဲ့ တောင်ကုန်းတွေ၊ တောတောင်တွေကို ခဲရာခဲဆစ်ဖြတ်ပြီးမှ မြစ်ကြီးနားဆီကို ဦးတည်ပြီး ငါတို့ ချီတက်ခဲ့ကြတာပေါ့။ ဂျပန်တွေက ခဲရာခဲဆစ် တောတွေ တောင်တွေကို ကျော်ဖြတ်ပြီး လာမယ်လို့ ဘယ်ထင်ထားပါ့မလဲကွာ။ ဒါကြောင့် ဒီကောင်တွေ အငိုက်မိခံလိုက်ရတာပေါ့"

"ဂျပန်တွေက ထင်မထားဘူးပေါ့"

"ဟုတ်တယ်၊ ထင်မထားဘဲနဲ့ မေလ (၁၇)ရက်နေ့မှာ ငါတို့က မြစ်ကြီးနား လေဆိပ်ကို ဝင်သိမ်းလိုက်တယ်"

"မြို့ကို ဆက်မသိမ်းဘူးလား အန်ကယ်"

"ဟာ- ဘယ်နေ့မလဲ၊ နောက်နေ့ကျတော့ တရုတ်တပ်တွေရယ်၊ ကချင်တိုင်းရင်းသားတွေရယ်၊ မဟာမိတ်တပ်တွေရယ် အင်အား လေးထောင်လောက်နဲ့ မြစ်ကြီးနားကို သဲသဲမဲမဲ ဝင်တိုက်တော့တာပေါ့"

"ဂျပန်ဘက်က အင်အားကရော ဘယ်လောက်များလဲ အန်ကယ်"

"စပြီး တိုက်စအချိန်မှာ ဂျပန်ဘက်က အင်အား ၇၀၀ လောက်ပဲ ရှိ

www.burmeseclassic.com

www.burmeseclassic.com



မယ်တဲ့ကွ။ ဒါပေမယ့် ဂျပန်တွေက ရှုပ်ရှုပ်ချုံချုံနဲ့ ခုခံတော့ တိုက်ပွဲက ချက်ချင်း နာရီပိုင်းအတွင်း မပြတ်တော့ဘူး။ တစ်ဖက်နှင့် တစ်ဖက် အခြေအနေဆိုးသထက် ဆိုးလာပေမယ့် ဘယ်သူဘယ်သူမှ အနိုင် မတိုက်နိုင်ကြဘူး။ ဒီလိုနဲ့ တို့ဘက်ကို လေယာဉ်နဲ့ လေယာဉ်ကွင်းအရောက် စစ်ကူတပ်တွေ ထပ်ဖြည့်ပေးသလို၊ ဂျပန်ဘက်ကိုလည်း တစ်ဖက်တမ်းက ဂျပန်စစ်ကူတွေ တဖွဲ့ဖွဲ့ရောက်လာတော့တာပဲ။ နောက်ဆုံး ဂျပန်ဘက်မှာ အင်အား ၃၅၀၀ ကျော်လောက် ရှိလာတယ်ကွ။ တို့ဘက်မှာလည်း အင်အား သုံးသောင်းကျော်အထိ ရှိလာတော့တယ်"

"ဟာ. . . အင်အားချင်းက ဆယ်ဆနီးပါးကွာတာပဲ"

သူ့စကားကြောင့် အန်ကယ်ဂျော့ချ်က ပြုံးသည်။

"ဂျပန်တွေက တကယ်သတ္တိကောင်းတယ်ဟေ့၊ အင်အားမမျှပေမယ့် ဖွဲ့မလျှော့ဘူး။ မဟာမိတ်တွေ ကျဆုံးလိုက်တာ ဘယ်နည်းလိမ့်မလဲ၊ ဒဏ်ရာရတဲ့သူတွေကို ဒေါက်တာ ဆီးဂရေ့စ်နဲ့ သူနာပြုအဖွဲ့တွေ ရောက်လာပြီး ဂျပန်ကျည်ဆန်တွေကြားမှာ လိုက်ကောက်၊ သယ်၊ ပြုစု လုပ်ရတာပေါ့ကွာ"

"ရက်ပိုင်းအတွင်း တိုက်ပွဲက မပြတ်တော့ဘူးပေါ့"

"ဟာ-ဘယ်ရက်ပိုင်းဟုတ်မလဲကွာ၊ တစ်လအတွင်းတောင် မပြတ်ဘူး။ ဇူလိုင်လကုန်လောက်ရောက်မှ မဟာမိတ်တွေက တစ်စ တစ်စနဲ့ အသာရလာခဲ့တာ"

"ဇူလိုင်လအထိ တိုက်ရတုန်း၊ ဟုတ်လား အန်ကယ်"

"ဟုတ်တယ်။ ဩဂုတ်လ (၃)ရက်နေ့ရောက်မှ ဂျပန်တွေက ရောဝတီမြစ်ကို ဖြတ်ကူးပြီး ဆုတ်ပေးလိုက်တာကွ"

"ထောက်တော်တိုက်ယူရတာပဲနော်"

"အေး၊ အဲဒီစစ်ပွဲမှာ ကျဆုံးသွားတဲ့ မဟာမိတ်ဦးရေစာရင်းက ငါးထောင်ကျော်တယ်ကွ။ ဂျပန်ဘက်က သုံးထောင်ကျော် ကျဆုံးပြီး ခုနစ်ရာကျော် လွတ်မြောက်သွားကြတယ်၊ မြစ်ကြီးနားတစ်ဝိုက်မှာ အလောင်းတွေဆိုတာ မြင်မကောင်း ရှုမကောင်းပေါ့ကွာ"



"မြစ်ကြီးနားမြို့ကို ရလိုက်ပေမယ့် လူတွေ အများကြီး စတေးလိုက်ရတာပေါ့နော်-အန်ကယ်"

"ဒါပေါ့ကွ။ ဒီတိုက်ပွဲမှာ ငါတို့ မဟာမိတ်တွေ အနိုင်ရလိုက်ပေမယ့် တကယ်တမ်း ချီးကျူးစရာမဟုတ်ပါဘူး။ ကိုယ့်ထက် အင်အားအလွန်နည်းတဲ့ ဂျပန်တွေရဲ့ ဖွဲ့နဲ့ တိုက်ရည်ခိုက်ရည်အစွမ်းသတ္တိကိုပဲ တကယ်တမ်း ချီးကျူးရမှာကွ"

အမေရိကန်လူမျိုးတစ်ဦးက ရန်သူဖြစ်သော ဂျပန်ကို ချီးကျူးစကားဆိုလာသဖြင့် သူအတော်အံ့ဩသွားမိသည်။ အန်ကယ်ဂျော့ချ်၏ မျက်နှာကို သူ စူးစိုက်ကြည့်လိုက်မိ၏။

"ဘာလဲကွ၊ ငါ ဒီလိုပြောလိုက်လို့ မင်း အံ့ဩသွားတာလား"

သူ စကားမပြန်မိဘဲ ပြုံးနေလိုက်မိသည်။

"မိတ်ဆွေတွေပဲဖြစ်ဖြစ်၊ ဆွေမျိုးသားချင်းပဲဖြစ်ဖြစ် ညံ့တာကို ညံ့တယ်လို့ ပြောရဲရမယ်ကွ။ ရန်သူပဲဖြစ်ဖြစ်၊ ကိုယ်နဲ့ သဘောထား မတိုက်ဆိုင်တဲ့သူပဲဖြစ်ဖြစ် တော်တာ၊ ကောင်းတာ တွေ့ရင်လည်း တော်တယ်၊ ကောင်းတယ်ဆိုတာ ချီးကျူးရဲရမှာပေါ့ကွ"

သူက လေးစားစွာ ခေါင်းညိတ်ပြလိုက်မိသည်။

"အိပ်ခ်ကျူးခ်မီ"

မမျှော်လင့်ဘဲ ကြားလိုက်ရသောအသံကြောင့် သူရော၊ အန်ကယ်ဂျော့ချ်ပါ အသံလာရာသို့ လှည့်ကြည့်မိကြ၏။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



## (၃)

ကပ်လျက် စားပွဲဝိုင်းမှ ဂျပန်အဖိုးကြီး သူတို့ဝိုင်းဆီ လျှောက်လာတာ တွေ့သည်၊ ဂျပန်အဖိုးကြီးနှုတ်မှ ထွက်လာသည့်အသံက တုန်ခါလှိုက်မောနေသလို၊

"အိုဂ်ခ်တျူးခ်မီ"

အနားရောက်တော့ ဂျပန်အဖိုးကြီးက နှုတ်မှ ခွင့်တောင်းစကားကို ထပ်မံပြောရင်း လက်ကို တမ်းသည်။

အန်ကယ်ဂျော့ချ်က ရုတ်တရက် ထရပ်လိုက်တာ ဂျပန်အဖိုးကြီး တမ်းပေးလိုက်သော လက်ကို ဆွဲရင်း နှုတ်ဆက်လိုက်၏။

သူလည်း ထရပ်ရင်း အဖိုးကြီးနှစ်ယောက်ကို စူးစိုက်ကြည့်နေမိသည်၊

"ကျွန်တော့်နာမည် မစ္စတာ ယိုရှီတာပါ"

"ကျွန်တော့်နာမည်က မစ္စတာ ဂျော့ချ်စတီဗင်ဆင်ပါ"

"စောစောက ခင်ဗျားတို့ စကားဝိုင်းက စကားတွေ တစ်စွန်းတစ်စ ကြားရပါတယ်။ မြစ်ကြီးနားတိုက်ပွဲအကြောင်းမှန်းသိလို့ စိတ်ဝင်တစား နားထောင်မိပါတယ်"

"ဟုတ်ပါတယ်။ မြစ်ကြီးနားတိုက်ပွဲအကြောင်း ပြောပြနေတာပါ"



မစ္စတာ ယိုရှီတာသည် အင်္ဂလိပ်စကားကို ကျွမ်းကျင်စွာပြောတတ်သော်လည်း ဂျပန် လေယူလေသိမ်းကို သူ နားစိုက်ထောင်နေရသည်။

"ဘာဖြစ်လို့ပါလဲခင်ဗျာ"

ဟု အန်ကယ်ဂျော့ချ်က မေးလိုက်၏။

"ဪ. . . အဲဒီ မြစ်ကြီးနားတိုက်ပွဲမှာတုန်းက ကျွန်တော်လည်း ပါခဲ့ပါတယ် မစ္စတာဂျော့ချ်။ ခင်ဗျား နောက်ဆုံးပြောလိုက်တဲ့ စကားကြောင့် ကျွန်တော် ခင်ဗျားကို ထပြီး နှုတ်မဆက်ဘဲ မနေနိုင်အောင် ဖြစ်သွားရတာပါ။ ဒီတိုက်ပွဲမှာ မဟာမိတ်တွေ နိုင်လိုက်တယ်ဆိုပေမယ့် ချီးကျူးစရာမဟုတ်ဘူး။ အင်အားနည်းနည်းလေးနဲ့ သတ္တိပြောင်မြောက်စွာ ခုခံနိုင်ခဲ့တဲ့ ဂျပန်တွေကိုသာ ချီးကျူးရမယ်လို့ ခင်ဗျားပြောလိုက်တာလေ။ ရန်သူဖြစ်ဖြစ် ဘာဖြစ်ဖြစ် ချီးကျူးစရာရှိရင် ချီးကျူးရမယ်ဆိုတဲ့ ခင်ဗျားရဲ့ စိတ်ကို သဘောကျလွန်းလို့ပါ"

"ဒါ သဘောထားအမှန်ပါပဲ မစ္စတာ ယိုရှီတာ"

"တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ကျွန်တော်တို့ စစ်မြေပြင်မှာ ဆုံခဲ့ကြဖူးပြီး မသေဘဲ အခုလို ပြန်တွေ့ခွင့်ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်လည်း မြစ်ကြီးနားကို အရိုးကောက်သွားဖို့ ရောက်လာတာပါပဲ"

"ကျွန်တော်လည်း မြစ်ကြီးနားသွားချင်လို့ ဒီတစ်ခေါက်ရောက်လာခဲ့တာ"

"အေးဗျာ၊ အရင်က တိုက်ပွဲမှာ ဆုံခဲ့ရတဲ့ ရန်သူတွေ အခုတော့ စားပွဲဝိုင်းတစ်ခုတည်းမှာ ဆုံနိုင်ကြတဲ့ မိတ်ဆွေတွေဖြစ်အောင်လို့ ကျွန်တော်တို့ဝိုင်းမှာ လာထိုင်စေချင်ပါတယ်ဗျာ"

မစ္စတာ ယိုရှီတာက လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်လိုက်၏။

အန်ကယ်ဂျော့ချ်က သူ့မျက်နှာကို လှမ်းကြည့်ရင်း . . .

"ငါတို့ ဝိုင်းပြောင်းပြီး စကားပြောရအောင်ကွာ။ အင်း . . . တစ်ချိန်တုန်းကတော့ ရန်သူတွေပေါ့။ အခုတော့ မိတ်ဆွေတွေပေါ့ကွာ"

"သိပ်ကောင်းတဲ့ အစီအစဉ်ပါပဲ အန်ကယ်၊ ဟိုးတုန်းက ကျည်ဆန်

www.burmeseclassic.com

တွေနဲ့ စကားပြောခဲ့ဖူးကြသူ နှစ်ဦး အခုတော့ အသည်းနှလုံးတွေနဲ့ စကားပြောခွင့်ရကြတာ ကျွန်တော်အရမ်းကြည်နူးမိပါတယ်”

မစ္စတာ ယိုရှီတာက သူ့စကားကို သဘောကျစွာ ပြုံးပြီး သူ့ပခုံးပေါ် လက်တင်လိုက်ရင်း လှုပ်ယမ်းသည်။

ခဏလေးအတွင်းမှာ သူတို့ စားပွဲတစ်ဝိုင်းတည်း ထိုင်လိုက်မိတော့၏။

✠✠✠

*၂၀၀၉ ခုနှစ်၊ YOUTH မဂ္ဂဇင်း။*

***

# ပိုးထိတဲ့ မြွေ

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ချောက်မြို့ စာပေဟောပြောပွဲအပြီး နောက်နှစ်ရက်မြောက်နေ့မှာ မုံရွာဘက်ကို ခရီးဆက်ရမည်။ ရန်ကုန်ပြန်ပြီးမှ မုံရွာထွက်ရလျှင် ခရီးပန်းတော့မည် တွေးပြီး မန္တလေးမှာပဲ အချိန်ဖြုန်းတော့မည် ဆုံးဖြတ်၏။ ဒီလိုနှင့် မန္တလေးက သူငယ်ချင်း ကိုမြင့်ချိုအိမ်ကို ရောက်သည်။

"ခင်ဗျား ဖုန်းထဲက ပြောတာ ဆေးကုနေရတယ်ဆို"

"ဟုတ်တယ်ဗျ"

"အခုတော့ ကျန်းကျန်းမာမာကြီးပဲ"

သွက်လက်ဖျတ်လတ်နေသော သူ့ပုံကို ကြည့်ရင်း ကျွန်တော်ပြောလိုက်မိ၏။

"ကျွန်တော် အိပ်ရာထဲ လဲသွားသေးတယ်ဗျ။ ပရက်ရှာတွေ အရမ်းကျသွားတာ။ ပုလင်းကြီး သုံးလေးလုံး ဆက်တိုက်ချိတ်တာတောင် ပရက်ရှာပြန်တက်မလာဘူး"

"ဩော်"

"ခင်ဗျားကို ဖုန်းထဲက ပြောတာ မှတ်မိလား"

"ဘာလဲ ကိုမြင့်ချို"



"ဆေးနည်းအထူးအဆန်း ခင်ဗျားနဲ့တွေ့မှ ပြောမယ်ဆိုတာလေ"

"ဩော်. . . အေး. . အေး"

"အဲဒီဆေးနည်းနဲ့ကျမှ ပရက်ရှာပြန်တက်လာတယ်ဗျာ"

"ပြောပါဦး၊ ခင်ဗျားဆေးနည်းကို"

"နေ့လယ် ဘယ်မှ သွားစရာမရှိဘူး မဟုတ်လား"

"မရှိပါဘူး"

"နေ့လယ်မှ သွားမယ်ဗျာ၊ ကျွန်တော် ဆေးသောက်ရမယ်။ အဲဒီကျ ခင်ဗျားသိရမယ်"

ကျွန်တော် ကိုမြင့်ချိုကို ကြည့်လိုက်စဉ် သူက ခပ်ပြုံးပြုံးနှင့် မျက်နှာလွှဲသွားသည်။ သူ့ဆေးနည်းကို တွေ့တော့မှ တအံ့တသြဖြစ်စေချင်ဟန်တူ၏။ ကျွန်တော်မေးနေလျှင်လည်း ပြောတော့မည့်ပုံမပေါ်။

ပိစပ်ရွက်တွေ၊ စူလာနဖာတွေက အစ ကိုးဆယ့်ခြောက်ပါးပျောက်နေသော ဆေးမျိုးစုံအကြောင်းကို ဖတ်နေရ၊ ကြားနေရသဖြင့် ကိုမြင့်ချို၏ ဆေးနည်းကလည်း ဒီလိုပင်ဖြစ်မည် တွေးကြည့်သည်။

တိုင်းရင်းဆေးဆိုလျှင်လည်း စနစ်တကျ နည်းမှန် လမ်းမှန်ဖြင့် တိုင်းရင်းသမားတော်ကြီးများ၏ ညွှန်ကြားမှုအတိုင်း စားသင့် သောက်သင့်သည်ပဲ ကျွန်တော်ထင်၏။

အစစအရာရာ နွမ်းပါးချို့တဲ့မှုကြောင့် ဆေးမီးတိုများ၊ ကွမ်းယာဆိုင်၊ ဆေးဆိုင်များက စပ်ဟပ်ပေးသော အင်္ဂလိပ်ဆေးများကိုသာ အားကိုးဖက်တွယ်နေကြရသည်ကို နားလည်နိုင်ပါသည်။

ကိုမြင့်ချိုကတော့ ငွေကြေးတတ်နိုင်သူ၊ ရောဂါတစ်ခုကို စနစ်တကျ ကုသနိုင်သူပဲ။

သူလိုလူမျိုးက ယုံယုံကြည်ကြည် စားသုံးနေသည်ဆိုတော့ သူ့ဆေးကို ကျွန်တော် စိတ်ဝင်တစားဖြစ်သွားမိသည်မှာ အမှန်။

※※※

www.burmeseclassic.com

www.burmeseclassic.com



( ၂ )

ကိုမြင့်ချိုနှင့် ကျွန်တော် မော်တော်ဆိုင်ကယ်နှင့် အိမ်မှ ထွက်လာခဲ့ကြသည်။

နာရီဝက်လောက် မောင်းတော့ ထိုမြို့ကလေးသို့ ရောက်၏။ အိမ်ခြေခပ်ကျဲကျဲ ခြံဝန်းနှင့် ရပ်ကွက်ကလေးအတွင်း ဝင်လာခဲ့ကြပြီး အိမ်ရှေ့မှာ ဆိုင်ကယ်ရပ်လိုက်သည်။

"ဟာ- အစ်ကို"

ခြံထဲမှ လူငယ်တစ်ဦးက ကိုမြင့်ချိုကို မြင်လိုက်တော့ တိုင်းရင်းသားအသံဝဲဝဲနှင့် လှမ်းခေါ် နှုတ်ဆက်သည်။ ခြံထဲသို့ ဆိုင်ကယ်ကို တွန်းဝင်ရပ်ထားရင်း ဆီးပင်အုပ်အုပ်အောက်ဆီ လျှောက်၏။ ဆီးပင်အောက်မှာ သစ်သားဆက်တီတစ်ခုချထားပြီး စားပွဲပေါ်မှာ ရေနွေးခတ်ဘူးတင်ထားတာ တွေ့သည်။

"အစ်ကို လုပ်မှာလား"

"အေး"

ထိုင်ထိုင်ချင်း အိမ်ရှင် လူငယ်က မေးတော့ ကိုမြင့်ချို ဖြေသည်။

သူတို့ကို ကြည့်ပြီး ကျွန်တော် နားမလည်။

"သေးသေးတော့ မရှိဘူးဗျ။ ငါးဆယ်သားလောက်တွေက အငယ်ဆုံးပဲ"



"ရှိတာပဲပေါ့ဗျာ"

"ကဲ- လာ"

သူတို့နှစ်ယောက် ထရပ်သည်။

"လာဗျာ၊ ခင်ဗျားမြင်ဖူးတယ်ရှိအောင်ပေါ့"

"ဘာလဲဗျ"

"တွေ့မှာပေါ့ဗျာ"

တစ်ထပ်တိုက်ကလေးနှင့် တွဲလျက်ဆောက်ထားသော ဂိုဒေါင်လိုအဆောက်အဦဆီသို့ လျှောက်သည်။ ဂိုဒေါင်ရှေ့မှာ 'ပဲအမျိုးမျိုးဝယ်သည်'ဆိုသော ဆိုင်းဘုဒ်ကို တွေ့သည်။ ပဲလှောင်သည့် ဂိုဒေါင်ဖြစ်မည်တွေးမိပြီး ဂိုဒေါင်ထဲကို လိုက်ဝင်လိုက်၏။

"လာကြည့် အစ်ကို"

"မကြည့်ပါဘူးဗျာ၊ ခင်ဗျားသာ ယူလိုက်ပါ"

ခပ်ရှည်ရှည် ဝါးညှပ်တစ်ခုကို ကိုင်ရင်း အိမ်ရှင်လူငယ်က ထိုအိမ်နားမှ လှမ်းခေါ်သည်။

"ဘာတွေလဲဗျ"

လူငယ်က အိတ်ထဲကို ညှပ်ရှည်ဖြင့် ထိုးနေစဉ် ကျွန်တော့်နားထဲမှာ အသံတွေ ကြားလာရပြီး လှမ်းမေးလိုက်၏။

"သွားကြည့်ပါလား"

ကျွန်တော် မနေနိုင်တော့ဘဲ ရှေ့တိုးပြီး အိတ်ထဲသို့ ငုံ့ကြည့်လိုက်၏။

"ဟာ"

ကျွန်တော့်နှုတ်မှ အာမေဋိတ်သံ လျှံကျသွားတော့သည်။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



## (၃)

အာမေဋိတ်သံနှင့်အတူ ခြေက နောက်တစ်လှမ်းအလိုလိုဆုတ်မိပြီးသား ဖြစ်နေ၏။ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာဟု ကျွန်တော့်အသိစိတ်မှာ ထာဝရစွဲမြဲနေသည့်အရာ။ ထိုအရာသည် ကျွန်တော်တို့ကို ဒုက္ခများစွာပေးနိုင်သည့် အရာ။ ကျွန်တော်တို့၏ အသက်ဇီဝိန်ကို ခြွေနိုင်သည်မို့ လူတိုင်းက ရွံရှာမုန်းတီးသော အရာ။

သူတို့ ရှိနေနိုင်ပါသည်ထင်က ထိုနေရာနှင့် ဝေးဝေးလံလံမှ ရှောင်ကွင်းသွားလာရသည်အထိ ဂရုပြုရသည့်အရာ။ ကြည့်စမ်းပါဦး။

ထိုအရာတို့သည် အိတ်၏ အောက်ခြေမှာ အထွေးလိုက်၊ အပြုံလိုက်၊ အထပ်လိုက်၊ ရစ်ခွေလိပ်ပတ်၊ ပါးစပ်မှာ ဟဟ၊ ဒေါသ တချောင်း ချောင်းနှင့် တရှီရှီအသံများ ထွက်နေသလို။

ထင်ထင်ရှားရှား အကွင်းအကွက်တွေက အိတ်၏ အောက်ခြေမှာ ပန်းချီကားတစ်ချပ်ကို ခင်းထားသလို။ ထိုအကွင်းအကွက် အမှတ်အသားတို့ကပင် လူသားတို့၏ ရန်သူဟု အမှတ်တံဆိပ်ခတ်နှိပ်ထားသကဲ့သို့ ကျွန်တော်တို့အာရုံမှာ စွဲထင်ပြီးသား။

လန့်အော်ပြီး ဂိုဒေါင်ထဲမှ ထွက်ပြေးမသွားမိခြင်းပင် ကျွန်တော့်ကိုယ်



ကျွန်တော် တော်လှပြီထင်၏။

“တော်တော်လန့်သွားသလား”

“ဘယ့်နှယ့်ပြောပါလိမ့်ဗျာ၊ တစ်သက်လုံး ဒုက္ခပေးတတ်တဲ့ သတ္တဝါအဖြစ်နဲ့ ရွံကြောက်ကြီး ကြောက်လာခဲ့ရတာ၊ ခုလို တွေ့လိုက်ရတော့ . . . ”

ကျွန်တော့်စကားကြောင့် အိမ်ရှင်လေးက ရယ်သည်၊ ပြီးတော့ ညှပ်အရှည်ဖြင့် တစ်ကောင်ကို ညှပ်ပြီး အိတ်ထဲက ဆွဲထုတ်လိုက်၏။

ဒီတစ်ခါတော့ ဂိုဒေါင်အဝအထိ ကျွန်တော် နောက်ဆုတ်သွားမိတော့သည်။

“ဒီကောင် ငါးဆယ်သားလောက်ရှိမယ်၊ ဒီကောင် အငယ်ဆုံးပဲ၊ ဘယ်လိုလဲ'

ကိုမြင့်ချိုကို လှမ်းမေးသည်။

“ရပါတယ်”

ခေါင်းနောက်နားမှာ ညှပ်ဖြင့် မိမိရရညှပ်ထားသဖြင့် ကျန်သည့်အပိုင်းက တွန့်လိမ်လှုပ်ရှားနေသည်၊ အကွက်အပြောက်တို့က လက်ကောက်ဝတ်ခန့်လုံးပတ်ပေါ်မှာ အထင်အရှား။

“လုပ်လိုက်မယ်နော်”

“လုပ်ဗျာ”

ခါးစောင်းလောက်ရှိသော နံရံနားကပ်နေသည့် စင်ရှိရာကို သွားသည်၊ ကျွန်တော် ရှေ့တစ်လှမ်း နှစ်လှမ်းတိုးပြီး ကြည့်မိ၏၊ စင်ပေါ်မှာ သစ်သားတုံးတစ်ခုနှင့် အသားခုတ်သည့် ဓားမကြီးတစ်ချောင်းကို မြင်၏၊ ဓားမက မြည့်နေအောင် ထက်သည့်ပုံ ပေါ်သည်။

သစ်သားတုံးပေါ်သို့ ခေါင်းတင်ပြီး ညှပ်ဖြင့် အသေအချာဖိသည်၊ သေချာတော့မှ ညှပ်ကို ဘယ်ဘက်လက်ဖြင့် ပြောင်းပြီး ဖိထား၏၊ အမြီးပိုင်းက တွန့်လိမ်လှုပ်ရှားနေသဖြင့် ဟန်ချက်မပျက်အောင် ညှပ်ဖြင့် ဖိထားပုံရ၏၊ ပိုင်နိုင်စွာ ဖိထားပြီးသည့်အခါမှ ညာလက်ဖြင့် အသားခုတ်သည့် ဓားမကို

www.burmeseclassic.com

www.burmeseclassic.com



လှမ်းယူ၏။

တအားလွှဲ၍ ခေါင်းကို ခုတ်ချလိုက်တော့မည် ထင်ထားသော်လည်း အထင်နှင့် တခြား။ ဓားကို ခေါင်းနားကပ်တင်ပြီး ကျိတ်၍ လှီးချလိုက်သည်။ တစ်ချက်တည်း တီခနဲပြတ်ကာ ခေါင်းတာ တခြားဖြစ်သွားတော့၏။

လူငယ်က လှမ်းအော်လိုက်၏။ အော်သံအဆုံးမှာ သူ့တပည့်ထင်ရသူ တစ်ဦးရောက်လာသည်။ လက်ထဲမှာ ဖန်ခွက်တစ်လုံးပါလာ၏။ ထိုသူက ဖန်ခွက်ကို ခုံပေါ် ချပေးသည်။ ပြီးတော့ ညှပ်ကို ကောက်ယူပြီး ခေါင်းပြတ်ကို ညှပ်ကာ ရေလောင်းအိမ်သာဆီသွားတာ တွေ့၏။

"အိမ်သာထဲ ထည့်ပြီး ရေဆွဲချလိုက်တာဗျ။ ခေါင်းက မဖြတ်တတ်ရင် ရှေ့က လူတွေဘာတွေရှိရင် သွားခဲနေတတ်တယ်တဲ့၊ ဒါကြောင့် ကြိတ်လှီးတာ"

ကိုမြင့်ချိုက ရှင်းပြနေစဉ်မှာတော့ လက်မောင်းကို လိမ်ပတ်ရစ်ထွက်ဆဲဖြစ်သော ခေါင်းမရှိတော့သည့်အပိုင်းကို ကျန်လက်ဖြင့် ဆွဲယူသည်။

တစ်တောက်တောက်ကျနေသော သွေးတို့ကို ဖန်ခွက်ဖြင့် ခံသည်။

တွန့်လိမ်လှုပ်ရှားနေသော ကိုယ်ကို လက်တစ်ဖက်ဖြင့် ညှပ်ပြီး သွေးတွေကို ညှစ်ချနေတော့၏။

ဖန်ခွက်၏ သုံးပုံနှစ်ပုံလောက် သွေးတွေ ပြည့်လာပြီ၊ သွေးတွေ အကျ ရပ်သွားတော့ သူ့တပည့်ဖြစ်ဟန်တူသူထံသို့ ပစ်ပေးလိုက်၏။

"ရပြီ၊ သောက်တော့။ ဆီးပင်အောက်က စားပွဲပေါ်မှာ ဖွန်းရှိတယ်"

ကိုမြင့်ချိုက ဖန်ခွက်ကို ယူပြီး ဂိုဒေါင်ထဲမှ ထွက်သည်၊ တပည့်လုပ်သူက အရေခွံကို ခွာချလိုက်ပြီး ရင်ကို ခွဲနေတာ မြင်သည်။

ကျွန်တော် ကိုမြင့်ချိုနောက်မှ ထွက်လိုက်လာခဲ့၏။ စားပွဲပေါ်မှ ဖွန်းကလေးကို တစ်ရှူးဖြင့် သုတ်ပြီး ကိုမြင့်ချို မွှေသည်၊ ပြီးတော့ တစ်ခါတည်း မော့ချလိုက်၏။

"မညှီဘူးလား ကိုမြင့်ချို"

"ဖန်ခွက်ထဲမှာ ပျားရည်နည်းနည်းခံထားတယ်ဗျ"



ပြောပြီး ငုံ့ထားသော ရေနွေးပန်းကန်ကို ကောက်ယူမော့သည်။ ခဏ အကြာမှာ လူငယ်ရောက်လာပြီး ကိုမြင့်ချိုဘေးမှာ ထိုင်၏။

"ရော့. . ရေဆေးပြီးသား"

"ဘာလဲဗျ"

"သည်းခြေ"

ကိုမြင့်ချိုက ကျွန်တော့်ကို ပြန်ဖြေသည်။

မည်းမည်းလုံးလုံးနှင့် ခပ်ရှည်ရှည် သည်းခြေလေးကို ကိုမြင့်ချို ပါးစပ်ထဲ ထည့်လိုက်၏။ ပြီးတော့ ကျန်ရေနွေးဖြင့် မျိုချလိုက်တာ တွေ့သည်။

"ဘာရောဂါတွေ ပျောက်တာလဲဗျ"

ကျွန်တော်က လူငယ်ကို ကြည့်ရင်း မေးလိုက်၏။

"အားနည်းတာ၊ အထူးသဖြင့်တော့ ကင်ဆာ"

"ကင်ဆာ ဟုတ်လား"

"ပြောတာပဲဗျာ။ လာတဲ့ လူတွေအများစုကတော့ ကင်ဆာသမားတွေပဲ။ ဟိုနိုင်ငံက ဆေးနည်း ဒီဘက်ကူးလာတာဗျ"

ကျွန်တော် နားလည်လိုက်ပါသည်။ စားသောက်ဆိုင်ကြီးတွေမှာ ဈေးကြီးပေး၍ ရနိုင်သည်ဟုလည်း ကြားဖူး၊ ဖတ်ဖူးပါသည်။

ခဏကြာတော့ အသားတွေကို ခုတ်ထစ်ပြီး ပလတ်စတစ်အိတ်ဖြင့် ထည့်ထားတာ တပည့်လုပ်သူလေးက လာပေး၏။

ကျွန်တော်တို့အပြန်မှာ နေတောင် အတော်ပူနေပြီ။

✠✠✠

www.burmeseclassic.com



(၄)

“ဘယ်လိုလဲ”

အိမ်ရောက်တော့ ကိုမြင့်ချိုက မေးသည်။

“အေးဗျာ၊ ဘယ်လောက် အဆိပ်ပြင်းတဲ့ သတ္တဝါဖြစ်ဖြစ် အတုံ့အလှည့် ဆိုတာတော့ ရှိတာပဲဗျ။ ရောဂါပျောက်၊ မပျောက်တော့ မသိဘူး။ ဒီကောင်တွေ ကြမ္မာငင်တဲ့ အလှည့်ရောက်တာတော့ သေချာတယ် ကိုမြင့်ချို”

ကိုမြင့်ချိုက ကျွန်တော့်ကို ကြည့်ရင်း မျက်ခုံးတွန့်သွားတာ တွေ့သည်။

✠✠✠

*၂၀၁၀ ခုနှစ်၊ YOUTH မဂ္ဂဇင်း။*

***

# ဘတောဝါနော - ဘရိဿတိ

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ငယ်ပေါင်းကြီးဖော်ဆိုတာက ရှားသွားပြီလေ။ ငယ်ဘဝက ငတ်ဖော် ငတ်ဖက်၊ တေဖော် တေဖက် ငယ်သူငယ်ချင်းတွေ ကြီးလာကြတော့ ဆန်တောထဲမှာ အလိုမ့်ခံရသည့် ဆီးဖြူသီးပမာ ဝေးကွာသွားကြစမြဲ။

"တာ. . . ဟေ့ကောင် မြတ်အောင်၊ မင်း ဘယ်တ ဘယ်လို ငါ့ဆီ ရောက်လာတာလဲ"

ခြံဝန်းရှေ့က သူနာမည်အော်သံအကြားမှာ စံဝင်းအိမ်ရှေ့ထွက်အလာ မြတ်အောင်ကို တွေ့သည်။ တွေတွေချင်း မမှတ်မိ။ ဟုတ်မှ ဟုတ်ပါ့မလားဟု ဇဝေဇဝါ။ သေချာအောင် ကြည့်ရသေးသည်။ ကွဲသွားကြသည့်နှစ်တွေက မနည်းမနော။ မြတ်အောင် သေချာပြီဆိုတော့ ဝမ်းပန်းတသာ ပြေးဖက်ရင်း နှုတ်မှထွက်သည်။

"စံဝင်း. . . နည်းနည်းပိန်သွားတယ်"

"အေးကွာ၊ အမေ့ကို ပြုစုရင်း အအိပ်တွေ ပျက်လို့"

"မင့်အမေရော"

"ဆုံးတာ နှစ်ပတ်လောက်ရှိပြီ"

"စိတ်မကောင်းစရာကွာ"



သူ့အမေကို သတိရသွားဟန်တူသော စံဝင်း၏ မျက်နှာ တစ်ချက်ညှိုးသွားသည်။

"လာကွာ၊ အိမ်ပေါ်တက်။ ငါတစ်ယောက်ပဲ အိမ်မှာ"

"မင်းအိမ်ထောင်လည်း မကျသေးဘူးပေါ့"

စံဝင်းက ခေါင်းယမ်းရင်း . . .

"မကျသေးပါဘူးကွာ။ ငါ့အမေကို ပြုစုနေရတာနဲ့ မိန်းမယူဖို့တောင် မစဉ်းစားအားပါဘူး။ နေပါဦးကွ။ မင်းက ငါ့လိပ်စာ ဘယ်လိုသိတာလဲ"

"အေး၊ ငါ မနေ့က လှိုင်ထွန်းဆီ ဖုန်းဆက်တယ်"

"ဒီကောင် သူဌေးကြီးဖြစ်နေပြီကွ"

"မင်းအလုပ်ကိစ္စ တစ်ခေါက်ရောက်လာပြီးတော့ သူ့ကို ဖုန်းမဆက်တော့ဘူးတဲ့"

"ဒီကောင်က ဒီလောက် အလုပ်များတာကွာ။ ငါလည်း သူပေးတဲ့ အလုပ် မလုပ်ဖြစ်တာနဲ့ မဆက်သွယ်ဖြစ်တော့ပါဘူး"

"အေး၊ အဲဒါလည်း ပြောတယ်။ နယ်က သူ့လုပ်ငန်းတစ်ခုကြီးကြပ်ဖို့ မင်းကို အလုပ်ပေးတာ မလုပ်ဘူးတဲ့"

စံဝင်းက သက်ပြင်းတစ်ချက်ချရင်း . . .

"သူက စေတနာနဲ့ စီစဉ်ပေးတာပဲကွ။ ငါ့အဖို့ အမေက အဓိကဖြစ်နေတော့ အမေ့ကို တစ်ယောက်တည်း ထားပြီး ဘယ်မှသွားလို့မှ မရတာဘဲ မြတ်အောင်ရာ။ လာကွာ၊ အိမ်ပေါ်တက်ရအောင်"

ပခုံးဖက်ပြီး အိမ်ပေါ်တက်ဖို့ စံဝင်းက ခေါ်၏။

"မတက်တော့ဘူးကွ၊ လုပ်. . . မင်း မြန်မြန်အဝတ်အစားလဲ၊ မင်းပြောသလိုပဲ လှိုင်ထွန်းက အလုပ်များသား။ ဒီကောင်က မင်းလိပ်စာပေးပြီး မင်းကို ခေါ်လာခဲ့ပါဆိုလို့ ငါရောက်လာတာ။ ဒီမနက် ငါတို့ သူငယ်ချင်းတွေဆုံချင်တယ်တဲ့။ သူချိန်ထားတဲ့ ဆိုင်ကို ငါတို့ သွားရအောင်"

ပြောရင်း မြတ်အောင်က နာရီကို ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ခဏစောင့်"

စံဝင်းအိမ်ဆီ ခပ်သွက်သွက်လျှောက်၏။ စံဝင်း၏ နောက်ကျောကို ကြည့်ရင်း ငယ်ကတည်းက အမေတစ်ခု၊ သားတစ်ခုဖြစ်ခဲ့ရသော စံဝင်းဘဝက ဘာမျှအကြီးအကျယ် မပြောင်းလဲသေးပါလားဟု မြတ်အောင် စဉ်းစားဖြစ်သေး သည်။

✠✠✠



(၂)

ငယ်ဘဝက ရှေးဟောင်းနှောင်းဖြစ်တွေ ပြောလို့ မကုန်။ ရင်ထဲရှိသမျှ မခြွင်းမချန် ဟန်ပန်မရှိ ပြောလို့ဆိုလို့ရသည့် အရသာကို သူတို့ ခံစားကျေနပ်ကြ သည်။

"မင်းကွာ. . . တော်တော်ဆိုးတယ်။ မင်းအမေဆုံးတာ ငါ့ကို ဘာလို့ အကြောင်းမကြားတာလဲ"

"လှိုင်ထွန်းရာ. . . . မင်း ဒီလောက်အလုပ်များနေတာ"

"ဘယ်ဟုတ်မလဲကွာ၊ ငါ မအားရင်တောင်မှ ငါ့ရုံးက တစ်ယောက် လွှတ်ပြီး မင်းလိုတာ ငါကူညီနိုင်တာပေါ့"

"အားလုံးအဆင်ပြေပါတယ်ကွာ"

"ဟော့ကောင် လှိုင်ထွန်း၊ ဒီကောင့်ကြည့်ရတာ ပြေလည်ပုံမရဘူး၊ မင်း ပစ်မထားနဲ့"

မြတ်အောင်က လှိုင်ထွန်းကို လှမ်းပြောသည်၊ အခုချိန် စီးပွားရေး လောကမှာ အောင်မြင်နေသော ငယ်သူငယ်ချင်း လှိုင်ထွန်းအတွက် စံဝင်းကို ဘာမဆို ကူညီ မ,စနိုင်သော အခြေအနေ၊ မြတ်အောင်ကလည်း ရာထူးရာခံနှင့် နယ်မှာတော့ သိပ်ပြီး အခြေအနေမဆိုးလှ၊

www.burmeseclassic.com



"ဒီကောင့်ကို ငါ ခဏခဏ သတိရတယ်၊ ဒီကောင်ကလည်း မဆက်သွယ်၊ ငါကလည်း အလုပ်က များ၊ အလုပ်ပေးတော့လည်း ဒီကောင်က မလုပ်ဘူး"

"မင်းပေးတဲ့ အလုပ်က ငါ့အတွက် မင်းသက်သက်ကူညီတယ်ဆိုတာ ငါနားလည်တယ် လှိုင်ထွန်း၊ ဒါပေမယ့် အဲဒီအချိန်ကတည်းက အမေက သိပ်မကျန်းမာချင်တော့ဘူးကွ၊ သူ့အနားမှာ ငါ တစ်ဖဝါးမကွာ ရှိနေမှဖြစ်မှာ၊ နယ်ကို ခေါ်သွားဖို့ဆိုတာလည်း အမေက လိုက်မှာမဟုတ်ဘူး၊ အဖေဆုံးတော့ သူက ငယ်ငယ် မုဆိုးမကွ၊ သူ့ဘဝကို ငါ့အတွက် ပုံအောထားခဲ့တာ၊ ငါ့အလှည့်မှာလည်း ငါ့ဘဝကို အမေ့အတွက်ပဲ ဖြစ်စေချင်လို့ ငါ အိမ်ထောင်ပြုဖို့တောင် မစဉ်းစားဘူး၊ အမေ့စိတ်ချမ်းသာမှုအတွက် အားလုံးနဲ့ ငါ လဲရခဲ့တာပဲ"

"ကဲ - မင်းအကြောင်း အပြည့်အစုံလုပ်ပါဦးကွာ"

❋❋❋



## (၃)

သားအမိနှစ်ယောက် အိမ်ငယ်လေးတစ်လုံးမှာ ခြစ်ခြစ်ခြုပ်ခြုပ် ရောင့်ရဲစွာ နေထိုင်ခဲ့ကြသည်။ အမေက ရပ်ကွက်ထဲမှာ ကျပန်းအလုပ်ကို အသက် ၆၀ ကျော်အထိလုပ်ဆဲ၊ ဒီတုန်းက စံဝင်းကလည်း ကုမ္ပဏီတစ်ခုမှာ ဝင်လုပ်နေပြီမို့ ဝမ်းရေးတော့ မပူပင်ရ၊ ၆၀ကျော်လာပြီမို့ အမေက ပင်ပန်းသည့်ဒဏ် မခံနိုင်တော့၊ ချူချူချာချာဖြစ်လာတော့သည်၊ အမေ့ကို ဘာအလုပ်မှ မလုပ်တော့ရန် စံဝင်းက တောင်းတောင်းပန်ပန်ပြောရင်း အိမ်မှာ နေစေခဲ့၏၊ တကယ်တမ်းတော့လည်း အမေ့မှာ စိတ်သာရှိပြီး ကိုယ်ခန္ဓာက မလိုက်နိုင်တော့ပါ။

"သားရယ် အမေ့အဝတ်အစားတွေ အမေ လျှော်နိုင် ဖွပ်နိုင်ပါသေးတယ်၊ အလုပ်ကလည်း ပင်ပန်းသေး၊ အိမ်ရောက်တော့လည်း အမေ့ဝေယျာဝစ္စနဲ့ ငါ့သား မနားရဘူး၊ ထမီတွေဘာတွေ လျှော်နေတာလည်း ဘေးအိမ်က လူတွေ မြင်လျှင် မတော်ပါဘူး သားရယ်"

"ဟာ. . . အမေကလည်း သားကသိုလ်ယူချင်လို့ ကိုယ့်အမေထမီ လျှော်တာပဲ၊ ဘာဝရုစိုက်ရမှာလဲ"

အလုပ်မသွားခင်မှာ ထမင်းဟင်းစီစဉ်ချက်ပြုတ်ပြီးမှ စံဝင်း အလုပ်ကို သွားသည်။ မီးဖိုထဲက စားပွဲမှာ အမေစားဖို့ အသင့်ပြင်ဆင်ပြီး အုပ်ဆောင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



အုပ်ကာ ထားခဲ့၏။

ညနေ သူ အလုပ်က ပြန်ရောက်ချိန်မှာတော့ အမေက ထမင်းတစ်ဖိုး တည်ထားနေတျ။ ဒီကိစ္စကို သူ ဘယ်လောက်တားတား မရပေ။ အမေ့အတွက် ချိုးရေခပ်၊ အဝတ်အစားအားလုံးလျှော်ဖွတ်ပေးအပြီးမှာတော့ အမေ့ကို ညစာစားဖို့ ပြင်ဆင်ပေးရ၏။

ညအိပ်ခါနီးမှာ အမေ့အတွက် သနပ်ခါးရေတဲ့ကို သူသွေးပေးဖို့ မမေ့။ အမေက ဘယ်လိုတားတား အမေငယ်စဉ်ကတည်းက သနပ်ခါးကြိုက်တတ်တာ သူ အသိဆုံး။ အမေက သူ့ကို ကြည့်ရင်း တပြုံးပြုံးနှင့် တျေနပ်နေလျှင် သူပျော်သည်။

အမေ သိပ်နေမကောင်းလို့ လစာမဲ့ ခွင့်တင်ဖို့ ခင်မြတ်ဝေကို သူ ဖုန်းဆက်ပြောခဲ့၏။ နောက်နေ့ညနေမှာတော့ အိမ်ကို ခင်မြတ်ဝေ ရောက်လာခဲ့သည်။ ခင်မြတ်ဝေနှင့် သူက အလုပ်ထဲရောက်မှ ချစ်သူဘဝရောက်ခဲ့ကြသော်လည်း သူ့ဆင်းရဲနွမ်းပါးမှုကို ခင်မြတ်ဝေ နားလည်ခဲ့သည်ဟု သူယုံ၏။ ခင်မြတ်ဝေခြံထဲ ဝင်လာစဉ် သူက အမေ့ထမီတွေကို လျှော်ပြီး ရေညှစ်နေချိန်။

"ဟာ - ခင်မြတ်ဝေ၊ လာ. . . လာ"

"အဝတ်တွေဘာတွေ လျှော်လို့ပါလား။ နင့်အမေ ဘယ်လိုနေလဲ"

"အမေ့ထမီတွေ လျှော်နေတာဟ။ ညရောက်ရင် ဆေးခန်းပြန်သွားရဦးမယ်။ အခုတော့ အဖျားမရှိတော့ဘူး ထင်တာပဲ"

သူ့မျက်နှာကို တစ်လှည့်၊ သူ့အမေ၏ လုံချည်ကို တစ်လှည့် ခင်မြတ်ဝေ၏အကြည့်ရောက်တာ သူ သတိထားဖြစ်သည်။

"နင်က သားလိမ္မာပဲ"

အသံက ခပ်တိုးတိုး၊ ခနဲ့စကားလားဟု သတိထားအကြည့် ခင်မြတ်ဝေ မျက်နှာညိုးတာ မြင်သည်။

"အိမ်ပေါ် တက်ရအောင်"

"မတက်တော့ဘူး"



"ကိစ္စရှိလား"

"မန်နေဂျာက ငါ့ကို ပြောခိုင်းတယ်။ နင့်နေရာ လူစားထိုးတော့မယ်တဲ့။ နင် ခဏခဏ ခွင့်ယူတာ သူ မကြိုက်ဘူးတဲ့"

အမေ့လုံချည်ကို ပြန်ချထားရင်း လက်ကို ဆေးကြောသည်။ ပြီးတော့ ခင်မြတ်ဝေအနားသွားတာ မျက်နှာချင်းဆိုင်ရပ်၏။

"ဒါတော့လည်း မတတ်နိုင်ဘူးဟာ"

"ငါလည်း စိတ်မကောင်းပါဘူး။ ဒါနဲ့ တိုက်တိုက်ဆိုင်ဆိုင် အိမ်ရောက်တော့ ငါ့ဦးလေးနဲ့ စကားပြောရင်း နင့်အတွက် အလုပ်တစ်ခု ငါပြောခဲ့တယ်"

"ဟာ. . . ခင်မြတ်ဝေ ကျေးဇူးတင်လိုက်တာဟာ။ နင့်ကို ဒါကြောင့် ချစ်တာ။ ဒါဆို ငါအလုပ်လက်မဲ့ဖြစ်မနေတော့ဘူးပေါ့။ ဘာအလုပ်လဲဟင်"

"ငါ့ဦးလေးက နိုင်ငံခြားကို အလုပ်သမားတွေ ပို့ပေးနေတာ။ နင့်အတွက် ကုန်ကျစရိတ်အားလုံး ငါတာဝန်ထား။ နိုင်ငံခြားမှာ နင်အလုပ်လုပ်ပြီး ပြန်လာတဲ့အခါ ငါတို့ လက်ထပ်ဖို့လည်း အဆင်ပြေသွားမယ်"

"ခင်မြတ်ဝေ"

ခေါ်သံက တိမ်ဝင်နေသလို။

"ငါ နင့်စေတနာကို နားလည်တယ်။ ဒါပေမယ့် . . ."

"ဘာဖြစ်လဲ"

"မဖြစ်ပါဘူးဟာ"

"ဘာမဖြစ်တာလဲ"

"ငါ့အမေကို ဒီမှာ ထားခဲ့လို့ ဘယ်လိုဖြစ်မှာလဲ"

ခင်မြတ်ဝေထံမှ သက်ပြင်းငွေ့ငွေ့ချသံကို ကြားလိုက်ရသည်။

"တခြားစဉ်းစားစရာမရှိတော့ဘူးလား"

"မရှိတော့ပါဘူး ခင်မြတ်ဝေ။ ငါ့အမေအတွက်ဆို အရာအားလုံးကို ငါစွန့်လွှတ်ရမှာပဲ"

အကြည့်ဆုံရင်း နှုတ်ဆိတ်နေမိကြပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



“ငါ့ကိုရော. . .”

ဒီမေးခွန်းကို တစ်ချိန်ချိန်မှာ ကြားရမည်ဟု သိနေခဲ့ပြီပဲ။ ရင်ထဲမှာတော့ နာကျင်သည်။ ဘယ်လိုအဓိပ္ပာယ်နှင့် ခင်မြတ်ဝေ မေးလိုက်သည်ကိုလည်း သိနေ၏။

“ဖြေလေ စံဝင်း”

“အရာရာလို့ ငါပြောလိုက်တာ ငါ့နှလုံးသားလည်းပါတယ် ခင်မြတ်ဝေ”

စကားအဆုံးမှာတော့ ခင်မြတ်ဝေ ချာခနဲလှည့်သည်။ ပါးပြင်ပေါ်စီးကျလာသည့် မျက်ရည်စက်ကို သူမြင်၏။ အလောင်မြိုက်ဆုံး ရင်၏ အပူကို ဘာသာအသိဆုံး။

နောက်လှည့်မကြည့်တော့သော ခင်မြတ်ဝေကို ငေးရင်းသာ ရပ်နေမိသည်။

အိမ်ပေါ်မှ အမေ၏ ချောင်းဆိုးသံအကြား အမေ၏ စိတ်ချမ်းသာမှုမှ တစ်ပါး အားလုံးကို စွန့်လွှတ်ရဲရမည်ဟု အသိဝင်ပြန်၏။

✠✠✠



(၄)

“အဲဒီကတည်းက ငါလည်း အိမ်ထောင်ပြုဖို့တွေဘာတွေ မစဉ်းစားတော့ပါဘူးကွာ”

စံဝင်းက စကားကို အဆုံးသတ်သည်။

သူ့စကားကို နားထောင်နေကြသည့် သူငယ်ချင်းနှစ်ယောက်၏ မျက်နှာတွေက ညှိုးညှိုးငယ်ငယ်။

“မင်းအမေအပေါ်မှာ တာဝန်ကျေပါတယ်ကွာ”

လှိုင်ထွန်းထံမှ စကားသံကြားရ၏။ မြတ်အောင်က နံရံကို ငေးကြည့်နေသည်။

“ငါ့အဖေအပေါ်မှာ ငါ တာဝန်မကျေဘူး”

“ဘာကွ၊ လှိုင်ထွန်း”

“ငါ့အဖေကို ငါ နှစ်ပတ်သုံးပတ်မှ တစ်ခါတွေ့ဖြစ်တယ်။ စကားအသေအချာမပြောဖြစ်ဘူး”

“အတူမနေရင်တော့ ဒီလိုပေါ့ကွာ”

“အိမ်အပေါ်ထပ်ခန်းမှာတင်. . .”

“ဘာကွ”

www.burmeseclassic.com

www.burmeseclassic.com



လှိုင်ထွန်းက မျက်ရည်ဝဲလာရင်း ခေါင်းကို ငုံ့လိုက်သည်။

"ဘာဖြစ်လို့လဲ လှိုင်ထွန်း"

သိချင်စိတ်ဖြင့် စံဝင်းက မေးလိုက်၏။

"လူပိုလူအိုတစ်ယောက်လို ပစ်ထားမိတာပဲ"

လှိုက်လှဲကြေကွဲသံဟု နားလည်မြန်သည်။

"မိန်းမကလည်း သူ့လုပ်ငန်းနဲ့သူ၊ ငါကလည်း ငါ့လုပ်ငန်းနဲ့ ငါ တစ်နေကုန်ကြတာ။ ကလေးတွေကလည်း သင်တန်းတွေ၊ ကျောင်းတွေနဲ့ အဖေ့ကို အိမ်ဖော်တစ်ယောက်က တာဝန်ယူတယ်။ သူ့အခန်းထဲက စားပွဲမှာပဲ ထမင်းဟင်း အားလုံး အဆင်သင့်လုပ်ပေးတယ်"

"မိသားစုဆုံတော့ ညှိခန်းတွေဘာတွေထဲ မလာဘူးလား"

"စံဝင်းရာ. . . ပြောရရင်တော့ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းရာကျမှာပဲ။ အဖေက အသက်ကြီးလာတော့ စကားများချင်တယ်။ ညှိသည်တွေဘာတွေလာရင်လည်း အဖေက စကားတွေပြောချင်တယ်တွ။ ငါတို့က ရှက်တော့ အဖေ့ကို အခန်းထဲက မထွက်ဖို့ ပြောထားရတယ်။ ငါ့မိန်းမကဆို ကလေးတွေ သူ့အဖိုးအခန်းသွားတာတောင်မှ မကြိုက်ချင်ဘူး"

"မဟုတ်သေးပါဘူးကွာ။ အသက်ကြီးလာတော့ မေတ္တာပိုတော်လာတယ်ဆိုတာ နားလည်ရမယ်ကွ"

"ငါလည်း မထူးပါဘူး လှိုင်ထွန်း။ ဒီကောင်ပြောတာတွေ ကြားရပြီး ငါလည်း ငါ့ကိုယ်ငါ ရှက်လာတယ်"

ပြောပါဦးဟု ဘယ်သူကမှ မမေးလိုက်မိ။

"မင်းတို့ကို ငါပြောပြမယ်၊ ငါ့မှာလည်း အမေရှိသေးတယ်"

"ကံကောင်းတာပေါ့"

"ငါ့အမေက ကျန်းမာရေးလည်း မကောင်းဘူး၊ စိတ်လည်း မမှန်တော့ဘူးတွ။ ငယ်မူပြန်ချင်သလိုပဲ"

"ဪ. . ."



"လှိုင်ထွန်းလို မချမ်းသာတော့ အခန်းတွေဘာတွေလည်း သီးသန့်မထားနိုင်ဘူးကွ။ အိမ်က ကျဉ်းတယ်။ ညှိခန်းလုပ်တဲ့ နေရာနဲ့ မလှမ်းမကမ်းမှာပဲ လိုက်ကာ ကာပြီး အမေ့ကို အခန်းဖွဲ့ထားရတာ။ ငါ့ညှိသည်တွေဘာတွေလာတဲ့အချိန် အမေကလည်း သူ့အခန်းထဲက ပေါက်ကရတွေ ပြောလိုက်၊ ငိုလိုက်၊ ရယ်လိုက်လုပ်နေတဲ့ အချိန်နဲ့ တိုးရင်း ငါရှက်လို့ သေပစ်လိုက်ချင်တယ်ကွာ။ ဒီ့ထက်ဆိုးတာက လိုက်ကာအပြင်ထွက်လာပြီး ညှိသည်တွေ မြင်သွားချိန်ပဲ။ ဘယ်လောက်ဆူဆူ ဘယ်လောက်ပြောပြော ပြောမရဘူးကွာ။ ငါတော့ အကုသိုလ်တွေ ရနေတာပဲ"

"ဟေ့ကောင် - ခဏ. . . ခဏ"

"ဘာလဲ စံဝင်း"

စံဝင်းက မြတ်အောင်နောက်ကျောဆီမှ စင်ကလေးကို လှမ်းကြည့်ရင်း ပြောတော့ အားလုံးက စင်ကလေးဆီ အကြည့်ရောက်၏။

"အဲဒီစင်ပေါ်က ဂျာနယ်ယူလိုက် မြတ်အောင်"

"ဘာလဲကွ၊ မင်းကလဲ. . .။ ငါတို့ပြောတာ ကြားပြီး မင်းစိတ်ညစ်သွားလို့လား"

"မဟုတ်ပါဘူး၊ ငါ ပြစရာရှိလို့၊ အဲဒီဂျာနယ် ငါဖတ်ပြီးပြီ"

မြတ်အောင်က လှည့်ပြီး စင်ပေါ်က ဂျာနယ်ကို ယူလိုက်၏။ စံဝင်းက ဂျာနယ်စာရွက်တွေကို လှန်ရင်း သူလိုရာ ရှာသည်။

"ဒီမှာကြည့်"

"ဘာလဲ"

"အင်တာဗျူးကွ"

"ဘာဆိုင်လို့လဲကွာ. . . မင်းကလဲ၊ အရေးထဲ"

"မဟုတ်ဘူး၊ ဆိုင်တယ်ကွ။ ငါပြောချင်တာ ပါလို့"

"ကဲ - မင်းဖတ်ပြီးသားဆို မင်းပဲ ပြော"

"ဒီလိုကွ၊ အောင်စည်းစိမ်ကျောက်မျက်တူမွကီက ဦးအောင်ကြီးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



သူက မိဘဂုဏ်ရည်ပူဇော်ပွဲဆိုပြီး ငွေကြေးအမြောက်အမြားအကုန်ခံပြီးတော့ နိုင်ငံအနှံ့အပြားမှာ စာရေးဆရာတွေနဲ့ ဟောပြောပွဲတွေ လုပ်ပေးနေတယ်၊ အဓိကပြောချင်တာက သူ့ ဆင်းရဲတုန်းက မိဘကို မပြုစုလိုက်ရဘူး၊ အခု သူ ချမ်းသာလာတော့ မိဘတွေ မရှိတော့ဘူး။ ဒါကို ယူကြုံးမရဖြစ်လွန်းလို့ မိဘတွေ ရှိတုန်း ပြုစုနိုင်ကြဖို့ သူ့လို နောင်တမရကြစေဖို့ ရည်ရွယ်တာတဲ့။ မင်းတို့မှာ မိဘတွေ ရှိနေသေးတယ်၊ အချိန်နောက်မကျသေးပါဘူးကွာ"

"သွားမယ်. . . သွားမယ်၊ သွားရအောင်"

လှိုင်ထွန်းက ထရပ်ပြီး ပိုက်ဆံရှင်းရန် လှမ်းခေါ်သည်၊

"ဘယ်လိုဖြစ်တာလဲဟ"

မေးရင်း စံဝင်းကလည်း ရပ်လိုက်၏၊

"ငါ အိမ်မြန်မြန်ရောက်ချင်တယ်ကွာ၊ ဒီနေ့ ဂေါက်ကွင်းမသွားတော့ဘူး၊ အဖေ့အနားမှာ နေလိုက်မယ်"

"ကောင်းလိုက်တာ လှိုင်ထွန်းရာ"

"ငါလည်း ဒီညနေပဲ ပြန်မယ်ကွာ၊ မနက်ဖြန် ဝယ်စရာရှိတာလေးတွေက သိပ်အရေးမကြီးဘူး၊ ငါထွက်လာတော့ အမေက နေမကောင်းချင်ဘူး၊ သွေးတိုးရော၊ နှလုံးရော ရှိတာကွ"

လှိုင်ထွန်းက ပိုက်ဆံရှင်းပြီးချိန်မှာ သူတို့အခန်းထဲက ထွက်လာခဲ့ကြသည်၊

"မင်းလုပ်စရာရှိတာ လုပ်၊ ငါ့ဘာသာပြန်မယ်"

"ငါ တက္ကစီငှားပေးလိုက်မယ်"

ပြောပြောဆိုဆို အောင်မြတ်က တက္ကစီတားပြီး ငွေပါ ရှင်းပေးလိုက်၏၊

"ငါ နောက်မှ အေးအေးဆေးဆေး လာခဲ့မယ် စံဝင်း၊ မင်းနဲ့ ဆုံဖြစ်တာ အရမ်းဝမ်းသာတယ်ကွာ၊ အမြင်မှန်လည်း ရသွားတယ်"

လှိုင်ထွန်း ကားပေါ်မှ လှမ်းအော်ပြောသွားသည်၊

✠✠✠



(၅)

အိမ်ပြန်ရောက်တော့ ဘယ်သူမှ မရှိကြ၊ ခပ်သွက်သွက်တလေး ပြေးကာ အပေါ်ထပ်သို့ လှိုင်ထွန်း တက်သည်၊ အဖေ့အခန်းပိတ်ထားတာ တွေ့တော့ တံခါးကို ဖွင့်၏၊ သော့ခတ်ထားသည်မို့ တံခါးကို ထုရင်း အဖေ. . . အဖေဟု ခေါ်သည်၊ အခန်းတွင်းမှ ပြန်ထူးသံ မကြားရ၊ အခန်းလော့ခ်ချထားပြီး အဖေ အခန်းထဲမှာ တစ်စုံတစ်ရာဖြစ်နေပြီလားဟု စိုးရိမ်စိတ်ဝင်သည်၊ အသံကို မြှင့်ပြီး ခေါ်ကြည့်၏၊

"ဦးလေး. . . ဘဘကြီး မရှိဘူး"

"ဟင် - ဘယ်သွားလို့လဲ"

အပေါ်ပြေးတက်လာရင်း ပြောလိုက်သော အိမ်ဖော်မလေးကို လှိုင်ထွန်း တအံ့တသြမေးလိုက်၏၊

"ဘဘကြီးကို သူ့ညီဆိုလားပဲ လာခေါ်သွားပြီ၊ အပြီးသွားတာတဲ့'

"ဘယ်တုန်းကလဲ"

"ဦးလေးတို့ ဒေါ်လေးတို့ ထွက်သွားပြီး မကြာဘူး"

"ဘယ်ညီလဲ၊ စစ်ကိုင်းက ဖေဖေ့ညီလား"

"သမီး မသိဘူး၊ ဘဘကြီးက စာပေးသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပေး. . . ပေး"

အနားရောက်လာပြီး ပေးသည့် စာရွက်ပိုင်းလေးကို ဖြန့်ဖတ်လိုက်၏။

***သားနဲ့ သမီး...***

*ဖေဖေ သားနဲ့ သမီးတို့အိမ်မှာ မနေချင်တော့ဘူး။ သားတို့ သမီးတို့ကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေချင်လို့ပါ။ ဒီအိမ်မှာ ဖေဖေက လူပိုကြီးဖြစ်ပြီး ဘာမှ အသုံးမဝင်တော့ပါဘူး။ အင်္ဂလိပ်လိုတော့ (Dead Wood) သစ်ဆွေးတုံးကြီးပေါ့ကွာ။*

*အသုံးဝင်တဲ့ လူတစ်ယောက်ဖြစ်အောင် လုပ်ဖို့ ဖေဖေ ဆုံးဖြတ်လိုက်ပြီ။ တရားရိပ်သာမှာ တစ်သက်လုံးနေဖို့ပါပဲ။*

*ဒါကြောင့် စစ်ကိုင်းက ဖေဖေ့ညီကို ဖုန်းဆက်မှာပြီး သူနဲ့ တစ်ခါတည်း လိုက်သွားပြီ။*

**ဖေဖေ**

ယိုင်လဲကျသွားမှာစိုးလို့ ဖေဖေ့အခန်းတံခါးကို လက်ဖြင့် လှမ်းထောက်ထားလိုက်ရသည်။

ခါတိုင်းတော့ ဒီအခန်းတံခါးက ထာဝရ ဖွင့်ထားခဲ့သည်ပဲလေ။

✠✠✠



## (၆)

မနက်စောစော အိမ်ပြန်ရောက်တော့ အမေ့အသုဘက မြတ်အောင်ကို ဆီးကြိုနေတော့သည်ပဲ။ ဘာစကားမှ မပြောနိုင်ဘဲ အမေ့ရုပ်အလောင်းကို ကြည့်ကာ မျက်ရည်တွေတွေ စီးကျလာသည်။ ဟိုးတုန်းကဆိုလျှင် အမေလည်း ဝဋ်ကျွတ်၊ သူတို့လည်း ဒုက္ခလွတ်ပြီဟု တွေးမိကောင်း တွေးမိပေဦးမည်။ အခုတော့ တစ်သက်တာ ပြန်မရနိုင်တော့သော အခွင့်အရေးတစ်ခုဆုံးရှုံးခဲ့ရပြီပဲဟု ကြေကွဲပူလောင်သည်။

သက်ပျောက်ဆွမ်းအကပ်မှာတော့ ဆရာတော်က တရားချီးမြှင့်ပါသည်။

"မိဘတွေက သားသမီးတွေဆီက မျှော်လင့်ချက်ငါးပါးထားတယ်လို့ မြတ်စွာဘုရားက အင်္ဂုတ္တရနိကာယ်မှာ ဟောကြားတော်မူတယ်"

သားသမီးဝတ္တရားငါးပါးတဲ့။ သူ ကျေပွန်ပါရဲ့လား။ သူ့နှလုံးသားမှ အသံများက ဆူညံသည်။

"နံပါတ်(၁) မျှော်လင့်ချက်ကတော့ ဘာတုန်းဆိုတော့ ငါတို့ အိုမင်းမစွမ်းရှိတဲ့အခါ၊ မကျန်းမမာဖြစ်တဲ့အခါ သူတို့က ငါတို့ကို ပြုစုစောင့်ရှောက်ကြမှာပါပဲလို့ မျှော်လင့်ချက်ထားကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမျှော်လင့်ချက်ကို ပါဠိလိုတော့ 'ဘတောဝါနော၊ ဘရိုသတိ'တဲ့ နော၊ ငါတို့က ဘတော- ကျေးမွေးသုတ်သင် စောင့်ရှောက်အပ်ခဲ့သည်ဖြစ်၍၊ ဘရိုသတိ - ငါတို့ကိုလည်းပဲ မွေးတဲ့၊ ကျွေးတဲ့ ပြန်ဆပ်လိမ့်မယ်တဲ့"

မြတ်အောင်ထံမှ ရှိုက်သံ ကျယ်ကျယ်လောင်လောင်ထွက်အလာ အားလုံးက မြတ်အောင်ဆီ အကြည့်ရောက်ကြ၏။

"ဘတောဝါနော၊ ဘရိုသတိ"တဲ့။

ဆရာတော်က တရားကို အစပြန်ကောက်သည်။

✠✠✠

*၂၀၁၀ ခုနှစ်၊ YOUTH မဂ္ဂဇင်း။*

***

# စာကလေးစာ

www.burmeseclassic.com

www.burmeseclassic.com

(၁)

"စာကလေးစာ. . . စပါးတွဲ"

ကြားနေကျ အသံကို ကြားလိုက်ရစဉ် အိမ်ပေါ်မှ ဆင်းခဲ့၏။ အိမ်ရှေ့ ထွက်ပြီး ခြံဝင်းဝဆီ လျှောက်သည်။ ခြံဝန်းဝ ကုက္ကိုရိပ်သည် နေပြောက်မထိုး။ ခြံစည်းရိုးနားမှာ ရှိသည့် ကုက္ကိုပင်ပျိုသည် ရွက်နုဖြင့် ဝေသိပ်၏။ ခပ်နိမ့်နိမ့် ခြံစည်းရိုးကို ကျော်လျက် စာကလေးစာရောင်းသည့် ကောင်လေး၏ ဦးခေါင်း ကို လှမ်းမြင်နေရသည်။ နေရောင်စားထားသည့် ဆံပင်က အရောင်ဖျော့ဖျော့။

"အန်တီ ဒီနေ့ ငါးရာတန်လည်း ပါတယ်၊ ယူဝါဦး"

"တော်ပြီဟာ၊ နှစ်ရာတန်ပဲ။ ခါတိုင်းလို ငါးတွဲပေး"

ပြောပြီး တစ်ထောင်တန်တစ်ရွက်ကို လှမ်းပေးသည်။

"ကောင်လေးက သူ့ထမ်းပိုးလေးမှာ ချိတ်ထားသော နှစ်ရာတန် စပါး တွဲလေးကို ရွေးပြီး ငါးတွဲပေးသည်။ စပါးတွဲငါးတွဲကို ယူပြီး ကုက္ကိုပင်အရိပ် ခြံစည်းရိုးနှင့်ကပ်လျက် ဆွမ်းတော်စွန့်ရာ ဆွမ်းစင်လေးပေါ် တင်ထားလိုက်၏။ ဦးရှင်ကြီးတင်ရာတွင် အသုံးပြုသော ဆွမ်းစင်ကလေးနှယ် ပြုလုပ်ထားသော စင်ကလေးမှာ ခြံစည်းရိုးကို ကျော်လျက် ခပ်မြင့်မြင့်ရှိသည်။ ဒီစင်ကလေးပေါ် မှာ ဆွမ်းတော်စွန့်သည့် ထမင်းများကိုလည်း စာကလေးစာ၊ ကျီးစာအဖြစ်



နေ့တိုင်းတင်ပြီး ကျွေးနေကျပင်။ ကုက္ကိုပင်၏ ပင်စည်မှာ စပါးတွဲချိတ်ရန် ရိုက် ထားသော သံငုတ်ကလေးတွေရှိသည်။ ထိုသံငုတ်ကလေးတွေမှာ ချိတ်ရန်အတွက် စောစောက တင်ထားသော စပါးတွဲကလေးကို ယူလိုက်၏။

ကုက္ကိုပင်ပေါ်မှာက စာကလေးတွေ၊ ကျီးကန်းတွေက တော်တော်များ သည်။

သူက အစာကျွေးနေကျမို့ သူ အစာကျွေးမည့်အချိန်ကို စောင့်နေ တတ်ကြစမြဲ။

အခုနောက်ပိုင်းမှာတော့ စာကလေးတွေ၊ ဆက်ရက်တွေ၊ ကျီးကန်း တွေအပြင် ခိုတွေအတော်များများပါ ရောက်ရောက်လာတတ်သည်ပဲ။

"စာကလေးစာ စပါးတွဲ"

စာကလေးစာရောင်းသည့် ကောင်လေးအော်သံကို ခပ်သဲ့သဲ့သာ ကြား ရတော့သည်။

သူတို့လမ်းနှင့် တစ်ဆက်တည်း လမ်းနှစ်လမ်း သုံးလမ်းမှာ သူလျှောက် ရောင်းပေလိမ့်မည်။ ပြီးတော့ သူတို့လမ်းအတိုင်းပင် ပြန်လျှောက်လာကာ လမ်းမကြီးကို ထွက်ရမည်။ လမ်းမကြီးကို ထွက်ဖို့က သူတို့လမ်းတစ်လမ်းတည်း သာ ရှိသည်ပဲ။

❈❈❈

www.burmeseclassic.com

www.burmeseclassic.com



## ( ၂ )

သူ့ဘုရားခန်းမှာ ဘုရားစင်ထက် တစ်ဆင့်နိမ့်ပြီး ဘိုးတော်တို့၏ ရုပ်ထု များရှိသည်။

မြတ်စွာဘုရားအား ဆွမ်းကပ်သည့်အခါတိုင်း ဆွမ်းပန်းကန်ကြီးကြီး မှာ ဆွမ်းကို အပြည့်အမောက်ထည့်လေ့ရှိ၏။ ဘိုးတော်တစ်ပါးစီရှေ့မှာလည်း ဆွမ်းပန်းကန်တို့ကို ခပ်မောက်မောက် ကပ်စမြဲပဲ။ ဆွမ်းတော်စွန့်ပြီဆိုတော့ ကပ်ထားသည့် ဆွမ်းတွေက လူနှစ်ယောက် ကောင်းကောင်းစားလောက်အောင် များနေတော့၏။ သူက ဆွမ်းတော်စွန့်လျှင်လည်း ဆယ့်တစ်နာရီမထိုးခင် စွန့် စမြဲ။ စွန့်လိုက်သည့် ဆွမ်းတို့ကို ခြံထဲမှ ကုက္ကိုပင်အောက် ဆွမ်းစင်မှာ တင်ပြီး စာကလေးတွေ၊ ကျီးကန်းတွေအတွက် ဒါနပြုသည်။

သူ့ခြံကလေးသည် ကျေးငှက်တို့ဖြင့် စည်စည်ပင်ပင်ရှိနေတာကို သူက သဘောကျနေတတ်သည်ပဲ။

❋❋❋



## ( ၃ )

"အန်တီ. . . အန်တီ"

ခေါ်သံကြား၍ လှမ်းကြည့်လိုက်တော့ ခြံဝမှာ စာကလေးစာ ရောင်းသည့် ကောင်လေးကို မြင်သည်။ နေ့စဉ် ဝယ်နေကျမို့ တရင်းတနှီးရှိနေ၏။ ကောင်လေးတောင် ပြန်လာပြီပဲဟု တွေးဖြစ်၏။ ကောင်လေးဆီက စပါးတွဲတွေ ဝယ်ပြီးကတည်းက သူ အိမ်ပေါ် မတက်ဖြစ်သေး။ ခြံနောက်ဘေးမှ အပင်လေးတွေကို ကြည့်ရင်း အချိန်ကုန်သွားသည်။

"ဟဲ့. . . ဘာလဲ"

စာကလေးစာ စပါးတွဲရောင်းသည့် ကောင်ကလေးက ခြံဝမှာ ရပ်နေသည်။ လျှောက်လာရင်း သူလှမ်းပြီး မေးလိုက်၏။

"ငါ ဝယ်ပြီးပြီလေ၊ နင် ရောင်းမကုန်တိုင်း ငါ့ကို ထပ်ရောင်းဦးမလို့ လား"

ကောင်လေးနှင့် မျက်နှာချင်းဆိုင်ရပ်ရင်း ထပ်ပြော၏။

"မဟုတ်. . . မဟုတ်ပါဘူး အန်တီ"

"ဒါဖြင့် ဘာလဲ. . . ပြော"

www.burmeseclassic.com

www.burmeseclassic.com



"အန်တီ၊ ဒီနေ့ . . . ဒီနေ့ . . ."

တောင်လေးက စကားထစ်နေရင်း သူ့မျက်နှာကို ကြည့်ရာမှ မျက်လွှာကို ချ၏။

"ဟဲ့ - ပြောလေ၊ ဒီနေ့ ဘာဖြစ်လဲ"

"ဒီနေ့ ဆွမ်းတော်. . . ဆွမ်းတော် မစွန့်ရသေးဘူးနော်"

စကားသံက တိုးတိမ်လွန်းပြီ ထင်လိုက်၏။ ဟုတ်ပါရဲ့၊ ဆယ့်တစ်နာရီ တောင်ကျော်လောက်ပြီပဲ။ ဆွမ်းတော်စွန့်နေကျ စင်တလေးဆီ နှစ်ဦးလုံး အကြည့်ရောက်သည်။

"အေးအေး၊ ငါ အခုပဲ ဆွမ်းတော်စွန့်တော့မှာ"

ပြောပြီး ခြံဝမှ လှည့်ထွက်လာခဲ့၏။

စောစောက ချိတ်ထားသည့် စပါးတွဲလေးတွေမှာတော့ စာကလေးတွေ ဝိုင်းအုံပြီးနေတာ သတိထားလိုက်မိသေးသည်။

အိမ်ပေါ်တက်ပြီး ဆွမ်းတော်စွန့်နိုင်ရန် ဘုရားခန်းကို ခပ်သွက်သွက်ကလေး သွားမိပြန်၏။

✠✠✠

*၂၀၀၀ ခုနှစ်၊ YOUTH မဂ္ဂဇင်း။*

***

# အာပေးပြေးဂိုတ်

www.burmeseclassic.com

www.burmeseclassic.com

## (၁)

"တော်ပါတော့ကွာ၊ ငါ မနက်ဖြန်မနက် အစောကြီးထရမှာကွ။ ခရီးသွားစရာရှိတယ်"

သူတို့နှစ်ယောက်ရဲ့ စကားကို ကျွန်တော်ဝင်ဖြတ်သည်။ ဒီကောင်တွေက ဒီညမှ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော့်အိမ်ရောက်လာကြသည်။ သူတို့ရောက်လာကြတော့လည်း ထုံးစံအတိုင်း ဝိုင်းကလေးတစ်ခုဖြစ်သွားတော့၏။ ငယ်သူငယ်ချင်းများဖြစ်ကြသည့်အတိုင်း ငယ်ကျိုးငယ်နာကအစ ပြောလို့မကုန်အောင် စကားဝိုင်းက ရှည်သွားတော့သည်။

ပြောရင်းပြောရင်း အောင်မြင့်နှင့် တင်ထွန်းအောင်တို့နှစ်ယောက်က သဘောမတူစရာကိစ္စတစ်ခုကို ဦးတည်နေကြောင်း နားလည်လိုက်၏။

ငယ်သူငယ်ချင်းတွေမို့ ပြောမနာဆိုမနာ ပွင့်ပွင့်လင်းလင်းပြောကြဆိုကြသည်။

"တော်တော့ကွာ၊ ဆယ့်နှစ်နာရီကျော်နေပြီ။ ငါက မနက်အစောကြီးထရမှာကွ။ ကားဆရာကို မနက်လေးနာရီခွဲ လာခေါ်ဖို့ မှာထားတယ်"

ကျွန်တော်က နာရီကြည့်ရင်း စကားဝိုင်းကို ဖြတ်၏။ သူတို့ သုံးဦးလည်း နာရီတွေကြည့်ကာ သတိထားမိ၏။



"အေးကွာ၊ ဒီလောက် ညဉ့်နက်သွားမယ်မထင်မိဘူး"

တစ်ယောက်က ပြောသည်။ နောက်တစ်ယောက်က ထအရပ်မှာ ယိုင်သည်။ တော်တော်မူးနေပြီဟု သိလိုက်၏။

"ဟေ့ကောင်. . . မင်း မနက်ခရီးသွားမှာနော်"

"အေးလေ"

"ဒီမှာ ငါတစ်ခုတော့ပြောမယ်။ မင်းကားနဲ့ ခရီးသွားမယ်ဆိုရင် ကားဂိတ်တော့ သွားရမှာပဲကွ၊ ဟုတ်တယ်မဟုတ်လား"

လှေကားအဆင်းမှာ လှမ်းအပြော တင်ထွန်းအောင်၏ အသံက အာလေးလျှာလေးဖြစ်နေပြီ။

"အေးပါကွာ၊ အေးပါ။ ဟုတ်ပါတယ်"

ကျွန်တော် သူ့ပခုံးကို ပုတ်ရင်း ပြန်ပြောရ၏။

✠✠✠

www.burmeseclassic.com



## (၂)

သူတို့ပြန်သွားကြတော့မှ အဝတ်အစားတွေ ထည့်ရသည်။ အဝတ်အစားတွေထည့်ပြီး အိပ်ရာဝင်တော့ တစ်နာရီကျော်နေပြီ။ နောက်နေ့ကို ကူး နေပြီပဲ။

အိပ်ရာထဲရောက်ပေမယ့် အိပ်လို့က မပျော်။ လူးလူးလိမ့်လိမ့်နှင့်ပင် နာရီသံချောင်းခေါက်သံတွေကို ရေတွက်နေမိပြန်၏။

မနက်သုံးနာရီကျော်မှ မှေးခနဲ အိပ်ပျော်သွားပုံရသည်။ သံချောင်း သုံးချက်ခေါက်သံကို သတိထားမိသေး၏။ ခြံရှေ့က ကားဟွန်းသံအကြား ဖျတ် ခနဲ လန့်နိုးသည်။ ကျွန်တော်မှာထားသော တက္ကစီကားဆရာ ခြံရှေ့ကရောက်ပြီ ဆိုတာ သိလိုက်၏။ အိပ်ရာက လူးလဲထသည်။ မီးဖွင့်ပြီး နာရီအကြည့် မနက် လေးနာရီခွဲနေတာ တွေ့ရ၏။ ကပျာကသီ မျက်နှာသစ် အဝတ်အစားလဲသည်။

ကျွန်တော်က မနက် ငါးနာရီအရောက် အဝေးပြေးဂိတ်မှာ ချိန်းထားခဲ့ သည်ပဲ၊ ကျွန်တော်က ဘယ်သွားသွား ဒီကားဆရာရဲ့ ကားကိုပဲ သုံးသည်။ သူက ကျွန်တော်တို့လမ်းထိပ်မှာ ဂိတ်ထိုးသူ၊ အချိန်တိကျသူမို့ ကျွန်တော့်အတွက် အဆင်ပြေလှသည်။ ဈေးစကားတွေဘာတွေလည်း ပြောစရာသိပ်မလို။

"လာပြီဗျို့၊ လာပြီ"

အိမ်က အထွက် ခြံဝင်းရှေ့က ကားဆရာဆီ လှမ်းအော်လိုက်မိ၏။

✠✠✠



## (၃)

"ညက တစ်ညလုံး မအိပ်ရဘူးဗျာ၊ သူငယ်ချင်းတွေ ရောက်နေလို့ ညဉ့်တော်တော်နက်မှ ဝိုင်းသိမ်းရတယ်၊ ပြီးတော့လည်း အိပ်လို့ မရတော့ဘူးဗျ၊ ခင်ဗျား မလာခင်လေးကမှ မှေးခနဲ အိပ်ပျော်သွားတာ"

"ဆရာ. . . ကားပေါ်မှာ အိပ်လိုက်လေ"

"အေးဗျာ"

စကားအဆုံးမှာပဲ ကားနောက်ခန်းမှာ မှီရင်း မှေးလိုက်၏။ သူ ကား မောင်းတာကလည်း အလွန်ညင်သာမှန်း ကျွန်တော်သိထားပြီး ချက်ချင်းပင် ကျွန်တော်အိပ်ပျော်သွားသည်ထင်လိုက်ရ၏။

"ဆရာ. . . ဆရာရောက်ပြီ"

သူနှင့် ကျွန်တော် ရင်းနှီးသူမို့ ကားဂိတ်ဝင်ကြေးလည်း သူစိုက်ပေး လိုက်ပြီဟု တွေး၏။

"အေးဗျာ၊ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားတယ်"

ပြောရင်း အိတ်ကို ဆွဲပြီး ကားပေါ်မှ ကျွန်တော်ဆင်းလိုက်၏။

"သွားပြီ ဆရာ၊ နောက် ကြုံစရာရှိသေးလို့"

ကားဆရာက နှုတ်ဆက်ပြီး ကားမောင်းထွက်သွား၏။ သူလည်း အရေးတကြီး အလျှင်စလိုနိုင်ပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံချည်တွေဘာတွေ ပြင်ဝတ်ပြီး ကျွန်တော် ဘယ်ကားဂိတ်ရောက်နေပြီလဲ ဟိုဟိုဒီဒီ ငဲ့စောင့်လှည့်ပတ်ကြည့်မိ၏။

"ဟာ"

ကြာကြာ မကြည့်လိုက်ရပါ။

ကျွန်တော် ချက်ချင်းနားလည်သွား၏။ သဘောပေါက်သွား၏။ သွားပြီ၊ ကျွန်တော် ကားဆရာကို ဘာမှမပြောထားမိပါကလား။

ကားထွက်သွားရာ လှမ်းမျှော်ကြည့်တော့လည်း ကျွန်တော်စီးလာသည့်ကားကို မမြင်ရတော့။

ကားဆရာသည် ခါတိုင်းနှယ်ပင် ကျွန်တော် ပုတီးကုန်းကို ပြန်မည်ထင်ကာ ကျွန်တော့်ကို အောင်မင်္ဂလာအဝေးပြေးကွင်းက ပြည်ကားဂိတ်မှာ ချထားပေးခဲ့ခြင်းပင်။

ကျွန်တော်က 'မနက်ဖြန် လေးနာရီခွဲ မနက်စောစော လာခေါ်ဗျာ။ အဝေးပြေးဂိတ်သွားမယ်လို့'သာ ပြောမိတာ ကျွန်တော် သတိထားမိသည်။

ကျွန်တော်က ဧရာဝတီတိုင်း ဒေသကြီးက မြို့တစ်မြို့မှာ စာပေဟောပြောပွဲသွားစရာရှိလို့ အဝေးပြေးဂိတ်ရောက်လာခဲ့ခြင်းပင်။ အခုတော့ ကျွန်တော်က ပြည်သွားမည့် အဝေးပြေးဂိတ်ရောက်နေပါပကော။

"မင်း ကားနဲ့ ခရီးသွားမယ်ဆိုရင်တော့ ကားဂိတ်သွားရမှာပဲ မဟုတ်လား"

လျှာလေးအာလေးနှင့် လှေကားအဆင်းမှာ ပြောသွားသော သူငယ်ချင်း တင်ထွန်းအောင်၏ စကားက နားမှာ ဝေ့ဝဲလာပြန်သည်။

✠✠✠

*၂၀၁၀ ခုနှစ်၊ YOUTH မဂ္ဂဇင်း။*

***

ခင်

www.burmeseclassic.com

## (၁)

ဟောပြောပွဲတစ်ခု အောင်မြင်ရန်မှာ စင်နှင့် ပရိသတ်သည် အဓိက ကျသောအရာများတွင် ပါဝင်သည်ဟု ပြောကြပါသည်။

'စင်ခြောက်တာ၊ စင်ကြောက်တာ၊ ပရိသတ်ခြောက်တာ၊ ပရိသတ် ကြောက်တာ ဆိုတာတွေရှိတယ်။ ဟောပြောပွဲကို စပြီးဟောခါစသူတွေအတွက် အဲဒီနှစ်ခုဟာ အဓိက အတားအဆီးပဲ"

ဆရာကွေး (ဆရာကြီး အိကြာကွေး)က သူ့ဟောပြောမှုမှာ ထည့်ပြီး ဟောပြောတတ်ပါသည်။

ဟောပြောပွဲပေါင်းများစွာ၊ အတွေ့အကြုံပေါင်းများစွာရှိနေသူတို့အတွက်မူကား စင်ကြောက်ခြင်း၊ ပရိသတ်ကြောက်ခြင်းများ ကင်းစင်သွားပြီဟု ဆိုနိုင်ပါ၏။

သို့သော် တစ်ခါတစ်ရံ၌ စင်မှားခြင်းမျိုးနှင့် ကြုံရတွေ့ရတတ်ပါသည်။ စင်မှားပြီဆိုမှဖြင့် ပရိသတ်ကလည်း မှားနေပြီဆိုတာ ပြောစရာပင် လိုမည်မထင်တော့။

***



## (၂)

ဆရာရေ့ . . တစ်ပွဲလောက် လိုက်ခဲ့ပါဦး၊ ပရဟိတကိစ္စပဲ။ မုံရွာ ဖိုဝင်တောင်မှာ တစ်ပွဲ၊ အဲဒီအနားရွာမှာ တစ်ပွဲပဲ'

ဆရာမ သန်းမြင့်အောင်က ဖုန်းဆက်ပြောသည်။ ဆရာမနှင့် ပတ်သက်ပြီး ပရဟိတ ပွဲပေါင်းများစွာ လိုက်ဟောပြောပေးနေကျမို့ မထူးဆန်း။ ရက်ကိုမေးပြီး အခြားပွဲတွေနှင့် တိုက်မနေသည့်ရက်မို့ လိုက်ခဲ့မည်ဟု ကတိပေးလိုက်သည်။

ဆရာမ သန်းမြင့်အောင်နှင့် ရင်းနှီးသော ရန်ကုန်မှ ပရဟိတ လူငယ်လေးများ ဦးစီး စီစဉ်သည့် ရက်ရှည်တရားပွဲများ ဖိုဝင်တောင်မှာ ကျင်းပခြင်းဖြစ်သည်၊ ထိုတရားပွဲညတစ်ညမှာ ရွှေ့ပိုင်းက စာပေဟောပြောပွဲဟောရန် စီစဉ်ထား၏။

တည်းခိုရမည့်နေရာရောက်မှ အစီအစဉ်ကို သိလိုက်ရသည်။ နိုင်ငံကျော် ဓမ္မကထိက ဆရာတော်များဖြစ်သဖြင့် ပရိသတ်ကတော့ ပူစရာမလို။

"ဒီအရပ်မှာ တရားပွဲကိုတော့ နှစ်တိုင်း ကျွန်တော်တို့က ကျင်းပဖြစ်ပါတယ်။ စာပေဟောပြောပွဲကိုလည်း လုပ်ပေးချင်လို့ ဒီနှစ် စမ်းကြည့်တာပါ။ စာပေဟောပြောပွဲအရသာကို သူတို့သိသွားအောင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဦးစီးကျင်းပပေးသော လူငယ်တစ်ဦးက ရှင်းပြသည်။

"တစ်ပွဲစီ သတ်သတ်လုပ်ရင် ပိုကောင်းတာပေါ့။ လာတဲ့ ပရိသတ်က တူမှာမဟုတ်ဘူးလေ"

"ဟုတ်ကဲ့၊ နောက်နှစ်တွေမှာတော့ တစ်ပွဲစီ လုပ်မှာပါ"

ကျွန်တော်တို့အတွေ့အကြုံအရ စာပေဟောပြောပွဲ သီးသန့်မဟုတ်သောပွဲများမှာ အောင်အောင်မြင်မြင် မဖြစ်တတ်။ ရှေ့ပိုင်းမှာ စတိတ်ရှိုး၊ ပြဇာတ်၊ ကာရာအိုကေ၊ သို့မဟုတ် နောက်ပိုင်းမှာ ရုပ်ရှင်၊ ပြဇာတ် စသည်ဖြင့် ပူးတွဲပြုလုပ်ကြသော စာပေဟောပြောပွဲများကို တွေ့ဖူး ကြုံဖူးခဲ့ပါသည်။ စာပေဟောပြောပွဲသီးသန့်ပြုလုပ်သည်လောက် အောင်မြင်သည် မရှိ။

ညနေလောက်ကတည်းက ထော်လာဂျီတွေ၊ ကားကြီး၊ ကားငယ်တွေဖြင့် ပရိသတ်များ တဖွဲဖွဲရောက်လာကြသည်။ နေဝင်စမှာတော့ ဖိုဝင်တောင်ကုန်းပေါ်မှာ ပရိသတ်တို့ ပြည့်နေလေပြီ။ ဟောပြောရမည့်နေရာ၊ တရားပွဲကျင်းပသည့် ဓမ္မာရုံကြီးအတွင်းမှာ ပရိသတ်မဆံ့တော့။ ဓမ္မာရုံကြီးအပြင်ဘက် လမ်းမတွေပေါ်မှာလည်း လူတွေက အပြည့်။

ဟောပြောပွဲစနိုင်ဖို့ ကျွန်တော်တို့ကို ခန်းမထဲ ခေါ်လာခဲ့သည်။ ဓမ္မာရုံခန်းမကြီးထဲမှာ ပရိသတ်တွေက နေရာအတည်တကျ ငြိမ်ငြိမ်သက်သက်မရှိ။ ဆူဆူညံညံလှုပ်လှုပ်ရွရွဖြစ်နေကြသည်။ အခမ်းအနားမှူးက ဘယ်လောက်အော်ပြီး ပွဲထိန်းနေရသော်လည်း နေရာတိုးဝှေ့နေသူများ၊ အော်ဟစ်ပြောဆိုနေသော စကားသံများကို မကျော်နိုင်။

ပရိသတ်ထဲမှာ တိုး၍လာရင်း တရားဟော ပလ္လင်နားအထိ ရောက်လာသည်။ စာရေးဆရာများ ထိုင်စရာနေရာ သီးသန့်လုပ်မထားသဖြင့် ဘယ်နေရာမှာ ထိုင်ရမည်မသိ။

နောက်ဆုံးတော့ ပလ္လင်နားမှ ပရိသတ်ကြားမှာပဲ ကျွန်တော်နှင့် ဆရာမ သန်းမြင့်အောင်တို့ ဝင်ထိုင်လိုက်ကြရသည်။

"ဘယ်လိုဟောရမှာလဲ"



"ဒီနေရာကနေ ရပ်ပြီး မိုက်ကို ကိုင်ပြီး ဟောရမှာ"

ဆရာမ သန်းမြင့်အောင်က မေးတော့ အခမ်းအနားမှူးက ပြန်ဖြေသည်။

"ဆရာမရေ. . . ကျွန်တော်တို့ပွဲ၊ ကျွန်တော်တို့ ပရိသတ်မဟုတ်ဘူး။ လိုတိုရှင်းပဲ ဟောပေတော့"

ဆရာမကို ကျွန်တော်ပြောလိုက်သည်။ ဒီလိုနှင့် ဟောပြောပွဲ စသည့်တိုင် ပရိသတ်ကတော့ မငြိမ်။ ကျွန်တော်တို့ ဘေးပတ်လည်က မော့ငေး နားထောင်နေသော ပရိသတ်က စိတ်ဝင်တစားရှိသော်ငြား ဓမ္မာရုံတစ်ခုလုံးကား ဆူဆူညံညံ။

ဆရာမနှင့် ကျွန်တော်တို့ တစ်ယောက် ဆယ့်ငါးမိနစ်ခန့်ပြောပြီး ဓမ္မာရုံထဲမှ ထွက်ခဲ့ရပါတော့သည်။

"မနက်ဖြန်ပွဲကော ဒီလို တရားပွဲနဲ့ပဲလား ဆရာမ"

"မနက်ဖြန်က နေ့လယ်ပွဲ။ စာပေဟောပြောပွဲသီးသန့်လို့ ပြောတယ်"

တည်းသည့် နေရာအရောက် မနက်ဖြန်အတွက် စိတ်ပူပြီး မေးကြည့်လိုက်မိသည်။

ကျွန်တော်တို့ ဟောပြောစဉ်က ဆူညံတိုးဝှေ့ပြီး တလှုပ်လှုပ်တရွရွဖြစ်နေသော ပရိသတ်ကြီးသည် ဆရာတော် တရားဟောပြောနေစဉ်မှာတော့ ခေါင်းလေးတွေငုံ့ပြီး တိတ်ဆိတ်ငြိမ်သက်လျက်။

"တရားနာဖို့ လာတဲ့ ပရိသတ်လေ။ စာပေဟောပြောပွဲ နားထောင်ချင်လို့ လာတဲ့ ပရိသတ်မှမဟုတ်ဘဲ"

ဓမ္မာရုံဘေးပတ်လည်မှာ လျှောက်ကြည့်ရင်း တအံ့တသြဖြစ်နေသော ဆရာမ သန်းမြင့်အောင်ကို ကျွန်တော်ပြောမိသည်။

"ဟုတ်ပါရဲ့၊ အံ့သြစရာ"

"မအံ့သြနဲ့ ဆရာမရေ၊ ကျွန်တော်တို့က စင်မှားပြီး တက်တာ"

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



## (၃)

၁၉၈၆ ခုနှစ်လောက်က ဟောပြောပွဲတစ်ခုကို ပြန်သတိရမိပြန်သည်။ ထိုစဉ်က လျှမ်းလျှမ်းတောက် အောင်မြင်ထင်ရှား ကျော်ကြားနေသော မင်းသား တစ်ယောက်က ဟောပြောပွဲတစ်ပွဲ စီစဉ်ပါသည်။ အစစအရာရာ သူက စပွန်ဆာပေးသည်ဟု သိရပါသည်။ သတင်းစာတွေမှာ ဟောပြောပွဲကြော်ငြာတွေ ထည့်၏။ ကျွန်တော်နှင့် ကျွန်တော်တို့က ချစ်ခင်ရင်းနှီးစွာ ဥက္ကဋ္ဌကြီးဟု ခေါ်ကြသော ဆရာကြီး လင်းယုန်မောင်မောင်တို့ကို ဟောပြောရန် ဖိတ်ကြားပါသည်။ မင်းသားနှင့်ဆိုတော့ အားလုံး သုံးယောက်။

ထိုညက ဟောပြောပွဲမှာ မင်းသား၊ ကျွန်တော်၊ ဆရာကြီး လင်းယုန်မောင်မောင်တို့ အစီအစဉ်အတိုင်း ဟောပြောကြပါသည်။ မင်းသားက သူ့အလှည့် နာရီဝက်လောက် ဟောအပြီးမှာ ပြန်သွားပါသည်။ မှတ်မိနေသေးသည်မှာ ထိုမင်းသားက နောက်ဆုံး သူ့ဟောပြောပွဲကို အမှုသုံးကြိမ်ဝေပြီး အဆုံးသတ်ပါသည်။ ပရိသတ်တွေကို သာဓုခေါ်ဖို့ ပြောပါသည်။ ပရိသတ်က တုတ်တုတ်မျှ မလှုပ်တော့ မင်းသား စင်ပေါ်က အဆင်းရခက်နေပါတော့သည်။ ပါးနပ်လိမ္မာသော အခမ်းအနားမှူးက ဝင်ပြီး သာဓုခေါ်ရန် တိုက်တွန်းတော့မှ သာဓုခေါ်သံ အနည်းအပါးထွက်လာခဲ့ပါတော့သည်။



"နောက်ထပ် သူ စီစဉ်ထားတဲ့ စာပေဟောပြောပွဲ လေးငါးပွဲလောက် ဖျက်လိုက်တော့မယ်၊ မလုပ်တော့ဘူးလို့ မင်းသားက ပြောသွားတယ်"

ပွဲပြီးတော့ ဟောပြောပွဲဦးစီး စီစဉ်သူတစ်ဦးက ကျွန်တော်တို့ကို ပြောပြ၏။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



(၄)

စင်ကို သိပြီး စင်နှင့် လိုက်လျောညီထွေ အလုပ်လုပ်သွားတတ်သူမှာတော့ ကိုဗလ(သုမောင်)ဟု ကျွန်တော်ထင်ပါသည်။ စာပေဟောပြောပွဲစင်ပေါ်မှာ သီချင်းဆိုခြင်းကို ကိုဗလ မနှစ်မြို့က်၊ အဆိုတော် သုမောင်အနေနဲ့ စတိတ်ရှိုးစင်ပေါ် လာရောက်ဖျော်ဖြေခြင်းမဟုတ်လို့ သီချင်းမဆိုဖြစ်တာကို သူ တောင်းပန်သည်၊

နောက်ပိုင်းနှစ်များကျမှသာ စာပေဟောပြောပွဲမှာ သူ သီချင်းဆိုဖြစ်သည်၊ သူ့အသံကို ဒါနပြုချင်လို့ပါဟု ပြောပြီး ဆိုသည်၊ ဒီလိုဆိုတော့လည်း သီချင်းတွေထည့်ဆိုလို့ရသည့်ခွင်ကို ဟောပြောရင်းမှ ဆိုခြင်းဖြစ်သည်၊ အသားလွတ်ကြီး သီချင်းတွေ ဆိုပြနေသည်မဟုတ်။ သုမောင်က မင်းသား၊ အဆိုတော်၊ စာရေးဆရာ။

သူ့ပရိသတ်က သူ့ ဘာလုပ်ပြပြ လက်ခံ နှစ်မြို့က်ကျေနပ်နေမှာ။ ဒါပေမယ့် သုမောင်က စင်ကို နားလည်သည်။ သူရောက်နေသည့်စင်ကို သူ သိသည်၊ ဒီတော့ စာပေစင်မြင့်ပေါ်မှာ စာပေကိုသာ အဓိကထား ဦးစားပေးပြီး သူ ဟောပြောသွားခဲ့သည်၊

✠✠✠



(၅)

စင်မှားပြီး၊ ပရိသတ်မှားပြီး ဒုက္ခရောက်ခဲ့ရသည့် အတွေ့အကြုံတွေက ဒုနဲ့ ဒေး။

ဘဝမှာရော ကျွန်တော်တို့ တက်ရမည့်စင်ပေါ်ကို ကျွန်တော်တို့ တက်နိုင်ကြပါရဲ့လား။ ကျွန်တော်တို့ရောက်သည့် စင်ပေါ်မှာတော ကျွန်တော်တို့က တာဝန်ကျေနိုင်ကြပါရဲ့လား။

ဘဝမှာ၊ လောကမှာ စင်မမှားဖို့က ပို၍အရေးကြီးမည်ဟု ထင်ပါသည်၊

✠✠✠

*၂၀၀၀ ခုနှစ်၊ YOUTH မဂ္ဂဇင်း။*

***

www.burmeseclassic.com